# ယက္ခယော် ဂုမ္ဘာန်

(အင်ဒိုနီးရှားမှရွှေတိဂုံ (ပုံတူ) သာသနာပြုခရီး)



## မြမြလေး (မန္တလေး)



ဖြန့်ချိရေး
ဒီပါအေးမြ စာပေ
၂၄ လမ်းနှင့် ၆၄ လမ်းထောင့်
မဟာဇေယျာဘုံ
မန္တလေး။

**စာမူခွင့်ပြုချက်**

၆၂၄/၂၀၀၄ (၉)

**မျက်နှာဖုံးခွင့်ပြုချက်**

၅၇၄/၂၀၀၄ (၉)

**မျက်နှာဖုံးဒီဇိုင်း**

အံ့ဖွယ်(စတား)

**ထုတ်ဝေသည့်ကာလ**

အောက်တိုဘာ၊ ၂၀၀၄

ပထမ အကြိမ်

**စောင်ရေ**

၂၀၀၀

**တန်ဖိုး**

၁၅၀၀ ကျပ်

**စာအုပ်ချုပ်**

ကိုမြင့်

**အတွင်းပုံနှိပ်နှင့် မျက်နှာဖုံးပုံနှိပ်**

ရာပြည့်အော့ဖ်ဆက် (၀၅၉၀၁) ၁၉၉/လမ်း ၅၀၊

ပုဇွန်တောင်မြို့နယ်။

**ထုတ်ဝေသူ**

ဒေါ်မော်မော်

ပန်းမျိုးတစ်ရာစာပေ (၀၃၉၆၉) တိုက် ၉၊ အခန်း ၂၀၃၊

ပုဇွန်တော်ဥယျာဉ်အိမ်ရာ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်။

# ယက္ခငယ် ဂူမှာခန်

(အင်ဒိုနီးရှားမှ ရွှေတိဂုံ(ပုံတူ)သာသနာပြုခရီး)

မြမြလေး (မန္တလေး)

# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| - | နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊အကျိုးတော်ဆောင်ချုပ်၊ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရာဘိဝံသ၏ အမှာစာ | က |
| - | မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ကြီး(၂)တိုက်၏အဓိပတိ မဟာနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇ ဓမ္မာဘိဝံသ၏ အမှာစာ | ဂ |
| - | ဆရာကြီး ဦးသုခ၏ အမှာစာ | င |
| - | ဆရာချစ်စံဝင်း၏ အမှာစာ | ဆ |
| - | မြမြလေး (မန္တလေး) ကိုယ်ရေးအကျဉ်း | ၎ |
| ၁။ | ကျွန်မတို့ဗုဒ္ဓဘာသာ မြန်မာလူမျိုး | ၁ |
| ၂။ | ဒါနခရီးအစ ထန်းပင်မြစ်က | ၇ |
| ၃။ | ဆော်ဩသူတို့ရောက်ရှိလာခြင်း | ၁၅ |
| ၄။ | ဘုရားတစ်ဆူ ပွင့်တော်မူမည့် အကြောင်းအရင်း | ၂၁ |
| ၅။ | အင်ဒိုနီးရှားနိုင်ငံ | ၃၅ |
| ၆။ | လိုအပ်သည်များကို ပြင်ဆင်ခြင်း၊အလှူငွေကောက်ခံခြင်း | ၃၉ |
| ၇။ | သာသနာပြု ခရီးအစ | ၅၃ |
| ၈။ | အင်ဒိုနီးရှားမှ ဗုဒ္ဓဘာသာ မိတ်ဆွေများ | ၆၇ |
| ၉။ | ဗောခေါ်ပုဒ္ဓုစေတီတော်မြတ်ကို ဖူးမြော်ခွင့်ရရှိခြင်း | ၇၅ |
| ၁၀။ | ရွှေတိဂုံ(ပုံတူ)စေတီတော်တည်ထားမည့် မာလန်မြို့ | ၈၃ |
| ၁၁။ | မူလဌာပနာ မသွင်းမီအကြိုနေ့ | ၉၁ |
| ၁၂။ | မူလဌာပနာ သွင်းသောနေ့ | ၁၀၁ |
| ၁၃။ | မာလန် ဗုဒ္ဓပြတိုက်နှင့် မြန်မာပြည် အပြန်ခရီး | ၁၀၉ |
| ၁၄။ | ပစ္စည်းတွေစုပြီး ထီးတော်တင်ဖို့ နောက်တစ်ခေါက် | ၁၂၃ |
| ၁၅။ | ဗုဒ္ဓမြတ်စွာ သာသနာ ကမ္ဘာအနှံ့ပျံ့စေသောဝ် | ၁၃၇ |
| ၁၆။ | ဘာလီသို့ အသွား၊ ဘာလီမှ အပြန် | ၁၄၅ |
| ၁၇။ | အလယ်ဌာပနာတိုက်သွင်း အခမ်းအနား | ၁၅၁ |
| ၁၈။ | ထီးတော်တင်ပွဲနှင့် လက်ဆောင်ဘီလူးခေါင်း ရှစ်လုံး | ၁၇၃ |

၁၉။ အင်ဒိုနီးရှားမှ မိတ်ဆွေများနှင့်ရေစက်ချသွားရောက်ရေး ၁၉၁
၂၀။ ထေရဝါဒ ဗုဒ္ဓဇယန္တိ သာသနာ့ရိပ်သာ ၂၀၅
၂၁။ အခမ်းအနားမတိုင်မီ ကြိုတင်ပြင်ဆင်ရခြင်း ၂၁၃
၂၂။ အနေကဇာတင်၊ ရေစက်ချပွဲနှင့် ကမ္ဘည်းမထိုးရသော ကျွန်မအလှူ ၂၃၃
၂၃။ အင်ဒိုနီးရှားသို့ရောက်လျှင် ဝင်ရောက်စေချင် ၂၄၉

နောက်ဆက်တွဲ(၁)

- ၅. ၅. ၂၀၀၂ အင်ဒိုနီးရှားသမ္မတနိုင်ငံ မာလန်မြို့ ရွှေတိဂုံ(ပုံတူ) စေတီတော်တွင် တင်လှူမည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့်ထီးတော်တို့ကို အတွင်းရေးမှူး(၁) (ယခုနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်) ဖူးမြော်သည့်သတင်း ၂၆၃

နောက်ဆက်တွဲ(၂)

ရွှေတိဂုံအနောက်မြောက်ဘက် ချမ်းသာကြီးတန်ဆောင်း၌ ရင်ငွေ့လှူထားရှိခဲ့သော ပစ္စည်းစာရင်း ၂၆၅

နောက်ဆက်တွဲ(၃)

ရွှေတိဂုံ(ပုံတူ)စေတီတော် ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်၊ စိန်ဖူးတော်အနေကဇာတင်ပွဲကျင်းပသည့် သတင်း ၂၆၇

နောက်ဆက်တွဲ(၄)

ရွှေထီးတော်တင်အခမ်းအနား၌ မြန်မာသံအမတ်ကြီး ဦးကျော်မြင့်၏ ကျေးဇူးတင်လွှာမိန့်ခွန်း (၁၉. ၁၁. ၂၀၀၂) ၂၆၉

နောက်ဆက်တွဲ(၅)

ရွှေတိဂုံ(ပုံတူ)စေတီတော် အနေကဇာတင်ပွဲနှင့် ရေစက်ချမင်္ဂလာ အခမ်းအနား၌ မြန်မာသံအမတ်ကြီး ဦးကျော်မြင့်၏ မိန့်ခွန်း
SPEECH DELIVERED BV H.E. U Kyaw MyintMYANMAR AMBASSADOR TO INDONESIA ON THE OFFICAL INAUGURATION CEREMONY OF THE PATIRUPANA SHWEDAGON PAGODA IN BATU INDONESIA ( 7 December 2003) ၂၇၃

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရာဘိဝံသ (မကွေးဆရာတော်)၏ အမှာစာ

၁၃၆၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော်၊ ၉ ရက်၊ (၈. ၉. ၂၀၀၄) နေ့က (သီဟသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ) ဒေါ်မြမြလေးက စာမူကို ဆက်ကပ်၍ အမှာစာရေးသားချီးမြှင့်ပါရန် လျှောက်ထားလာပါသည်။ မိမိသည် ကျန်းမာရေးမကောင်း၍ အနားယူခိုက်ဖြစ်သော်လည်း မိမိကိုယ်တိုင် စိတ်ဝင်စားသော အကြောင်းအရာဖြစ်သဖြင့် စာမူကို အစအဆုံး ဖတ်ရှုကြည့်ပါသည်။

အင်ဒိုနီးရှားနိုင်ငံ ဗွေတိဂို(ပုံတူ)စေတီတော် အနေကဇာတင် နှင့်ရေစက်ချ မင်္ဂလာအခမ်းအနားသို့ ဒေါ်မြမြလေးက ကုန်ကျ စရိတ်ခံ၍ပင့်သဖြင့် ကိုယ်တိုင်ပါဝင်ခဲ့သည်ဖြစ်ရာ စေတီတော်' အကြောင်းအရာအချို့ကို သိတန်သမျှသိပြီးဖြစ်သော်လည်း ဤမျှ လောက် အသေးစိတ်အကြောင်းအရာကို စုံစုံလင်လင်မသိခဲ့ပါ။ ဤစာမူကို ဖတ်ရှုသောအခါမှ တည်ထားခဲ့ရပုံ အကြောင်းအရာများ ကို ပြည့်ပြည့်စုံစုံ သိရသဖြင့် ဒေါ်မြမြလေး၏ စေတနာသဒ္ဓါတရား ထက်သန်ကြီးမားပုံနှင့် စွန့်စွန့်စားစား ကြိုးစားအားထုတ်ခဲ့သည့် အစွာရဒ္ဓဝိရိယတို့ကို မချီးကျူးဘဲ မနေနိုင်အောင်ဖြစ်ရပါသည်။

မိမိသည် အသက်အရွယ်ကြီးရင့်ပြီဖြစ်သော်လည်း (၇)ရာစု နှစ်လောက်ကပင် ဗုဒ္ဓသာသနာတော် တက်နေအလား ထွန်းကား

ပွင့်လင်းခဲ့သော အင်ဒိုနီးရှားနိုင်ငံ၌ ယခုအခါ ဗုဒ္ဓသာသနာတော် အဆက်ပြတ်လုမတတ် အားနည်းနေသည့်အတွက် အင်ဒိုနီးရှား ဗုဒ္ဓဘာသာဝင်တို့ကို အားပေးချီးမြှောက်လိုသောဆန္ဒ ထက်သန်ပြင်းပျခြင်းကြောင့်လည်းကောင်း၊ ပင့်ဖိတ်သူ ဒေါ်မြမြလေးနှင့် စေတီတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာအောင် ကြိုးစားအားထုတ်ကြသော ပုဂ္ဂိုလ်တို့၏ မွန်မြတ်သော သာသနာပြုစိတ်ဓာတ်များကို အားပေးချီးမြှောက်လိုခြင်းကြောင့်လည်းကောင်း ထိုသာသနာပြုခရီးသို့ မဖြစ်မနေ ကြွရောက်လိုက်ပါ ချီးမြှောက်ခဲ့ပါသည်။

ယင်းစေတီတော် အနေကဇာတင်နှင့် ရေစက်ချမင်္ဂလာ အခမ်းအနားသို့ တက်ရောက်စဉ်ကပင် မိမိ၏စိတ်၌ ဗုဒ္ဓသာသနာတော် လွန်စွာအားနည်းနေသော အင်ဒိုနီးရှားနိုင်ငံ၌ ဘုရားရှင်ကိုယ်တော်တိုင် ကြွရောက်တော်မူလာသကဲ့သို့ ဤမျှကြီးကျယ်ခမ်းနားခန့်ငြားသပ္ပာယ် ကြည်ညိုဖွယ်ရှိသော စေတီတော်မြတ်ကြီး ပွင့်ထွန်းပေါ်ပေါက်လာသည့်အတွက် ဝမ်းမြောက်ကြည်နူး အထူးနှစ်သက်လှသဖြင့် ဤစေတီတော်မြတ်ကြီး၏ဖြစ်စဉ်သမိုင်း အပြည့်အစုံကို ရေးသားမှတ်တမ်းတင်လျှင် ကောင်းလေစွဟု တောင့်တခဲ့မိပါသည်။

ယခုအခါ ဒေါ်မြမြလေး၏စာအုပ် ထွက်ပေါ်လာတော့မည်ဖြစ်၍ မိမိ၏ တောင့်တချက်ပြည့်ဝသွားသဖြင့် ဒေါ်မြမြလေးအား ဂုဏ်ပြုချီးကျူးမိပါသည်။

ဘဒ္ဒန္တကုမာရာဘိဝံသ
အဘိဓဇမဟာရဋ္ဌဂုရု
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
အကျိုးတော်ဆောင်ချုပ်
နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့
မဟာနာယကကျောင်းတော်၊ ကမ္ဘာအေး၊ ရန်ကုန်မြို့။
၁၃၆၆ခု၊ ဝါခေါင်လဆုတ်၊ ၁၁ ရက်။
၁၀. ၉. ၂၀၀၄

# မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်ကြီး (၂)တိုက်တို့၏ အဓိပတိမဟာနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသ၏အမှာစာ

## အတွေးအမြင် မှတ်တမ်းတင်ခြင်း

၁

ဒေါ်မြမြလေးသည် ရွှေတိဂုံ(ပုံတူ)စေတီတော် တည်ထားကိုးကွယ်ရေးနှင့်ပတ်သက်၍ အင်ဒိုနီးရှားနိုင်ငံသို့ သုံးခေါက်တိတိ သွားရောက်ခဲ့ရ၏။ အင်ဒိုနီးရှားနိုင်ငံ၌ သူမတွေ့မြင်သမျှကို မှတ်တမ်းတင်ခဲ့သည်။ မှတ်တမ်းတင်ရာ၌ အကြမ်းဖျင်း မှတ်တမ်းတင်ခြင်းမဟုတ်။ အနုစိတ် မှတ်တမ်းတင်ထားသည်ကို တွေ့ရ၏။

၂

စေတီတော်အနေကဇာတင်မည့် တတိယမြောက်အခေါက်၌ မိမိကိုလည်း လာရောက်ပင့်ဆောင်သဖြင့် အနေကဇာတင် အဖွဲ့ဝင် သံဃာတစ်ပါးအဖြစ် လိုက်ပါခဲ့ရ၏။ မိမိ ပြည်ပသို့ ခရီးသွားလျှင် ခရီးသွားမှတ်တမ်းတင် ဒိုင်ယာရီ ရေးလေ့ရှိ၏။ မိမိကား အကြမ်းဖျင်းမျှသာ မှတ်တမ်းတင်တတ်သည်။ ဒေါ်မြမြလေးကဲ့သို့ အနုစိတ် မှတ်တမ်းမတင်တတ်ပါ။ အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့ရှိ လွတ်လပ်ရေးကျောက်တိုင်ကို မှတ်တမ်းတင်ရာ၌ မိမိက ကျောက်တိုင်ထိပ်တွင် တန်ဝက်ခန့်ရှိ ရွှေတုံးကြီး အထွတ်တင်ထားသည်ဟုသာ မှတ်တမ်းတင်နိုင်ခဲ့သည်။ ဒေါ်မြမြလေးကမူ ကျောက်တိုင်အောက်၌ ဘော်လုံးကွင်းတမျှ ကျယ်ဝန်းသည့် ပြခန်းလည်းရှိကြောင်း မှတ်တမ်းတင်ထား၏။ သူ့မှတ်တမ်းကို ဖတ်မိတော့မှ

"ဪ. . . ဟုတ်ပေသားပဲ။ ကျောက်တိုင်အောက်မှာ ပြခန်းရှိတယ်။ ယင်းပြခန်းမှာ ဆူကာနို မမာမကျန်းဖြစ်နေပုံ၊ ဆူကာနိုက အားဏာ လွှဲအပ်နေပုံ ရုပ်လုံးရုပ်ထုများပါ မျက်စိထဲ ကွက်ခနဲမြင်မိတော့၏။ အဆင့်ဆင့်ကိုးကွယ်မှုပြခန်းများ၌ ဗုဒ္ဓရုပ်ပွားတော်များ ပြခန်းကို အဝတ်ဖြင့်ဖုံးလွှမ်းထားပုံကိုပါ မြင်မိ၏။ တိုင်းရင်းသားကျေးရွာပြခန်း ကို လေ့လာရာ၌ မိမိက ရွှေချည်ထိုး အတတ်များကာရံ၍ ဆောက် လုပ်ထားသော အိမ်များတွေ့ရကြောင်းလောက်သာ မှတ်တမ်းတင် ခဲ့၏။ ဒေါ်မြမြလေးကမူ တိုင်းရင်းသားကျေးရွာကို ဂျူနီယာ အင်ဒို နီးရှားဟု ခေါ်ကြကြောင်းကိုပါ စပ်စုခဲ့သည်" အတော် အနုစိတ် လေ့လာခဲ့ကြောင်း ထင်ရှား၏။

## ၄

မှတ်တမ်းနှစ်ခု နှိုင်းယှဉ်ကြည့်လျှင် မိမိ၏မှတ်တမ်းကား သူငယ်တန်းကျောင်းသားလေး၏ မှတ်တမ်းနှင့်တူနေတော့၏။ ဒေါ်မြမြလေး၏မှတ်တမ်းကမူ **Ph.D** ဘွဲ့ရတစ်ဦး၏မှတ်တမ်းနှင့် တူသည်။ သူ့အင်ဒိုနီးရှားမှတ်တမ်းကိုဖတ်လျှင် စာဖတ်သူသည် အင်ဒိုနီးရှားသို့ ကိုယ်တိုင်ရောက်နေသကဲ့သို့ ခံစားရပါလိမ့်မည်။ ငွေကုန်ကြေးကျခံ၍ အင်ဒိုနီးရှားသွားရန် မလိုတော့ပါ။

ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသ

# မဟာသဒ္ဓမ္မ ဇောတိကဓဇ
# စာရေးဆရာကြီး ဒါရိုက်တာ အကယ်ဒမီ
# ဦးသုခ၏အမှာစာ

"တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမည်"

ဤစကားသည် မြတ်စွာဗုဒ္ဓဟောတော်မူသော "ဗောဓိပက္ခိယ" တရား (၃၇) ပါးအနက်

"ဆန္ဒိဒ္ဓိပါဒ်၊ ဝီရိယိဒ္ဓိပါဒ်၊ စိတ္တိဒ္ဓိပါဒ်၊ ဝိမံသိဒ္ဓိပါဒ်"

ဟူသော "ဣဒ္ဓိပါဒ်လေးပါး" တရားတော်ကို အတိုဆုံး မြန်မာပြန်ခြင်းဖြစ်သည်။ "ဗောဓိပက္ခိယ" ဆိုသည်မှာ မဟာဗောဓိ ဉာဏ်တော်ကြီး ပွင့်လင်းရာတရားဟု အဓိပ္ပါယ်ရသည်။ ဣဒ္ဓိပါဒ် ဆိုသည်မှာ တန်ခိုးအာနုဘော်ကြီးမားခြင်း၊ ပြီးစီးပြည့်စုံခြင်း၏ အခြေခံအကြောင်းအရင်းဟု ဆိုလိုပါသည်။

ဤစာအုပ်ကို အစအဆုံးဖတ်ကြည့်ပါ။

"တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမည်။" ဟူသော စကားကို စာဖတ်သူတိုင်း ယုံကြည်လက်ခံ အဖန်ဖန် သာဓုခေါ်လိမ့်မည်ဟု ကျွန်တော်ပြောဝံ့ပါသည်။

သုခီ အတ္တာနံ ပရိဟရန္တု

သုခ

(၃. ၉. ၀၄)

# စာရေးဆရာချစ်စံဝင်း၏
## အမှာစာ

အဂ္ဂမဟာသီရိသုဓမ္မ သိပ္ပံ ဒေါ်မြမြလေးကို ကျွန်တော် သိရှိမြင်တွေ့ဖူးခြင်း မရှိခဲ့ပါ။ အင်ဒိုနီးရှားနိုင်ငံ မာလန်မြို့တွင် ရွှေတိဂုံ(ပုံတူ)စေတီတော် တည်ထားပူဇော်ရန် လုပ်ဆောင်ကြသောအခါတွင်မှ သိရှိခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ ရွှေတိဂုံ(ပုံတူ)ကိစ္စကို စတင်ဆော်ဩသူသည် ဆရာကြီး ဦးသုခ ဖြစ်ပါ၏။ ရွှေတိဂုံ(ပုံတူ) တည်ထောင်ရန် ကော်မတီတစ်ရပ် ဖွဲ့စည်းရန်လိုအပ်လာသောအခါ ဆရာကြီး ဦးသုခက သင့်တော်သူများနှင့် ဖွဲ့စည်းရန် ဒါရိုက်တာ မောင်နှင်းမိုးကို တာဝန်ပေးခဲ့၏။ ဒါရိုက်တာ မောင်နှင်းမိုး ကျွန်တော့်ထံရောက်ရှိလာပြီး ဤဖွဲ့စည်းရေးကိစ္စကို ကူညီပါဟု ဆိုသည်။ ကျွန်တော်သည် ကျွန်တော်နှင့် အပြန်အလှန်လေးစားမှုရှိသော ဗိုလ်မှူးကြီး ပီကျော်ဟန်(အငြိမ်းစား)အား ထိုကော်မတီတွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပါရန် မေတ္တာရပ်ခံ၍ အများပြည်သူ လူထုအတွင်း လှုံ့ဆော်ရေးအတွက် အခြေခံကာ စာပေနှင့် သတင်းဌာနများမှ ပုဂ္ဂိုလ်များကိုအခြေခံ၍ ဖွဲ့စည်းခဲ့ပါ၏။

ရန်ကုန်မှ စာနယ်ဇင်းသမားများကို အခြေခံ၍ အဖွဲ့ဖွဲ့သလို မန္တလေးကလည်း ဒေါ်မြမြလေးအား ဥက္ကဋ္ဌ တင်မြှောက်၍ အင်ဒိုနီးရှားနိုင်ငံ ရွှေတိဂုံ(ပုံတူ)တည်ဆောက်ရေး ကော်မတီတစ်ရပ်ကို ဖွဲ့စည်းပါ၏။ ရန်ကုန်အဖွဲ့ကို သတင်းထုတ်ပြန်လှုံ့ဆော်ရန်ကိစ္စကို အခြေခံထားဖွဲ့စည်းပြီး မန္တလေးအဖွဲ့ကိုတော့ အလှူရှင်များကို အခြေခံထား၍ ဖွဲ့စည်းခြင်းဖြစ်သည်။ မန္တလေး၌ ဖွဲ့စည်းရာတွင်

ဥက္ကဋ္ဌသည် ဒေါ်မြမြလေးဖြစ်ကြောင်း ကျွန်တော်၏ရင်းနှီးသူ မိတ်ဆွေကြီးဖြစ်သော နဒီမြန်မာ ဦးအောင်ခိုင်က ပြောပြ၍ ကြိုတင်သိရှိထားပါသည်။ ရန်ကုန်မြို့ ရွှေတိဂုံဘုရား ချမ်းသာကြီး တန်ဆောင်းတွင် ရန်ကုန်နှင့် မန္တလေးအဖွဲ့နှစ်ဖွဲ့ ပူးတွဲအစည်း အဝေးလုပ်စဉ်မှ ဒေါ်မြမြလေးကို တွေ့ဖူးသည်။ ထိုအစည်းအဝေး တွင် ဒေါ်မြမြလေးက ထိုလုပ်ငန်းအတွက် အလွန်တက်ကြွစွာပါဝင် ဆွေးနွေး၍ ဤလျှူဒါန်းမည့် လုပ်ငန်းတစ်ရပ်လုံးအတွက် ဒေါ်မြမြ လေးက လုံးဝဥဿုံ တာဝန်ယူထားသည်ကို တွေ့ရသဖြင့် ကျွန်တော် တို့ဝမ်းမြောက်ဝမ်းသာ သာခုခေါ်၍ ဒေါ်မြမြလေး၏ ရည်မှန်းထား သော အလှူကြီးထမြောက်အောင်သာ ဝိုင်းဝန်းပံ့ပိုးရန် ဆုံးဖြတ်ကြ ၏။ ထမြောက်အောင်မြင်အောင် ဝိုင်းဝန်းပံ့ပိုးမည်ဟု ဆိုသော် လည်း ဒေါ်မြမြလေးက ပံ့ပိုးစရာမလိုဘဲ သူတစ်ဦးတည်း လုပ် ဆောင်ခဲ့သည်။ ကျွန်တော်တို့ရန်ကုန်အဖွဲ့မှ အကြံပေးသော ရွှေတိဂုံ (ပုံတူ)တည်ဆောက်ရာတွင် ပန်းဆယ်မျိုး ထည့်သွင်းပူဇော်ရန် အကြံပြုမှုကိုပါ ပြည့်စုံအောင် ဒေါ်မြမြလေးမှ ဖြည့်ဆည်းပေးခဲ့၏။

သည်လိုနှင့် ရွှေတိဂုံ(ပုံတူ)စေတီတော်ကြီး အောင်မြင်စွာ ပန္နက်ချ၊ အောင်မြင်စွာ ဌာပနာသွင်း၊ အောင်မြင်စွာ ထီးတော်တင် ရေစက်ချကြသည့် သတင်းများကို ကြားသိနေရသော်လည်း ကျွန်တော်တို့ ရန်ကုန်အဖွဲ့မှ အင်ဒိုနီးရှားသို့ လိုက်ပါမှုမပြုနိုင်ခဲ့ပါ။ အောင်မြင်စွာ တည်ဆောက်ပြီး၍ ကျွန်တော်တို့ဝမ်းမြောက်ဝမ်းသာ သာခုခေါ်နေစဉ် ဒေါ်မြမြလေးက အင်ဒိုနီးရှားမှ ရွှေတိဂုံ(ပုံတူ) သာသနာပြုခရီးဆိုသော စာမူကို ကျွန်တော့်ထံယူလာသည်။ "ဆရာ ဖတ်ရှုကြည့်ပြီး တည်းဖြတ်သင့်တာ တည်းဖြတ်ပါ၊ ဆရာကြီး ဦးသုခ မဖြစ်မနေတိုက်တွန်းလို့ ကျွန်မရေးဖြစ်ခဲ့တဲ့စာမူ"ဟု ဆို၏။ ကျွန်တော်သည် ဒေါ်မြမြလေး၏ စာမူကို ဖတ်ရှုကြည့်သည်။

အလွန်အရေးကြီးသော ဖြစ်ရပ်ကို ပြန်လည်ပြောပြထား သော စာမူဖြစ်သည်။ ခေတ်သစ် မြန်မာသာသနာပြု သမိုင်းတွင်

အရေးပါသော အကြောင်းအရာတစ်ရပ်လည်း ဖြစ်သည်။ စာထက် အက္ခရာ၊ ပေထက် အက္ခရာ၊ ကျောက်ထက် အက္ခရာ၊ ကွန်ပျူတာ၊ ဗွီစီဒီတို့တွင် မှတ်တမ်းတင် ထိန်းသိမ်းရမည့် အကြောင်းအရာ တစ်ရပ်လည်းဖြစ်ပါသည်။ ကျွန်တော်သည် ဒေါ်မြမြလေး၏ စာမူ ကို နှစ်ကြိမ်မျှဖတ်ရှုကာ စာမူရှင်၏ ဆန္ဒအတိုင်း လိုအပ်သော တည်းဖြတ်မှုကို ပြုလုပ်ပေးပါသည်။

စာမူမှာ တစ်ခါတစ်ရံ စကားပြောသလိုရေးလိုက်၊ တစ်ခါ တစ်ရံ စာရေးသလိုရေးလိုက်နှင့် ရောထွေးနေမှု အနည်းငယ် ဖြစ်သည်မှအပ စာရေးသူ၏ရင်တွင်းက ပြောလိုသည်များကို အချက်အလက် ပြည့်စုံစွာနှင့်ပေါ်အောင် ရေးနိုင်စွမ်းလည်း ရှိပါသည်။ ဗုဒ္ဓဘာသာဝင်အပေါင်းတို့ ဖတ်ရှုသိမ်းဆည်းထားသင့် သော အကြောင်းအရာလည်း ဖြစ်ပါသည်။ စာမူတွင် ဒေါ်မြမြလေး ကိုယ်တိုင်၏ စေတနာနှင့် စွမ်းဆောင်ရည်ကိုတွေ့ရပါမည်။ ဤကိစ္စသည် စေတနာချည်းဖြင့် မအောင်မြင်နိုင်ပါ။ စေတနာရော စွမ်းဆောင်ရည်ပါ ပါဝင်မှ အောင်မြင်မည်ဖြစ်ပါသည်။ ဒေါ်မြမြ လေးသည် စေတနာ မချွတ်ယွင်းဘဲ စေတနာနှင့် စွမ်းဆောင်ရည်ကို မျှတစွာ အသုံးပြုပြီးသကာလ အင်ဒိုနီးရှား ကဲ့သို့သော နိုင်ငံတွင် ရွှေတိဂုံ(ပုံတူ) စေတီတော်ကို အောင်မြင်စွာ တည်ထား ကိုးကွယ် နိုင်ခြင်းဟု ဆိုရပေမည်။

တစ်နည်းအားဖြင့် ပြောရသော် ယခုစာမူသည် သာသနာပြု ပြည်ပခရီးသွားစာပေဖြစ်ပါသည်။ ငြီးငွေ့ဖွယ် မရှိ၊ ဖတ်ရှု၍ ကောင်းပါသည်။ ရွှေတိဂုံ(ပုံတူ)စေတီတော်ကို ပြီးမြောက်အောင် တည်ထားကိုးကွယ်ခဲ့သော ဒေါ်မြမြလေးအား လေးစားစွာ ဂုဏ်ပြုအပ်၍ ပွဲပြီး မီးသေမဟုတ်ဘဲ ဖြစ်စဉ်ကြီးတစ်ရပ်လုံးကို စာတစ်စောင်ပေတစ်ဖွဲ့ ခံ့ညားစွာရေးဖွဲ့၍ မှတ်တမ်းတင်နိုင်ခဲ့သော မြမြလေး(မန္တလေး)ကိုလည်း အထူးလေးစားမိပါကြောင်း . . . .

ချစ်စံဝင်း (၂၄. ၆. ၂၀၀၄)



မြမြလေး(မန္တလေး)
(ကိုယ်ရေးရာဇဝင်အကျဉ်း)

အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ၊ သီဟသုဓမ္မသိင်္ဂီ ဒေါ်မြမြလေးကို ၁၉၅၁ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့တွင် အဖ ဦးလေးမောင်၊ အမိ ဒေါ်ခင်ပိုင်တို့မှ မန္တလေးမြို့တွင် မွေးဖွားသည်။

ဖခင်ဘက်မှ အဘိုးဖြစ်သူမှာ မတ္တရာမြို့ဝန် ဦးဘေ ဖြစ်ပါသည်။

ငယ်စဉ်က မန္တလေးမြို့ ရတနာ မဥ္ဇူကျောင်း ဆရာတော်ထံတွင် ဗုဒ္ဓစာပေများသင်ကြားပြီး အတန်းပညာကို မန္တလေးမြို့ စိန်ဂျိုးဇက်ကွန်ဗင့် (ယခု အမှတ် ၁၁ အထက်တန်းကျောင်း)မှ ၁၀ တန်းအောင်မြင်ခဲ့သည်။ မန္တလေး ဝိဇ္ဇာ သိပ္ပံ တက္ကသိုလ်မှ ဓာတုဗေဒ အဓိကဖြင့် သိပ္ပံဘွဲ့ ရရှိပြီး ၁၉၇၃ ခုနှစ်တွင် H.G.P စာမေးပွဲကိုလည်းကောင်း၊ ၁၉၈၀ ခုနှစ်တွင် ရန်ကုန် ဝိဇ္ဇာ သိပ္ပံ တက္ကသိုလ် ဥပဒေဌာနမှ RL ကိုလည်းကောင်း ရရှိခဲ့ပါသည်။

တရားရုံးချုပ် ရှေ့နေဘဝဖြင့် အသက်မွေးဝမ်းကြောင်းပြုလုပ်ပြီး ၁၉၇၅ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ သာသနိက အဆောက်

အအုံ ၂၁ ခု ဆောက်လုပ်လှူဒါန်းခဲ့သဖြင့် ၁၉၉၆ ခုနှစ်တွင် နိုင်ငံတော်မှ သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ကို ချီးမြှင့်ခဲ့ပါသည်။

ထို့နောက် သာသနိက အဆောက်အအုံများ ဆက်လက် ဆောက်လုပ်လှူဒါန်းခဲ့ရာ ၂၄ ခုပြည့်မြောက်သည့် ၂၀၀၀ ပြည့်နှစ်တွင် သီရိသုဓမ္မသိင်္ဂီဘွဲ့ကို ချီးမြှင့်ခဲ့ပါသည်။

အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ မြန်မာဘုန်းတော်ကြီးကျောင်းရှိ သိမ်တွင် ဗုဒ္ဓရုပ်ပွားတော် တံကဲပုလ္လင်နှင့် ဂန္ဓကုဋီတိုက်၊ နီပေါနိုင်ငံ လုမ္ဗဏီ ဥယျာဉ်ဓမ္မာရုံ၏ ဗုဒ္ဓရုပ်ပွားတော်နှင့် တံကဲပုလ္လင်၊ အင်ဒိုနီးရှားနိုင်ငံ မာလန်မြို့ ရွှေတိဂုံ ပုံတူစေတီတော်နှင့် အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းနှင့် ဘာလီကျွန်းတို့တွင် ဗုဒ္ဓရုပ်ပွားတော် (၂၃)ဆူ ထေရဝါဒဗုဒ္ဓတက္ကသိုလ်သိမ်အတွင်း၌ ကြေးဆင်းတု ရုပ်ပွားတော်မြတ်နှင့် မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း ဦးနှောက်နှင့် အာရုံကြော အထူးခွဲစိတ်ကုသဆောင်၊ အကြောအဆစ်နှင့် မသန်စွမ်းမှု ပြန်လည်ထူထောင်ရေး အထူးကုသဆောင်၊ သုံးထပ်ဆေးရုံနှင့် ဒီပါအေးမြရွှေရတုသုံးထပ် ပေါင်းကူးတံတား၊ အခြားသော သာသနိက အဆောက်အအုံတို့ကို ဆောက်လုပ်လှူဒါန်းခဲ့ပြီးနောက် ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်မှ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့ ထပ်မံချီးမြှင့်ခြင်း ခံခဲ့ရပါသည်။

ယခုအခါ ဒေါ်မြမြလေးသည် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီတွင် ဥပဒေအကြံပေးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး ခင်ပွန်း ဦးဟန်ရှိန် (ဒုတိယရှေ့နေချုပ် (အထက်မြန်မာပြည်)) သား မောင်ထွဋ်မြတ်ရှိန် (ဒုတိယ စုံးစမ်းရေးမှူး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မန္တလေးတိုင်း)၊ သမီး မထက်ထက်ရှိန် (နည်းပညာကောလိပ်၊ မန္တလေး)တို့နှင့်အတူ မန္တလေးမြို့ အောင်မြေသာဇံမြို့နယ်၊ မဟာဇေယျာဘုံရပ်၊ ၂၄ လမ်းနှင့် ၆၄ လမ်းထောင့် ဒီပါအေးမြခြံတွင် နေထိုင်လျက် ရှိပါသည်။



အင်ဒိုနီရှားနိုင်ငံ မာလန်မြို့ တွင်တည်ထားကိုးကွယ်သော
ရွှေတိဂုံ (ပုံတူ) စေတီကိုဤသို့ကြည်ညိုဘွယ် ဖူးတွေ့ရသည်။



အင်ဒိုနီးရှားနိုင်ငံရှိ ပေါ်ဗေါ်ဗုဒ္ဓစေတီကြီးရှေ့တွင် မြန်မာဆရာတော်ကြီးများအားဖူးတွေ့ရစဉ်။



အင်ဒိုနီးရှားနိုင်ငံ၏ သာသနာပိုင်ဆရာတော်ကြီး ဘဒ္ဒန္တပညာဝါရော (အလယ်) စိန်ဖူးတော်တင်နေစဉ်



အင်ဒိုနီးရှားနိုင်ငံရှိ ဗေါ်ဗေါ်ဗုဒ္ဓစေတီအား မကွေးဆရာတော်ဘဒ္ဒန္တကုမာရ နှင့် တိပိဋကဓရ ဆရာတော်ဒ္ဓန္တသီလက္ခန္ဓ တို့ဖူးမြော်နေကြစဉ်



အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းကမ်းခြေ၌
မန္တလေးမစိုးရိမ်တိုက်သစ်ဆရာတော် ဦးရာဇဓမ္မအား ဖူးတွေ့ရစဉ်



အင်ဒိုနီးရှားနိုင်ငံဆရာတော်ကြီး ဘန္တေခန္တီပါလော ထီးတော်တင်နေစဉ်



ရုပ်ပွားတော်ကြီးကို ပလ္လင်အပ်ပွဲ ကျင်းပနေသည့် ဘဒ္ဒန္တခန္တီမါရော



အင်ဒိုနီးရှားနိုင်ငံ ဂျကာတာလေဆိပ်တွင် သံအမတ်ကြီးနှင့်သံအမတ်ကြီးကတော်တို့အားတွေ့ရစဉ်



အင်ဒိုနီးရှားနိုင်ငံဘာလီကျွန်းရှိ မြန်မာဘုရားကျောင်းရှေ့တွင်အမှတ်တရ



ဦးဟန်ရှိန်+ဦးဝင်းဖေ နှင့် စစ်သံမှူးတို့ စိန်ဖူးတော်တင်လှူစဉ်



အင်ဒိုနီးရှားနိုင်ငံ၌ မာလန်မြို့၌ တည်ထားသောရွှေတိဂုံ (ပုံတူ)စေတီတော်အား အနေကဇာတင်ရန် ဆရာတော်များကြွလာစဉ်



အင်ဒိုနီးရှားနိုင်ငံရှိလျောင်းတော်မူရုပ်ပွားတော်ကြီးရှေ့တွင်မြန်မာအဖွဲ့ကို ကြာကန်ရှေ့အမှတ်တရ

# အခန်း(၁)
# ကျွန်မတို့ဗုဒ္ဓဘာသာ မြန်မာလူမျိုး

ကျွန်မတို့ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ၏ရင်တွင် အစဉ်ထာဝရ ကိန်းအောင်းနေသော ဆန္ဒများတွင် အလှူဒါနပေးလှူလိုသောဆန္ဒသည် ပြင်းပြသောကောင်းကျိုးကောင်းမှုတစ်ရပ်ဖြစ်သည်။ အလှူရေစက် လက်နှင့်မကွာဆိုသလို ကျွန်မတို့ လူမျိုးသည် အလှူကို ခဏခဏ လှူချင်ကြသည်။ ခဏခဏ လှူရပါစေဟုလည်း ဆုတောင်းတတ်ကြသည်။ ကျွန်မတို့သည် အစဉ်ထာဝရပေးလို့မကုန် လှူလို့မခမ်း ဖြစ်ပါရစေဟု ဆုတောင်းလေ့ရှိသည်။

မြန်မာလူမျိုးတို့သည် လှူဒါန်းခြင်းကိစ္စ၌ မတင်းတိမ်မရောင့်ရဲနိုင်သော လူမျိုးဟုဆိုပါက ကျွန်မစကား မှားအံ့မထင်ပါ။

အနည်းဆုံး ဆွမ်း၊ သစ်သီး၊ ရေချမ်း၊ ပန်း၊ ဆီမီးဖယောင်းတိုင်ကို နေ့စဉ်လှူကြသည်။ ထီး၊ ဖိနပ်၊ သင်္ကန်း၊ မျက်နှာသုတ်ပဝါ၊ လက်သုတ်ပဝါ၊ ဆေးအပါအဝင် လစဉ် လှူဒါန်းကြသည်။ ကျောင်း၊ ကန်၊ ဘုရား၊ သိမ်၊ ဇရပ်၊ စေတီ၊ နတ်လမ်း၊ အဆောင်၊ လမ်း၊ တံတား၊ လှေကား စသည်တို့ကို နှစ်စဉ် လှူဒါန်းကြသည်။

ကျွန်မတို့လူမျိုးသည် လှူဒါန်းဖို့ကိစ္စကို ရည်မှန်းပြီး စီးပွားရှာကြသည်။ စီးပွားဖြစ်လာလျှင် လှူဒါန်းကြသည်။ လှူဒါန်းဖို့အတွက် စိတ်ကူးယဉ်ကြသည်။ ဘုရားဒါယကာ၊ ဘုရားဒါယိကာမ ဖြစ်အောင် ဘုရားတည်သည်။ ကျောင်းဒါယကာ၊ ဒါယိကာမများဖြစ်အောင် ကျောင်းဆောက်သည်။ ဘုရားဒါယကာ၊ ကျောင်းဒါယကာ၊ သိမ်ဇရပ်ဒါယကာ၊ ဒါယိကာမအဖြစ် ခံယူလိုကြသည်။ မိမိတို့လှူဒါန်းသော အလှူအတွက်လည်း မဟာပထဝီမြေကြီးကို အသိသက်သေထား၍ ရေစက်ချလှူဒါန်းကြသည်။ ကမ္ဘာတည်သရွေ့ မိမိတို့အလှူတည်ရှိအောင် ကမ္ပည်းကျောက်စာထိုး၍ လှူဒါန်းကြသည်။

ကျွန်မတို့လူမျိုးသည် လှူဒါန်းခြင်းအလုပ်၌ ဝါသနာထုံသူများပီပီ မရှိလျှင် ရှိတာလေးကိုပင် လှူဒါန်းတတ်ကြသည်။

တိုင်းရင်းသားရှမ်း၊ ကရင်၊ ချင်း၊ ကယား အစရှိသော တိုင်းရင်းသားများ၊ တောင်သူယာလုပ် ခါးမခုတ် အသက်မွေးဝမ်းကျောင်းပြုကြသူ တောင်သူလယ်သမားများ၊ အလုပ်သမားများပင် နေ့စဉ် ဝင်ငွေရှာ အလုပ်လုပ်နေကြရာတွင် လှူရေးတန်းရေးဟူသော ရည်ရွယ်ချက်သည် ရှေ့တန်းမှ ပါဝင်သည်။ ကျွန်မတို့လူမျိုးက ဂီတသံစဉ်ကိုလည်း ဘုရားသို့ လှူတန်း၏။ သားလေးများမွေးဖွားလာလျှင် ရှင်ပြုခွင့်ရပြီ၊ သာမဏေဘောင်သို့ သွတ်သွင်းခွင့်ရပြီဟုဆိုကာ ဝမ်းသာ၍ ရှင်ပြုအလှူကိုပြုကြသည်။ သမီးမွေးပြန်တော့လည်း နားသမင်္ဂလာပြုလုပ်၍ လှူဒါန်းမှုပြုကြသည်။ ၁၂ ရာသီ ၁၂ လတွင် ၁၂ ကြိမ် ၁၂ ခါ အလှူအတန်းများပြုကြသည်။

မြန်မာလူမျိုးတို့အတွက် အလှူဒါနပြုရာတွင် စံနမူနာပြ ပုဂ္ဂိုလ်ကြီးသည် ဝေဿန္တရာမင်းကြီးပင်ဖြစ်သည်။ ကျွန်မတို့ တစ်တွေသည် အလှူဒါနခန်းတွင် ဝေဿန္တရာမင်းကြီး၏ စိတ် မနောကို အားကျရည်မှန်းပြီး လှူဒါန်းကြသူချည်းဖြစ်သည်။

ဝေဿန္တရာမင်းကြီးအကြောင်းကို အိပ်ရာဝင်တိုင်း ကျွန်မ ကို ပြောပြသူက ကျွန်မ၏မိခင်ကြီးဖြစ်သည်။ ကျွန်မ၏အဘိုး အဘွား မိဘများသည် မြန်မာများပီပီ အလှူအတန်းကို ဝါသနာ ပါကြသည်။ လှူဒါန်းမှုကို စိတ်ထက်သန်ကြသည်။ ကျွန်မ၏ လှူချင် တန်းချင်စိတ်သည် ကျွန်မ၏ မိခင်ကြီးထံမှ အမွေရရှိခဲ့ခြင်းဖြစ် သည်။ ကျွန်မတို့၏ဘိုးဘွားမိဘများက လှူတတ်အောင်လည်း သွန်သင်ခဲ့သည်ဟု ဆိုရမည်။

ကျွန်မ၏ဖခင်ကြီးက သစ်ထုတ်လုပ်ရေးဘက်မှ ဝန်ထမ်းဖြစ် သည်။ အမည်က ဦးလေးမောင်၊ မိခင်ကြီးက ဒေါ်ခင်ပိုင်၊ မိခင်ကြီး ဒေါ်ခင်ပိုင်၏ မျိုးရိုးကလည်း သစ်ကုန်သည် မျိုးရိုးဖြစ်၏။

ဖခင်ကြီး ဦးလေးမောင်၏ မိဘများသည် မတ္တရာမြို့ဝန် ဦးဘေ(TPS)နှင့်မြို့ဝန်ကတော် ဒေါ်ငွေသိမ့်တို့ဖြစ်ကြ၏။ ကျွန်မ ယခု တင်ပြမည့်အကြောင်းအရာသည် ကျွန်မ၏ဘဝတစ်ထောက် လျှောက်ခဲ့ရသော ဒါနခရီးလမ်းများမှ မှတ်တမ်းတင်ဖွယ်ရာဟု ယူဆသော အမှတ်တရ သာသနာပြုခရီး၏ မှတ်တမ်းဖြစ်ပါသည်။

ဤဒါနခရီးလမ်းကို လျှောက်ဖြစ်သွားဖြစ်ခဲ့ရခြင်းသည် အဓိကအားဖြင့် မိဘ ဘိုးဘွားတို့၏ ဆုံးမသွန်သင်ခဲ့မှုများ၏ ကျေးဇူးတရားများကြောင့်ဖြစ်၏။ သို့အတွက်ကြောင့် ကျွန်မ၏ ဒါနခရီးလမ်းကို ဖေါ်ညွှန်းရေးသားမှုမပြုမီ မိဘဘိုးဘွားတို့အား ရိုသေလေးစားစွာဖြင့် မာန်လျှော့၍ ကန်တော့အပ်ပါသည်။

တကယ်တော့ ကျွန်မတင်ပြမည့် ဤဒါနခရီးလမ်းသည် ကျွန်မဘဝတွင် တစ်ခါမှ စိတ်မကူးခဲ့ဖူးသော ဒါနဖြစ်သည်။ စိတ်ကူး စရာလမ်းစမရှိသော ဒါနလည်းဖြစ်၏။ သို့သော် ယင်းဒါနကို ကျွန်မ

အောင်မြင်စွာ လုပ်ဆောင်ဖြစ်ခဲ့၏။ ဤသို့လုပ်ဖြစ်ရသည်မှာ လည်း ဘဝအကျိုးပေးနှင့် မိဘဘိုးဘွားတို့၏ ကျေးဇူးကြောင့် ဖြစ်သည်။ ဤဒါနကို ကျွန်မ လုပ်ဆောင် ဖြစ်ခဲ့သော်လည်း ကျွန်မ ကိုယ်တိုင် ပေတစ်စောင် စာတစ်အုပ်ဖြင့်ကမ္ပည်းတင်ဖြစ်လိမ့်မည်ဟု လည်း ကျွန်မ မထင်မှတ် မမျှော်မှန်းမိခဲ့ပါ။

ကျွန်မ၏ ပြုဖို့ရန်ခက်ခဲရှားပါးသော အလှူကား ပြီးမြောက်ခဲ့ပြီ ဖြစ်၏။ သို့အတွက် ကျွန်မ၏ရင်တွင်း၌ လှူဒါန်းရခြင်းကြောင့် ဖြစ်ပေါ် ခံစားရသော ပီတိများက ဝွမ်းဆီထိသလိုရှိ၏။ ကျွန်မသည် ကျွန်မ၏ဒါနကို ကျေနပ်ကြည်နူးမှုများနှင့် အဆုံးသတ်လျက်ရှိစဉ် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဘကြီးဦးသုခက "သမီး. . သမီးရဲ့ဒါန ခရီးအတွေ့အကြုံကို စာရေးပြီး မှတ်တမ်းတင်ထားပါ"ဟု ဆိုပါ၏။

"သမီး စာမရေးတတ်ဘူး ဘဘရဲ့၊ ဘယ်လိုရေးရမှန်းလဲ မသိဘူး၊ ဘယ်လိုမှတ်တမ်းတင်ရမှန်းလဲ မသိဘူး"

"လူတိုင်းစာရေးတတ်ကြတယ်၊ စာရေးတဲ့လူက စာဖြစ်တာပဲ၊ သမီးကြိုးစားပြီးရေး၊ လက်နဲ့မရေးနိုင်ရင် ပါးစပ်နဲ့ရေး"

"ပါးစပ်နဲ့ရေးဆိုတာက ဘယ်လိုလဲ ဘဘ"

"သမီးရဲ့ ဒါနခရီးကို တစ်ယောက်ယောက်ကိုပြောပြနေသလို ပြောပြ၊ ပြောပြတာကို အသံသွင်းပြီး ဘဘဆီကိုပို့လိုက်၊ ဘဘက စာအုပ် ဖြစ်အောင်လုပ်ပေးမယ်"

ဤကဲ့သို့ ဘဘ ဦးသုခက စာရေးရန် ကျွန်မကို အကြိမ်ကြိမ်တိုက်တွန်းသည်။ ကျွန်မက မရေးဖြစ်၊ စာရေးရတာ မလွယ်မှန်း ကျွန်မသိသည်။ ဘဘက ထပ်ပြီးတိုက်တွန်းပြန်၏။

ကျွန်မသည် ဘဘကြီးဦးသုခကို အားနာသွားပါသည်။ ဘဘက အသက် ၉၀ ကျော်ပြီ။ ဆေးရုံနှင့်အိမ် လွန်းထိုးသွားနေရသည့်ကြားက ကျွန်မဒါနခရီးကို စာအုပ်ဖြစ်အောင်လုပ်ပေးဦးမည်ဟုဆိုရာ ဘဘ၏စေတနာကို လေးစားသောအားဖြင့် ကျွန်မ၏ဒါနခရီးကို စာအုပ်ဖြစ်အောင် ကျွန်မကြိုးစားမည်ဟု ဆုံးဖြတ်ခဲ့ပါ၏။

ဘဘတောင် အိုကြီး အိုမနဲ့ ဒီခရီးကို သူကိုယ်တိုင် စာအုပ်ဖြစ်အောင် လုပ်ပေးမည်ဟုဆိုရာ ကျွန်မ မကြိုးစားလျှင် ဘဘအပေါ် ကျွန်မ တာဝန်မကျေရာကြမည်ဖြစ်၏။ ဘဘက ကျွန်မ၏ ဒါနခရီးစာအုပ် ဖြစ်ရေးအတွက် သီးခြားဆန္ဒများလည်းရှိဦးမည်ဟု ထင်ပါ၏။ ကျွန်မ မိတ်ဆွေတစ်ဦးကတော့ “ဒီအကြောင်းအရာက အနာဂတ်ထေရဝါဒ ဗုဒ္ဓသာသနာသမိုင်းအတွက် အရေးကြီးလို့ ဘဘကြီးက တိုက်တွန်း တာ၊ မြမြလေးအနေနဲ့ ကြိုးစားသင့်တာပေါ့”ဟု ဆိုပါ၏။

ဘဘကိုလေးစားပြီး ကျွန်မ မှတ်တမ်းပြုစုဖို့ဆုံးဖြတ်ပါ သည်။ ဒါပေမယ့် စာရေးဖို့ဆိုတာက လွယ်ကူသောကိစ္စ မဟုတ်။

အခြားမိတ်ဆွေတစ်ဦးကတော့ “ဩော် . . မြမြလဲ ရှေ့နေပဲ၊ ရှေ့နေဆိုတာ အမြဲ အမှုတွဲတွေရေးနေရတာ၊ အမှုတစ်ခုဆို လျှောက်လဲချက် ဆယ်ကြိမ်လောက်ပေးဖို့ ဆယ်ခါလောက်ရေးနေရ တာ၊ ဘာခက်တာမှတ်လို့” ဟုပြောသည်။ ဒါကတော့ မှန်ပါသည်။ အကြောင်းအရာကလည်း ကျွန်မက စိတ်အားထက်သန်ပြီး ဖြစ်လေ တော့ ချရေးလျှင် စာဖြစ်နိုင်စရာအကြောင်းရှိပါသည်။

ထိုသို့ စာရေးရန် စိတ်ကူးနေစဉ်မှာပင်၊

၂၀၀၄ ခုနှစ်၊ မတ်လ ၁၃ ရက်တွင် ကျမမှာ ခွဲစိတ်ကုသခံ ယူပြီး အိပ်ရာမှ မထနိုင်လောက်အောင်ဖြစ်၍ အနားယူခဲ့ရပါ သည်။ လူသာ အနားယူသည်မဟုတ်၊ စိတ်ပါအနားယူပြီး မော်ဘီ ချမ်းမြေ့ ရိပ်သာမှသင်ပေးလိုက်သော အသေးစိတ်အမူအယာ တရားရှုမှတ်နည်းဖြင့် အိပ်ရာမှာ လဲလျောင်းရင်း တရားမှတ်လျက် နေခဲ့ရပါသည်။ ကျွန်မကသာ တရားမှတ်နေတာပါ။ လျှရေး တန်း ရေး၊ လူမှုရေးများဖြင့် တစ်ချက်ကလေးမှ အငြိမ်မနေတတ်သော ကျွန်မကို အိမ်သားများက တရားမှတ်နေသည်မထင်ကြ။ လှုပ်ရင် လည်း လှုပ်လို့ ငြိမ်ရင်လည်းငြိမ်လို့ဆိုပြီး တစ်ချက်ကလေးမှ မျက်နှာ သာ မပေးဘဲ အမျိုးမျိုး ဝေဖန်ကြ၏။ ခင်ပွန်းသည်ကလည်း မကြာ ခဏ အခန်းထဲလာကုန်းကြည့်ပြီး ကျွန်မ လဲလျောင်းရင်း တရားမှတ်သည်

ကို ချီးကျူးမည်မထင်ပါနှင့်။ အခန်းအပြင် ရောက်တာနှင့် ကလေးများကို "နင်တို့အမေက လူကအိပ်နေပေမယ့် ဦးနှောက်က အိပ်တာမဟုတ်ဘူး၊ သူ့ခေါင်းထဲမှာ ဘာတွေ အလုပ်လုပ်နေပြီလဲ မသိဘူး" ဟု အကြိမ်ကြိမ်ပြောပါသည်။ လူနာ လာမေးသူ များကိုလည်း ဒီအတိုင်းပဲပြောပြီး ကျွန်မကို အခါခါထောပနာပြု၏။

အစကတော့ ကျွန်မလည်း တကယ်ကို မလှုပ်နိုင်သေး၍ ငြိမ်နားထောင်ခဲ့ပါသည်။ ခွဲစိတ်ပြီး တစ်လလောက်ရတော့ ကောင်း ကောင်း ထိုင်နိုင်လာသည်။ လမ်းကောင်းကောင်းမလျှောက်နိုင် သေး၍ အပြင်တော့ မထွက်နိုင်သေးပါ။ ကျွန်မခင်ပွန်းကလဲ "လူကငြိမ်နေပေမယ့် ဦးနှောက်က ငြိမ်မနေဘူး" ဆိုတာကလည်း အသံမစဲအောင်ရွတ်နေတော့ ကျွန်မကလည်း ရွဲ့ပြီး မငြိမ်တော့ ဘာဖြစ်လဲဟယ်ဟုဆိုပြီး မူလရည်ရွယ်ထားသည့်အတိုင်း သည်စာ ကိုထရေးတော့တာပါပဲ။ မရေးစဖူးရေးတော့ ခေါင်းတွေကိုက် ဇက်ကြောတွေထိုးမို့ အိမ်သားများက ညတိုင်း ပလာစတာတွေ ဝိုင်းကပ်ပေးကြသည်။ ပြီးတော့ ပြောသေးသည်။ "မေမေ စာရေးပြီး စာအုပ်ရောင်းတော့ ပလာစတာဖိုးမှ ပြန်ရပါ့မလား" ဟု သမီးက ဆိုသည်။

လုပ်သင့်တဲ့အလုပ်တစ်ခုကို တာဝန်ကျေအောင် ဆောင် ရွက်သည်ဟု ကျွန်မခံယူပါသည်။ ဒါကြောင့် သည်စာအုပ်ကို ကျွန်မ ရေးရခြင်းဖြစ်ပါသည်။ ဤမှတ်တမ်းစာအုပ်ဖြင့် ကျွန်မ၏ အဘိုး၊ အဘွား၊ မိဘ၊ ဆရာသမားများနှင့် ဘဘကြီး သုခ အမှူးပြုသော ကျွန်မ၏ ဓမ္မမိတ်ဆွေများကို ကန်တော့အပ်ပါသည်။

❐ ❐ ❐

# အခန်း(၂)
## ဒါနခရီးအစ ထန်းပင်မြစ်က

မြန်မာဖြစ်မှတော့ လှူဖြစ်ကြမှာချည်းပဲပေါ့။

လှူဖြစ်ကြသည့်အလှူများအထဲတွင် မိမိအလှူကို မိမိပြန်ပြောင်း သတိရနေတတ်သော အလှူ၊ တွေးတောမိတိုင်း ပြန်၍ ကြည်နူးရသောအလှူ၊ အတော်အတန်စဉ်းစားမှ ပြန်ပေါ်လာသော အလှူဟူ၍ အလှူ အမျိုးမျိုး အစားအစားရှိကြသည်။ ကျွန်မ တရားရုံးချုပ်ရှေ့နေဘဝ၊ ကျွန်မ၏ဆရာ ဝါရင့်ရှေ့နေကြီး ဦးတင်အောင် (အငြိမ်းစားမော်ကွန်းထိန်း)က "ရှေ့နေဆိုတာ မိမိတစ်သက်တာ လိုက်ခဲ့ရတဲ့အမှုတွေထဲမှာ အမှုလိုက်ပါဆောင်ရွက်ခ ငွေကြေးရတာ မရတာနဲ့ မဆိုင်ဘဲ ဥပဒေပညာနဲ့ ခက်ခက်ခဲခဲ ကြိုးပမ်း

ဆောင်ရွက်ရမှုကြောင့် အမှန်တရားပေါ် ပေါက်သွားပြီး အောင်မြင်မှု ရလိုက်တဲ့ အမှုလေးတွေကို ဥပဒေနှင့် အသက်မွေးဝမ်းကျောင်း ပြုသူတိုင်းအစဉ်အမြဲ သတိရနေတတ်ကြတယ်”ဟု မကြာခဏ ပြောဆိုဖူးသည်။ ထိုစကားကိုလည်း ကျွန်မ အမြဲအမှတ်ရနေသည်။ ဆရာဦးတင်အောင် ပြောဆိုခဲ့သောအမှုမျိုး ကျွန်မဘဝတွင် ရှိခဲ့သလို အစဉ်အမှတ်တရရှိနေသော အလှူဒါနများလည်းရှိသည်။

ဘဝတွင် လောကဓံ၏အထုအထောင်း အလှည့်အပြောင်းများ ကြုံသဖြင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ စိတ်ဒုက္ခရောက်ရသည့် အခါများ ရှိတတ်ပါသည်။ ထိုသို့သောအခါများတွင် တရားဘာဝနာကို မည်သို့မျှပင် မမှတ်နိုင်သည့် အခါမျိုးများရှိခဲ့ဖူးပါသည်။ ကျွန်မသည် ထိုသို့သောအခါမျိုးများတွင် ပြုခဲ့ဖူးသောဒါနများကို ပြန်ပြောင်း တွေးတောလေလျှင် သောကမှကင်းဝေး၍ ထိုဒါနခန်းများကို ပြန်ပြောင်းသတိရသောခဏ၌ အေးမြသောပီတိကို ခံစားရသော အချိန်အခါများရှိဖူးသည်။

၁၉၉၉ ခုနှစ် နိုဝင်ဘာလအထိ ကျွန်မလှူဒါန်းခဲ့သော သာသနိက အဆောက်အအုံ ၂၄ ခုရှိ၏။ ယင်းအထဲမှ ၂၄ ခုမြောက်အဆောက်အအုံသည် မန္တလေးမြို့ မဟာဘုံကျော် ပုဂံတိုက်အတွင်း၌ ဆောက်လုပ်လှူဒါန်းသော “ပြိုင်စံကင်းရှား” ကျောင်းတော်ကြီးဖြစ်သည်။ ကျွန်မ၏ ၂၄ ခုမြောက် ဖြစ်သော ပြိုင်စံကင်းရှား ကျောင်းတော်ကြီးသည် တိုင်ပေါင်း ၂၄ လုံး ပါရှိသည်။ ထိုတိုင်လုံးကြီးများသည် လူနှစ်ယောက် မျက်နှာချင်းဆိုင်ဖက်လျှင်ပင် လက်ချင်းထိသည်မဟုတ်။ ကျောင်းတော်ကြီးသည် အလျား ၂၀၇ ပေနှင့် အနံ ၁၀၈ ပေရှိ၏။ မင်းတုန်းမင်းကြီးဆောက်လုပ်လှူဒါန်းသော အတုမရှိ ကျောင်းတော်ကြီးက အလျား ၁၈၀ ပေဖြစ်၍ ကျွန်မလှူဒါန်းသော ကျောင်းက ၂၇ ပေပိုရှည်၏။ မြိုင်ကြီးငူ ဆရာတော်၏ ထေရုပ္ပတ္တိကို မဖတ်ဖူးခင်က မြန်မာပြည်တွင် “ပြိုင်စံကင်းရှား”ကျောင်းကြီးက အကြီးဆုံးဟု ကျွန်မ ထင်ခဲ့၏။

သို့သော် မြိုင်ကြီးငူဆရာတော်၏ ကျောင်းက ပြိုင်စံကင်းရှားထက် အများကြီးပိုကြီးသည်။

ထိုကျောင်းကြီးကို ရေစက်ချလှူဒါန်းနိုင်ရန် စီမံခန့်ခွဲရသည် ကပင် လွယ်သည်မဟုတ်။ ကျောင်းမှ နာယက ဆရာတော်ကြီး၏ တပည့်ဒါယကာများကလည်း မြန်မာပြည်အနှံ့မှလာကြဦးမည်။ နောက်ပြီး ကျွန်မ၏ ဓမ္မမိတ်ဆွေများ အပါအဝင် လာမည့်ပရိသတ် ကို ဧည့်ဝတ်ကျေစွာ ဧည့်ခံကြွေးမွေးနိုင်ဖို့အရေးက မလွယ်။ ထို့ကြောင့် စနစ်တကျဖြစ်အောင် အထူး စီမံခန့်ခွဲရသည်။ ကျောင်းတော်ကြီးပတ်လည်နှင့် ကျောင်းကြီး၏အောက်ထပ်တွင် စတုဒိသာမဏ္ဍပ် ၁၀၈မဏ္ဍပ်ထိုး၍ ဧည့်ခံကျွေးမွေးရေးကိစ္စ ဆောင်ရွက်ရသည်။ ၁၀၈ မဏ္ဍပ်ဟုဆိုငြားသော်လည်း တကယ် တမ်းကျွေးတော့ ၁၂၀ ရှိ၏။ ကျောင်းကြီး၏အရှေ့ဘက်စူးစူးရှိ သရက်တောအုပ် ကလေးအောက်တွင် ဦးမျိုးခင်(ထန်းရိပ်ညို)အား အကူညီတောင်းပြီး DATE လက်ဖက်ရည်၊ ကော်ဖီ၊ မုန့်မျိုးစုံနှင့် မန္တလေးမြီးရှည်တို့ကို ဧည်သည်တစ်ယောက်မျှ မကျန်သည့်တိုင် စတုဒိသာ ကျွေးမွေးပေးပါပြောပြီး ဖွင့်ခိုင်း ထားရသည်။ လာ သည့်ဧည့်ပရိသတ်များကိုလည်း အထူးဧည့်ခံရန်မလို။ စတုဒိသာ မဏ္ဍပ် ၁၂၀ ရှိသည့်အထဲ ကြိုက်တာ ဝင်စား၍ရ၏။ မစားလိုက်ရ လျှင် အနတ္တာပဲ။ သူ့ထိုက်နှင့် သူ့ကံဟုဆိုရမည်။

စားစရာများကလည်း မဏ္ဍပ်တစ်ခုနှင့်တစ်ခု မထပ်အောင် စီစဉ်ထားပါသည်။ ကျွေးမွေးသည့်စားစရာ အမည်ပေါင်း ၁၀၀ ခန့်ရှိသည်။ စဉ်းစားလို့ရသမျှ အကုန်ပါသည်။ စတုဒိသာမဏ္ဍပ်များ တွင် မစားလိုသော ပုဂ္ဂိုလ်များအတွက် ကျောင်းတော်ကြီး၏ အနောက်တောင်ထောင့် ဆွမ်းစားကျောင်းတွင် အုန်းထမင်းနှင့် ရေခဲမုန့်စီစဉ်ထားသည်။ ဝမ်းသာစရာကောင်းသည်က ဧည့်သည် များအားလုံး စတုဒိသာမဏ္ဍပ်များတွင်သာ စားသောက်ရင်း ကုသိုလ်ယူကြသည်။

နိုင်ငံတော်ရှေ့နေချုပ်ကြီး ဦးသာထွန်းပင် မြေးအပေါင်း ခြံရံပြီး စတုဒိသာမဏ္ဍပ်များတွင် မဏ္ဍပ်အစေ့လိုက်ပြီး စားကြသည်ဟု သိရသည်။ ဤအလှူဒါနအကြောင်းကို ရေးပြနေရခြင်းမှာ ကြွားလို၍ မဟုတ်ပါ။ ကုသိုလ်ကောင်းမှုပြုရာတွင် မည်မျှပင်ကြီးကျယ်ပါစေ၊ ကျောင်းကြီးမည်မျှပင် ကြီးမားပါစေ၊ စိတ်ထဲမှာ အမှတ်ရချင်မှ ရပါသည်။ ဤမျှကြီးကျယ်သော ကျောင်းရေစက်ချပွဲကြီးကျင်းပရပေမယ့် ပီတိမဖြစ်ဘူးဟုပြောလျှင် မုသား ဖြစ်ပါသည်။ အမှန်တကယ် ပီတိဖြစ်ပါသည်။ ဝမ်းသာပီတိဖြာသောကြောင့် ပြန်ရေးပြနေခြင်းဖြစ်ပါ၏။

တစ်ဖန် သီးသီးသန့်သန့်အမှတ်တရရှိသည့် အလှူတစ်ခုအကြောင်းကို ပြောပါရစေဦးတော့။ ၁၉၈၉ ခုနှစ်က စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ် ပဲပြစ်တောအုပ်စု တောင်ကလပ် အထက်ကျောင်းတွင်ဖြစ်သည်။ ပဲပြစ်တောရွာက ဘုတလင်-ရေဦး ကားလမ်းမကြီးဘေးတွင်ရှိသည်။ ထိုရွာကလေးတွင် ၂ ခန်း ×၃ ခန်း ဇရပ်သာသာ တောကျောင်းလေးကို ရေစက်ချခဲ့ရသည့် ပီတိခံစားမှုကလည်း ကြီးမားပါသည်။

တောင်ကြို တောင်ကြားထဲရှိ တောအုပ်ကလေးအတွင်းဝယ် ဘိုးတော်ဘုရားဆောက်လုပ်လှူဒါန်းခဲ့သော ဘုရား၊ သိမ်နှင့်ရေကန်ရှိသည်။ ကျောင်းကိုတော့ မတွေ့ရပါ။ ရှေးက ရဟန္တာကြီးများ အဆက်ဆက် သီတင်းသုံးသွားသည့် နေရာဟု သိရသည်။ နှစ်စဉ် ရှားပါးသောကျောင်းများသို့သွား၍ ကထိန်ခင်းတတ်သော ကျွန်မထံ ဘုတလင်ဇာတိသား ဦးထွန်းလင်း ဆိုသည့်ပုဂ္ဂိုလ်တစ်ဦး၏ ဆက်သွယ်ပေးမှုကြောင့် ထိုကျောင်းလေးတွင် ကထိန်ခင်းဖြစ်ခဲ့ပါသည်။ ကျောင်းဟူ၍ မည်မည်ရရမရှိသောကြောင့် တောင်ကလပ် အထက်တွင် ကျောင်းဆောက်လှူဒါန်းပြီး ၁၉၈၉ ခုနှစ် အောက်တိုဘာ ၂၉ရက်နေ့တွင် ကျောင်းရေစက်ချပွဲကို ကထိန်ပွဲနှင့်တွဲ၍ ကျင်းပခဲ့ခြင်းဖြစ်သည်။ မန္တလေးမှ ပါလာသော

လျှုပ်ဖွယ်စားစရာများကို အထူးတလည် ဖိတ်ကြားမှု မပြုရပါဘဲ မိမိတို့သဒ္ဓါအရ ကြွရောက်လာကြကုန်သော ပတ်ဝန်းကျင်ရွာများမှ ရွာသူရွာသားများအား ဝလင်အောင်ကျွေးနိုင်ခဲ့ပါသည်။ ထိုအလှူလေးကိုလည်း ကျွန်မ သတိရနေမိပါ၏။ ကျွန်မ တစ်သက်မမေ့နိုင်သော အလှူလေးလည်း ဖြစ်ပါသည်။

စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သော ပြိုင်စံကင်းရွာကျောင်းတော်ကြီးနှင့်စာလျှင် တောင်ကလပ် အထက်ကျောင်းအလှူက မိုးနှင့် မြေလိုကွာခြားပေမယ့် ကျွန်မအနေနှင့်တော့ တောင်ကလပ် အထက်ကျောင်းကလေးကို ပို၍တသမိပါသည်။

ထို့ပြင် ကျွန်မ လေးနှစ်သမီးဘဝက ထန်းပင်မြစ်ကလေးတစ်ချောင်းကို ဆရာတော်ရင်းထံ လှူဒါန်းခဲ့ရပုံကိုတော့ ကျွန်မ သေတော့မှပင် မေ့နိုင်မည့်အလှူ ဖြစ်ပါသည်။

ကျွန်မက မန္တလေးသူ ဖြစ်သည်။ ကျွန်မတို့ရပ်ကွက်က ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်း မန္တလေးမြို့၏ အနောက်ဘက်ဖျား ဧရာဝတီကမ်းနဖူးတွင် တည်ရှိသည်။ ကျွန်မငယ်စဉ်လွန်ခဲ့သောနှစ်ပေါင်း ၅၀ကျော်ခန့်က ထိုမြစ်ကမ်းနားမှ ရပ်ကွက်များသည် ဧရာဝတီမြစ်ကို အမှီပြု၍ လုပ်ကိုင် စားသောက်နေထိုင်ကြသည်။ မြစ်ကြောင်းနှင့် ဆက်စပ်လုပ်ကိုင်ရသည့် ရုံးများလည်းရှိသည်။ သစ်လုပ်ငန်းရုံး၊ သစ်တောရုံး၊ ရေကြောင်းရုံးမှစ၍ သစ်များကို ရေစိမ်ဝမှ ကုန်ချောပြန်ထုတ်ရသည့် မီးခြစ်စက်ရုံအဆုံး ရုံးများစွာသည် ဧရာဝတီမြစ်ကမ်းဘေးတွင် အစီအရီတည်ရှိနေကြသည်။ ထိုရုံးများ၏ဝန်ထမ်းအိမ်ရာများသည်လည်း မြစ်ကမ်းနဖူး၌ပင်ရှိကြသည်။ ကျွန်မ၏ဖခင်သည် သစ်လုပ်ငန်းကော်ပိုရေးရှင်းမှ ဖောင်ဖွဲ့ရေးတွင် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်၍ ကျွန်မတို့လည်း ထိုမြစ်ကမ်းမှ ဝန်ထမ်းအိမ်ရာတွင်ပင်နေခဲ့ရသည်။

ဝန်ထမ်းအိမ်ရာနှင့် ၂ ဖာလုံလောက်အကွာတွင် သမိုင်းဝင် ရတနာ မဥ္ဇူဘုရားရှိသည်။ ဘုရားအနီးတွင် ဘုန်းတော်ကြီးသင် မူလတန်းကျောင်း တစ်ကျောင်းလည်းရှိ၏။ ဆရာတော်မှာ ဦးဉာဏိသရဖြစ်ပြီး စာသင်ကြားရာ၌ အလွန်စိတ်ရှည်သည်။ ဖခင်က ကျွန်မ ၄ နှစ်ကျော်ကျော်တွင် ဆရာတော်ထံ အပ်နှံ၍ ပညာသင်စေသည်။ အတန်းကျောင်းကိုတော့ စိန့်ဂျိုဇက်ကွန်ဗင့်တွင် ထားသည်။ အဖေက သာသနာပြုကျောင်းတွင်နေသော ကျွန်မအား ဆရာတော်ဦးဉာဏိသရ ကျောင်းတွင်ထားခြင်းသည် ဗုဒ္ဓစာပေနှင့် ယဉ်ကျေးမှုကို နားမလည်မည်စိုးသောကြောင့်ဖြစ်သည်။

မိဘနှစ်ပါးပြီးလျှင် ဆရာတော်သည် ကျွန်မ၏လက်ဦးဆရာဖြစ်ပါသည်။ ရတနာမဥ္ဇူကျောင်းနှင့် ကျွန်မတို့အိမ်ရာသည် ၁၅ မိနစ်ခန့်လမ်းလျှောက်ရသည်။ ကျွန်မတို့အညာ၌ ဆောင်းရာသီလို အခါမျိုးတွင် မိသားစုများ မီးစုလှုံရင်း ထန်းပင်မြစ်ဖုတ် စားကြသည်။ ထိုစဉ်က ၂၅ ခု ပါသည့် ထန်းမြစ်အစည်းတစ်စည်းကို တစ်မတ် (၂၅ ပြား) ပေးရသည်။ ထို့ကြောင့် ထန်းပင်မြစ်တစ်ချောင်းသည် တစ်ပြားသာ ကျပါ၏။ မိသားစုတွေ ထန်းပင်မြစ်ဖုတ်စားရင်း အမေက ကျွန်မကို မဖုတ်ရသေးသော ထန်းပင်မြစ် အစိမ်းတစ်ချောင်းပေးသည်။ အမေပေးသော ထန်းပင်မြစ်ကလေးကို ကိုင်ကြည့်ရင်း ကျွန်မစိတ်ထဲတွင် ကျွန်မ၏လက်ဦးဆရာ ဦးဉာဏိသရကို သတိရသွား၏။ ထိုထန်းပင်မြစ်တစ်ချောင်းကို ဆရာတော်အား လှူဒါန်းလိုသည့်စိတ် ပေါ်ပေါက်လာ၏။ သို့သော်လည်း ကလေးဖြစ်နေ၍ မိမိစားရန် အမေက ပေးထားသည်ကို ဘုန်းကြီးလှူရင် အမေဆူမှာပဲဟုလည်း တွေးနေမိသည်။ ထို့ကြောင့် အမေမမြင်အောင် ထန်းပင်မြစ်ကလေးကို အိပ်ရာထဲ ယူသွားပြီး ခေါင်းစွပ်နှင့်ခေါင်းအုံးကြား ထိုးထည့်ပြီး ဝှက်ထားလိုက်၏။ ပြီးမှ ထန်းပင်မြစ်ရှိသည့်ဘက်ကို အောက်ဘက်မှထားကာ ညအိပ်သည်။ သို့သော် အိပ်မပျော်ပါ။ ထိုထန်းပင်မြစ်တစ်ချောင်းကို ဆရာတော်

ထံ ဘယ်လိုသွားလျှောက်ရပါ့မလဲ။ မနက်လင်းမှ သွားလျှောက်ရင်လည်း အမေသိရင်ဆူခံရမည်ဟု စိုးရိမ်စိတ်က လွှမ်းမိုးနေပါသည်။

ထိုသို့နေရင်း မိုးလင်းခါနီးပြီအထင်နှင့် ကျွန်မသည် ညက ဖွက်ထားသည့်ထန်းပင်မြစ်တစ်ချောင်းကို ဂါဝန်ဝတ်ထားသော ကျွန်မ၏ ရင်ဘတ်အတွင်း ထိုးထည့်ကာ အပြင်မှလက်နှင့်ဖိ၍ လူကြီးတွေမသိအောင် ဆရာတော်ကျောင်းသို့ ထွက်လာခဲ့ပါသည်။ ကျောင်းကိုရောက်ဖို့ဆိုလျှင် ဘုရားဝင်းကို အလျင်ဖြတ်ရသည်။ ထို့နောက် ခရေပင်နှင့် သပြေပင်အကြီးကြီးများအောက်ကို ထပ်ဖြတ်ရသည်။ နောက်မှ ကျောင်းဝင်းအတွင်းရောက်ပါသည်။ ကျောင်းမှာ ခြေတံရှည်ဖြစ်ပြီး အပေါ်ထပ် ကျောင်းတံခါးမှာ ရှေးတုန်းကလို ကြမ်းပြင်နှင့်အညီ လှေကားကိုအုပ်မိုးထားသော တံခါးဖြစ်သည်။ ညအချိန်ဖြစ်၍ ကျောင်းဝင်းတစ်ခုလုံးမှာ တိတ်ဆိတ်နေသည်။ ကျွန်မ၌ပါလာသည့် ထန်းပင်မြစ်ကို ဂါဝန်ထဲမှ လျှောကျမသွားစေရန် လက်နှင့်ဖိပြီး ကျောင်းလှေကားရင်းတွင် ထိုင်၍ စောင့်နေခဲ့သည်။ အချိန်အားဖြင့် အတော်ကြာမှ ကျောင်းပေါ်မှ လှုပ်ရှားသံများ ကြားလာရသည်။ ဆရာတော်သည် သူ၏ပြုနေကျအတိုင်း အိပ်ရာမှထကာ အောက်သို့ဆင်းရန် တံခါးကိုဖွင့်သည်။ အလင်းရောင်ကား မလာသေး။ ပတ်ဝန်းကျင် တစ်ခုလုံး အမှောင်ထုက ဖုံးလွှမ်းထားဆဲ။ တံခါးဖွင့်ပြီ ဆိုသည်နှင့် ကျွန်မလည်း ဝမ်းသာအားရ ငုတ်တုတ်ထိုင်ရာမှ ထလိုက်သည်။ ဆရာတော်ကလည်း တံခါးအဖွင့်၊ ကျွန်မလည်း ထိုင်ရာမှအထ ဖြစ်သွား၍ ဆရာတော်သည် အနည်းငယ် လန့်သွားပုံရပြီး"ဟဲ့ ဘယ်သူတုံး"ဟုမိန့်ပါသည်။ ကျွန်မက "တပည့်တော် မြမြပါ ဘုရား"လို့ ပြန်လျှောက်၏။ "ဟေ ဘာဖြစ်လို့ ညကြီးမင်းကြီး တစ်ယောက်တည်းလာထိုင်နေတာလဲ"ဟုဆိုတော့ "တပည့်တော် ဆရာတော်ကို ဒီထန်းပင်မြစ်ကလေး လှူချင်လို့ပါဘုရား"ဟု

လျှောက်ပြီး ဂါဝန်အတွင်းဖွက်ယူလာသည့် ထန်းပင်မြစ်ကို လည်ပင်းပေါက်က လက်နှင့်လျှိုနိုက်ထုတ်ကာ ဆရာတော်အား ကပ်လိုက်သည်။ ဆရာတော်သည် ကျွန်မကို သေသေချာချာ ကြည့်ပြီး ဘာစကားမှ မမိန့်နိုင်တော့ပါ။

ထိုအချိန်မှာသာ ဆရာတော်က ဘာမျှမမိန့်သော်လည်း နောင် တရားဟောတိုင်း ထိုအဖြစ်ကလေးကို အမှတ်တရ ထည့်ဟောသည်။ ကျွန်မ သိတတ်သောအရွယ်ရောက်၍ ပြန်လည် တွက်ဆကြည့်သောအခါ အိမ်မှ ဆရာတော်ကျောင်းသို့ ထသွားသည့်အချိန်မှာ ည နှစ်ချက်ပတ်ဝန်းကျင်သာ ရှိသေးကြောင်းသိရ၏။ ထို့ကြောင့် ကျွန်မ၏ဒါနခရီးအစ ထန်းပင်မြစ် တစ်ချောင်းကဟု ဆိုရမည်။

ပြိုင်စံကင်းရှားကျောင်းတော်ကြီး ရေစက်ချပွဲတွင် စတုဒီသာ မဏ္ဍာပ်ပေါင်း ၁၂၀ ဆောက်လုပ်၍ ထမင်းရည်ချောင်းစီး လှူခဲ့သော အလှူထက် ၄ နှစ်သမီးဘဝက ထန်းပင်မြစ်တစ်ချောင်းကို စွန့်စွန့်စားစား လှူခဲ့ရသောအလှူကို ပို၍ကြည်နူးစွာ တမ်းတမိပါသည်။

၂၀၀၂ ခုနှစ်မှစ၍ ကျွန်မလှူဒါန်းဖြစ်ခဲ့သော ဒါနခရီး အလှူသည် ပြိုင်စံကင်းရှားကျောင်းကြီးအလှူ ပဲပြစ်တော ကထိန်အလှူ ထန်းပင်မြစ်တစ်ချောင်းတို့နှင့် မတူပါ။ ကျွန်မသည် ထန်းပင်မြစ်တစ်ချောင်းအလှူကို အမြဲသတိရ၍ ပီတိဖြစ်နေရသလို ယခုဖော်ပြလတ္တံ့သော ဒါနခရီးအလှူသည်လည်း တသသ ပြန်ပြောင်း အမှတ်ရနေစေသော အလှူဖြစ်ပါသည်။

❐ ❐ ❐

## အခန်း(၃)
## ဆော်ဩသူများရောက်ရှိလာခြင်း

၂၀၀၂ ခုနှစ် နှစ်ဆန်းပိုင်းဖြစ်ပါသည်။

နှစ်စကပင် ယခုနှစ်တွင် ထူးထွေဆန်းပြားသော ကိစ္စတစ်ရပ်ကို ကျွန်မ လုပ်ဆောင်ရမည်ဟု စိတ်တွင် အလိုလိုသိနေသလိုရှိ၏။ ဘယ်လိုကိစ္စမျိုးဖြစ်လေမလဲ။ ဘာသာရေးကိစ္စတစ်ရပ်ဖြစ်ပါစေလို့တော့ ဆုတောင်းနေမိ၏။ တစ်နေ့ နံနက်ပိုင်းတစ်ခုတွင် ကျွန်မ၏အိမ်သို့ မန္တလေး ပရိယတ္တိတက္ကသိုလ်မှ ဦးဇော်ဝင်းနှင့် ဦးမြင့်စိန်တို့ ရောက်လာကြပါ၏။ သူတို့နှင့်အတူ မိတ်ဆွေတစ်ယောက်လည်းပါလာသည်။

"ဦးဇော်ဝင်းနဲ့ ဦးမြင့်စိန်တို့ပါလား၊ ကြွပါကြွပါ"ဟု ဆိုကာ ကျွန်မက အိမ်ပေါက်ဝမှ ထွက်ကြိုကာ ဧည့်ခန်းအတွင်းသို့ ခေါ်လာခဲ့၏။ ခရီးရောက်မဆိုက်ပင် ဦးဇော်ဝင်းက သူတို့နှင့်အတူ ပါလာသော မိတ်ဆွေနှင့် မိတ်ဆက်ပေး၏။

"သူက ဦးဝင်းဖေလို့ခေါ်ပါတယ်၊ အင်ဒိုနီးရှားကပါ"

"ဟုတ်ကဲ့ ဝမ်းသာပါတယ်၊ ကျွန်မက မြမြလေးပါ၊ ထိုင်ကြပါရှင့်"ဟုဆိုကာ အိမ်သားများအားလည်း ဧည့်သည်များ တစ်စုံတစ်ရာသုံးဆောင်ဖို့ ယူလာကြပါရန် မှာကြားသည်။

"ဦးဝင်းဖေက အခုပဲ ရန်ကုန်က လေယာဉ်နဲ့ ရောက်လာတာ၊ ဦးဝင်းဖေကို လေဆိပ်ကကြိုပြီး ကျွန်တော်တို့လဲ ဒီကို တစ်ခါတည်း ဝင်ခေါ်လာခဲ့တာ"ဟု ဦးမြင့်စိန်က ဆို၏။ ကျွန်မစိတ်ထဲတွင် ဦးဝင်းဖေက အင်ဒိုနီးရှားကဟုဆို၏။ အမည်က ဦးဝင်းဖေဖြစ်နေ၍ အင်ဒိုနီးရှားလူမျိုးတော့မဖြစ်နိုင်။ မြန်မာလူမျိုး၊ အင်ဒိုနီးရှားမှာသွားနေတာ၊ ဒါမှမဟုတ် အလုပ်သွားလုပ်နေတာ ဖြစ်မည်ဟု ခန့်မှန်းရသည်။ ဦးဝင်းဖေသည် အသက် ၄၀ ကျော်လောက်ရှိမည်ဟု ခန့်မှန်းရ၍ ရည်ရည်မွန်မွန်ရှိပြီး ဥပဓိရုပ်ကောင်းသူတစ်ဦးဟု အကဲခတ်၍ ရ၏။ ဦးဝင်ဖေကလည်း ယခုမှ ကျွန်မကို မြင်ဖူး တွေ့ဖူးသော်လည်း ရင်းနှီးပွင့်လင်းစွာ ဆက်ဆံတတ်သူ ဖြစ်သည်။

"လေဆိပ်ကနေ တန်းလာခဲ့တာဆိုတာ ဘာကိစ္စများရှိကြလို့လဲ၊ အားမနာပါနဲ့၊ ရင်းရင်းနှီးနှီးပဲ ပြောကြပါ"ဟု ကျွန်မကပြောလိုက်၏။

"လာရင်းအကြောင်းက အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျားဗားကျွန်းက မာလန်မြို့မှာ အင်ဒိုနီးရှားက ဗုဒ္ဓဘာသာဆရာတော်ကြီးများနဲ့ ဦးဝင်းဖေတို့က ရွှေတိဂုံ(ပုံတူ)စေတီတော်တည်ဖို့ကြိုးစားခဲ့ကြတာ၊ အင်ဒိုနီးရှားမှာ ဘုရားတည်ဖို့က မြေနေရာလဲ ရွေးပြီးပြီ၊

ပုံစံဒီဇိုင်းတွေလဲ ထုတ်ပြီးပြီ၊ အဲဒီကိစ္စ ပြီးမြောက်အောင်မြင်ဖို့ အစ်မကြီးက ပြည်ပသာသနာပြုအဖွဲ့ဥက္ကဋ္ဌလဲဖြစ်နေလို့၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနက အစ်မကြီးနဲ့ ဦးဝင်းဖေကိုတွေ့ပေးပါဆိုလို့ ခရီးရောက်မဆိုက် ခေါ်လာခဲ့တာပါ" ဟု ဦးဇော်ဝင်းကရှင်းပြသည်။

"ဗုဒ္ဓေါ၊ ဒါလောက်ကြီးကျယ်တဲ့ကိစ္စ"ဟုဆိုကာ ကျွန်မက စကားကိုမဆက်ဘဲ ရပ်ထားလိုက်ပြီး ဦးဝင်းဖေကိုလှမ်းကြည့်လိုက်သည်။ ဦးဝင်းဖေပုံကတော့ ခပ်အေးအေးပင်။ သူလုပ်ဆောင်နေသောကိစ္စအတွက် သိပ်စိုးရိမ်ပူပန်ပုံလည်းမပေါ်။ ဘုရားတန်ခိုးတော်နှင့် အလိုလိုပြီးမြောက်လိမ့်မည်ဟု ယုံကြည်စိတ်ချနေပုံလည်းရ၏။

အင်ဒိုနီးရှားကဲ့သို့သောနိုင်ငံတွင် ရွှေတိဂုံ(ပုံတူ)စေတီတော် တည်ထားကိုးကွယ်မည့် ကိစ္စကတော့ မဖြစ်ဖြစ်အောင် ကူညီရမည့် ကိစ္စ ဖြစ်သည်။

"ဘာတွေကူညီရမှာလဲ ဦးဝင်းဖေရဲ့၊ ပြောပါဦး၊ အင်ဒိုနီးရှားမှာတည်မယ့် ရွှေတိဂုံစေတီတော်က ဉာဏ်တော်ရော ဘယ်လောက်ရှိမှာလဲ"

"ဉာဏ်တော်က ၇၅ ပေနဲ့ ၆ လက်မရှိမှာ၊ ပုံစံဒီဇိုင်းတွေကတော့ ဒီအတိုင်းပါပဲ၊ ရန်ကုန် 'သာသနာရေးဌာနက လူတွေအားလုံးကတော့ မန္တလေးမှာ အစ်မကြီးနဲ့တွေ့လိုက်ရင် အားလုံးအဆင်ပြေသွားမှာလို့ ပြောလိုက်ပါတယ်"

ဘယ်သူကများ ချွန်တွန်းလုပ်လိုက်တာပါလိမ့်ဟု ကျွန်မစဉ်းစားရင်း ဧကန္တ ဦးကြည်လွင်ပဲ ဖြစ်ရမည်။ သူက ဒီအပြောမျိုးပြောတတ်သည်ဟု စိတ်ထဲမှတွေးတောကာ ဦးဝင်းဖေထုတ်ပြသော ပုံစံများကို ကြည့်နေမိ၏။ ကြည့်နေရင်းက ကျွန်မစိတ်ထဲတွင် လျှို့ဒါန်းလိုသော ဆန္ဒများ ပွားများနေပြီ ဖြစ်၏။ အလုပ်တစ်ခု

အတွက် သာမန်စိတ်ဆန္ဒပွားရုံမျှဖြင့် ဖြစ်မြောက်အောင်မြင်ဖို့ ခဲယဉ်း၏။ ထို့ကြောင့် စိတ်စွမ်းအားများကို ကျွန်မ ချက်ချင်း ပြန်လည်စုစည်းခဲ့ပါ၏။ စိတ်စွမ်းပကားက အလွန်အရေးကြီးသည်။ စိတ်ဆောင်က အောင်နိုင်သည်ဟုဆို၏။ မိမိအိမ်ပေါ်သို့ဆိုက်ဆိုက် မြိုက်မြိုက်ကြီးရောက်လာသော ဤဒါနခန်းကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးရန် ဆုံးဖြတ်ခဲ့ပါ၏။ သို့သော် အင်ဒိုနီးရှားတွင် ရွှေတိဂုံ(ပုံတူ)စေတီတော် တည်ဆောက်ရန် အကြောင်းရင်းက မည်သို့ဖြစ်ပေါ်လာသည်။ ဘာတွေဘာတွေ လိုသည်ဆိုသော အချက်ကလည်း ရှင်းလင်းစွာ မသိရသေးဘဲရှိ၏။ ကျွန်မ ဘာတွေ စဉ်းစားနေသည်ကို အကဲခတ်မိဟန်တူသော ဦးဝင်းဖေက

"အစ်မကြီးရဲ့၊ ရွှေတိဂုံ(ပုံတူ)စေတီတော်က အထပ်နှစ်ထပ်ပါရှိပါတယ်၊ အောက်ထပ်က လှိုဏ်အထပ်ပါ၊ အဲဒီ အထပ်မှာတော့ တရားအားထုတ်ဖို့ အခန်း၂၀ ခန်းပါရှိပါတယ်၊ အပေါ်ထပ်မှာ ကတော့ အခန်းရှစ်ခန်းပါဝင်ပြီး တစ်ခန်းမှာ မုဒြာရှစ်မျိုးနဲ့ မန္တလေး လက်ရာ ကျောက်ဆင်းတု ရုပ်ပွားတော် ရှစ်ဆူထားရှိမှာ ဖြစ်ပါတယ်၊ ဒီရုပ်ပွားတော်ရှစ်ဆူကို မန္တလေးကပဲ ပင့်ဆောင်မှာ ဖြစ်ပါတယ်"

"အဲဒီရုပ်ပွားတော်ရှစ်ဆူရဲ့ ဉာဏ်တော်က ဘယ်လောက်စီ ရှိမှာလဲ"

"တစ်ပေခွဲလောက်ပဲပေါ့ အစ်မကြီး"ဟု ဦးဝင်းဖေကဆို၏။

ကျွန်မ၏စိတ်ထဲတွင် ယင်းရှစ်ဆူသော ရုပ်ပွားတော်တို့ကို ပေးပို့လှူဒါန်းရန်စိတ် ဖြစ်ပေါ်ခဲ့ပါ၏။ ထိုအချိန်တွင် ဦးဝင်းဖေက ဆက်၍

"ခုန ကျွန်တော်ပြောတဲ့အထပ်နှစ်ခုရဲ့ အထက်မှာ ရွှေတိဂုံ (ပုံတူ) စေတီတော်ကို အရံစေတီတော် ၁၂ ဆူနဲ့အတူ တည်ထားမှာ ဖြစ်ပါတယ်၊ အောက်လှိုဏ်ထပ်ကနေ အထက်ကိုတက်ဖို့ ကြောင်

လိမ်လှေ့ကားပါရှိပါမယ်၊ ရွှေတိဂုံ(ပုံတူ)တည်ထားရာမှာ ရန်ကုန်က အဖွဲ့ကလဲ မြန်မာမှုပန်းဆယ်မျိုးစလုံး ပါဝင်ထည့်သွင်းပူဇော်ဖို့ ဆုံးဖြတ်ထားကြပါတယ်၊ မြန်မာမှုလက်ရာအားလုံးကို မြန်မာ့ လက်ရာစစ်စစ်ဖြစ်အောင် မြန်မာပြည်မှာပဲ ထုလုပ်ရယူ ပူဇော်မှာ ဖြစ်ပါတယ်"

"ရန်ကုန်ကအဖွဲ့ဆိုတာက ဘယ်သူတွေပါမှာလဲ ဦးဝင်းဖေရဲ့"

"ဆရာကြီးဦးသုခ၊ ဆရာကြီး ဦးစိုင်းအောင်ထွန်းနဲ့ ဆရာ ဦးချစ်စံဝင်းတို့ပါပါတယ်၊ အခြားအဖွဲ့ဝင်တွေလဲ ပါပါတယ်"

"ကျွန်မ မသိလို့မေးပါရစေ၊ အင်ဒိုနီးရှားမှာရွှေတိဂုံ(ပုံတူ) စေတီ တည်ထားကိုးကွယ်ဖို့ အင်ဒိုနီးရှား အစိုးရကရော သဘောတူ ပြီးပြီလားရှင့်"

"အင်ဒိုနီးရှားနိုင်ငံမှာ ရွှေတိဂုံစေတီတော်(ပုံတူ) တည်ထား ကိုးကွယ်ဖို့ အင်ဒိုနီးရှားနိုင်ငံ သာသနာရေးဝန်ကြီးဌာနက ခွင့်ပြု ချက်ရပြီးပါပြီ၊ ဒါ့ပြင် ရွှေတိဂုံ(ပုံတူ)စေတီတော်တည်ထား ကိုးကွယ်ရေးအတွက် အင်ဒိုနီးရှားနိုင်ငံ သံဃမဟာနာယက ဆရာတော်ကြီးနဲ့တကွ ထေရဝါဒဆရာတော်များကလဲ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုအားပေးလျက်ရှိပါတယ်"ဟု ဦးဝင်းဖေက ဆက်ရှင်းပြ၏။

"လုပ်ငန်းကတော့ အတော့်ကို စိတ်ဝင်စားစရာကောင်းတာ ပဲ၊ ခက်ခက်ခဲခဲလဲ လုပ်ရမယ်နဲ့တူတယ်"ဟု ကျွန်မကဆိုမိ၏။

"စေတီတော်အတွက် ရွှေထီးတော်၊ ငှက်မြတ်နားနဲ့ စိန် ဖူးတော်များ၊ အလယ်ပစ္စယာမှာ ပူဇော်ဖို့ ပတ္တမြားမျက်ရှင် ဘုရားနဲ့ မူလဌာပနာ၊ အလယ်ဌာပနာ၊ အထက်ဌာပနာများမှာသွင်းဖို့ လိုအပ်သည်များအားလုံးကို သာသနာရေးဝန်ကြီးဌာနက ဆောင် ရွက်ပေးမယ်လို့သိရပါတယ်၊ ထီး ဒါယကာကတော့ ဦးအောင်သိန်း

ပါ"ဟု ဦးဇော်ဝင်းနှင့် ဦးမြင့်စိန်တို့က ဆိုပါ၏။
"ကျွန်မက ဘာတာဝန်တွေ ယူရမှာလဲရှင့်"
"ကျနော်တဲ့ ရုပ်ပွားတော်များ၊ ပလ္လင်များ၊ ပန်းဆယ်မျိုးနဲ့ မြန်မာမှုပစ္စည်းများကအစ မော်ကွန်းစာ၊ ရတနာကြုတ်အပါအဝင် သာသနာအလံအဆုံး အစ်မကြီးပဲ ကြီးကြပ်လုပ်ဆောင် ပေးပါ ခင်ဗျာ၊ ကျွန်တော်ကလဲ အင်ဒိုနီးရှားမှာ အနေကြာလို့ မြန်မာနိုင်ငံမှာ အတော်အဆက်အသွယ်ပြတ်နေတာ"ဟု ဦးဝင်းဖေ ကဆို၏။

"လက်စသတ်တော့ အကုန်လုံးပါပဲလားရှင့်"ဟုဆိုတော့ အားလုံးက ဝိုင်း၍ရယ်ကြသည်။

"ကဲ စကားပြောကောင်းနေလိုက်တာ၊ ထမင်းစားချိန်လဲ ရောက်နေပြီ၊ ကျွန်မက အိမ်ထမင်း အိမ်ဟင်း ကျွေးချင်တာ၊ ဒါပေမယ့် ဘာမှ အဆင်သင့်မရှိလို့ ဆိုင်မှာပဲ သွားစားကြရအောင် ပါ၊ ဒီနေ့မနက်စာတော့ ကျွန်မကပဲ တာဝန်ယူပါရစေ၊ ထမင်း စားရင်းလဲ အင်ဒိုနီးရှားမှာ ရွှေတိဂုံ(ပုံတူ)စေတီ တည်ထားဖို့ ဘယ်လိုစတင်စိတ်ကူးခဲ့ကြတယ်၊ အင်ဒိုနီးရှားမှာ ဘာတွေ စီစဉ် ထားတယ်ဆိုတာ ကျွန်မ ပိုပြီးနားလည်အောင် ဦးဝင်းဖေက ရှင်းပြ ပါဦးရှင့်"

"အစ်မကြီးကို ကျွန်တော် အစအဆုံးရှင်းပြပါမယ်"ဟု ဆိုကာ ထမင်းဝိုင်းတွင် ဦးဝင်းဖေက ဆက်ရှင်းပြ၏။ ထိုနေ့က တရုတ်ဆိုင်က ထမင်းကတော့ မည်သို့မည်ပုံ ဝမ်းထဲဝင်သွား သည်မသိ။ ဧည့်သည်များကတော့ ထိုနေ့က နံနက်စာ စားလို့ ကောင်းသည်ဟု လောကွတ်စကားဆိုကြသည်။

❒ ❒ ❒

# အခန်း(၄)
# ဘုရားတစ်ဆူပွင့်တော်မူမည့် အကြောင်းရင်း

ရန်ကုန်မြို့၊ ကျောက်မြောင်းရပ် သတိပဋ္ဌာန်လမ်းနေ အဖ ဦးမောင်မောင်၊ အမိ ဒေါ်ခင်မေတို့၏ မွေးချင်း ၁၂ ယောက်အနက် ဆဋ္ဌမမြောက် သားရတနာသည် ဦးဝင်းဖေ ဖြစ်သည်။ ဦးဝင်းဖေသည် မင်္ဂလာတောင်ညွန့် အ. ထ. က ၅ မှ ဒသမတန်းအောင်မြင်သည်။ ဆင်မလိုက်သင်္ဘောကျင်းတွင် ရေကြောင်းသိပ္ပံဆိုင်ရာ ပညာရပ်များကို သင်ကြားပြီး ၁၉၈၁ ခုနှစ်တွင် သင်္ဘောသားအဖြစ် မြန်မာနိုင်ငံမှ ထွက်ခွာခဲ့သည်။ သူ၏မိဘနှစ်ပါးစလုံးသည် ဗုဒ္ဓဘာသာဝင်များဖြစ်သည့်အားလျော်စွာ သူသည် ဘာသာတရားကို ကိုင်းရှိုင်းလေးစားယုံကြည်သူ လူငယ်တစ်ယောက်ဖြစ်သည်။

၂ ၆ ၁ ၇ ၅

သူသည် သင်္ဘောသားဘဝဖြင့် တစ်ကမ္ဘာလုံး လှည့်ပတ်သွားလာခဲ့သည်။ ၁၉၉၃ ခုနှစ်သို့ရောက်ရှိသောအခါ PTBBS သင်္ဘောကုမ္ပဏီ၏ တာဝန်ပေးချက်အရ ရေကြောင်းဆိုင်ရာ စက်မှုအကြံပေးပုဂ္ဂိုလ်အဖြစ် အင်ဒိုနီးရှားနိုင်ငံသို့ ရောက်၏။ အင်ဒိုနီးရှားတွင် အင်ဒိုးနီးရှားသူ အစ္စလာမ်ဘာသာဝင် ဒေါက်တာ စံစီမာဆိုသူနှင့်တွေ့ရှိပြီး ထိုအမျိုးသမီးနှင့် အိမ်ထောင်ကျသည်။

သူတို့ဇနီးမောင်နှံသည် ဂျာကာတာမြို့ ဆင်ခြေဖုံးရပ်ကွက်တစ်ခုတွင် အခြေချနေထိုင်ပြီး သားငယ်တစ်ယောက် ထွန်းကားသည်။

ဦးဝင်းဖေ၏ မိဘနှစ်ပါးသည် ယခုတိုင် ရန်ကုန်မြို့တွင် အသက်ရှင် ထင်ရှားရှိသည်။ ကျွန်မအထင် အသက် ၉၀ ကျော်စီရှိကြမည်ဟု ထင်၏။ ဦးဝင်းဖေ၏ဖခင်ကြီးမှာ ရသေ့ကြီးဦးခန္တီ၏တူအရင်းတော်သဖြင့် သူသည် ဦးခန္တီနှင့် မြစ်တော်စပ်သည်။ သာသနာပြုမျိုးရိုးမှ ဆင်းသက်လာသူဟု ဆိုရမည် ဖြစ်ပါ၏။

ဦးဝင်းဖေသည် ဗုဒ္ဓဘာသာကို လေးစားကြည်ညိုသူဖြစ်၍ ငယ်စဉ် ကလေးဘဝကပင် မဟာစည် ဆရာတော်ကြီး၏ တပည့်ပီပီ ဆရာတော်ကြီးများ၏ဝေယျာဝစ္စကို အမြဲတစေ ဆောင်ရွက်ပေးလေ့ရှိတတ်သူလည်း ဖြစ်သည်ဟု သိရသည်။

နဖူးစာရွာလည်၍ တိုင်းတစ်ပါးသူ ဘာသာမတူ လူမျိုးခြားဇနီးမယားနှင့် ပေါင်းသင်းနေထိုင်ရသော်လည်း သူ၏စိတ်နှလုံးသည် ဗုဒ္ဓဘာသာ အဆုံးအမများတွင်သာ ကိန်းအောင်းနေပြီး ဘုရား တရား သံဃာကို အလွန် ကြည်ညိုလေးစားသူတစ်ဦးဖြစ်သည်။ ထို့ကြောင့် တိုင်းတစ်ပါးတွင်နေသော်ငြားလည်း သူသည် ရောက်ရာအရပ်တွင် ဗုဒ္ဓဘာသာကျောင်းများ၊ ဆရာတော် သံဃာတော်များကို ရှာဖွေ၍ ဝေယျာဝစ္စများကိုလုပ်ကိုင်ပေးသည်။ အပတ်စဉ် ကုဋီများ

ဆေးကြောသန့်စင်ပေးပြီး သန့်ရှင်းရေးလုပ်ပေးသည်။ ရောက်ရာ အရပ်တွင် ဗုဒ္ဓဝေယျာဝစ္စ လူငယ်အသင်းအဖွဲ့လေးများ ဖွဲ့စည်း ဆောင်ရွက်တတ်၏။ ဇနီးဖြစ်သူ ဒေါက်တာ စံစီမာကလည်း ပညာ တတ်တစ်ဦးဖြစ်သည်။ ဦးဝင်းဖေ၏ ဆောင်ရွက်မှုများကို တားမြစ် ပိတ်ပင်ခြင်းမရှိ ခွင့်ပြု၏။ သို့သော်လည်း နိုင်ငံသည် အစ္စလာမ် ဘာသာဝင်နိုင်ငံ ဖြစ်သည့်အားလျော်စွာ ဦးဝင်းဖေ အင်ဒိုနီးရှားနိုင်ငံ သို့ရောက်ရှိသွားသောအခါ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း၊ ဗုဒ္ဓဘာသာ ဘုရားစေတီတို့ကို ရှာဖွေ၍ မရသောကြောင့် ဘုရားအား ရည်မှန်း ရော်ရမ်း၍သာ ရှိခိုးကန်တော့ ကိုးကွယ်ရသည်။

အင်ဒိုနီးရှားနိုင်ငံသည် ကျွန်းစုနိုင်ငံကြီးဖြစ်သည်။ အင်ဒိုနီးရှားလူမျိုးများသည် ယဉ်ကျေး၍ ဆက်ဆံရေးကောင်းမွန်သူ များဖြစ်ကြ၏။ အင်ဒိုနီးရှားနိုင်ငံသို့ ဘီစီ ၂၀၀ ခန့်က အိန္ဒိယ နိုင်ငံတောင်ပိုင်းသား ဟိန္ဒူဘာသာဝင် ကုန်သည်များ လာရောက် အခြေစိုက်တည်ထောင်ခဲ့ကြသော မြို့ပြနိုင်ငံတော် ဖြစ်သည်။ ထို့နောက် ယင်းနိုင်ငံသို့ အိန္ဒိယအရှေ့ဘက်ကမ်းခြေမှ ပလ္လဝါ လူမျိုးများလာရောက် အခြေစိုက်နေထိုင်ကြ၏။ ပလ္လဝါလူမျိုးများ သည် ဗုဒ္ဓဘာသာဝင်များဖြစ်သည့်အလျောက် ၇ ရာစု၊ ၈ ရာစု လောက်မှစ၍ ဆူးမားတြား၊ ဂျားဗားကျွန်းများသည် ဗုဒ္ဓဘာသာ၌ တည်ရှိလာကြသည်။ ထို့ကြောင့် ဂျားဗားကျွန်း အလယ်တွင် အလွန် ကြီးမားသော ဗောဓေါဗုဒ္ဓေါစေတီတော်ကြီး အထင်အရှား တည်ရှိနေ၏။ ဗောဓေါဗုဒ္ဓေါစေတီတော်သည် ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာအဆောက်အအုံများထဲတွင် အကြီးဆုံးဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံသည် ၁၃ ရာစုအထိ ဗုဒ္ဓဘာသာ နိုင်ငံတော်ကြီး အဖြစ် တည်ရှိခဲ့ပြီး ၁၅ ရာစုတွင် အစ္စလာမ်ဘာသာဝင်များ အင်အားကြီးမားလာသည်။ ထိုအချိန်မှစ၍ ဗုဒ္ဓဘာသာသည် တစ်စတစ်စ မှေးမှိန်ခဲ့ရပြီး အစ္စလာမ်ဘာသာသည် နိုင်ငံတော် ဘာသာအဖြစ်သို့ ရောက်ရှိသွားသည်။

ဦးဝင်းဖေသည် ၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်တိုင် လေးနှစ်ကြာ အင်ဒိုနီးရှားနိုင်ငံတွင် နေထိုင်ခဲ့သည်။ ၁၉၉၆ ခုနှစ် ဒီဇင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ပြန်ခဲ့သည်။ မြန်မာနိုင်ငံသို့ရောက်မှ ဦးဝင်းဖေသည် ရွှေတိဂုံစေတီတော်သို့ တက်ကာ အားရအောင်ဖူးမြော်ပြီး တရားစခန်းဝင်ရန် ပဏ္ဍိတာရာမ ဆရာတော်ကြီးထံ သွားသည်။ ထို့နောက် ပဏ္ဍိတာရာမ ဆရာတော်ကြီးအား အင်ဒိုနီးရှားနိုင်ငံတွင် ကိုးကွယ်ရန် ရဟန်းသံဃာမရှိသည့်အဖြစ်ကို တင်ပြလျှောက်ထားသောအခါ ဆရာတော်က အင်ဒိုနီးရှား၌ သူ့ကျောင်းတွင် တရားအားထုတ်သွားသော အင်ဒိုနီးရှားမှ ဗုဒ္ဓဘာသာဆရာတော်နှစ်ပါးရှိသည်။ ယင်းဆရာတော်နှစ်ပါးသည် ဘန္တေကေသဓါတုကောနှင့် ဘန္တေခန္တိဓါရောတို့ဖြစ်သည်။ ထိုဆရာတော်များနှင့် မိတ်ဆက်ပေးလိုက်မည်ဟုဆိုကာ ယင်းဆရာတော်များ၏ ဓါတ်ပုံများနှင့် လိပ်စာကိုပါပေးအပ်လိုက်သည်။

အင်ဒိုနီးရှားနိုင်ငံသို့ ဦးဝင်းဖေ ပြန်လည်ရောက်ရှိသွားသောအခါ အထက်ပါ ဆရာတော်နှစ်ပါးကို သွားရောက်မရှာဖွေမီ မိမိအလုပ်လုပ်နေသော ကုမ္ပဏီမှ သူဌေး၏အတွင်းဝန်လည်းဖြစ်၊ ကုမ္ပဏီဒါရိုက်တာလည်းဖြစ်သော မစ္စတာရာမကဂျာကာတာမြို့၌ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း ရှိသည်။ မိမိလိုက်ပို့မည်ဟုဆိုသည်။ ထို့နောက် ဂျာကာတာမြို့ပေါ်ရှိ ဘုန်းတော်ကြီး ဘန္တေဆုကေးမိုး(မဟာဝိဇ္ဇာ)၏ကျောင်းသို့ လိုက်ပို့သည်။ ဆရာတော်က ဦးဝင်းဖေတို့ ရောက်ရှိသွားသောအခါ ဝမ်းမြောက်ဝမ်းသာ လက်ခံသည်။ ထို့နောက် ဦးဝင်းဖေသည် စနေ၊ တနင်္ဂနွေနေ့များတွင် ထိုကျောင်းသို့အမြဲသွားရာက ဗုဒ္ဓဘာသာ အင်ဒိုနီးရှား၊ တရုတ်လူငယ်များနှင့် ရင်းနှီးမှုရရှိခဲ့၏။ ထိုလူငယ်များနှင့်ပေါင်းစပ်ကာ ဘုန်းကြီးကျောင်း သန့်ရှင်းရေး ဝတ်အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းသည်။ ထိုအဖွဲ့တွင် အင်ဒိုနီးရှားလူငယ်များဖြစ်ကြသော မစ္စတာ ဗန်ဗန်၊ မစ္စတာ ဖာဘီဒီယန်၊ မစ္စတာ တာပင်ရ၊ မစ္စတာ

အကီ စသည်တို့ ပါဝင်သည်။ ထိုအဖွဲ့သည် စနေနေ့တိုင်း ကျောင်းနှင့်တကွ အိမ်သာ(ကုဋီ)ပါမကျန် သန့်ရှင်းရေး လုပ်ကြသည်။ ထိုသို့ဖြင့် ၁၉၉၇ ခုနှစ်သို့ရောက်ရှိလာသည်။ ယင်းနှစ်ကဆုန်လပြည့်နေ့တွင် ထိုကျောင်း၌ ဗုဒ္ဓနေ့ အခမ်းအနားကျင်းပရာ ထိုလူငယ်အဖွဲ့က ကျောင်းဝင်းအတွင်းရှိ ရုပ်ပွားတော်များကို သင်္ကန်းများချုပ်၍ ဆက်ကပ်လှူဒါန်းရာ သင်္ကန်းတစ်ထည်ပိုနေခဲ့၏။

ထိုအခါ တစ်ဦးက ဂျာကာတာမှ ၂ နာရီလောက်သွားရသည့် ဘိုဂိုမြို့ ကျည်ရာပွတ် ဘုန်းတော်ကြီးကျောင်းမှာ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူရှိတယ်ဟု ဆိုသည်နှင့် ထိုရုပ်ပွားတော်ကြီးအား အပိုသင်္ကန်းတစ်စုံကို ဆက်ကပ်လှူဒါန်းရန် ဆုံးဖြတ်ပြီး ဦးဝင်းဖေနှင့် အင်ဒိုနီးရှားလူငယ်များသည် ဘိုဂိုမြို့သို့ ထွက်လာခဲ့ကြ၏။ ဘိုဂိုမြို့ ကျည်ရာပွတ်ကျောင်းအတွင်းရှိ ရုပ်ပွားတော်တွင် သင်္ကန်းကပ်လှူသည်။ ယင်းရုပ်ပွားတော်တည်ရှိရာ ကျောင်းဝန်း၏ အနောက်ဘက်တွင် မြေကွက်လပ်တစ်ခုရှိ၏။ ဦးဝင်းဖေက ထိုကွက်လပ်ကို တွေ့မြင်ရသည့်ခဏတွင် ထိုကွက်လပ်အတွင်း၌ ရွှေတိဂုံ(ပုံတူ) စေတီတော်တည်ထားကိုးကွယ်လိုစိတ် ဖြစ်ပေါ်လာခဲ့၏။ ထို့ကြောင့် သူငယ်ချင်းမစ္စတာ ဗန်ဗန်အားပြောပြရာ ဗန်ဗန်က သဘောတူသည်။ ထိုအကြောင်းကို ကျည်ရာပွတ်ကျောင်း၏ ကျောင်းထိုင်ဆရာတော်ဘန္တေဆုဗါးလှအား လျှောက်ကြည့်ရာ ဆရာတော်ကြီးကဝမ်းမြောက်ဝမ်းသာ ခွင့်ပြုခဲ့သည်။ ဆရာတော် ဘန္တေဆုဗါးလှသည် အင်ဒိုနီးရှားနိုင်ငံ ထေရဝါဒ ဗုဒ္ဓဘာသာ မဟာနယကအဖွဲ့ဝင်ဖြစ်သည်။

ခွင့်ပြုချက်ရသောအခါ ဦးဝင်းဖေနှင့် အင်ဒိုနီးရှားလူငယ်မစ္စတာ ဗန်ဗန်သည် ထိုမြေနေရာကွက်လပ်တွင်ပင် ဆရာတော်ကြီးထံမှ သီလခံယူ၍ သစ္စာအဓိဋ္ဌာန်ပြုခဲ့၏။ ထို့နောက် တနင်္ဂနွေနေ့

တိုင်း ထိုကွက်လပ်သို့ လာရောက်၍ သန့်ရှင်းရေးလုပ်သည်။ သီလယူ၊ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့အား တိုင်တည်ကာ ဤမြေ ဤကွက်လပ် ဤနေရာ၌ ရွှေတိဂုံ (ပုံတူ) စေတီတော် တည်ဆောက်နိုင်ရေးအတွက် နတ်ကောင်းနတ်မြတ်တို့အား မစပါရန် အကြိမ်ကြိမ် ဆုတောင်းသစ္စာပြုခဲ့ကြ၏။

ထိုအချိန်မှ ၂ လကြာသောအခါ ဆရာကြီးဦးသုခနှင့် ဆရာကြီး ဦးဟန်တင်တို့သည် အာဆီယံဆုယူရန် အင်ဒိုနီးရှားနိုင်ငံသို့ ရောက်ရှိလာကြမည့်အကြောင်း သတင်းကြားသိခဲ့ရ၏။ ထိုအခါ ဦးဝင်းဖေနှင့်အဖွဲ့သည် မြန်မာစစ်သံရုံးမှ ဦးစံညွန့်နှင့် ဒေါ်သန်းသန်းနွယ်တို့၏ အကူအညီကိုရယူကာ ဆရာကြီး ဦးသုခနှင့်တွေ့ဆုံရန် ခွင့်တောင်းသည်။ ဆရာကြီး ဦးသုခက အင်ဒိုနီးရှားနိုင်ငံသို့ရောက်ရှိသည့်နေ့ ည ၉ နာရီမှာပင် တွေ့ဆုံခွင့်ပေးသည်။ ဦးဝင်းဖေက ရွှေတိဂုံ(ပုံတူ)စေတီတော် အင်ဒိုနီးရှားနိုင်ငံတွင် တည်ဆောက်ရေးကိစ္စကို ဆရာကြီးဦးသုခအား တင်ပြသည်။ ထိုအခါ ဆရာကြီးက ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်၍ သူတတ်နိုင်သမျှ အကူအညီပေးမည်ဟု ကတိပြုသည်။ နောက်တစ်နေ့ နံနက် ၁၀ နာရီတွင် အင်ဒိုနီးရှား ဗုဒ္ဓဘာသာ လူငယ် ၂၀ ကျော်သည် ဆရာကြီးဦးသုခနှင့် ဆရာကြီးဦးဟန်တင်တို့ထံ လာရောက် ဂါရဝပြုနှုတ်ဆက်ကာ သူတို့သည်လည်း ရွှေတိဂုံ(ပုံတူ)စေတီတော် အင်ဒိုနီးရှားတွင် တည်ထားကိုးကွယ်လိုပါကြောင်း လူငယ်များက ထပ်မံတင်ပြကြ၏။ ဆရာကြီးဦးသုခသည် သူ ကတိပြုခဲ့သည့်အတိုင်း မြန်မာနိုင်ငံသို့ ပြန်ရောက်သောအခါ အင်ဒိုနီးရှားတွင် ရွှေတိဂုံ(ပုံတူ)တည်ဆောက်ရေးကိစ္စကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်(ယခု နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်)ထံ တင်ပြသည်။ ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်(ယခု နိုင်ငံ

တော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်)က ကူညီရန် ကတိပြုခဲ့သည်။ ထို့ကြောင့် ဦးဝင်းဖေသည် ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်(ယခု နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်)နှင့်တွေ့ဆုံရန် အင်ဒိုနီးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ၁၉၉၇ ခုနှစ် အောက်တိုဘာလတွင် ပြန်လာခဲ့သည်။ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်(ယခု နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်)က ဦးဝင်းဖေအား ၁၉၉၇ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် လက်ခံတွေ့ဆုံရာ ဦးဝင်းဖေက အစီအစဉ်အသေးစိတ်ကို တင်ပြသည်။ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်(ယခု နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်)က ကူညီမည်ဟု ကတိပေးခဲ့သည်။ ဦးဝင်းဖေအား အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်(ယခု နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်)က လက်ခံတွေ့ဆုံရာတွင် ဒုတိယဗိုလ်မှူးကြီး စန်းပွင့်လည်း ပါရှိသည်။ ထိုစဉ်က ဦးဝင်းဖေသည် ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်(ယခု နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်)အား ဉာဏ်တော် ၂ ပေခွဲရှိ အင်ဒိုနီးရှားနိုင်ငံတွင် ထုလုပ်သော ဘုရားဆင်းတုတော်တစ်ဆူကို အင်ဒိုနီးရှားလူငယ်အဖွဲ့ကိုယ်စား ပေးအပ်လှူဒါန်းသည်။ ဦးဝင်းဖေ အင်ဒိုနီးရှားသို့ ပြန်ရောက်သောအခါ ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်(ယခု နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်)က အင်ဒိုနီးရှားမှ သံဃနာယကဆရာတော် ဘန္တေပညာဝရောနှင့် ဆရာတော်ကြီး ငါးပါးအပါအဝင် အင်ဒိုနီးရှား သာသနာ့ရေးဌာန ညွှန်ကြားရေးမှူးချုပ်တို့ကို မြန်မာနိုင်ငံသို့ ကြွရောက်လည်ပတ်ရန် ဖိတ်ကြားသည်။

ထိုအချိန်အတွင်း အရှေ့တောင်အာရှတွင် စီးပွားရေးအကျပ်အတည်းပေါ်ပေါက်လာပြီး အင်ဒိုနီးရှားနိုင်ငံတွင် သမ္မတအပြောင်းအလဲပါ ဖြစ်ခဲ့သည့်အတွက် ထိုအဖွဲ့သည် မြန်မာနိုင်ငံသို့မလာဖြစ်ဘဲရှိ၏။ ထိုမျှသာမက စီးပွားရေးအကျပ်အတည်း

ကြောင့် မိမိတို့ရွှေတိဂုံ(ပုံတူ)စေတီတော် တည်ဆောက်ရန် ရည်မှန်းထားသော မြေကွက်လပ်တွင်လည်း ရွှေတိဂုံ(ပုံတူ) စေတီတည်ဆောက်ရေးလုပ်ငန်းကို လက်လျှော့ကာ ရိုးရိုးစေတီတစ်ဆူကိုသာ တည်ထားကိုးကွယ်ခဲ့ရသည်။ ဤသို့ဖြင့် အင်ဒိုနီးရှားနိုင်ငံတွင် ရွှေတိဂုံ(ပုံတူ) စေတီတော် တည်ဆောက်ရေးလုပ်ငန်းသည် ၂ နှစ်ကြာမျှ ရပ်ဆိုင်းသွားရ၏။

ထိုအချိန်အတွင်း ဦးဝင်းဖေသည် စင်ကာပူနိုင်ငံရှိ ကုမ္ပဏီတစ်ခုတွင် ပြောင်းရွှေ့အလုပ်လုပ်ကိုင်ရသည်။ သူသည် အင်ဒိုနီးရှားတွင် ရွှေတိဂုံ (ပုံတူ)စေတီတော်တည်ဆောက်ရေးကိစ္စကို ဇွဲမလျှော့သေးဘဲ စင်ကာပူနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်များနှင့် ဆွေးနွေးခဲ့ကြသည်။

ဦးဝင်းဖေသည် ၂၀၀၀ ပြည့်နှစ် ဇူလိုင်လ ၇ ရက်နေ့တွင် မြန်မာနိုင်ငံသို့ခေတ္တပြန်လာခဲ့သည်။ ထိုသို့ပြန်လာစဉ် ဆရာတော် ဘဒ္ဒန္တဆုကေးမိုးက အင်ဒိုနီးရှားမှအဖွဲ့တစ်ဖွဲ့ မြန်မာနိုင်ငံသို့ ကြွရောက်လိုကြောင်း တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြား၏။ ယင်းကိစ္စကို ဆရာကြီး ဦးသုခမှတစ်ဆင့် နိုင်ငံတော်သို့ တင်ပြရာ နိုင်ငံတော်မှ ကြွရောက်ရန် ဖိတ်ကြားသည်။ ထို့ကြောင့် ဆရာတော် ဘဒ္ဒန္တခန္တီဓါရော အမှူးပြုသော သံဃာတော် ၆ ပါးနှင့် လူပုဂ္ဂိုလ် ၁၂ ဦးတို့သည် ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံသို့ကြွရောက်လာကြသည်။ အင်ဒိုနီးရှားမှ ဆရာတော်ကြီးနှင့် အဖွဲ့ကြွရောက်လာသည်ကို သာသနာထွန်းကား ပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ ညွှန်ကြားရေးမှူး ဒေါ်ခင်နွဲ့ဟန်ကြည်နှင့် အရာရှိများ၊ ဦးစိုင်းအောင်ထွန်းအစရှိသော ပုဂ္ဂိုလ်များက လေဆိပ်မှနေ၍ ဆီးကြိုကြ၏။ ယင်းအဖွဲ့သည် ကမ္ဘာအေး စေတီဝင်းအတွင်းရှိ သံဃာတော်များသီတင်းသုံးရာ ဧည့်ကျောင်းဆောင်တွင်တည်ခိုးကာ မန္တလေး၊ ပုဂံ၊ တောင်ကြီး၊ ကျိုက်ထီးရိုး စသောအရပ်များသို့ ဘုရားဖူးကြွရောက်ကြသည်။

မြန်မာနိုင်ငံ၌ အင်ဒိုနီးရှားအဖွဲ့ရှိစဉ် အင်ဒိုနီးရှား ဆရာတော်ကြီး ဘန္တေခန္တိဓါရောအား ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့က အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် (ယခု နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်)က လာရောက် ပူဇော်သည်။ ဝန်ကြီးချုပ်က ဆရာတော် ဘန္တေ ခန္တိဓါရောအား အင်ဒိုနီးရှားနိုင်ငံ ရွှေတိဂုံ(ပုံတူ)စေတီတော် တည်ထားရေးကိစ္စကို လျှောက်ထားရာ ဆရာတော်မှ ချက်ချင်းပင် သဘောတူပြီး "ဘုန်းကြီးကျောင်းဝင်းထဲမှာ နေရာရှိတယ်၊ ရွှေတိဂုံ (ပုံတူ) စေတီတော် တည်ထားကိုးကွယ်လိုပါက ဘုန်းကြီးမြေလှူဒါန်းရန် အသင့်ရှိသည်"ဟု ပြန်လည်မြွက်ကြားသည်။

ဆရာတော် ဘန္တေခန္တိဓါရောသည် အင်ဒိုနီးရှားနိုင်ငံ မာလန်မြို့တွင် သတင်းသုံးတော်မူသော ဆရာတော်ဖြစ်သည်။ ဆရာတော်ကျောင်းအမည်မှာ ပဒီပေါ်ကာံမွေဒိပ္ပအာရပ ဖြစ်သည်။ ထိုကျောင်းဝန်းအတွင်း၌ ရွှေတိဂုံ(ပုံတူ) စေတီတော် တည်ထားရန် ခွင့်ပြုခြင်းဖြစ်သည်။

အင်ဒိုနီးရှားဆရာတော်ကြီး ဘန္တေခန္တိဓါရောက မြေလှူဒါန်းမှု ပြုသောကြောင့် ရွှေတိဂုံ(ပုံတူ)စေတီတော် တည်ဆောက်ရေးကိစ္စ လမ်းစ ပြန်ပေါ်လာသည်။ ထိုအခါ ယင်းကိစ္စ အထစ်အငေါ့မရှိ အောင်မြင်စေရန် သံဃမဟာနာယက ဆရာတော်ကြီးထံ ဩဝါဒ ခံယူသင့်ကြောင်း ဒေါ်ခင်နွဲ့ဟန်ကြည်က အကြံပေးသဖြင့် သံဃ မဟာနာယက ဆရာတော်ကြီးအား ချဉ်းကပ်လျှောက်ထားရာ ထိုနေ့ညနေ ၃ နာရီတွင် နာယကဆရာတော်ကြီးက အင်ဒိုနီးရှား ဆရာတော်များအဖွဲ့အား တွေ့ဆုံရန်ခွင့်ပြုသဖြင့် ဆရာတော် ဘန္တေခန္တိဓါရောအမှူးပြုသော အင်ဒိုနီးရှားဆရာတော်များ

အဖွဲ့သည် နိုင်ငံတော်သံဃမဟာနာယက မြင်းခြံ ကိုးဆောင် တိုက် ဆရာတော်ကြီးထံတွင် ရွှေတိဂုံ (ပုံတူ)စေတီတော်တည် ဆောက်ရေးနှင့်ပတ်သက်၍ ဩဝါဒခံယူခဲ့၏။

ထိုဩဝါဒခံယူပွဲတွင် သံဃမဟာနာယက မြင်းခြံ ကိုးဆောင်တိုက် ဆရာတော်ကြီးက "ဘုန်းကြီးအသက် ၉၂ ဖြစ်သော်လဲ ယခုမှ အင်ဒိုနီးရှားနိုင်ငံမှ ထေရဝါဒသံဃာတော်များနှင့် တွေ့ဆုံခွင့်ရသည်။ ထို့အတွက် အလွန်မှ ဝမ်းမြောက်ဝမ်းသာ ရှိသည်။ မြန်မာနိုင်ငံတွင် နေထိုင်စဉ်အတွင်း အင်ဒိုနီးရှားသံဃာတော်များအတွက် ဒကာများမှတစ်ဆင့် ပစ္စည်းလေးပါး ခံယူသည်"ဟု မြွက်ကြားတော်မူခဲ့၏။ အင်ဒိုနီးရှားဆရာတော် ဘန္တေခန္တိဓါရောက ရွှေတိဂုံ(ပုံတူ)စေတီတော် တည်ဆောက်ရေးကိစ္စကို လျှောက်ထားရာ သံဃမဟာနာယက ကိုးဆောင်တိုက်ဆရာတော်ကြီးက ရွှေတိဂုံ (ပုံတူ) စေတီတော် ဖြစ်ပေါ်လာမည်ဆိုပါက အင်ဒိုနီးရှားနိုင်ငံတွင် ဘုရားတစ်ဆူ ပွင့်တော်မူသည်နှင့် တူညီသည်၊ ဖြစ်မြောက်အောင် ဆောင်ရွက်တော်မူကြပါဟူ၍ အမိန့်ရှိတော်မူ၏။

ဒီဇင်ဘာလ ၁၄ ရက် ၂၀၀၀ ပြည့်နှစ် ညနေ ၄ နာရီတွင် ကမ္ဘာအေး မဟာဝိဇယမဝ္ဂာရုံတွင် အင်ဒိုနီးရှားဆရာတော်များအဖွဲ့အား အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် (ယခုနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်) အမှူးပြုသော သာသနာရေးဝန်ကြီး ပါဝင်သောအဖွဲ့က လာရောက်ဂါရဝပြုရာ ဆရာတော်ကြီး ဘန္တေခန္တိဓါရောက ရွှေတိဂုံ(ပုံတူ)စေတီတော်တည်ဆောက်ရေးကိစ္စများကိုပြောရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခု နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်)က အင်ဒိုနီးရှားနိုင်ငံတွင် စေတီတော်တည်ထားခွင့် ခွင့်ပြုမိန့်ရရှိရန် ဆရာတော်က ဆောင်ရွက်ပါ၊ ဒီဘက်မှ အစစအရာရာ ကူညီပါမည်ဟု လျှောက်ထားသည်။ ထိုအခမ်းအနားတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် (ယခု နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်)က သင်္ကန်း အစုံ ၁၀၈ စုံ၊ နေရာထိုင် ၁၀၈ စုံ၊ ခါးပန်းကြိုး ၁၀၈ စုံ၊ သာသနာရေး ဝန်ကြီးဌာနမှ ဖိနပ်အရံ ၄၀၊ ဗုဒ္ဓဘာသာ စီဒီချွန် ၁ စုံ၊ အင်္ဂလိပ် ဘာသာဖြင့်

မရေးသားထားသော ဗုဒ္ဓကျမ်းစာအုပ် ၄၀ နှင့် ဆရာကြီး ဦးသုခမှ ဉာဏ်တော် ၂ ပေရှိ ကျောက်ဆစ်ရုပ်ပွားတော် တစ်ဆူနှင့် ၉ ပေရှိ သီဟာသနပလ္လင်တစ်ခု၊ သပိတ်အလုံး ၁၀၈ လုံးတို့ကို လှူဒါန်းသည်။

ဆရာတော်ကြီး ဘန္တေခန္တိဓါရောနှင့် ပါလာသောအဖွဲ့မှ သံဃာသုံးပါးနှင့် ကိုရင်သုံးပါးတို့သည် ဒီဇင်ဘာ ၁၅ ရက် ၂၀၀၀ ပြည့်နှစ်မှစ၍ သုံးလကြာ ချမ်းမြေ့မော်ဘီတိုက်ခွဲတွင် သွားရောက် တရားစခန်းဝင်ကြ၏။ အဖွဲ့တွင် ပါလာသော သာမဏေများအား အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်(ယခုနိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်)က ဒကာအဖြစ်ခံယူကာ ရဟန်း ဘောင်သို့ ဝင်ရောက်သည်။ ထိုဦးပဥ္စင်းများသည် တစ်နှစ်တိတိ ချမ်းမြေ့ရိပ်သာတွင် တရားအားထုတ်နေထိုင်တော်မူခဲ့ပြီး ရဟန်း တစ်ပါးက အပြည်ပြည်ဆိုင်ရာ ထေရဝါဒ တက္ကသိုလ်တွင် မဟာ ဝိဇ္ဇာတန်းသို့ တက်ရောက်ပညာ ဆက်လက်သင်ကြားပြီး ၄. ၁. ၂၀၀၁ နေ့ကမှ အင်ဒိုနီးရှားနိုင်ငံသို့ ပြန်ကြွတော်မူ၏။ ဆရာတော်ကြီး ဘန္တေခန္တိဓါရောနှင့်အဖွဲ့သည် ၃၁. ၃. ၂၀၀၁ နေ့မှပင် အင်ဒိုနီးရှား နိုင်ငံသို့ပြန်လည် ကြွတော်မူသည်။

အင်ဒိုနီးရှားနိုင်ငံသို့ ဆရာတော်ကြီး ဘန္တေခန္တိဓါရောနှင့် အဖွဲ့ ရောက်ရှိပြီးသောအခါ စေတီတော်တည်ထားရေး ခွင့်ပြုချက် ရရှိရေးကို ကြိုးပမ်းကြသည်။ ထိုကိစ္စကို မြန်မာသံအမတ်ကြီး ဗိုလ်မှူးကြီး ညိုဝင်းကလည်း ဆရာတော်များနှင့် တွေ့ဆုံကာ လိုအပ်သောအကူအညီများကို ပေးအပ်သည်။ ၂. ၄. ၂၀၀၁ နေ့ တွင် ဆရာတော်ကြီး ဘန္တေခန္တိဓါရောက အင်ဒိုနီးရှားနိုင်ငံ၏ သံဃမဟာနာယက ဆရာတော်ကြီးများဖြစ်ကြကုန်သော ဘန္တေ ပညာဝရော၊ ဘန္တေဆုကေးမိုးနှင့် ဘန္တေဆုဗါးလှ အမှူးပြုသော ဆရာတော်ကြီးများထံ ဦးတိုက်လျှောက်ထားရာ ဆရာတော်ကြီးများ က ဝမ်းမြောက်ဝမ်းသာ ခွင့်ပြု၏။

ဆရာတော်ကြီးများထံမှ ခွင့်ပြုချက်ရရှိပြီးသောအခါ ၂၀၀၁ ခုနှစ် ကဆုန်လပြည့်နေ့တွင် မြေသန့်မင်္ဂလာအခမ်းအနားပြုလုပ်သည်။

အင်ဒိုနီးရှားနိုင်ငံတွင် ရွှေတိဂုံ(ပုံတူ)ကို ရွှေတိဂုံစေတီတော်ကြီးနှင့် တစ်ထပ်တည်းတူရန်၊ မြန်မာပြည်သူပြည်သားတို့အား စေတီတော် တည်ဆောက်မှုလုပ်ငန်းကို အသိပေးရန်နှင့် လိုအပ်သော ဓါတ်တော် မွေတော်၊ ထီးတော်၊ စိန်ဖူးတော်များ ပင့်ဆောင်ရန် ရည်ရွယ်၍ ၂၀၀၂ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဦးဝင်းဖေသည် မြန်မာနိုင်ငံသို့ ပြန်လာခဲ့သည်။ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသောအခါ ဆရာကြီးဦးသုခနှင့် ဆရာကြီးဦးစိုင်းအောင်ထွန်းတို့အား အမှူးထား၍ ရွှေတိဂုံ(ပုံတူ) စေတီတော် တည်ဆောက်ရေးကော်မတီတစ်ရပ်ကို ရန်ကုန်မြို့တွင် ဖွဲ့စည်းခဲ့၏။ ယင်းအဖွဲ့၏ ပထမအစည်းအဝေးကို ဆရာကြီးဦးသုခ၏ ပါရမီလမ်းအိမ်တွင် ကျင်းပသည်။ ယင်းအဖွဲ့တွင် ဗိုလ်မှူးကြီး ပီကျော်ဟန် (အငြိမ်းစား) က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အဖွဲ့ဝင် ၂၃ သုံးဦး ပါရှိသည်။

ထိုသို့ဖွဲ့စည်းပြီးသောအခါ ရန်ကုန်တွင် ရွှေတိဂုံ(ပုံတူ) စေတီတော် တည်ဆောက်ရေးကော်မတီတစ်ရပ် ဖွဲ့စည်းသည့်နည်းတူ မန္တလေးတွင်လည်း ဖွဲ့စည်းရန်လိုအပ်သည်။ စေတီတော်တည်ပါက လိုအပ်သော မြန်မာမှု ပစ္စည်းများကို မန္တလေးတွင်သာ ပြုလုပ်မှာယူကြရမည်လည်းဖြစ်သည်။ မန္တလေးတွင် ကော်မတီဖွဲ့စည်းခြင်း၊ ဦးဆောင်ပြုလုပ်မည့်သူများ စုစည်းရေးအတွက် ဦးဝင်းဖေသည် ရန်ကုန်အစည်းအဝေးပြီးလျှင်ပြီးချင်း မန္တလေးသို့ သွားရောက်ခဲ့သည်။ ထိုသို့လာစဉ် သာသနာရေးဝန်ကြီးဌာနမှ ပုဂ္ဂိုလ်များက “မန္တလေးတွင် ဒေါ်မြမြလေးရှိသည်။ ဒေါ်မြမြလေးနှင့် တွေ့ပါက အကူအညီများရရှိနိုင်သည်”ဟု ဆိုသောကြောင့် ဦးဝင်းဖေ အနေနှင့် မန္တလေး ပရိယတ္တိ တက္ကသိုလ်မှ ဦးဇော်ဝင်းနှင့် ဦးမြင့်စိန်တို့အား ကြိုတင်ဖုန်းဆက် အကူအညီတောင်းသောကြောင့်

ဦးဇော်ဝင်းတို့က ဦးဝင်းဖေအား လေဆိပ်မှကြိုကာ ကျွန်မထံသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာခြင်းဖြစ်သည်။

ကျွန်မကလည်း ဦးဝင်းဖေတို့ ထိုနေ့က ကျွန်မထံ အားကိုးတကြီးဖြင့် ရောက်ရှိလာကြသည်ကို ဝန်ထုပ်ဝန်ပိုးဟု မမှတ်ယူခဲ့ပါ။ ပထမ ဖြစ်ကြောင်းရယ် ကုန်စင်မသိခင်ကတော့ ဆင်းတုတော်ရှစ်ဆူနှင့် အခြားလိုအပ်မှုအချို့ကို ကူညီရန် ဆုံးဖြတ်ထားသော်လည်း အင်ဒိုနီးရှားတွင် ရွှေတိဂုံ(ပုံတူ) စေတီတော် တည်ဆောက်ကိုးကွယ်ရန် ဦးဝင်းဖေအပါအဝင် အင်ဒိုနီးရှားမှ ဆရာတော်ကြီးများ၊ အင်ဒိုနီးရှားမှ ဗုဒ္ဓဘာသာဝင်များ ကြိုးပမ်းမှုကို ကြားသိရသောအခါ ပို၍စိတ်အားထက်သန်လာသည်။ ရွှေတိဂုံ(ပုံတူ)စေတီတော်ကို အင်ဒိုနီးရှားဗုဒ္ဓဘာသာဝင်များ နေ့စဉ် တွေ့မြင်ကြည်ညိုစေလိုသော စိတ်ဆန္ဒသည် ထက်သန်မြင့်မားစွာ ဖြစ်ပေါ်လာ၏။ ရွှေတိဂုံ(ပုံတူ)စေတီတော်တည်ဆောက်ရေး ကြိုးပမ်းမှုအရပ်ရပ်ကို ကြားသိလာရသောအခါ ဦးဝင်းဖေတို့အဖွဲ့ လေဆိပ်မှ ကျွန်မထံ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာသည်ကို ဇာတ်တော်ကြီးများတွင် ပါဝင်သည့် ဖုတ်သွင်းရထား ဆိုက်ရောက်လာခြင်းဟုပင် မှတ်ယူကာ ထိုကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဆောင်ရွက်ရန် ကျွန်မ ဆုံးဖြတ်ခဲ့ပါသည်။

❒ ❒ ❒

# အခန်း(၅)
# အင်ဒိုနီးရှားနိုင်ငံ

ရွှေတိဂုံ(ပုံတူ)စေတီတော်ကို တည်ဆောက်ရာတွင် ကျွန်မ အင်ပြည့် အားပြည့်နှင့်ဆောင်ရွက်မည်ဟု ဆုံးဖြတ်ပြီးတော့ ကျွန်မ သိဖို့လိုအပ်လာသည်က အင်ဒိုနီးရှားနိုင်ငံအကြောင်း၊ အင်ဒိုနီးရှား လူမျိုးများအကြောင်းဖြစ်၏။ သတင်းစာများတွင် အင်ဒိုနီးရှား သတင်းများတွေ့လိုတွေ့ငြား ရှာဖတ်နေရတော့၏။

ဦးဝင်းဖေ ပြောစကားအရ အင်ဒိုနီးရှားနိုင်ငံသည် ဧရိယာ စတုရန်း မိုင် ၈၈၇၀၀၀ ကျယ်ဝန်းသည်။ လူမျိုးပေါင်း ၁၃၀ ကျော် နေထိုင်ကြသည်။ အင်ဒိုနီးရှားနိုင်ငံတွင် လူဦးရေ သန်း ၂၂၀ မျှရှိ၍ သန်း ၂၀၀ ခန့်သည် အစ္စလာမ်ဘာသာဝင်များ ဖြစ်ကြ၏။ ၁၂

သန်းသည် ခရိယာန် ဘာသာဝင်များဖြစ်ပြီး လူဦးရေ ခြောက်သန်းသည် ဗုဒ္ဓဘာသာဝင်များနှင့် ဟိန္ဒူဘာသာဝင်များဖြစ်သည်။ ထို့ထက်ပိုသိချင်သောကြောင့် အင်ဒိုနီးရှားနိုင်ငံအကြောင်း စာအုပ်များကို စာအုပ်ဆိုင်များတွင်သွား၍ ဝယ်သည့်အခါတွင်လည်း ရှာဖွေ ဝယ်ယူ၍မရ။ မိတ်ဆွေတစ်ဦးက လူထုစာအုပ်တိုက်မှ အင်ဒိုနီးရှားနိုင်ငံအကြောင်း စာအုပ် တစ်အုပ်ထုတ်ဖူးသည်။ လူထုဦးလှကိုယ်တိုင်ရေးတာဆို၍ သွားမေးတော့လည်း ရောင်းစရာမရှိဟု သိရ၏။ ခေတ္တ ငှားဖတ်ရင်တော့ ရမည်ဟုလည်း ဆို၏။ ကျွန်မက အပိုင်လိုချင်တာဖြစ်၏။ စွယ်စုံကျမ်းတွင် အင်ဒိုနီးရှားအကြောင်း ရေးသားမှု ပါဝင်သည်ဟုဆို၍ စွယ်စုံကျမ်းတွင် ရှာရ၏။ စွယ်စုံကျမ်း အတွဲ ၁၅၌ အင်ဒိုနီးရှားအကြောင်း ပါဝင်၏။ အတွဲ ၁၅ ကို ၁၉၇၆ ခုနှစ်က ထုတ်ဝေခဲ့ခြင်းဖြစ်ရာ စွယ်စုံကျမ်းမှ အင်ဒိုနီးရှားနိုင်ငံအကြောင်း နောက်ဆုံးပေါ် အချက်အလက်များကိုမရနိုင်။ လွန်ခဲ့သော ၂၅ နှစ်ခန့်က အချက်အလက်မျှကိုသာ ရရှိခဲ့သည်။ သို့သော် မပြောင်းလဲသော နိုင်ငံ၏သမိုင်းဆိုင်ရာ အချက်အလက်များကိုတော့ စွယ်စုံကျမ်းမှရနိုင်သောကြောင့် စာပေဗိမာန်ထုတ် စွယ်စုံကျမ်းအတွဲ ၁၅ ကိုရှာ၍ ဖတ်ရသည်။

အင်ဒိုနီးရှားနိုင်ငံသည် အာရှတိုက်နှင့် ဩစတြေးလျားတိုက်တို့အကြားတွင် တည်ရှိ၍ကျွန်းကြီးငါးကျွန်းနှင့် ကျွန်းငယ် ၃၀၀၀ ခန့်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံကို မြောက်ဘက်မှ တောင်တရုတ်ပင်လယ်၊ အရှေ့ဘက်နှင့် အရှေ့မြောက်ဘက်မှ ပစိဖိတ်သမုဒ္ဒရာ၊ တောင်ဘက်နှင့် အနောက်ဘက်တို့မှ အိန္ဒိယသမုဒ္ဒရာက ဝန်းရံထားသည့် ကျွန်းနိုင်ငံကြီးဖြစ်သည်။ အရှေ့နှင့်အနောက် ရှည်လျားသောနိုင်ငံဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံ၏ထင်ရှားသော ကျွန်းကြီးများမှာ စူးမားတြားကျွန်း၊ ဂျားဗားကျွန်း၊ ဗော်နီယိုကျွန်း၊ စူလဝေဆီကျွန်း၊ နယူးဂင်နီကျွန်း၏အနောက်ပိုင်း စသည်တို့ပါဝင်၏။

ဂျားဗားနှင့်ဗာလီကျွန်းတို့တွင် လူဦးရေထူထပ်သည်။ ကျွန်မတို့ ရွှေတိဂုံ(ပုံတူ)တည်မည့် ဂျားဗားကျွန်းသည် လူဦးရေများသလောက် လူမျိုးလည်းစုံသည်။ အင်ဒိုနီးရှားနိုင်ငံတွင် အင်ဒိုနီးရှားလူမျိုးအပြင် တရုတ်လူမျိုးများလည်း နေထိုင်ကြသည်။ ဥရောပတိုက်သားများ လည်းရှိသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ကျွန်းကြီးတိုင်းတွင် အလယ်၌ တောင်တန်းကြီးများရှိသည်။ အမြင့်ဆုံးတောင်တန်းမှာ ဆူးမားတြား ကျွန်းပေါ်ရှိ တောင်တန်းများဖြစ်၏။ မီးတောင်များလည်းရှိ၍ တစ်ဝက်ကျော်မှာ မီးရှင်တောင်များ ဖြစ်ကြောင်းသိရသည်။

အင်ဒိုနီးရှားတွင် သမိုင်းမတင်မီ လွန်ခဲ့သော အနှစ်ငါးသိန်း ခန့်ကပင် ရှေးဦးလူသားများနေထိုင်ခဲ့ကြသည့် အထောက်အထား များကို ရှာဖွေတွေ့ရှိသည်။ ၁၉၈၁ ခုနှစ်က ဒပ်ချ်သိပ္ပံပညာရှင် ယူဂျင်ဒူဗွိုင်သည် ဂျားဗားကျွန်းအလယ်မှ အလွန်ရှေးကျသော ဂျားဗားလူများ၏ ဦးခေါင်းခွံအရိုးများကိုတွေ့ရှိသည်။

ခရစ်မပေါ်မီ နှစ် ၁၀၀ ခန့်က အိန္ဒိယနိုင်ငံတောင်ပိုင်းမှ ပလ္လဝါ လူမျိုးကုန်သည်များ ရွက်သင်္ဘောဖြင့် အင်ဒိုနီးရှားကျွန်းစုများ ဆီသို့ လာရောက်ကုန်ကူးကြရင်း ဒေသခံများနှင့် ရောနှောမိတ်ဖွဲ့ ကာ နေထိုင်ခဲ့ကြသည်။ ဆူးမားတြား၊ ဂျားဗား၊ ဗော်နီယိုကျွန်းများ တွင် ပလ္လဝါတို့ စတင်အခြေစိုက်နေထိုင်ကြသည်။ ပလ္လဝါလူမျိုးတို့ သည် အေဒီ လေးရာစုလောက်မှစ၍ ဗုဒ္ဓဘာသာကို သက်ဝင် ကိုးကွယ်ကြသူများဖြစ်ရာ ပလ္လဝါလူမျိုးများကို အကြောင်းပြု၍ အင်ဒိုနီးရှားတွင် ဗုဒ္ဓဘာသာစတင်ပြန့်ပွားခဲ့၏။ ဆူးမားတြား ကျွန်းတွင် သီရိဝိဇယနိုင်ငံတန်ခိုးကြီးခဲ့ရာ ထိုနိုင်ငံသည် ဗုဒ္ဓ ဘာသာကို သက်ဝင်ယုံကြည်သောနိုင်ငံဖြစ်သည်။ ခရစ်နှစ် ၁၅၀၀ ကျော်တွင် အင်ဒိုနီးရှားကျွန်းများသို့ ပါရှားကုန်သည်များ စတင်ရောက်ရှိလာရာမှ အစ္စလာမ်အယူဝါဒ ရောက်ရှိလာသည်။

အင်ဒိုနီးရှားနိုင်ငံသည် လှပသောနိုင်ငံတစ်ခုဖြစ်သည်ဟုလည်း သိရ၏။

အီကွေတာတွင်တည်ရှိပြီး ကျွန်းနိုင်ငံများဖြစ်သောကြောင့် အမြဲစိမ်းလန်းစိုပြည်သော သစ်တောများရှိသည်။ တစ်မျှော်တစ်ခေါ် ကြီးမားသော ပင်လယ်ပြင်ကြီးနှင့် အင်ဒိုနီးရှားနိုင်ငံ၏ ကမ်းခြေ အလှအပ ဓါတ်ပုံများကို တွေ့ရသောအခါ ထိုနိုင်ငံ၌ သာသနာပြု လုပ်ငန်း လုပ်ဆောင်ရမည်ဆိုသောကြောင့် ကျွန်မတွေးပြီး ပျော်နေမိ၏။ ဓါတ်ပုံများထဲတွင် အင်ဒိုနီးရှား လူမျိုးများသည် ကျွန်မတို့မြန်မာလူမျိုးများနှင့် အတော့်ကိုတူသည်။ ညီအစ်ကို မောင်နှမများပင် ဖြစ်ကြမည်ဟု ကျွန်မထင်မိ၏။ ရွှေတိဂုံ(ပုံတူ) စေတီတော်သွားရောက်တည်ဆောက်ရမည့်အရေးသည် ကျွန်မတို့သည် အင်ဒိုနီးရှားလူမျိုးများနှင့် ရှေးရေစက် အထုံပါရမီ ဓါတ်ခံရှိခဲ့ သောကြောင့်ပင် ဖြစ်မည်ဟု ကျွန်မ စွဲစွဲမြဲမြဲယုံကြည်မိ၏။

ခရစ်နှစ် ၁၅၀၀ ကျော်ကျော်၌ ပါရှားကုန်သည်များ ရောက်လာချိန်တွင် ပေါ်တူဂီကုန်သည်များလည်း ရောက်ရှိလာကြ သည်။ အင်ဒိုနီးရှားအုပ်ချုပ်သူတို့သည် ခရိယာန်ဝါဒီ ပေါ်တူဂီ များက နိုင်ငံရေးအရ သူတို့အား မလွှမ်းမိုးစေရန် ရည်ရွယ်၍ အစ္စလာမ်အယူဝါဒကို မြေတောင်မြှောက် ပေးရာမှ အင်ဒိုနီးရှားတွင် အစ္စလာမ်ဝါဒ အကြီးအကျယ် အခြေချအမြစ်တွယ်လာသည်ဟု လည်း သိရ၏။

❐ ❐ ❐

# အခန်း(၆)
# လိုအပ်သည်များကို ပြင်ဆင်ခြင်းနှင့် အလှူငွေများလက်ခံခြင်း

ကျွန်မသည် အင်ဒိုနီးရှားနိုင်ငံအကြောင်းကို လေ့လာရင်း တစ်ဖက်မှလည်း ရွှေတိဂုံ(ပုံတူ)စေတီတော်တည်ဆောက်ရေး အတွက် လိုအပ်သော အချက်အလက်အကြောင်းအရာများကို စုစည်းပါသည်။ ပစ္စည်းစုဆောင်းရသလို လူများလည်း စုစည်းရပါ သည်။ ရွှေတိဂုံ(ပုံတူ)စေတီတော် တည်ဆောက်ရေးအတွက် ရန်ကုန်တွင် ကော်မတီတစ်ရပ် ဖွဲ့စည်းထားရှိသည်ဟု ဆိုသော ကြောင့် ယင်းအဖွဲ့မှ ဒုတိယဥက္ကဋ္ဌဖြစ်သူ စာရေးဆရာဦးချစ်စံဝင်း နှင့်လည်း ဆက်သွယ်ရသည်။ ဦးချစ်စံဝင်းက အင်ဒိုနီးရှားနိုင်ငံ

ရွှေတိဂုံ(ပုံတူ) စေတီတော် တည်ဆောက်ရေးကော်မတီအစည်းအဝေး ကို ၂၀၀၂ ခုနှစ် ဧပြီလ ၃ ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ် ၃၁ ပါရမီလမ်းရှိ ဆရာကြီး ဦးသုခ၏နေအိမ်တွင် ကျင်းပခဲ့သည်။ ထိုအစည်းအဝေးသို့

၁။ ဆရာကြီးဦးသုခ
၂။ ဦးစိုင်းအောင်ထွန်း
၃။ ဦးအောင် (မြင်းခြံ)
၄။ ဦးဆွဲ (သမိုင်းသုတေသနအကြံပေးပုဂ္ဂိုလ်)
၅။ ဗိုလ်မှူးကြီး ပီကျော်ဟန် (အငြိမ်းစား)
၆။ ဦးမျိုးသန့် (မောင်ဆုရှင်)
၇။ ဦးချစ်စံ (ချစ်စံဝင်း)
၈။ ဦးတင်ကြီး (ဒါရိုက်တာ မောင်နှင်းမိုး)
၉။ ဦးအောင်မြတ်ကျော် (သမိုင်းသုတေသန)
၁၀။ ဒေါ်သင်းသင်းယု (ဒါရိုက်တာ)
၁၁။ ဦးဝင်းဖေ (အင်ဒိုနီးရှား)
၁၂။ ဦးဇော်ဝင်း
၁၃။ ဦးမောင်မောင်ထိပ် (စာရင်းစစ်)
၁၄။ ဒေါ်သန်းသန်း (ရွှေသဥ္စာ)

တို့တက်ရောက်ကြသည်ဟု ဆိုပါ၏။

အစည်းအဝေးသဘာပတိအဖြစ် ဆရာကြီး ဦးသုခက ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် ဒါရိုက်တာ မောင်နှင်းမိုးက ဆောင်ရွက်ကြောင်း သိရပါ၏။ အစည်းအဝေးစလျှင်စချင်း သဘာပတိ ဆရာကြီးဦးသုခက ၁၉၉၇ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံသို့ သူသွားရောက်စဉ် မာလန်မြို့တွင် ရွှေတိဂုံ(ပုံတူ)စေတီ တည်ထားကိုးကွယ်မည့်ကိစ္စကို သိရှိခဲ့ရကြောင်း၊ အင်ဒိုနီးရှားနိုင်ငံရှိ ထေရဝါဒ ဆရာတော်ကြီးမှာ ကြည်ညိုဖွယ်ရာဖြစ်ပြီး ထိုဆရာတော်ကြီးသည် မြန်မာနိုင်ငံသို့ကြွလာကာ ချမ်းမြေ့တရားရိပ်သာတွင်

ကရားထိုင်ခဲ့ဖူးကြောင်း၊ ယခုခေါ်ယူသောအစည်းအဝေးမှာ အင်ဒိုနီးရှားနိုင်ငံတွင် ရွှေတိဂုံ(ပုံတူ) စေတီတော် တည်ဆောက်ရေးအတွက် ယင်းလုပ်ငန်းဖြစ်မြောက်အောင် ကော်မတီတစ်ရပ်ဖွဲ့စည်းလုပ်ဆောင်လို၍ ခေါ်ခြင်းဖြစ်သည်။ ဝိုင်းဝန်းလုပ်ဆောင်ပေးကြပါရန်၊ ငွေကြေးတတ်နိုင်သူက ငွေကြေး၊ အနုပညာအတတ်ပညာနှင့် အကြံဉာဏ်ပေးနိုင်သူတို့က အကြံဉာဏ်ပေးကြရန်နှင့် ဆရာကြီးဦးသုခက သူ့အနေနှင့် ကျပ်တစ်သိန်း စတင်လှူဒါန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဗိုလ်မှူးကြီး ပီကျော်ဟန်က ဤကော်မတီတွင် ကျွန်တော့်အား ဦးချစ်စံဝင်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံ၍ ဘာသာရေးကိစ္စဖြစ်သောကြောင့် သူ့အနေနှင့် ဝမ်းမြောက်ဝမ်းသာ လက်ခံပါကြောင်းပြောကြား၏။ ဦးစိုင်းအောင်ထွန်းက တင်ပြသည်မှာ သာသနာကို စောင့်ရှောက်သော နတ်မင်းကြီးများ ရှိသည်။ ဘုရားတည်ရာတွင် လူနတ် ဗြဟ္မာအားလုံးပါဝင်စေလိုသည်။ လူတစ်ရစ် နတ်တစ်ရစ်တည်သည်ဆိုသော စကားရှိသည်။ မမြင်နိုင်သောအင်အားများကိုကာ အရင်းတည် အသုံးပြုရန်လိုသည်။ သာသနာရေးကိစ္စဆောင်ရွက်ရာတွင် စရာဏအားကိုလည်း အရင်းတည်ဆောင်ရွက်ရမည်ဖြစ်သည်ဟု ပြောကြားကြောင်းသိရ၏။

ဦးဝင်းဖေက ရွှေတိဂုံ(ပုံတူ)စေတီတော်အတွက် ထီးတော်၊ ငှက်မြတ်နား၊ ခါတ်တော်မွေတော်များ စုဆောင်း၍ ပင့်ဆောင်မည့်ကိစ္စ၊ ရွှေတိဂုံ(ပုံတူ) စေတီတော်နှင့်ပတ်သက်သောကိစ္စရပ်များ၊ ရွှေတိဂုံစေတီတော်တွင် ရင်ငွေ့လှုံထားမည့် အကြောင်းကို ဆွေးနွေးပြီး ဦးချစ်စံဝင်းကိုယ်တိုင်က ကော်မတီ ဖွဲ့စည်းရေးကိစ္စကို ဆွေးနွေးခဲ့ကြောင်း ကျွန်မကို ပြောပြပါသည်။ ထို့အပြင် ဦးချစ်စံဝင်းက ထိုနေ့က အစည်းအဝေးမှတ်တမ်းကိုလည်း ကျွန်မထံသို့ ပေးပို့၏။

ရန်ကုန်မြို့ ရွှေတိဂုံ(ပုံတူ)စေတီတော်တည်ဆောက်ရေး ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းခဲ့ကြောင်းသိရပါသည်။

| | |
|---|---|
| နာယကကြီးများ | - ဆရာကြီး ဦးသုခ |
| | ဦးစိုင်းအောင်ထွန်း (ဒုဥက္ကဋ္ဌ မြန်မာနိုင်ငံ သမိုင်း ပြုစုရေးကော်မရှင်) |
| | ဦးဆွဲ (သမိုင်းသုတေသန) |
| | ဦးအောင် (မြင်းခြံ) |
| ဥက္ကဋ္ဌ | ဦးပီကျော်ဟန် (အငြိမ်းစားဗိုလ်မှူးကြီး) |
| ဒုဥက္ကဋ္ဌ | ဦးမျိုးသန့် (မောင်ဆုရှင်) |
| ဒုဥက္ကဋ္ဌ | ဦးချစ်စံ (ချစ်စံဝင်း) |
| အတွင်းရေးမှူး | ဦးတင်ကြီး (ဒါရိုက်တာ မောင်နှင်းမိုး) |
| တွဲဖက်အတွင်းရေးမှူး | ဦးအောင်မြတ်ကျော် (သမိုင်းသုတေသန အကြံပေး) |
| ဘဏ္ဍာရေးမှူး | ဒေါ်သင်းသင်းယု (ဒါရိုက်တာ) |
| စည်းရုံးရေးမှူး | ဦးဝင်းဖေ (အင်ဒိုနီးရှား) |
| | ဦးကျော်သူ (ရုပ်ရှင်သရုပ်ဆောင်) |
| | ဦးခင်ကိုနိုင် |
| | ဦးဇော်ဝင်း |
| စာရင်းစစ် | ဦးမောင်မောင်ထိပ် |
| | ဒေါ်မော်မော် (လမင်းအိမ်) |
| အမှုဆောင် | ဦးမြတ်ခိုင် (မဟာ) |
| | ဦးဟိန်းလတ် |
| | ဒေါ်သန်းသန်း (ရွှေသဥ္ဇာ) |
| | ဒေါ်ခင်လေးမြင့် |
| | ဒေါ်နှင်းမိုးဝေ |
| | ဦးအောင်ထွန်းလင်း |

ဒေါ်မိမိသက်
ဒေါ်မြကြည်ဖြူ

ရန်ကုန်တွင် ဖွဲ့စည်းသည့်နည်းတူ မန္တလေးတွင်လည်း ရွှေတိဂုံ(ပုံတူ) စေတီတော်တည်ဆောက်ရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းရန် ကျွန်မ ကြိုးပမ်းရပါသည်။ ရင်းနှီးသူများ၊ စေတနာထက်သန်သူများ၊ လုပ်တတ်ကိုင်တတ်ရှိသူများကို စုစည်းကာ ကျွန်မတို့မန္တလေးတွင်လည်း အောက်ဖော်ပြပါကော်မတီကို ဖွဲ့စည်းခဲ့ပါ၏။

| | |
|---|---|
| ဥက္ကဋ္ဌ | သီရိသုဓမ္မသိင်္ဂီ၊ သီဟသုဓမ္မသိင်္ဂီ ဒေါ်မြမြလေး |
| ဒုဥက္ကဋ္ဌ (၁) | ဦးမျိုးခင် (ထန်းရိပ်ညိုပန်းချီ) |
| ဒုဥက္ကဋ္ဌ (၂) | သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်လှ |
| အတွင်းရေးမှူး | ဦးအောင်ခိုင် (နဒီမြန်မာ ဟိုတယ်) |
| တွဲဖက်အတွင်းရေးမှူး | ဦးသိန်းထွန်း (ရွှေချည်ဦးကုမ္ပဏီနှင့် ပြည့်ဆောက်လုပ်ရေး) |
| ဘဏ္ဍာရေးမှူး | ဒေါ်တင်တင်မေ (မြစ်ဖျားရော၊ မန္တလေး) |
| စာရင်းစစ် | ဒေါ်နုမေ |
| အဖွဲ့ဝင် | ဒေါ်သင်းသင်းနွယ် (ရွှေခြည်ဦး ကုမ္ပဏီ) |
| | ဒေါ်တင်တင်နွဲ့ (စည်ပင်) |
| | ဒေါ်ညွန့်ညွန့်ဟန် (စည်ပင်) |
| | ဒေါ်ခင်မာဆွေ (စည်ပင်) |
| | ဒေါ်ခင်ဝင်းကြည် (ရွှေဒေါင်းကုမ္ပဏီ) |
| | ဒေါ်အေးအေးမော် (ရွှေလရောင် ယွန်းထည်လုပ်ငန်း၊ ပုဂံ) |
| | ဒေါ်သန်းသန်းငွေ (ချမ်းသာ ယွန်းထည်လုပ်ငန်း၊ ပုဂံ) |
| | ဒေါ်ခင်ညွန့်လွင် (P +N Jewel Centre, Mandalay) |
| | ဒေါ်သစ်သစ်လေး (အထက်တန်းရှေ့နေ) |

မန္တလေး၌ ကျွန်မက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အဖွဲ့အမည်ကို အင်ဒိုနီးရှားနိုင်ငံ ရွှေတိဂုံ(ပုံတူ)စေတီတော်တည်ဆောက်ရေးကော်မတီမှ သာမက အခြားသာသနာပြုလုပ်ငန်းများလည်း လုပ်ဆောင်လိုက လုပ်ဆောင်နိုင်ရန် အဖွဲ့အမည်ကို အိန္ဒိယနီပေါ၊ အင်ဒိုနီးရှားနိုင်ငံ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာပြုစတုပစ္စယနဂ္ဂဟအဖွဲ့(မန္တလေး)ဟု အမည်ပေးခဲ့ပါ၏။ ထို့နောက်တွင်တော့ ကျွန်မက ရွှေတိဂုံ(ပုံတူ)စေတီတော်တည်ဆောက်ရေးအတွက် ကျပ်ငွေ သိန်း ၁၀၀ မတည် လှူဒါန်းခဲ့ပါ၏။ တစ်ဖက်မှ အလှူငွေ ကောက်ခံရင်း ရွှေတိဂုံ(ပုံတူ)စေတီတော် တည်ဆောက်ရေးအတွက် လိုအပ်သောပစ္စည်းများကို တရစပ် စုဆောင်းရပါ၏။ လိုအပ်သမျှ ပစ္စည်းပစ္စယများကို တမ္ပဝတီ ပြေးဝယ်လိုက်၊ သွားမှာလိုက်၊ ဘုရားကြီးကျောက်ဆစ်တန်းသွားလိုက်နှင့် နေ့စဉ်စုဆောင်းရပါ သည်။ ဦးဝင်းဖေကလည်း မန္တလေးတွင်ရှိစဉ်မော်ကွန်းဂျမ္ပည်း ကြေးပြားကို ပြုလုပ်၏။ ကမ္ပည်း ကြေးပြားတွင် အင်ဒိုနီးရှားနိုင်ငံ၌ ရွှေတိဂုံ(ပုံတူ)စေတီတော်တည်ဆောက်ရေးအတွက် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများမှအစ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်(ယခု နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်) အလှူရှင်များ ဝိုင်းဝန်းဆောင်ရွက်သူများ၏ အမည်များပါ ထည့်သွင်း၍ ကမ္ပည်းစာသားများရေးထိုးခဲ့ကြောင်း သိရ၏။

ကျွန်မက လိုအပ်သောပစ္စည်းများကို မှတ်သားဝယ်ယူပြီး ယင်းပစ္စည်းများကို အင်ဒိုနီးရှားနိုင်ငံသို့ သင်္ဘောဖြင့်ပို့ရန် မန္တလေးမှ ရန်ကုန်သို့ ပို့ရသည်။ အင်ဒိုနီးရှားသို့ပို့မည့်ပစ္စည်းများကို ယာယီအားဖြင့် ရန်ကုန် ကမ္ဘာအေးကုန်းမြေအတွင်းရှိ ဓမ္မာရုံတွင် သိမ်းဆည်းထားရသည်။ ကျွန်မနှင့် ကျွန်မခင်ပွန်းတို့က ပဏာမအခေါက်တွင် လိုအပ်သောပစ္စည်းများ သယ်ဆောင်သွားကြရပါမည်။ သို့မှသာ ဟိုနိုင်ငံတွင် ဘာတွေလိုမည်၊ ဘယ်လို

အခြေအနေရှိမည်ကို ကျွန်မတို့သိမည်ဖြစ်၏။ အင်ဒိုနီးရှားသို့ ပဏာမအခေါက်အနေဖြင့် မည်သူမည်ဝါ လိုက်ကြမည်လဲဟု မေးမြန်းသောအခါ ပန္နက်ချပွဲ၊ ထီးတင်ပွဲမှ လိုက်ကြမည်ဟုဆို၍ ကျွန်မတို့ ပဏာမအဖွဲ့သာ သွားရောက်ရေးအတွက် စီစဉ်ရပါ၏။ တစ်ဖန် ပစ္စည်းများ ဝယ်ယူစုဆောင်းပို့ဆောင်ထိန်းသိမ်းဖို့၊ ဗိသုကာပညာရှင်ရွေးချယ်ဖို့ကိစ္စများတွင် သာသနာရေးဝန်ကြီးဌာန၏ အကြံပေးပညာရှင် အစ်မကြီး ဒေါ်ခင်နွဲ့ဟန်ကြည်ကလည်း ကူညီသည်။ ၂၀၀၂ ခုနှစ်၊ ဧပြီလ သင်္ကြန်အတွင်း၌လည်း ပစ္စည်းဝယ်ယူရေး၊ လိုအပ်သည့် ပစ္စည်းများအချိန်မီ ပြီးစီးရေးတို့ကို ကျွန်မမှာ မနားမနေ လုပ်ရပါသည်။

ကျွန်မ မှတ်မိသမျှတော့ ထိုအတောအတွင်း ၂၀၀၂ ခုနှစ် မေလ ၃ ရက်သောကြာနေ့တွင် ရွှေတိဂုံ(ပုံတူ)စေတီတော် တည်ဆောက်ရေး ရန်ကုန်-မန္တလေးကော်မတီနှစ်ရပ်ပေါင်း အစည်းအဝေးကို နံနက် ၇ နာရီ၌ ရွှေတိဂုံစေတီတော် ချမ်းသာကြီးတန်ဆောင်းတွင် ကျင်းပရာ မန္တလေးမှ ကျွန်မတို့တစ်တွေလည်း ထိုအစည်းအဝေးသို့ ပြေးတက်ကြပါ၏။

ထိုအစည်းအဝေးသို့တက်ရောက်လာကြသောသူတို့မှာ
ဦးပီကျော်ဟန် (အငြိမ်းစားဗိုလ်မှူးကြီး)
ဦးအောင် (မြင်းခြံ)
ဦးမျိုးသန့် (မောင်ဆုရှင်)
ဦးချစ်စံ (ချစ်စံဝင်း)
ဦးအောင်မြတ်ကျော်
ဦးဇော်ဝင်း
ဦးမောင်မောင်ထိပ်
ဦးဆွဲ
ဦးဝင်းဖေ

ဦးဟန်ရှိန် (မန္တလေး) (ကျွန်မ၏ခင်ပွန်း)
ဦးအောင်ခိုင် (နဒီမြန်မာဟိုတယ်)
ဒေါ်နုမေ
ဒေါ်မော်မော် (ပန်းမျိုးတစ်ရာ၊ ဆရာ ချစ်စံဝင်း ဇနီး)နှင့် ကျွန်မတို့ဖြစ်ပါသည်။

အစည်းအဝေးတွင် သဘာပတိ ဦးပီကျော်ဟန်က ယနေ့ အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ ရွှေတိဂုံ(ပုံတူ)စေတီတော် တည်ဆောက်ရေးအတွက် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားနှင့်အတူ ကျင်းပခြင်း ဖြစ်ကြောင်း၊ အလှူတော်ငွေပေးအပ်ပွဲသို့ သာသနာရေးဌာနဝန်ကြီး ဦးအောင်ခင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်နှင့် သာသနာရေးဦးစီးဌာန ညွှန်ချုပ်များပါ တက်ရောက်၍ အလှူရှင်၃၇ ဦးတို့က ကျပ်ငွေ ၁၉၃ သိန်း၊ အမေရိကန် ဒေါ်လာ ၆၀၀၊ စင်ကာပူ ဒေါ်လာ ၂၅၀ လှူဒါန်းကြောင်းပြောကြားခဲ့သည်။ ဤအလှူငွေများ ရရှိအောင် အဓိကဆောင်ရွက်ပေးကြသူများသည် သာသနာရေး ဦးစီးဌာနမှ အကြီးအကဲများဟု ဆိုရမည်သာ ဖြစ်ပါသည်။

အစည်းအဝေးတွင် ကျွန်မက အင်ဒိုနီးရှားနိုင်ငံတွင် ရွှေတိဂုံ (ပုံတူ) စေတီတော်တည်ဆောက်ရေးအတွက် မန္တလေးအဖွဲ့ အနေဖြင့် အင်တိုက်အားတိုက် ပံ့အောလုပ်ဆောင်နေပါသည်။ မန္တလေးအဖွဲ့ကို ဖွဲ့စည်းရာတွင် အနုပညာဆိုင်ရာလုပ်ငန်း ကျွမ်းကျင်သူများကိုလည်း ပါဝင်ဖွဲ့စည်းထားသည်ဟု တင်ပြရာ ဦးချစ်စံဝင်းက အင်ဒိုနီးရှား ရွှေတိဂုံ(ပုံတူ)စေတီတော်တွင် ပန်းဆယ်မျိုး ပါဝင်သင့်သည်ဟု အကြံပြုထား၍ ပန်းဆယ်မျိုးပါအောင် ကျွန်မတို့ ဝိုင်းဝန်းကြိုးစားနေကြောင်းနှင့် ယခု စုဆောင်းထားရှိသော ဓါတ်တော်တို့မှာ ကျွန်မတို့ ဘိုးစဉ်ဘောင်ဆက် ကတည်းက စုဆောင်းကိုးကွယ်ထားရှိသော ဓါတ်တော်များကို

လှူဒါန်းပူဇော်ခြင်းဖြစ်ကြောင်းများကို တင်ပြခဲ့ပါသည်။ (ထိုဓါတ်တော်များအကြောင်းကို စာရေးဆရာမကြီး အမေလူထုဒေါ်အမာ၏ "ကျွန်မတို့ မန္တလေးက မန္တလေးတောင်" စာအုပ်တွင် ရေးသားဖော်ပြထားပါသည်။) ဆရာကြီး ဦးမြတ်ကျော်က ပန်းဆယ်မျိုးပူဇော်ရာတွင် ပြွတ်သိပ်နေအောင် မပြုသင့်ကြောင်း အကြံပြုပါသည်။

ထိုနေ့က ပြုလုပ်သော ရွှေတိဂုံ(ပုံတူ)စေတီတော် တည်ဆောက်ရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားသတင်းကို ၄-၅-၂၀၀၂ ခုနှစ်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၃ တွင် အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

## အင်ဒိုနီးရှားနိုင်ငံ မာလန်မြို့၌ တည်ထားပူဇော်မည့် ရွှေတိဂုံ(ပုံတူ)စေတီတော်အတွက် အလှူငွေပေးအပ်လှူဒါန်း

အင်ဒိုနီးရှားနိုင်ငံ မာလန်မြို့၌ တည်ထားပူဇော်မည့် ရွှေတိဂုံ(ပုံတူ)စေတီတော်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပရာ သာသနာရေးဝန်ကြီး ဦးအောင်ခင် တက်ရောက်၍ အလှူငွေများကို လက်ခံသည်။

အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊

စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့မှ အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်သည်။

## ပေးအပ်လှူဒါန်း

ထို့နောက် အလှူငွေပေးအပ်လှူဒါန်းပွဲကျင်းပရာ အလှူရှင်များဖြစ်ကြသော မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးသုခ၊ ဒေါ်ကျင်မေ မိသားစုက ငွေကျပ် ၁၀၀၀၀၀၊ ရွှေ့နေချုပ်ရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဟန်ရှိန်၊ သီရိသုဓမ္မသိင်္ဂီ၊ သီဟသုဓမ္မ သိင်္ဂီ ဒေါ်မြမြလေး မန္တလေးမြို့က ငွေကျပ် သိန်း ၁၀၀၊ ဦးဝင်းမြင့်သိန်း၊ ဒေါက်တာနှင်းနှင်းတင်မိသားစု အင်ဒိုနီးရှား နိုင်ငံက ငွေကျပ် ၁၈ သိန်း၊ ဦးခင်မောင်၊ ဒေါ်အမာကြည် မိသားစု ရန်ကုန်မြို့က ငွေကျပ် ၁၂ သိန်း၊ ဒုတိယ ဗိုလ်ချုပ်ကြီးစိန်အောင် (ကွယ်လွန်သူ) အား ရည်စူး၍ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်သိန်းနှင့် မိသားစု ရန်ကုန်မြို့က ငွေကျပ် ၁၁ သိန်း၊ ဗိုလ်မှူးသိန်းဇော် (ဆေးတပ်မှူး- ဗထူး)- ဒေါ်အေးအေးမွန် မိသားစုနှင့် ဦးမြသောင်းအားရည်စူး၍ သီဟ သုဓမ္မသိင်္ဂီ ဒေါ်တင်မြိုင်မိသားစု ရန်ကုန်မြို့တို့က ငွေကျပ် ၁၀သိန်း စီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်း နှင့်ဦးနေဝင်း-ဒေါ်ခင်စောကြူတို့အား အမှူးထား၍ ဒေါ်ပုံပုံနှင့် မောင်နှမတစ်စု၊ မြန်မာ့စိန်ဘုရင်နှင့်ငွေရင်ရင် စိန်ရွှေရတနာဆိုင်တို့ က ငွေကျပ်ငါးသိန်းစီ၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့် ဇနီးဒေါ်ခင်ဝင်းသူ၊ ဦးသိန်းထွန်း (ရွှေခြည်ဦးကုမ္ပဏီနှင့် ပြည့် ဆောက်လုပ်ရေး)နှင့် ဇနီး ဒေါ်သင်းသင်းနွယ် ရွှေခြည်ဦးကုမ္ပဏီ မန္တလေးမြို့တို့က ငွေကျပ်သုံးသိန်း ငါးသောင်းစီ၊ဒေါ်ခင်

ညွန့်လွင်(P + N Jeewl Centre)မန္တလေးမြို့၊ ဦးအောင်ခိုင် (နဒီမြန်မာဟိုတယ်) မန္တလေးမြို့နှင့် ဒုတိယ ဗိုလ်မှူးကြီးထင်အောင် (ငြိမ်း)-ဒေါ်မြင့်မြင့်သိန်း မိသားစု ရန်ကုန်မြို့တို့က ငွေကျပ် သုံးသိန်းစီ၊ ဦးထွန်းဝေ (Advocate)နှင့် မိသားစုများ ရန်ကုန်မြို့က ငွေကျပ် ၂၈၇၀၀၀၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှအောင်-ဒေါ်နုမေမိသားစု ရန်ကုန်မြို့၊ ဦးတင်ဦး-ဒေါ်တင်တင်နွဲ့ မိသားစုမန္တလေးမြို့၊ ဦးစောလွင်-ဒေါ်ညွန့်ညွန့်ဟန် မိသားစု မန္တလေးမြို့၊ ဦးဖေခင်-ခေါ်ခင်မာဆွေ မိသားစု မန္တလေးမြို့၊ ဦးကျော်သန်း-ဒေါ်ဌေးတင် မိသားစု မန္တလေးမြို့၊ ဒေါ်တင်တင်ဝင်း (Sun Change Light Co.,Ltd) မန္တလေးမြို့နှင့် ဦးစိုးပိုင်-ဒေါ်တင်တင်ဝေမိသားစု ရန်ကုန်မြို့တို့က ငွေကျပ် နှစ်သိန်းငါးသောင်းစီ၊ သီဟသုဓမ္မမဏိ ဇောတဓရ ဦးသန်းနိုင်- သီဟသုဓမ္မသီဂီ ဒေါ်ကြည်ကြည်ဆွေ ရန်ကုန်မြို့က ငွေကျပ်နှစ်သိန်း၊ ဦးခင်ကိုနိုင်- ဒေါ်ခင်လေးမြင့် မိသားစု ရန်ကုန်မြို့က အမေရိကန်ဒေါ်လာ ၅၀၀၊ ဒေါ်ခင်မေမြင့် (မတူး)မိသားစု ရန်ကုန်မြို့က အမေရိကန်ဒေါ်လာ ၁၀၀နှင့် ဦးဇော်ဝင်း- ဒေါ်ခင်ထွေးမိသားစု ရန်ကုန်မြို့က စင်ကာပူဒေါ်လာ ၂၅၀၊ ဦးလေးမောင် + ဒေါ်ခင်ပိုင် ဒီပါဠမြဲမိသားစု မန္တလေးမြို့က ငွေကျပ် ၁၈၅၀၀၀၊ အင်ဒိုနီးရှားနိုင်ငံ မြန်မာသံရုံးဝန်ထမ်းများက ငွေကျပ်တစ်သိန်း ရှစ်သောင်း၊ ဦးထွန်းတင့်နွယ် - ဒေါ်အေးသီတာကျော် မိသားစု ရန်ကုန်မြို့က ငွေကျပ် ၁၁၈၀၀၀၊ တရားရုံးချုပ် တရားသူကြီး ဦးစန်းတင့်ရီ - ဒေါ်ချိုချိုဆက် မိသားစု မန္တလေးမြို့၊ ဒေါက်တာ ခင်မိမိလွင် (ပါမောက္ခဌာနမှူး) သားဖွားမီးယပ်ပညာဌာန ဆေးတက္ကသိုလ် မန္တလေးမြို့၊ ဦးသိန်းထွန်း-ဒေါ်အေးအေးမော် မိသားစု ပုဂံနှင့် ဦးတင်ဌေး-ဒေါ်သန်းသန်းဌေးမိသားစုပုဂံတို့က ငွေကျပ် တစ်သိန်းစီ၊ ဒေါ်ရှုယုံအားရည်စူး၍ ဦးစိုးဝင်း-ဒေါ်မြင့်မြင့်လွင်

မိသားစုရန်ကုန်မြို့က ငွေကျပ်တစ်သိန်းတန် ပုလဲနားကပ် တစ်ရန်၊ ဦးစံညွန့်-ဒေါ်သန်းသန်းနွဲ့ မိသားစု မြိုင်ဟေဝန်အိမ်ရာ ရန်ကုန်မြို့က ငွေကျပ် ငါးသောင်း၊ ဦးရဲထွဋ်- ဒေါ်ခင်ယုအောင် မိသားစု ရန်ကုန်မြို့က ငွေကျပ်တစ်သောင်းနှင့် ဦးကျော်သူ-ဒေါ်ကြူကြူသင်း မိသားစု ဒေါ်ပုံရေတပ်တို့က ငွေကျပ် ၃၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်ခင်က လက်ခံယူ၍ အလှူရှင်များအား ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် အလှူတော်ငွေစာရင်းကို ဖတ်ကြားကြေညာ၍ အလှူရှင်များက သာဓုအနုမောဒန ပြုကြပြီး ဗုဒ္ဓသာသန်စိရံတိဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## အလှူငွေစုစုပေါင်း

ယနေ့ကျင်းပသော အင်ဒိုနီးရှားနိုင်ငံ မာလန်မြို့တွင် တည်ထားပူဇော်မည့် ရွှေတိဂုံ(ပုံတူ)စေတီတော်အတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင် ၃၇ ဦးတို့၏ စုစုပေါင်းအလှူငွေများမှာ ငွေကျပ် ၁၉၃၃၃၃၁၀၀၊ အမေရိကန်ဒေါ်လာ ၆၀၀၊ စင်ကာပူဒေါ်လာ ၂၅၀တို့ဖြစ်သည်။

× × × ×

အင်ဒိုနီးရှားနိုင်ငံတွင် တည်ထားကိုးကွယ်မည့် ရွှေတိဂုံ (ပုံတူ) စေတီတော်အတွက် ရွှေတိဂုံစေတီတော် ပထမပစ္စယာနှင့် ချမ်းသာကြီး တန်ဆောင်းတွင် ရင်ငွေ့လှုံအပူဇော်ခံလျက်ရှိသော စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်၊ ဓါတ်တော်၊ ဆင်းတုတော်များကို ၂၀၀၂ ခုနှစ် မေလ ၄ ရက်နေ့ နံနက် ၆ နာရီခွဲတွင်

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်(ယခု နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်) သည် ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် သာသနာရေးဝန်ကြီးဌာန ဒုဝန်ကြီးတို့ လိုက်ပါလျက် လာရောက်ဖူးမြော်ကြည်ညိုသည်။

အင်ဒိုနီးရှားတွင် ရွှေတိဂုံပုံတူတည်မည့်ကိစ္စရပ်တွင် ပြည်သူလူထုအတွင်းမှလည်း ပါဝင်လှူဒါန်းလိုသူများ ပေါ်ပေါက်လာ၏။ စာအုပ် ပထမအခန်းတွင် ကျွန်မ တင်ပြခဲ့သော ကျွန်မတို့လူမျိုးက အိုးစည်သံကြားလျှင် ကချင်သလို ကြေးစည်သံကြားလျှင်လည်း လှူချင်နေကြ၏။ ရွှေတိဂုံ ချမ်းသာကြီး တန်ဆောင်းတွင် ထီးတော်၊ စိန်ဖူးတော်တို့ကို ရင်ငွေ့လှူ အပူဇော်ခံထားရှိစဉ် ပုဂ္ဂိုလ်တစ်ဦးချင်းက လာရောက်လှူဒါန်းကြ၏။ ကျွန်မထံသို့သာမက ဦးဝင်းဖေ၊ ဦးချစ်စံဝင်းတို့ထံလည်း လူထုက လှူဒါန်းလိုကြကြောင်း ဖုန်းဖြင့် ဆက်သွယ်ပြောဆိုကြ၏။ သာသနာရေးဦးစီးဌာနကလည်း တယ်လီဖုန်းနံပါတ် ၆၆၅၄၉၁ ထံဖုန်းဆက်လှူဒါန်းနိုင်ကြောင်း ကြေညာထားရာ ပြည်သူလူထုအတွင်းမှ တတ်နိုင်သမျှ စေတနာ ထက်သန်စွာဖြင့် ပါဝင်လှူဒါန်းခဲ့ကြသည်။

ထိုအတောအတွင်း ကျွန်မတို့သည် အင်ဒိုနီးရှားနိုင်ငံသို့ ပဏ္ဏာမအဖွဲ့သွားရောက်ရေးအတွက် စတင် စီစဉ်ရသည်။ ပထမ သွားရောက်မည့်သူများထဲတွင် အဓိကအားဖြင့် ဘုရားတည်မည့် မြန်မာမှုဗိသုကာပညာရှင် သုံးဦးကိုထည့်သွင်းရသည်။ ထိုပညာရှင် သုံးဦးမှာလည်း သာသနာရေး ဝန်ကြီးဌာနက စီစဉ်ပေးချက်အရ မြန်မာမှုပညာရှင်ဦးအုန်းတင်၏တပည့်များ ဖြစ်ကြသည့် ဦးမြလွင်၊ ဦးမောင်မောင်ခင်နှင့် ဦးဇော်ဦးတို့ဖြစ်ပါသည်။ ပဏ္ဏာမအဖွဲ့တွင် ကျွန်မနှင့် ကျွန်မ၏ခင်ပွန်း ဦးဟန်ရှိန်တို့လည်း လိုက်ပါခဲ့ကြသည်။ ပညာရှင်များအတွက် ခရီးစရိတ်ကို စေတီတော်တည်ဆောက်ရေး

ရန်ပုံငွေမှကျခံ၍ ကျန်သူများအတွက်ခရီးစရိတ် စားစရိတ်များ အတွက်မူ ကိုယ့်စရိတ် ကိုယ်ခံရမည်ဖြစ်ပါ၏။ ပထမအခေါက် ကျွန်မတို့သွားခြင်းသည် စနည်းနာရန်၊ လိုအပ်ချက်များကို ဖြည့်ဆည်းရန်ဖြစ်သည်။ နောင် ထီးတော်တင်ပွဲကဲ့သို့ ကြီးမားသော အခမ်းအနားတွင်မှ လိုက်လိုသူများကို လိုက်ခွင့်ရအောင် ဖိတ်ကြားဖို့လည်း စီစဉ်ထားရှိခဲ့ပါ၏။

ယခု ပဏ္ဏာမအသုတ် အင်ဒိုနီးရှားသို့သွားရာတွင် အချို့ပစ္စည်းများကို သင်္ဘောနှင့်တင်ရန်ဖြစ်၍ အချို့ကို လေယာဉ်နှင့် တင်ရန်ဖြစ်ပါ၏။ အထက်ပစ္စယာတွင်ထားရှိပူဇော်မည့် ပတ္တမြား မျက်ရှင်ရုပ်ပွားတော်ကြီးကို သင်္ဘောဖြင့်ပင့်ဆောင်မည်ဖြစ်၏။ ပတ္တမြားမျက်ရှင်ရုပ်ပွားတော်ကြီးအား သင်္ဘောနှင့်တင်ဆောင်ရာ တွင် မထိခိုက်ရအောင် ကျွန်မနှင့် အစ်မကြီး ဒေါ်ခင်နွဲ့ဟန်ကြည် တို့သည် နန္ဒဝန်ဈေးသို့သွား၍ ဂွမ်းစောင်များဝယ်ယူကာ ဆင်းတု တော်ကြီးကို ဂွမ်းဆောင်များနှင့်ပတ်၍ ပလတ်စတစ်ကြိုးများနှင့် ချည်ခဲ့ကြ၏။ ရုပ်ပွားတော်ကြီးကို ဂွမ်းဆောင်များနှင့်ပတ်လိုက်သော အခါ ရုပ်ပွားတော်ကြီးမှာ အလုံးကြီးဖြစ်သွားသဖြင့် ကြည့်မကောင်း လှပါ။ ထိုအချိန်တွင် ညွှန်ကြားရေးမှူးချုပ် ဘဘဦးစန်းလွင် ရောက်လာစစ်ဆေးရာ ရုပ်ပွားတော်ကြီးကိုကြည့်၍ ကျွန်မတို့လုပ်ပုံ ကိုင်ပုံကို သိပ်ကျေနပ်ပုံ မပေါ်သော်ငြား အပြစ်တင် ပြောဆိုခြင်း မပြုပါ။ သို့သော် ရုပ်ပွားတော်ကြီးကို လေယာဉ်နှင့်မသယ်ရန်နှင့် ကွန်တိန်နာတွင်ထည့်ပြီး သင်္ဘောနှင့်ပင့်ဆောင်ရန် ပြောပါသည်။ ကျွန်မကလည်း ညွှန်ချုပ်ပြောသည်ကို အသာတကြည်လက်ခံလိုက် ပါ၏။ အခြေအနေက လက်မခံလို့လည်းမဖြစ်ပါ။ လေယာဉ်နှင့် အတူသယ်ရန် အထုပ်များက လန်ဒန်စီးကရက်ပုံးခွံနှင့် အလုံး ၃၀ ရှိနေပါသည်မဟုတ်ပါလော။

❒ ❒ ❒

## အခန်း(၇)
## သာသနာပြုခရီးအစ မေလ ၁၆ ရက်နေ့က

ပစ္စည်းတွေ တစ်ပုံတစ်ပင်နှင့် ၂၀၀၂ ခုနှစ် မေလ ၁၆ ရက်နေ့တွင် ကျွန်မ၊ ကျွန်မခင်ပွန်း ဦးဟန်ရှိန်၊ ဦးဝင်းဖေတို့သားအမိသားအဖ သုံးယောက်နှင့် ရွှေတိဂုံ(ပုံတူ)စေတီတော်တည်ဆောက်မည့် မြန်မာဗိသုကာ ပညာရှင်သုံးဦး စုစုပေါင်းရှစ်ဦးတို့သည် မြန်မာပြည်မှ နံနက် ၈ နာရီတွင် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းဖြင့် စင်ကာပူနိုင်ငံသို့ထွက်ခဲ့ကြသည်။ ခရီးမထွက်မီရက်များက ကျွန်မတို့ခရီးအောင်မြင်ချောမွေ့အောင် အစောင့်အရှောက်များ၊ သာသနာစောင့်နတ်မင်းကြီးများကို မေတ္တာပို့ရပါသည်။ အင်ဒိုနီးရှားနိုင်ငံ၌ အုပ်ချုပ်လျက်ရှိသော

အစိုးရမင်းများ၊ အင်ဒိုနီးရှား ပြည်သူများကိုလည်း မေတ္တာပို့ရပါသည်။ အင်ဒိုနီးရှားပြည်သူများနှင့် အစိုးရမင်းများသည် အရေးကြီးလှပါသည်။ သူတို့ခွင့်ပြုမှ ကျွန်မတို့သာသနာပြုခွင့် ရမှာဖြစ်သောကြောင့် သူတို့ကို အလေးထားမေတ္တာပို့ရခြင်းဖြစ်သည်။ ကျွန်မတို့ ရန်ကုန်ရောက်စဉ် ချမ်းသာကြီးတန်ဆောင်းတွင် အလှူငွေပေးအပ်သော အခမ်းအနားနှင့် ရန်ကုန်-မန္တလေးကော်မတီများ တွေ့ဆုံ အစည်းအဝေးပြုလုပ်သော နေ့များကလည်း ရွှေတိဂုံစေတီတော်တွင် ကျွန်မတို့ ခရီးအောင်မြင်ရန်အတွက် အကြိမ်ကြိမ်ဆုတောင်း၊ အကြိမ်ကြိမ် အဓိဋ္ဌာန်ပြုကြ၏။

ကျွန်မ ပြုခဲ့သမျှသော ကုသိုလ်အဝဝတို့ကို တိုင်တည်၍ ဝေနေယျ သတ္တဝါအားလုံးနှင့်တကွ ပုဂ္ဂိုလ်အားလုံးကို အမျှအတန်း ပေးဝေပါသည်။ သာသနာပြုခရီးအစကိုတော့ ပြောရပါဦးမည်။ အစကတည်းက ယဉ်သကိုဆိုသလို မင်္ဂလာဒုံလေဆိပ်ရောက်တော့ ခရီးသွားမည့်သူက လူရှစ်ယောက်၊ အထုပ်က ၃၆ ထုပ်၊ ဘုရားတည်ရာတွင် အသုံးပြုရန်နှင့် လှူရန်ယူလာသည့်ပစ္စည်းက လန်ဒန်စီးကရက်ဘူးခွံနှင့် ပုံးပေါင်း ၃၀ တိတိ။ အဝတ်အစားအိတ်က လူရှစ်ယောက်အတွက် အဝတ်သေတ္တာက ၆ လုံး၊ စုစုပေါင်း အထုပ်ပေါင်းက ၃၆ ထုပ် ဖြစ်၏။

လူရှစ်ယောက်၊ လက်က ၁၆ ဖက်၊ လက်ဆွဲစရာက ၃၆ ခု ဖြစ်သည့်အတွက် ပခုံးများကိုလည်း အအားမပေးဘဲ ဆွဲစရာတွေ၊ လွယ်စရာတွေအပြည့်နှင့် ကျွန်မတို့ ဘယ်ပုံဘယ်နည်း လေဆိပ်ဆင်းခဲ့ကြသည်ကို တွေးကြည့်လျှင်ပင် မြင်နိုင်မည် ဖြစ်ပါ၏။ လန်ဒန်ပုံး ၃၀ ကိုတော့ ဘဘ ဦးစန်းလွင်၊ အစ်မကြီး ဒေါ်ခင်နွဲ့ဟန်ကြည်တို့က MYANMAR BUDDISH DELEGATION ဟူသော စာတန်းများကို ကျွန်ပျူတာနှင့် လှလှပပစာစီ၍ ပုံးတိုင်းတွင် ကပ်ထားပေးပါ၏။ ကျန်အထုပ်များကိုတော့ ကျွန်မပြုလုပ်

သော အမည်ကတ်ပြားများကို သေတ္တာတိုင်းအထုပ်တိုင်းတွင် ခိုင်ခိုင်မာမာချည်ထားပါသည်။ သည်လူနှင့် သည်ပစ္စည်း ချိန်လိုက်လျှင်တော့ ပေါင်ပိုတွေရှိမှာ သေချာသည်။ သို့သော်လည်း ဘုရားမ၍ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းမှ အမှုထမ်းများက သာသနာပြုခရီးသွားမည့်သူများမို့ အများကြီး နားလည်ပေးကြပါသည်။ အများကြီး နားလည်ပေးသည့်တိုင်အောင် ပစ္စည်းအချို့ကို ချန်ခဲ့ရပါသေး၏။

တခြားနိုင်ငံ၌ သာသနာတော်ဆိုင်ရာ အခမ်းအနားများ ပြုလုပ်မည်ဆိုလျှင် သူတို့နိုင်ငံတွင် သပြေပန်းက ရှိမည်မဟုတ်။ ဒါကိုစဉ်းစားပြီး ကျွန်မက သပြေပင်ပေါက်ကလေး ၁၀ပင် ရှာဖွေကာ ထည့်လာခဲ့သည်။ ပေါင်ပိုတွေများနေ၍ ထားခဲ့ရမည့်ပစ္စည်းထဲတွင် ကျွန်မ တကူးတက ရှာဖွေသယ်ယူလာသော သပြေပင်ပေါက် ၁၀ ပင်လည်း ပါနေပါသည်။ သည်ထက်ဆိုးသည်က မန္တလေး မဟာမြတ်မုနိ မြောက်ဘက်စောင်းတန်းက ပင့်လာသည့် ရှင်သီဝလိနှင့် ရှင်ဥပဂုတ္တရုပ်ပွားတော် ၂ ဆူအနက် ရှင်သီဝလိကိုယ်တော်က ပါလာပြီး ရှင်ဥပဂုတ္တရုပ်ပွားတော်ကို ထားခဲ့ရမည့် အခြေရှိနေသည်။ ရှင်ဥပဂုတ္တ ရုပ်ပွားတော်ကို သင်္ဘောဖြင့်ပို့ရမည်ဟုဆိုသည်။ ဩော် ရှင်ဥပဂုတ္တမထေရ်က ပင်လယ်ခရီး ဖောင်သင်္ဘောဖြင့်သာ ကြွလို၍ နေခဲ့တာများလားလို့လည်း ကျွန်မစိတ်က တွေးနေမိ၏။ ရှင်ဥပဂုတ္တကိုယ်တော်ကို ဖောင်သင်္ဘောဖြင့်ပို့ရမည်ဆိုသော်လည်း သပြေပင် ၁၀ပင်ကတော့ သင်္ဘောနှင့်လည်း ပို့လို့ရမည် မဟုတ်။ မတတ်နိုင်၊ ကွမ်းတစ်ရာ ရေတစ်မှုတ်နဲ့ မအိုဇာ လက်လျှော့လိုက်ရသည်။ သပြေပင် ၁၀ပင်ရေ နေရစ်လေဦးတော့၊ ကျွန်မ ချန်ထားရစ်ခဲ့သော သပြေပင်လေးတွေကို သမင်လည်ပြန်ကြည့်ရင်း အတွင်းကိုဝင်သွားရတော့ အစ်မကြီး ဒေါ်ခင်နွဲ့ဟန်ကြည်က စိတ်မကောင်းဖြစ်နေဟန်တူပါ၏။

ဒါ့ပြင် စင်ကာပူနိုင်ငံမှာရှိသည့် မိတ်ဆွေသူငယ်ချင်းများအတွက် ယူလာသော လက်ဖက်နှင့် မန္တလေးထိုးမုန့်တို့ကလည်း မျိုးချစ်စိတ်ရှိဟန် တူပါသည်။ ကျွန်မတို့နှင့်ပါမလာဘဲ မင်္ဂလာဒုံလေဆိပ်တွင် နေရစ်ခဲ့ရပါ၏။ ထားရစ်ခဲ့မှတော့ ဒီအတိုင်းတော့မထား။ သာသနာရေးက ယာဉ်မောင်းများကလည်း ပင်ပန်းနေကြတော့ မန္တလေးလက်ဖက်နှင့် မန္တလေးထိုးမုန့်ကို ယာဉ်မောင်းများမျှဝေစားသုံးကြရန် ပေးလိုက်သည်။ လေကြောင်းမှ နားလည်ပေးလို့တော်သေးပါသည်။ တကယ်တမ်း ပေါင်ပိုပေးရလျှင် သက်သာမည်တော့ မထင်။ သည်လိုနှင့် ဘာကျန်သေးလဲ၊ ရှေ့လေယာဉ်အပြောင်းအလဲတွင် ဘယ်လိုကိစ္စ တွေပေါ်ဦးမလဲ စသည်ဖြင့်တွေးတောပူပန်ရင်း ဘယ်လိုက ဘယ်လို မြန်မာနိုင်ငံမှ စင်ကာပူသို့ရောက်လာသည် မသိ။ စင်ကာပူ ချန်ကီလေဆိပ်သို့လေယာဉ်ဆိုက်တော့မည်ဟုဆိုပါတော့၏။ ကျွန်မတို့က စင်ကာပူတွင် တစ်ညနားပြီး လေယာဉ်ပြောင်းစီးရမည်။ ထို့ကြောင့် ပါလာသောအထုပ်များကို ချန်ကီလေဆိပ် အထုပ်များအပ်နှံရာဌာနတွင် အပ်နှံထားခဲ့ရာ တစ်ထုပ် ၂၄ နာရီအတွက် စင်ကာပူ ၂ ဒေါ်လာစီ ပေးရသည်။ လေဆိပ်တွင်ထားခဲ့သည်က ကောင်းသည်။ ဒီလောက်အထုပ်တွေနှင့် မြို့ထဲဝင်ဖို့က ခက်သည်။ တည်ခိုးသည့်နေရာကလည်း ဘယ်နည်းနှင့်မျှ လက်ခံမည်မဟုတ်။ ကျွန်မ ခင်ပွန်းကတော့ ဓါတ်တော်များထည့်လာသည့် ယွန်းသေတ္တာကြီးကို သူ့အိတ်ထဲ၌ထည့်လွယ်ထားပြီးလျှင် သူ့တာဝန်ကျေပြီဟု ထင်လျှက်ရှိပါ၏။ ကျန်သည့်ကိစ္စတွေ ဘာမှ ဝင်မပြော။ ဘာမျှ ဝင်မလုပ်ပါ။

ကျွန်မတို့ခရီးစဉ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ပူဇော်ရန်မြတ်စွာဘုရားနှင့် ရဟန္တာဓါတ်တော်အစစ်များ အများအပြားပါလာသည်။ တည်ဆောက် မည့်ရွှေတိဂုံ(ပုံတူ)စေတီတော်တွင်လည်း ပူဇော်ရန်ဖြစ်ပါသည်။ နိုင်ငံတော်အကြီးအကဲများနှင့် ဆရာတော်ကြီးများ

ူဖော်လိုက်သည့်ခါတ်တော်များလည်း ပါလာပါသည်။ တော်ပါသေးရဲ့၊ ကျွန်မသူငယ်ချင်း မချော (ချိုအေးမြင့်)က လေယာဉ်ကွင်းမှာ လာကြိုနေရှာသည်။ လေယာဉ်ကွင်းနှင့်အနီးဆုံးဟိုတယ် (ဂျိုးချပ်)တွင် နေရာချထားပေးပြီး ကျွန်မမှာ အင်ဒိုနီးရှားကူးရန် လေယာဉ်လက်မှတ်လိုက်ဝယ်ရပါသည်။

ဦးဝင်းဖေက အပြည်ပြည်ဆိုင်ရာခရီးအတွေ့အကြုံ ရှိနေလို့လား။ လူငယ်ဖြစ်နေ၍လားမသိ။ သူနှင့်ခရီးသွားရတာ သူက ဘာမျှ သိပ်စိုးရိမ်စိတ် မပေါ်။ ကျွန်မခင်ပွန်းကလည်း ဦးဝင်းဖေ နည်းတူပင် ဖြစ်ပါသည်။ သူတို့က လိုချင်တာရလာသည့် ကလေးတွေလို ပေါ့ပေါ့ပါးပါးနှင့် လန်းဆန်းနေသည်။ သွားရမည့်နိုင်ငံ၏ အခြေအနေကို ရိပ်စားမိသဖြင့် ကျွန်မက သူငယ်ချင်း မချောကို တိုးတိုးပြောရ၏။ တို့မှာ ဌာပနာ ၃ ဆင့်သွင်းရမယ့် ဘုရား ရုပ်ပွားတော်တွေ ပါလာတယ်၊ သိပ်များနေလို့ စစ်ဆေးရင် ခက်နေမယ်၊ ဒါကြောင့် အင်ဒိုနီးရှားနိုင်ငံ အဝင်ခရီးမှာ ဗုဒ္ဓဘာသာနိုင်ငံက လေယာဉ်လက်မှတ်ပဲ ဝယ်ပေးပါဆိုတော့ သူငယ်ချင်းက ချက်ချင်း သဘောပေါက်သည်။

ထိုင်းနိုင်ငံသည် ကျွန်မတို့လို ထေရဝါဒကိုးကွယ်သော နိုင်ငံဖြစ်သည်။ ဘုန်းကြီးရဟန်းသံဃာများကို အလွန်ရိုသေကိုင်းရှိုင်း လေးစားသည်။ ရဟန်းများကို လေယာဉ်အဆင်းအတက် သီးခြားကားဖြင့်ကြိုဆိုပေး၏။ ထို့ကြောင့် မချောက အင်ဒိုနီးရှားနိုင်ငံအဝင် ခရီးအတွက် အပြည်ပြည်ဆိုင်ရာ ထိုင်းလေကြောင်း TG လက်မှတ် ဝယ်မည်ဟုဆိုသည်။ စင်ကာပူ- အင်ဒိုနီးရှားခရီးအတွက် ကျွန်မတို့ TG လက်မှတ်ဝယ်သည်။ လက်မှတ်လည်းရပါသည်။ ကျွန်မတို့ ခရီးစဉ်ကို စိတ်ပူသဖြင့် မြန်မာနိုင်ငံသာသနာရေးဌာနကလည်း ဦးဝင်းဖေ လက်ကိုင်တယ်လီဖုန်းကို တစ်နာရီတစ်ကြိမ် ဆက်နေ၏။ သာသနာရေးဦးစီးဌာနက စင်ကာပူမှ အင်ဒိုနီးရှားခရီးစဉ်အတွက်

စီးမည့်လေကြောင်း စင်ကာပူမှ ထွက်ခွာချိန်၊ အင်ဒိုနီးရှားသို့ ဆိုက်ရောက်မည့်အချိန် စသည်တို့ကို အသေးစိတ်မေးသည်။ ကျွန်မတို့ဇနီးမောင်နှံနှင့် ကိုဝင်းဖေတို့ကလည်း သုံးပွင့်ဆိုင် ခေါင်းချင်းရိုက်၍ မကြာခဏ ဆွေးနွေးကြသည်။ စင်ကာပူတွင် တစ်ညပဲအိပ်ပြီး နောက်တစ်ရက် ချက်ချင်း အင်ဒိုနီးရှားသို့ ထွက်ခွာရန် ဆုံးဖြတ်ခဲ့ပါသည်။ ပစ္စည်းတွေ တစ်ပုံတစ်ပင်နှင့် ခရီးဖင့်နေ၍ မဖြစ်။ မချောကလည်း ကျွန်မတို့ဆန္ဒကို မဖြစ်ဖြစ်အောင် လုပ်ပေးရှာသည်။

ကျွန်မတို့ မေ ၁၇ ရက်နေ့ စင်ကာပူစံတော်ချိန်ညနေ ၃း၀၅ မိနစ် ထွက်သည့် ထိုင်းလေကြောင်းဖြင့် အင်ဒိုနီးရှားသို့ ထွက်မည့်အကြောင်း မြန်မာနိုင်ငံကို သတင်းပြန်ပို့ရသည်။ ၁၇. ၅. ၂၀၀၂ နေ့မှာ လေယာဉ်က ညနေ ၃း၀၅မှာ ထွက်မည်ဆိုသော်လည်း ကျွန်မတို့သည် နံနက် ၁၀း၃၀ လောက်ကတည်းက ချန်ကီလေဆိပ်သို့အရောက်သွားရသည်။ နံနက်စာကိုတော့ ဟိုတယ်မှာပဲ ဖြစ်သလိုစားသည်။ စောစောသွားရခြင်းအကြောင်းက ၁၂ နာရီကျော်သွားလျှင် မနေ့ကအပ်ခဲ့သည့် အထုပ်တွေအတွက် တစ်ရက်စာထပ်ပေးရမှာဖြစ်၍ လေဆိပ်သို့ စောစောဆင်းလာကြခြင်းဖြစ်၏။

ထို့ကြောင့် ၁၂း၀၀နာရီအတွင်းမှာ ပစ္စည်းတွေကို အပြီးရွေးရ၏။ ပစ္စည်းရွေးပြီးတော့ လေဆိပ်မှ ထိုင်းလေကြောင်း၏ အစစ်ဆေးခံကောင်တာရှေ့တွင် ပစ္စည်းများကို တွန်းလှည်းတွေပေါ်တင်ပြီး နေရာယူထားတော့ ကျွန်မက ရှေ့ဆုံးက၊ ပြဿနာရှိလည်း ပြဿနာကို စောစောရင်ဆိုင်ချင်သည်။ ပြဿနာဖြစ်လာပါကလည်း ဖြေရှင်းဖို့အချိန်ရသည်။ ကျွန်မတို့ တန်းစီနေသော ထိုင်းလေကြောင်းကောင်တာတွင် ဘယ်သူမှမရှိသေး။ ကောင်တာပင်မဖွင့်သေး။ ကျွန်မက ပေါင်ပိုဆောင်ဖို့ ငွေကို လက်ထဲမှာ

အသင့်ကိုင်ပြီး ထိုင်းလေကြောင်းမှ ဝန်ထမ်းများကို မေတ္တာပို့ရသည်။ မင်္ဂလာဒုံလေဆိပ်တွင် ၃၆ ထုပ်စလုံးအတွက် တစ်ပြားမှ မဆောင်ခဲ့ရ။ မည်သို့ပင်ဖြစ်စေ ထိုင်းလေကြောင်းကိုလည်း အတတ်နိုင်ဆုံး လျှော့ပေါ့ပေးရန် တောင်းပန်မည်။ တောင်းပန်ဖို့ စကားလုံးများကိုလည်းရွေးထားပြီးဖြစ်၏။ ကျွန်မစိတ်တွေက ပုစွန်ဆိတ်ခုန်သလို ခုန်နေသည်။

ဦးဝင်းဖေနှင့် ကျွန်မခင်ပွန်းတို့ကတော့ အတော်နေသာထိုင်သာရှိ၏။ စင်ကာပူနိုင်ငံရှိ မြန်မာသံရုံးမှ အရာရှိများလည်း၊ သာသနာရေးဝန်ကြီးဌာနမှ ဖုန်းဆက်ထားသဖြင့် ရောက်လာ၍ ဝိုင်းကူညီကြ၏။ ကျွန်မကတော့ ဘုရား တရားနည်းလမ်းသုံးသလို လက်တွေ့တွင်လည်း ဒေါ်လာလေးထောင်ကိုတော့ လက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ထားပါသည်။

ကျွန်မလည်း ကောင်တာနှင့် မနီးမဝေးထိုင်ခုံမှာထိုင်ပြီး ပရိတ် မိတ္တဇာလသုတ်များကိုသာ ဖိရွတ်ပြီး မေတ္တာပို့ နေပါတော့သည်။ ကောင်တာတွင် ထိုင်းလေကြောင်းမှ ဝန်ထမ်းများလည်း တဖွဲဖွဲရောက်ရှိလာကြ၏။ သည်တော့ သူတို့ကို မျက်နှာချင်းဆိုင်ကြည့်ပြီး မေတ္တာပို့ရပြန်သည်။ အချိန်ကျ၍ ကောင်တာတွင် အစစ်ဆေးခံရတော့မည် လုပ်တော့ ကျွန်မနှင့်ဦးဝင်းဖေက ရှေ့ဆုံးက။ ကျွန်မက ပေါင်ပိုမည်မှုပိုနေသည်ဟု ပြောလာမည့်အသံကို ရင်ခုန်စွာ မျှော်လင့်ရင်း စောင့်နေရပါ၏။ စစ်ဆေးသူကိုလည်း မျက်တောင် မခတ် ကြည့်နေမိသည်။ ဘုရားတန်ခိုးမှာ အလွန်အံ့သြဖွယ်ကောင်းလှသည်။ ကောင်တာမှ ဝန်ထမ်းက ဘာမျှ မစစ်ဆေးဘဲ "အိုကေ"ဟု ဆိုကာ ကျွန်မတို့၏အထုပ်အားလုံးကို တင်ခွင့်ပြုလိုက်ပါ၏။ ထို့နောက် လုပ်ကိုင်စရားများကိုလုပ်ရင်း လေယာဉ်စီးခွင့်လက်မှတ်၊ နိုင်ငံကူးလက်မှတ်များကို သုတ်သုတ် စစ်ဆေးကာ ကျွန်မတို့၏ အထုပ် ၃၆ ထုပ်စလုံးသည်လည်း ပစ္စည်းသယ်သည့် စက်ခါးပတ်မှတစ်ဆင့် လျှောခနဲ၊ လျှောခနဲ ဝင်သွားသည်ကို

ကြည့်ရင်း ကျွန်မ မျက်တောင်မခတ်တော့ဘဲ ကြက်သေ သေမိပါသည်။

စင်ကာပူမှ အင်ဒိုနီးရှားခရီးတွင်လည်း ပေါင်ပိုတစ်ပြားမှ မဆောင်ရပါ။ သို့သော် ကျွန်မစိတ်ကတော့ မလုံသေး။ အခုတော့ ခွင့်ပြုပြီးနောက်မှ ဘာများဖြစ်ဦးမလဲဟု ပူစရာမရှိ ထပ်မံ၍ ပူနေပါသေး၏။ အကောက်ခွန်ဌာန၊ လူဝင်မှုကြီးကြပ်ရေးဌာန အဆင့်ဆင့် အစစ်ဆေးခံပြီး လေဆိပ်အတွင်းခန်း ရောက်သည် အထိ စိတ်မအေး။ ထို့ကြောင့် ကျွန်မသည် လေဆိပ်အတွင်းခန်း ထောင့်တစ်ထောင့်တွင်ကပ်ကာ ငြိမ်ငြိမ်လေးထိုင်နေရသည်။ ကိုဝင်းဖေရဲ့ သုံးနှစ်သားလေး မောင်နေမျိုးကတော့ လေဆိပ်ထဲ၌ ပြေးလွှားဆော့ကစားပြီး သူ့ဇနီးဒေါက်တာ စံစီမာကတော့ ဒုတိယကိုယ်ဝန်ရှိစမို့ သိပ်နေမကောင်းဟုဆိုကာ ကျွန်မလိုပဲ ငြိမ်ငြိမ်လေးထိုင်နေသည်။

မကြာမီ ကျွန်မတို့ ထိုင်းလေကြောင်းမှ လေယာဉ်ကြီးပေါ်သို့ တက်ကြပါသည်။ လေယာဉ်ကြီးကလည်း ဂျက်လေယာဉ်ကြီး ဖြစ်၍ ကြီးမားခံ့ညားလှပါသည်။ လေယာဉ်ပေါ်တွင် ကျွန်မကတော့ ထုံးစံအတိုင်း ပစ္စည်းတွေနေရာချ၊ လူစုံမစုံကြည့်နေစဉ် မှာပဲ ကျွန်မတို့လေယာဉ်သည် စင်ကာပူမှ အင်ဒိုနီးရှားသို့ စထွက်ပါပြီ။ ရုပ်ပွားတော်များနှင့်ဖြစ်၍ ကျွန်မ စိတ်မအေးခြင်းဖြစ်ပါ၏။ နံနက်က ဟိုတယ်မှာလည်း ကောင်းကောင်း မစားဖြစ်၊ နေ့လယ်စာလည်းမစားရ၊ လေယာဉ်ပေါ်မှာ ကျွေးတာလည်း ကျွန်မက စားမဝင်၊ ထမင်းစားရတာ မစားရတာ ခေတ္တခဏထား၊ ကျွန်မ ရင်ထဲတွင် ဖြစ်နေရသည်က အင်ဒိုနီးရှားနိုင်ငံ၏လေဆိပ်အဝင် ကိစ္စဖြစ်ပါ၏။

သူ့နိုင်ငံအတွင်းသို့ ဘာပစ္စည်းတွေ၊ ဘာတွေညာတွေ မသွင်းရဆိုပါက ခက်ချေတော့မည်။ ဆင်ပြောင်းကြီး အမြီးကျမှ တစ်ရင်ခက်မည်။ မင်္ဂလာဒုံမှ ချန်ကီ၊ ချန်ကီမှ လွတ်လာကာမှ

အမြီးတစ်နေရင်ခက်မည်။ ကျွန်မကတော့ အစွမ်းအထက်ဆုံး လက်နက်ဖြစ်သည့် ပရိတ်တရားများကိုသာ ဖိရွတ်၍ မေတ္တာသာ ပို့နေရပါ၏။ တရားလည်းမှတ်၊ မေတ္တာပို့ရာတွင် အင်ဒိုနီးရှားနိုင်ငံ အစိုးရနှင့် ပြည်သူပြည်သားများကိုတော့ အထူးမေတ္တာထား၍ ပို့နေရ၏။

ကျွန်မတို့လေယာဉ်သည် ညနေ ၅ နာရီခန့်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာ လေဆိပ်ကိုရောက်ပါသည်။ ကျွန်မက အင်ဒိုနီးရှားလေဆိပ်ကို မျက်စိကစားပြီးကြည့်ရင်း လူဝင်မှု ကြီးကြပ်ရေးအတွက် အစစ်ဆေးခံရန် ကောင်တာတစ်ခုတွင်ဝင်၍ တန်းစီပါသည်။ ဦးဝင်းဖေ၏ ဇနီး ဒေါက်တာ စံစီမာနှင့် သားလေး တို့က နိုင်ငံသားကောင်တာတွင်စီပြီး ကျွန်တို့က နိုင်ငံခြားသား ကောင်တာတွင် စီရပါသည်။ ကျွန်မတို့ ရန်ကုန်မှ အင်ဒိုနီးရှား သံရုံးက အင်ဒိုနီးရှား ဗီဇာတုံးထုခဲ့၍ နိုင်ငံအဝင်အတွက် သိပ် အခက်အခဲတွေ့စရာအကြောင်းမရှိ။ သို့သော်လည်း နိုင်ငံတစ်နိုင်ငံ မှ တစ်နိုင်ငံ အဝင်အတွက်မှာတော့ ဗီဇာတုံးပါသည် ဖြစ်စေ၊ မပါ သည်ဖြစ်စေ၊ သူ့နိုင်ငံတွင် သူ့အာဏာပိုင်ဖြစ်သည်။ လေဆိပ် ရောက်မှ သူ့နိုင်ငံအတွင်း ဝင်ခွင့်မရှိ ဟုဆိုပါက ဘာမှမတတ်နိုင်ပါ။ ကျွန်မစိတ်ကတော့ နည်းနည်း မငြိမ်ဖြစ်နေပါ၏။ ထို့ကြောင့် တန်းစီ နေသောအတန်းများကိုကြည့်ရာ နိုင်ငံခြားသားများ တန်းစီနေကြရာ တွင် ကောင်တာတစ်ခုတွင် တန်းစီသူမရှိ၍ ထိုနေရာသို့ ပြောင်းကာ ကျွန်မတစ်ယောက်တည်း ခွဲထွက်ကာ ထိုတန်းမှာ သွားစီပါ၏။ တန်းပြောင်းစီသည့်ကိစ္စက ဥပနာသွင်းရန် ရုပ်ပွားတော်များ ပင့်လာသည့်ကိစ္စ ဖြေရှင်းရမည်ဆိုပါက ကျွန်မ တစ်ယောက်တည်း ဖြေရှင်းရန်ဖြစ်သည်။ ကျွန်မခင်ပွန်းအားလည်း ကိစ္စပေါ်လာပါက ကျွန်မ အနားသို့ဘယ်သူမှ မလာပါနဲ့ဟု တိုးတိုးမှာထားသည်။ ဟုတ်ပါသည်။ ယခုခရီးတွင် ကျွန်မ ခင်ပွန်းက နိုင်ငံ့ဝန်ထမ်းဖြစ်၏။

ဦးဝင်းဖေက ထိုနိုင်ငံ၌ အစဉ် နေထိုင်ရသူဖြစ်၏။ သူ့မှာက သားနှင့် မယားနှင့် ပြဿနာတက်၍ မဖြစ်။ ဟိုမြန်မာမှုပညာရှင် ကလေး သုံးယောက်ကလည်း ဘာမှဖြေရှင်းတတ်မည် မဟုတ်။ သူတို့နှင့် ပြဿနာပေါ်၍ ဝင်ခွင့်မရလျှင် ဘုရားတည်ဖို့ကိစ္စ ခက်ခဲမည်။ သည်တော့ လွတ်နေသည်က ကျွန်မ တစ်ယောက်တည်းဖြစ်၏။ ထို့ကြောင့် ပြဿနာရှင်းရလျှင် ကျွန်မ တစ်ယောက်တည်းရှင်းမည်။ အပြစ်ပေးလည်း ခံလိုက်ရုံသာရှိသည်။ ကျွန်မအတွက် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးမှတစ်ပါး ကိုးကွယ်စရာမရှိ။

အံ့ဩစရာကောင်းသည်က လူဝင်မှုကြီးကြပ်ရေးကောင်တာတွင် ကျွန်မ အစစ်အဆေးမခံရသေးခင်မှာပင် အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ အရာရှိများရောက်လာပြီး ကျွန်မတို့အားလုံးကို တန်းမစီစေဘဲ ခေါ်ထုတ်သွားသည်။ နိုင်ငံကူးလက်မှတ်များကိုတော့ သူတို့အား အထပ်လိုက်အပ်လိုက်ရသည်။ ပစ္စည်းများအားလုံးကို သူတို့ပဲ ရွေးပေးကြသည်။ လေဆိပ်တွင် အင်ဒိုနီးရှား နိုင်ငံသူ ဗုဒ္ဓဘာသာ သီလရှင်ဒေါ်ခေမာနန္ဒီ(ဂျူးဂျူး)နှင့် အဖွဲ့က လာကြိုကြသည်။ လေဆိပ်က ထွက်တော့ ညနေ ၆နာရီခန့်ရှိပြီ။ ဂျာကာတာ မြို့ထဲရှိ ဆရာတော်ဘန္တေဆုကေးမိုး၏ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းသို့ ခေါ်သွားကြသည်။ သို့သော်လည်း ကျွန်မတို့ကျောင်းရောက်တော့ နာယကဆရာတော် ဘန္တေ ဆုကေးမိုး ကျောင်းတွင်မရှိပါ။ ကျောင်းတွင် ဦးပဉ္ဇင်း တစ်ပါးသာ ရှိသည်။ ထိုကျောင်းဝင်းထဲတွင် အင်ဒိုနီးရှား ဗုဒ္ဓဘာသာ ကိုးကွယ်သူ လူတစ်ထောင်ခန့်လာရောက် စောင့်ဆိုင်းနေသည်ကိုတွေ့ရ၍ ကျွန်မ စိတ်လှုပ်ရှား၏။ စိတ်လှုပ်ရှားသွားရသည်က ခရီးစဉ် တစ်လျှောက်လုံး ရင်တထိတ်ထိတ်လာရသည်မှာ ယခုမှ ဝန်ထုပ် ဝန်ပိုးကြီးကျပြီးခါစ ရှိသေးသည်။ အင်ဒိုနီးရှားနိုင်ငံသား ဗုဒ္ဓ ဘာသာဝင်တစ်ထောင်လောက် လာရောက်စောင့်နေသည်ဆို၍

ကျွန်မ စိတ်လှုပ်ရှားရခြင်းဖြစ်၏။

ကျွန်မတို့အဖွဲ့လာမည့်နေ့နှင့် မြတ်စွာဘုရား၏ ဓါတ်တော် မွေတော်အစစ်များ ပင့်လာမည်ဟု ဦးဝင်းဖေက ကြိုတင် အကြောင်းကြားထားသောကြောင့် ဓါတ်တော်များကိုဖူးလို၍ လာရောက်စောင့်ဆိုင်းနေကြခြင်းဖြစ်သည်။ ကျွန်မ တစ်ဖက်မှ စိတ်လှုပ်ရှားရသလို အလွန်လည်း ဝမ်းသာလွန်း၍ မျက်ရည်များမကျအောင် ထိန်းထားရသည်။ အင်ဒိုနီးရှား နိုင်ငံသားများ၊ ဗုဒ္ဓဘာသာဝင်များသည် တစ်ဘဝ တစ်ချိန်တစ်ခါတွင် ကျွန်မတို့နှင့် ဆွေမျိုးတော်စပ်သူချည်း ဖြစ်ကြမည်။ ကျွန်မတို့နှင့် အင်ဒိုနီးရှားလူမျိုးများမှာ ရုပ်အဆင်းရော၊ အသားအရေ၊ ယဉ်ကျေးသိမ်မွေ့မှု ဓလေ့စရိုက်များပါ တူကြသည်။

လူအုပ်ကြီးက ကျွန်မတို့နှင့်ပါလာသော ထေရဝါဒထွန်းကားရာ မြန်မာနိုင်ငံမှ မြတ်စွာဘုရားဓါတ်တော်၊ မွေတော်အစစ်များ၊ ရဟန္တာ ဓါတ်တော်မွေတော်များ၊ ရုပ်ပွါးတော်ဆင်းတုတော်များကို ဖူးမြော်လိုကြပါ၏။

ဘယ်လောက်ကြည်နူးစရာ ကောင်းလိုက်သောမြင်ကွင်းပါလဲရှင်။

ကျွန်မတို့ပင်ပန်းခဲ့သမျှ စိတ်လက်ပူပန်ခဲ့သမျှအားလုံးသည် ပိန်းကြာရွက်ပေါ် မှရေလို လျှောကျခဲ့ရပြီ။ ပရိသတ်ကြီးကို ကြည့်၍ ကျွန်မ ပီတိတွေ ဖြာနေရသည်ကလွဲ၍ ပရိသတ်ကြီးကို ဘာမျှ မပြောဆိုနိုင်ပါ။ ယခုကဲ့သို့ဖြစ်ရခြင်းကည်း ဦးဝင်းဖေ အကဲပိုတာကြောင့်ဖြစ်သည်။ သူက ဓါတ်တော် မွေတော်အစစ်တွေ မြန်မာနိုင်ငံမှ ရောက်လာမည်ဆို၍ သူတို့လည်း ဗုဒ္ဓဘာသာဝင်တွေပဲ ဦးဦးဖျားဖျား ဖူးချင်ကြမှာဖြစ်သည်။ အခုတော့ ဆရာဇော်ဂျီ၏စာလို ဘဲအုပ်က တစ်ရာနှစ်ရာမက၊ ပရိသတ်က တစ်ထောင်လောက်ရှိသည်။ မဗေဒါက တစ်ပင်တည်းဖြစ်၏။

မည်သို့ပင်ဖြစ်စေ သည်လူအုပ်ကြီးနှင့်ကျွန်မ ဘာမျှ မလုပ်တတ် မကိုင်တတ်ဖြစ်နေသော်လည်း ကျွန်မရင်ထဲ၌ ကြိတ်၍ ဝမ်းသာနေတာကတော့အမှန်ဖြစ်၏။ အခုလို ကြည်နူးဝမ်းသာ ဂုဏ်ယူမိတာမျိုး ယခင်က မကြုံဖူး။ သူများမြေ သူများရေတွင်မို့ ပို၍ပီတိဖြာရ၏။ ကျွန်မတို့၏ ကြိုးစားမှုများ အောင်မြင်သည် ဖြစ်ပါ၏။ မြန်မာနိုင်ငံမှ စေတနာရှင်များ၊ သာသနာရေးဌာနမှ အကြီးအကဲများကိုလည်း ခေါ်၍ပြလိုက်ချင်ပါသည်။

ထိုအချိန်တွင် ဦးဝင်းဖေက ဓါတ်တော် မွေတော်၊ ဆင်းတုတော် ရုပ်ပွါးတော်တို့ကို တစ်ခုချင်းရှင်းပြနေသည်။ အင်ဒိုနီးရှား ဗုဒ္ဓဘာသာဝင် လူထုသည် ဦးဝင်းဖေရှင်းပြသည်ကို တစ်လုံးမကျန် စူးစိုက်နားထောင်ကာ ကြည်ညို၍မဆုံးဖြစ်နေသည်။ သူတို့တစ်သက် သူတို့ဘဝတွင် သည်အခါမှာတော့ အခွင့်ကောင်း အခါကောင်း တစ်သက်မှာ တစ်ခါကြုံရသောကိစ္စအဖြစ် ဘုရားပွင့် သည်ကို ကြုံတွေ့နေရသည့်အလား။

အင်ဒိုနီးရှားဗုဒ္ဓဘာသာဝင်တို့မှာ ဓါတ်တော်မွေတော်များ ကို ယခင်က ကြားသာကြားဖူး၍ မြင်ဖူးတွေ့ဖူးခြင်းမရှိဟုသိရသည်။ ယခုတော့ ကိုယ်တိုင် နဖူးတွေ့ ဒူးတွေ့ ဖူးမြင်တွေ့ရှိရပြီ။ သူတို့ ကိုယ်တိုင်သည်လည်း ကြည်နူးဝမ်းသာနေကြပါသည်။ အင်ဒိုနီးရှား ဗုဒ္ဓဘာသာဝင် ပရိသတ်၏မျက်နှာများတွင် ကြည်နူးခြင်း၊ ဝမ်းမြောက်ခြင်း လက္ခဏာများသာမက အံ့ဩခြင်းကိုယ်စီရှိနေကြ သည်။

ကျွန်မတို့ရော အင်ဒိုနီးရှားပရိသတ်ပါ ကြည်နူးနေကြသည် တော့ အမှန်ဖြစ်၏။ သို့သော် အတော်လေးကြာတော့ သည် ပရိသတ်ကျေနပ်အောင် ဘယ်လိုလုပ်ရမည်ကို အဖြေရှာ၍မရဘဲ ရှိ၏။ ပရိသတ်က ထပြန်မည့်ပုံမပေါက်၊ နောက်နေ့မှ ဖူးမြော် ကြည်ညိုကြပါဟုဆိုပါကလည်း သည်ပရိသတ် ပြန်ကြမည်မဟုတ်။

ပရိသတ်ကျေနပ်အောင် တစ်ခုခုစီစဉ်မှဖြစ်တော့မည်။ ကျွန်မနှင့် ကျွန်မခင်ပွန်း အိန္ဒိယသို့ ဘုရားဖူးသွားစဉ်က မိဂဒါဝုန်ရောက်တော့ ဓါတ်တော်တိုက်ကိုဝင်၍ဖူးကြသည်။ ထိုအခါ ဓါတ်တော်တိုက်မှ အိန္ဒိယ သီလရှင်က ကတ္တီပါအဝတ်ဖုံးဖြင့်ဖုံးထားသော ဓါတ်တော် ဗန်းကိုကိုင်ပြီး ခေါင်းပေါ်တင်ပေးသည်။ ကျွန်မတို့ဘုရားဖူးအဖွဲ့ဝင် များက တစ်ဦးချင်း ဒူးထောက်၍ ဓါတ်တော်များကို ဦးခေါင်းတွင် ရွက်ကာပူဇော်သည်။ ထိုသို့ပူဇော်စဉ် သီလရှင်က ဆုတောင်းပေး ၏။ တစ်ယောက်ပြီးတစ်ယောက်၊ တစ်ဦးချင်းစီ ရှိခိုးရလေရာ တစ်ဦးချင်းလည်းကျေနပ်မှုရှိသည်။ ကျေနပ်မှုရှိ၍ ထပြန်လည်း သင့်လျော်သည်။ ထို့ကြောင့် ကျွန်မနှင့်ကျွန်မခင်ပွန်းက အင်ဒိုနီးရှား ဗုဒ္ဓဘာသာပရိသတ်ကတော့ ပြန်မည့် ပုံမပေါ်၊ ဒီတော့ အိန္ဒိယမှာ လို တစ်ဦးချင်း ပူဇော်စေပြီး ပြန်လွှတ်မှ ပြန်တော့မည်ဟု ယူဆကာ ဓါတ်တော် မွေတော်၊ ဆင်းတုတော်တို့ကို ယွန်းဗန်းတွင်ထည့်ကာ တစ်ဦးချင်း ဦးထိပ်ထက်သို့တင်၍ ပူဇော်ကန်တော့စေပါ၏။

အင်ဒိုနီးရှားဗုဒ္ဓဘာသာပရိသတ်က ကျွန်မတို့စီစဉ်ပေးသည် ကို လက်ခံကြသည်။ သူတို့ကစည်းကမ်းတကျ ဒူးထောက်ပြီး ပူဇော် ကြသည်။ ကျေနပ်မှုလည်း ရှိကြသည်။ ကျွန်မခင်ပွန်းနှင့် ဦးဝင်းဖေတို့က တစ်လှည့်စီ၊ တစ်ဦးစီ ဦးခေါင်းထက်သို့ တင်ပေး သည်။ သူတို့နှစ်ယောက်က ဆုတောင်းပေးသည်လား၊ မပေးလား တော့မသိ။ ကျွန်မလည်း သူတို့နားကပ်၍ နားမထောင်ဖြစ်။ လူတွေက ကြိတ်ကြိတ်တိုးနေ၏။ မြန်မာနိုင်ငံမှ ကျွန်မတို့ တကူး တက ပင့်ဆောင်သွားသော ဓါတ်တော်မွေတော်များကို မိမိတို့၏ အထွတ်အမြတ် ဦးခေါင်းပေါ်ဟင်၍ ပူဇော်နေကြသည့် မြင်ကွင်း ကား မည်မျှ ကြည်နူးစရာကောင်းလှပါသနည်း။ အချို့ကဆိုလျှင် သူတို့၏ ဦးခေါင်းပေါ်တွင် အချိန်အနည်းငယ်ပို၍ပင် တင်ဆောင် ပူဇော်မှုပြုသည်။ တစ်ဦးချင်း ထိုသို့ အပူဇော်ခံနေကြခြင်းကြောင့်

ထိုညကတော့ ကျွန်မတို့တည်းခိုမည့် ဟိုတယ်သို့ ညအတော်နက်မှ ရောက်ခဲ့ကြသည်။

❒ ❒ ❒

# အခန်း(၈)
## အင်ဒိုနီးရှားမှ ဗုဒ္ဓဘာသာမိတ်ဆွေများ

နောက်တစ်နေ့တွင် ကျွန်မတို့ဟိုတယ်မှ အစောကြီးထကြပါသည်။ ဂျာကာတာမြို့ကြီးကကြီး၍ ကျွန်မတို့တည်းသည့်ဟိုတယ်သည် ဂျာကာတာမြို့၏ ဘယ်နား ဘယ်အရပ်တွင်ရှိသည်ကို ကျွန်မ မခန့်မှန်းနိုင်ပါ။ ကျွန်မတို့ တည်းခိုသော ဟိုတယ်အမည်က SUN LAKE ဟုခေါ်ပါ၏။ အင်းလျားလိပ်ဆိုသည့်သဘောပင်ဖြစ်၏။ ဟိုတယ်၏ရှေ့တွင်ရှိသောနေရောင်ခြည် ကောင်းမွန်စွာရရှိသည့် ဧက ၅၀ ခန့်ကျယ်ဝန်းသော ကန်ကြီးကို အမှတ်အသားပြု၍ မြန်မာလိုမှည့်ခေါ်ရလျှင် သူရိယကန်ဟိုတယ်ဟုဆိုရမည်ဖြစ်သည်။ ဟိုတယ်သည် သိပ်မကြီးလှသော်လည်း အထပ်ရှစ်ထပ်ရှိသည်။

သာယာအေးချမ်းသောဟိုတယ်ဖြစ်၍ ကျွန်မ သည်ဟိုတယ်တွင် တည်းခိုရသည်ကိုကျေနပ်၏။ ဟိုတယ်တွင်ဗိသုကာဆရာများက သုံးယောက်ခန်း တစ်ခန်းနှင့် ကျွန်မတို့ဇနီးမောင်နှံက နှစ်ယောက်ခန်းတစ်ခန်းယူကာ တည်းခိုကြပြီး ဦးဝင်းဖေမိသားစုကတော့ ၎င်းတို့အိမ်သို့ ပြန်သွားကြသည်။ နောက်တစ်နေ့ နံနက်စာကို ဟိုတယ်၌ပင် စားကြ၏။ နံနက်စာ စားပြီးနောက် လာကြိုသူများနှင့် မနေ့ညက လေယာဉ်ဆိုက်ဆိုက်ချင်း ရောက်ခဲ့သော ဆရာတော် ဘန္တေဆုကေးမိုး၏ကျောင်းသို့ ထွက်လာခဲ့ကြသည်။

မနေ့ကရောက်ရောက်ချင်း ဘုန်းတော်ကြီးကျောင်းတွင် လူတွေက များ၊ သူထက်ငါ တိုးနေကြ၊ မမျှော်လင့်ဘဲ ဓါတ်တော်၊ မွေတော် ဖူးမြော်ပွဲ အခမ်းအနား ပြုလုပ်နေရသောကြောင့် မည်သူက ဂေါပက၊ မည်သူက အကျိုးဆောင်၊ မည်သူကဘုန်းကြီးကျောင်းသား မသိခဲ့ရပါ။

မနေ့ညကတော့ စိတ်လေးလက်လေးရှိသမျှ မင်္ဂလာဒုံလေဆိပ်မှ ဂျာကာတာလေဆိပ်ထိ ပူပန်ခဲ့ရသမျှအလုံးကြီးကိုပစ်ချပြီး စိတ်ရှိလက်ရှိ ဟိုတယ်၌ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့ရာ ဒီနေ့မနက်တော့ လူက တကယ်လန်းလန်းဆန်းဆန်း ရှိနေသည်။ ဓါတ်တော်မွေတော်များ၊ စိန်ဖူးတော်၊ ၎က်မြတ်နားမှအစ သုံးဆင့်သောဥပနာလှူဖွယ်ပစ္စည်းများပါ ဘေးမသီ ရန်မခ ရောက်ရှိလာသောကြောင့် ကိုယ်စိတ်ပေါ့ပါးသွားခြင်းလည်း ဖြစ်နိုင်ပါ၏။ အင်ဒိုနီးရှားရှိ ဗုဒ္ဓဘာသာမိတ်ဆွေများဘက်ကလည်း ဓါတ်တော်များလည်းဖူးတွေ့ရ၊ ဘုရားတည်ရန်လိုအပ်သည့်ပစ္စည်းများ၊ စိန်ဖူး ၎က်မြတ်နားတော်အစရှိသော လှူဖွယ်ပစ္စည်းများကိုလည်း မျက်စိနှင့် ဒိဋ္ဌ မြင်တွေ့ရ၊ ရွှေတိဂုံ(ပုံတူ) စေတီတော်ကို ဦးဆောင်တည်မည့် မြန်မာမှု ပညာရှင်များလည်း တပါတည်း ပါလာသည်ကို တွေ့ရသဖြင့် ပြောမပြနိုင်လောက်အောင် စိတ်အားများထက်သန်ပြီး

ာမ်းမြောက်ဝမ်းသာ ဖြစ်နေကြပါ၏။ အခုမှ မည်သူကဂေါပက၊ ခည်သူကအလှူရှင်စသည်ဖြင့် မိတ်ဆက်ကြရပါသည်။ တကယ် ဘမ်းတော့ အင်ဒိုနီးရှားနှင့် မြန်မာတို့သည် လူမျိုးကွဲပြားနေသော် လည်း ကျွန်မပြောသကဲ့သို့ ရုပ်ချင်းလည်းတူ၊ ဗုဒ္ဓဘာသာဝင် အချင်းချင်းလည်း ဖြစ်သောကြောင့် ပြောမပြဘဲ နှလုံးသား အချင်းချင်းက ဆွေမျိုးရင်းချာပမာ တစ်စိတ်တည်း တစ်ဝမ်းတည်း ရှိနေသည် ဟုဆိုနိုင်ပါ၏။ သူတို့အချင်းချင်းလည်း ဘုရားတည် ခရေးအတွက် လုပ်ငန်းအဆင့်ဆင့်ကို တိုင်ပင် ဆွေးနွေးနေကြသည်။ ကျွန်မတို့ဘက်ကလည်း ဘုရားတည်ရန် ပစ္စည်းအမြောက်အမြားကို မြန်မာပြည်ကနေ ဘေးမသီရန်မခ ဂျာကာတာထိအောင် အရောက်သယ်လာပြီးဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံတွင်းရောက်မှတော့ တစ်စုံတစ်ရာ ခဖြစ်အောင် သူတို့မှာတာဝန်ရှိသည်ကို သူတို့ကိုယ်တိုင်သိရှိပြီး အစစအရာရာ ချောမောပြေပြစ်စေရန် သူတို့ဟာသူတို့ ခေါင်းချင်း ရိုက် စီမံနေကြသည်လည်းရှိ၏။ အမှန်တကယ်လည်း ကျွန်မတို့ ၆ပ်ကာပူမှ အင်ဒိုနီးရှားသို့အဝင် ထိုင်းလေကြောင်းကိုရွေး၍ ဝင်လာသည်မှာ မှန်ကန်လှသည်။ အင်ဒိုနီးရှား လေကြောင်းနှင့်ဆိုပါ က မုချ ပြဿနာတက်နိုင်၏။

မနေ့ကအဖြစ်အပျက်က ကျွန်မတို့သံရုံးက ကျွန်မတို့ကို လည်းခေါ်ထုတ်၊ ဂျပ်ဖုံးသေတ္တာ သုံးဆယ်ကိုလည်း သံရုံးမျက်နှာဖြင့် ယူထုတ်ကာ အင်ဒိုနီးရှားမိတ်ဆွေများအား လွှဲပေးသဖြင့် ယခုကဲ့သို့ မြန်မြန်ဆန်ဆန် ချောမွေ့သွားခြင်းဖြစ်၏။ မနေ့က ကျွန်မတို့အား လေဆိပ်မှလာကြိုသူများကို မျက်နှာသာ မှတ်ထားလိုက်ရ၍ ယခုမှ လူနှင့်နာမည်တွဲ၍ မိတ်ဆက်ကြရ၏။ ကျွန်မတို့ကို လေဆိပ်ခန်းမ တွင် စိတ်အားထက်သန်စွာ လာရောက်ကြိုဆိုသူမှာ ဆရာလေး ဒေါ်ခေမာနန္ဒီ(ဂျူးဂျူး)ဟုသိရပြီး သူ့အစ်မက မီးမီးဟု သိရပါသည်။

တက်တက်ကြွကြွရှိလှသူ အင်ဒိုနီးရှားမိတ်ဆွေနှစ်ဦးက ဘန်းဘန်းနှင့် ဖေဘီယမ်ဆိုသည့် လူပျိုကြီးများ ဖြစ်ကြသည်။ ဘန်းဘန်း၏ညီ ကေဗင်တို့ ဇနီးမောင်နှံကလည်း ကျွန်မတို့ကို ကူညီပါသည်။ အင်ဒိုနီးရှား ဗုဒ္ဓဘာသာဝင် မိတ်ဆွေများ၏အမည်များ အားလုံးကို ကျွန်မ ပြည့်စုံအောင်မဖော်ပြနိုင်ပါ။ မျက်နှာများကိုတော့ တရင်းတနှီးရှိပြီး သူတို့ကလည်း ကျွန်မတို့ကို မောင်နှမ ရင်းချာပမာ ခင်မင်သလို ကျွန်မတို့ကလည်း ကွဲကွာနေသောသားချင်းများကို တွေ့ရဘိအလားရှိရာ မြန်မာဗုဒ္ဓဘာသာဝင်များနှင့် အင်ဒိုနီးရှား ဗုဒ္ဓဘာသာဝင်များ ရွှေတိဂုံ(ပုံတူ)စေတီတော်တည်ဆောက်ရေး ကိစ္စတွင် တွေ့ဆုံရမှုသည် မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားသမ္မတ နိုင်ငံတို့၏ ခိုင်မာသော ချစ်ကြည်မှုကိုလည်း တည်ဆောက်နိုင်သည်ဟု ဆိုရပေတော့မည်။ ယခု ကျွန်မတွေ့ဆုံနေရသော အင်ဒိုနီးရှား ဗုဒ္ဓဘာသာဝင်များသည် ထေရဝါဒ ဗုဒ္ဓဘာသာ စစ်စစ်ဖြစ်အောင် မြတ်စွာဘုရား၏ တရားတော်များကို ဟောကြားညွှန်ပြပြီး ဝိပဿနာတရား အားထုတ်ကျင့်ကြံနိုင်အောင် သင်ကြားပြသလမ်းညွှန်ခဲ့သည့် ဆရာတော် သံဃာတော်များသည် မြန်မာနိုင်ငံမှဆရာတော်များ ဖြစ်သည်။ ထို့ကြောင့်လည်း မိမိတို့ကို ကောင်းရာညွှန်ပြသည့် ဆရာတော်များရှိရာနိုင်ငံမှ ရောက်ရှိလာသူများမို့ ကျွန်မတို့ကို လည်း လေးစားခင်မင်မှု အပြည့်ရှိကြပါ၏။ ကျွန်မတို့နိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်မှုနှင့် ပြောရလျှင် မြန်မာနိုင်ငံသည် စံပြနမူနာယူစရာ နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထို့ကြောင့် အင်ဒိုနီးရှား ဗုဒ္ဓဘာသာဝင် မိတ်ဆွေများက မြန်မာနိုင်ငံသည် သူတို့၏ ဒုတိယ မိခင်နိုင်ငံအဖြစ် ခံယူထားကြောင်း ပွင့်လင်းစွာ ပြောပြကြပါ၏။ အမှန်တကယ် ဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။

အင်ဒိုနီးရှား ဒါယကာ ဒါယိကာမများထဲတွင် ဂျူးဂျူးနှင့် မီးမီးတို့ ညီအစ်မနှစ်ယောက်က ချမ်းသာကြွယ်ဝကြပါသည်။

သူတို့က ငွေလဲလှယ်ရေးအလုပ် Money Changer အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသည်ဟုဆိုသည်။ ဂျာကာတာ မြို့လယ်တွင် အိမ်ကြီးရခိုင်နှင့် နေကြသူများဖြစ်၏။ ကိုယ်ပိုင် ဇိမ်ခံကား အများအပြားလည်း ရှိကြသည်။ သူတို့တွင် လုပ်ငန်း အတွက် သီးသန့်ရုံးခန်း သပ်သပ်ရှိသည်။ သို့သော် ညီအစ်မ နှစ်ယောက်စလုံး အိမ်ထောင်ရေးကံ မကောင်းရှာကြ။ အိမ်ထောင် များနှင့် ကွာရှင်းထားကြသည်။ မီးမီးက သမီးကလေးတစ်ယောက် ရှိသည်။ ကနေဒါမှာနေသည်ဟု သိရသည်။ ဂျူးဂျူးကတော့ သားသမီး မရရှာ။ နှစ်ယောက်စလုံး အလွန်ချောမောလှပသူများ ဖြစ်သည်။ စိတ်သဘောကလည်း အလွန်ကောင်းပြီး သဒ္ဓါတရား ထက်သန်သည်။ သူတို့သည် အင်ဒိုနီးရှားနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓဘာသာ ထွန်းကားရေးအတွက် သာသနာတော်ကို စောင့်ရှောက် ချီးမြှောက်မည့် သာသနာ့မိခင်များအဖြစ် အားကိုးရမည့်သူများ ဖြစ်သည်။ ညီအစ်မနှစ်ယောက် တူညီသည့်အချက်က အချိန်အား လျှင် တရားမှတ်နေကြခြင်းပင်။

ဘန်းဘန်းနှင့် ချားလက်(စ်)ကတော့ အလွန်ချစ်စရာ ကောင်းအောင် စိတ်ထားဖြူစင် မြင့်မြတ်သူများဖြစ်ပါသည်။ ဘန်းဘန်းက ကုမ္ပဏီပိုင်ရှင် ဖြစ်သည်။ ချားလက်(စ်)ကတော့ ဈေးထဲတွင်ဆိုင်ရှိပြီး ချုပ်ထည်များကို လက်ကားဖြန့်သည်ဟု သိရသည်။ ဖေဘီယမ်ကတော့ လူပျိုကြီးဖြစ်သည်။ အမေရိကန်တွင် ခုနစ်နှစ် ပညာသင်ဖူးသည်။ အင်္ဂလိပ်ဘာသာဖြင့် ရေးသား ထားသော ဗုဒ္ဓစာပေတို့ကို လေ့လာလိုက်စားနိုင်သူဖြစ်သည်။ ဗုဒ္ဓစာပေ ကျမ်းဂန်တော်တော်များများကို လေ့လာထားပုံရသည်။

ထိုနေ့က နေ့လယ်စာကို ဂေါပကအဖွဲ့မှ ဆိုင်တွင် ကျွေးပါ သည်။ ကျွန်မတို့နှင့် ရင်းနှီးချင်သည်ဆိုကာ ထိုထမင်းစားပွဲကို လူတော်တော်များများ တက်၏။ ရှစ်ယောက်ဝိုင်း ၇ ဝိုင်းလောက် ရှိမည်ထင်သည်။

ညနေပိုင်းတွင်တော့ ကျွန်မတို့ ဂျာကာတာနှင့် မိုင် ၅၀ ခန့်ဝေး သော ဘော်ဂိုး Bogor မြို့သို့သွားကြပါ၏။ ဘော်ဂိုးနှင့် ဂျာကာတာ ၅၀ မိုင်လောက်ဝေးသည်။ ဘော်ဂိုးသည် တောင်ပေါ် အပန်းဖြေမြို့ကလေးဖြစ်သည်။ ဘော်ဂိုး၏ထူးခြားမှုက လည်ပတ်စရာ အကြီးဆုံး သဘာဝတိရစ္ဆာန်ဥယျာဉ်ကြီး ရှိနေခြင်းဖြစ်သည်။ ဘော်ဂိုးက အထက်တွင်ရှိ၍ ဂျာကာတာမြို့တော်က အောက်တွင်ရှိသည်။ ဘော်ဂိုးတွင် မိုးကြီးပြီဆိုပါက ဂျာကာတာတွင် ရေလွှမ်းမိုးတော့တာပဲဟု ဆို၏။ ကျွန်မကတော့ မြင်ဖူးအောင် ပတ်ဝန်းကျင်ကို အားရအောင်ကြည့်သည်။ စိမ်းစိုနေမှုက ထူးခြားချက်ဖြစ်ပါ၏။

ဘော်ဂိုး၏ အခြားထူးခြားချက်မှာ ဗုဒ္ဓဘာသာတရားရိပ်သာတစ်ခုရှိခြင်းဖြစ်၏။ ကျွန်မတို့ဘော်ဂိုးရောက်တော့ တရားရိပ်သာတွင် ဘာလီကျွန်းမှ အင်ဒိုနီးရှား ဗုဒ္ဓဘာသာဆရာတော်ကြီးတစ်ပါး ကြွရောက်၍ ဝိပဿနာတရား ပြနေသည်။ တရားစခန်းတွင် တရားအားထုတ်ကြသည့် ယောဂီများ၊ ဝေယျာဝစ္စအဖွဲ့မှ အမျိုးသားအမျိုးသမီးများမှာ အရွယ်ကောင်းကလေးများ ဖြစ်ကြသည်။ တရားအားထုတ်သည့် ဓမ္မာရုံ၌ အင်ဒိုနီးရှားနိုင်ငံတွင် ပုံသွန်းထားသည့် ဉာဏ်တော်အနည်းငယ်သာ မြင့်သည့်ရုပ်ပွားတော် တစ်ဆူရှိ၏။ ယင်းရုပ်ပွားတော်ကို စားပွဲပေါ်တွင် ပူဇော်ထား၏။ မြန်မာပြည်မှာဆိုပါက တရားအားထုတ်သည့် ဓမ္မာရုံတိုင်းတွင် မှန်ဇီရွှေချ မြန်မာ့လက်မှုပညာ တံကဲပလ္လင်ကြီးများပေါ်တွင် သပ္ပာယ်စွာ စံမြန်းနေသော ဗုဒ္ဓရုပ်ပွားတော်များကို ထည်ဝါခံ့ညားစွာ ပူဇော်ထားကြမည်ဖြစ်၏။ ထို့ကြောင့် ကျွန်မက ထိုဓမ္မာရုံတွင် တံကဲပလ္လင်နှင့် ကျောက်ဆင်းတု ရုပ်ပွားတော်တစ်ဆူကို လှူဒါန်းရန် ကတိပြုခဲ့ပါသည်။ တရားအားထုတ်သည့် ယောဂီများနှင့် ဝေယျာဝစ္စအဖွဲ့များမှာ မြန်မာပြည်လိုပင် ယောဂီထဘီနှင့် အင်္ကျီအဖြူ ယောဂီတဘက်များကို သေသပ်စွာဝတ်ဆင်ထားသည်။ တရားပြဆရာတော်မှာ

မြန်မာပြည်တွင် သူတရားအားထုတ်စဉ်က အတွေ့အကြုံအတိုင်း ယောဂီများအားလုံး ယောဂီဝတ်စုံကိုဝတ်ဆင်ကာ တရားအားထုတ်ရန် စီစဉ်ထားခြင်း ဖြစ်သည်ဟုသိရ၏။ ထိုတရားစခန်းလေးရောက်တော့ ကျွန်မစိတ်ထဲတွင် မြန်မာပြည် တရားစခန်း တစ်နေရာကို ရောက်နေသည်အလား ခံစားရပါ၏။ မီးမီးက ထိုတရားစခန်းတွင် ဝေယျာဝစ္စအဖွဲ့ခေါင်းဆောင်ဟုဆိုသည်။ ကျွန်မတို့ကိုလည်း စခန်းက စားစရာများနှင့် ဧည့်ဝတ်ကျေပွန်စွာ ဧည့်ခံသည်။

ကျွန်မတို့သည် တရားပြနေသော ဘာလီဆရာတော်ကြီးကို သွားရောက်ဖူးမြော်ပါသည်။ ယောဂီများကို တရားစစ်နေသည့် အချိန်ဖြစ်၍ အလိုက်သိစွာပင် မြန်မြန်ဖူး မြန်မြန်ပြန်ခဲ့ကြပါသည်။ မြန်မာပြည်မှပါလာသည့် ဦးဘအုံး ဖိနပ်၊ ထီး၊ ယပ်နှင့် အခြားလှူဖွယ်ပစ္စည်းများ လှူဒါန်းကြပါသည်။ သံဃာဆယ်ပါးခန့်ရှိသဖြင့် သင်္ကန်းဆယ်စုံ လှူဒါန်းခဲ့ပါသည်။ ဆရာတော်ကြီးက ကျွန်မတို့ လှူဒါန်းသော ဖိနပ်ကို အလွန်သဘောကျပြီး ချက်ချင်းစီး၏။

အင်ဒိုနီးရှားတွင် ဆရာတော်များအတွက် ရဟန်းစီး ဖိနပ်သီးခြားမရှိ။ သင့်သလိုသာစီးကြ၏။ ရဟန်းဆောင်းထီးမရှိ။ လူဆောင်းသော ထီးများသာဆောင်းကြ၏။ သည်အကြောင်း မြန်မာပြည်မှာကတည်းက ဦးဝင်းဖေပြောပြထားသောကြောင့် ကျွန်မက ထီးဖိနပ်များအော်ဒါမှာပြီး တကူးတက ယူလာခဲ့ခြင်းဖြစ်သည်။ အင်ဒိုနီးရှားတစ်နိုင်ငံလုံးတွင် သံဃာ ၄၄ ပါးရှိသည်ဆို၍ ကျွန်မက ထီးဖိနပ်သင်္ကန်းအစုံ ၄၅ ပါးစာ ယူလာခဲ့သည်။

ဆရာတော်ကြီးကို ကန်တော့ပြီး ဘော်ဂိုးမြို့က ပြန်လာကြကာ ဂျာကာတာကို ည ၈ နာရီခန့်ရောက်ပါသည်။ ဂေါပကအဖွဲ့က ကျွန်မတို့ကို သီးသန့်ထမင်းစားလာမခေါ်တော့ဘဲ ဟိုတယ်မှာပင် လက်မှတ်ထိုး စားကြရန်နှင့် ကျသင့်ငွေကို သူတို့ရှင်းပါမည်ဟု



ဘန္တေမန္တီဓါရောနှင့် မောင်မောင်ခင် (မြန်မာမှုပညာရှင်)

ဆိုသည်။ ထမင်းစား တစ်ခေါက်ထပ်ထွက်လျှင် ကျွန်မတို့ပင်ပန်းမှာ စိုးလို့ဟု ဆိုပါ၏။ ဟိုတယ်ရောက်တော့ ကျွန်မတို့လည်း ရေမိုး ချိုးပြီး ထမင်းဆင်းစားကြသည်။ ဟင်းကို တော်သင့်ရုံသာ မှာစားကြ ၏။ ထမင်းစားပြီး ကျွန်မတို့တစ်တွေလည်း ဟိုနားဒီနားတောင် လှည့်ပတ်မကြည့်ကြတော့ဘဲ နောက်တစ်နေ့တွင် အင်အားအပြည့် အဝနှင့် စောစောထနိုင်ရန် စောစောအိပ်ရာဝင်ခဲ့ကြသည်။

❒ ❒ ❒

## အခန်း(၉)
## ဗောဓေါပုဒ္ဓါ စေတီတော်မြတ်ကို ဖူးမြော်ခွင့်ရရှိခြင်း

နောက်တစ်နေ့တွင်တော့ ဟိုတယ်၌ပင် နံနက်စာစားပြီး ဘုန်းကြီးကျောင်းသို့လာကြ၏။ ဘုန်းကြီးကျောင်းတွင် မနက်ပိုင်း နေကြကာ နေ့လယ်စာစားပြီးနောက် ကျွန်မတို့တစ်တွေ ဂျာကာတာမှ ကားသုံးစီးဖြင့် ခရီးထွက်လာခဲ့ကြသည်။ ကားများသည် ဘဏ္ဍေဆုကေးမိုးကျောင်းမှ ဒကာ၊ ဒကာမများ၏ကားများဖြစ်သည်။ ကျွန်မတို့စီးရသော ကားက မီးမီး၏ကားဖြစ်၏။ သူ့ယာဉ်မောင်းက အသက် ၅၀ နီးပါးရှိပြီး သဘောလည်းကောင်း ကားမောင်းလည်း ကျွမ်း၏။ ကားကလည်း နောက်ဆုံးပေါ် လင်ခရူဇာကား ဖြစ်သည်။ သူတို့နိုင်ငံတွင် ဂျပန်နှင့် ဖက်စပ်လုပ်သော ကားစက်ရုံရှိသည်။

နောက်ဆုံးပေါ် အကောင်းဆုံးကား အမျိုးအစားဆိုလျှင် ဒေါ်လာ တစ်သောင်းခွဲခန့် ပေးရသည်။ အရစ်ကျပေး၍လည်းရ၏။ တယ်လီဖုန်းဆက်မှာလျှင် ကားကို အိမ်အရောက်လာပို့သည်။ အသုံးပြုပြီး Use ကားများဆိုလျှင်တော့ ဈေးအလွန်ချိုသည်။ ထို့ကြောင့် သူတို့နိုင်ငံတွင် လူတိုင်း ကားစီးကြသည်။ ကျွန်မတို့စီးသော ကားတွင် ဦးဝင်းဖေ လိုက်ပါလာသည်။

ဤတွင် တစ်ခုတော့ ပြောပြစရာရှိပါသည်။ ယခု ကျွန်မတို့ ထွက်လာခြင်းသည် ကျွန်မတို့က ဂျာကာတာမှ ဘုရားတည်မည့် မာလန်မြို့သို့ တိုက်ရိုက်ထွက်လာခြင်း မဟုတ်ပါ။ မြန်မာပြည်မှ ဘဘဦးစိုင်းအောင်ထွန်းက ရွှေတိဂုံ(ပုံတူ)စေတီတော်မှာ ထည့်သွင်းပူဇော်မည့် ဌာပနာပစ္စည်းများကို အင်ဒိုနီးရှားနိုင်ငံ ဗောဓေါဗုဒ္ဓါစေတီတော်တွင် အရင်သွား ဦးတိုက်ပြီးမှ ပင့်ဆောင်ပါ ဟု မှာလိုက်သောကြောင့် ဖြစ်သည်။

အင်ဒိုနီးရှားသို့ ပထမဆုံးအကြိမ်ရောက်ဖူးသောခရီးစဉ်တွင် ကျွန်မတို့ကလည်း ကမ္ဘာ့အံ့ဖွယ် စာရင်းဝင် ဗောဓေါဗုဒ္ဓါ စေတီတော်ကြီးကို အလွန်မှဖူးချင်ပါသည်။ ထို့ကြောင့် ကမ္ဘာ့အံ့ဖွယ် ဗောဓေါဗုဒ္ဓါ စေတီတော်ကြီးကို ဖူးမြော်မြင်တွေ့ကြရတော့မည်ဖြစ်၍ ကျွန်မ အလွန်ပျော်နေပါသည်။ ကျွန်မတို့ကားတန်းသည် စေတီတော်ကြီး တည်ရှိရာ ဂျော့ဂျာကာတာသို့ ဦးတည်၍ထွက်ခဲ့ပါ၏။ ကျွန်မ ဝမ်းသာသည့်အထဲတွင် မာတွဒ်တွင် မန္တလေးသို့ရောက်ဖူးသည့် ကျွန်မ၏ တစ်ပါးတည်းသောအသိ သာသနာပိုင် ဆရာတော် ဘန္တေပညာဝရော၏ကျောင်းတိုက်ရှိသည်ဆိုသောကြောင့်လည်း ဝမ်းသာရပါ၏။

စေတီတော်ကြီးသည် ဂျားဗားကျွန်း အလယ်ပိုင်း ဂျော့ ဂျာကာတာမြို့ အနောက်ဘက်မိုင် ၂၀ အကွာ၊ အယ်လိုနှင့် ပရိုဂိုမြစ်ဆုံရာ ကုန်းမြင့်တွင်တည်ရှိ၏။ ရှေးအခါက ထိုဒေသကြီးသည်

ရေအိုင်ကြီးသဖွယ် တည်ရှိသည်။ စေတီတော်ကြီးသည် ထို ရေအိုင်ကြီးအလယ်တွင် ငွါးငွါးစွင့်စွင့်တည်ရှိနေရာ ကြာပန်းကြီး သဖွယ်ရှိနေသည်။

ကျွန်မတို့သည် တစ်နေ့လုံးကားမောင်းလာကြရာ လမ်းမှ ထမင်းဆိုင်တွင်ပင် ညနေစာစားကြသည်။ အခြားသူများတော့ မည်သို့ရှိမည်မသိ။ ကျွန်မတော့ ပင်ပန်း၍ထမင်းဝင်ပါသည်။ ထမင်းစားပြီး ကားကို တစ်ညလုံးမောင်းလာရာ စေတီတော်ကြီး အနီးရှိ မာတွဒ်ရွာလေးသို့ ည၂နာရီခွဲတွင် ရောက်သည်။ မာတွဒ်ရွာ တွင် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းရှိ၏။ ကျောင်းထိုင်ဆရာတော်က အင်ဒိုနီးရှားနိုင်ငံမှ သာသနာပိုင် ဆရာတော် ဘန္တေပညာဝရော ဖြစ်ပါ၏။ ကြိုတင်ဖုန်းဆက် ထားသောကြောင့် ကျောင်းမှ ဦးပဉ္ဇင်းများက မကျိန်းစက်ဘဲ တံခါးအသင့်ဖွင့်၍ စောင့်ကြိုနေကြသည်။ ကျွန်မတို့အတွက် အိပ်ရာများလည်း အသင့်ပြင်ထားကြသည်။ ကျွန်မတို့လည်း ခရီးပန်းလာ၍ ခြေလက်ဆေး ဘုရားကန်တော့ပြီး အိပ်ရာဝင်လိုက် ကြ၏။ ယနေ့ထွက်လာသောခရီးတစ်လျှောက်လုံး ဘာအခက်အခဲမှ မရှိ၍ ဝမ်းသာရပါသည်။ ကျွန်မတို့နှင့်အတူ ရွှေတိဂုံ(ပုံတူ) စေတီတော်တွင် ဌာပနာရန် ဌာပနာပစ္စည်းများပါဝင်သည့် လန်ဒန် ဂျပ်ပုံးကြီးများက ကားသုံးစီးစလုံး၏နောက်ခန်းတွင်ပါ၏။ အခြား လှူဖွယ်ပစ္စည်းများကိုတော့ ဂျာကာတာမှ မာလန်သို့ ရထားနှင့် သွားမည့် ဂေါပကအချို့နှင့် ထည့်ပေးလိုက်ပြီး သူတို့ကတာဝန်ခံ၍ မာလန်သို့ ယူလာကြမည်ဖြစ်၏။

ကျွန်မတို့ယူလာသော ဌာပနာပစ္စည်းများနှင့်ပတ်သက်၍ ကားလမ်းတွင် တစ်စုံတစ်ရာ အစစ်အဆေးရှိပါက အင်ဒိုနီးရှား ဂေါပကများကသာ သူတို့ဘာသာစကားနှင့် သူတို့ဖြေရှင်းရန် တာဝန်ပေးထားပါ၏။ ကျွန်မတို့ကတော့ဘာမျှမပြော။ အိပ်ချင်ဟန်

ဆောင်၍သာနေသည်။ မြန်မာနိုင်ငံမှ ပါလာသော မြန်မာဗိသုကာ ပညာရှင်များအားလည်း လမ်းတွင် တစ်စုံတစ်ရာ အစစ်အဆေး ခံရပါက မြန်မာစကားမပြောဘဲ ငြိမ်ငြိမ်လေးနေရန် ပြောထား ရသည်။ မြန်မာစကားမပြောလျှင် အင်ဒိုနီးရှားနှင့်မြန်မာက ခွဲမရအောင် တူသည်။

ခေတ္တ မေးရှိသာ မေးလိုက်ကြပြီး မနက် ၅ နာရီလောက်တွင် ကျွန်မတို့ အိပ်ရာမှထကြသည်။ ရေမိုးချိုး၍ ပြင်ဆင်စရာများ ပြင်ဆင်ပြီး ကျွန်မတို့သည်အရုဏ်ဦးအလင်းရောင်ဖြင့် ကျောင်းဝင်း အတွင်း လှည့်ပတ်ကြည့်ကာ ကျောင်းမှ ဦးပဉ္စင်းများ ဖျော်တိုက် သော ကော်ဖီကိုသောက်ပြီး နံနက် ၆ နာရီတွင် ဗောဓေါဗုဒ္ဓ စေတီတော်ကြီးသို့ ကျွန်မတို့ထွက်လာခဲ့သည်။

အင်ဒိုနီရှားနိုင်ငံသည် ယခင်က ဗုဒ္ဓဘာသာသာသနာတော် ထွန်းကားပြန့်ပွါးရာ နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံတွင် ဗုဒ္ဓဘာသာ နေတစ်ဆူ လတစ်ပါး ထွန်းကားခဲ့သည်ဆိုသော အမှတ် အသားမှာ ဗောဓေါဗုဒ္ဓစေတီတော်ကြီးဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံရှိ ဗောဓေါဗုဒ္ဓ စေတီတော်ကြီးသည် ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာ အဆောက်အအုံများအနက် အကြီးဆုံးသော အဆောက်အအုံကြီး ဖြစ်သည်။ စေတီတော်ကြီး၏ ဗိသုကာလက်ရာနှင့် ပန်းတမော့ လက်ရာများကြောင့်လည်း စေတီတော်ကြီးသည် ကျော်ကြား၏။

ဗောဓေါဗုဒ္ဓ စေတီတော်ကြီးကို ၇ ရာစုနှင့် ၈ ရာစု အတွင်းလောက်က တည်ရှိသည်ဟုဆိုကြ၏။ အချို့ကလည်း စေတီတော်ကြီးရှိ ဗိသုကာ လက်ရာနှင့်ပန်းတမော့လက်ရာတို့ကို လေ့လာ၍ ၈ ရာစုနှောင်းပိုင်းတွင်မှ တည်သည်ဟုပိုမိုယူဆဖွယ်ရာရှိ ကြောင်းပြောကြသည်။ စေတီတော်တွင် မည်သည့်မော်ကွန်း ကျောက်စာ မှတ်တမ်းအစအနများကိုမျှ မတွေ့။ စေတီတော်၏ ပုံတော်ကို အိန္ဒိယနိုင်ငံ စေတီတော်များမှ အတုယူ၍ ဂျားဗား

အနုပညာလက်ရာဖြင့် မွမ်းမံခဲ့သည်ဟု ယူဆကြ၏။ စေတီတော်အနက်သည် လေးထောင့်ဖြစ်၏။ မျက်နှာတစ်ဖက်လျှင် ၄၇၉ ပေရှိ၏။ ပစ္စယာ ငါးဆင့်ရှိသည်။ စေတီတော်ကြီးကို အပိုင်းသုံးပိုင်းခွဲခြားနိုင်၏။ ယင်းတို့မှာ

(၁) ပန်းခုံနှင့်ပစ္စယာငါးဆင့်

(၂) ကြည်းဝန်းသုံးဆင့်နှင့်

(၃) ထိပ်ဆုံးစေတီတို့ဖြစ်၏။

တစ်ပိုင်းနှင့်တစ်ပိုင်း လုံးဝမတူ။ ပန်းခုံနှင့် ပစ္စယာငါးဆင့်တွင် စုလစ်မွမ်းချွန်ရုပ်လုံး စသည်တို့ဖြင့် တန်ဆာဆင်ထားသလောက် ကြည်းဝန်းသုံးဆင့်တွင် တန်ဆာဆင်မှု လုံးဝမရှိဘဲ အစအဆုံးမရှိသော သံသရာကို ရည်မှန်းဟန်ရှိသည်။ တန်ဆာအမျိုးမျိုးဆင်ထားသော ပစ္စယာငါးဆင့်သည်ကာ လောကီစည်းစိမ်တို့ဖြင့် အမျိုးမျိုးအဖုံဖုံ ခံစားစံစားရာ ကာမဘုံကိုရည်ညွှန်း တည်ဆောက်ခြင်းဖြစ်သည်ဟု ဆိုသည်။ ဗောဓေါဗုဒ္ဓစေတီတော်ကြီးသည် နှစ်ပေါင်းများစွာ မိုးဒဏ်လေဒဏ်ခံခဲ့ရသဖြင့် ယိမ်းယိုင်ကျမည်သို့ရှိလာရာ ဒပ်ချ်အိန္ဒိယအစိုးရက ပေါင် ၅၀၀၀ အကုန်အကျခံကာ အင်ဂျင်နီယာ ဗိုလ်မှူးဗန်အပ်အား ပြုပြင်စေခဲ့သည်ဟုသိရ၏။ ယခုလက်ရှိ အင်ဒိုနီးရှားအစိုးရကလည်း နိုင်ငံ၏အဖိုးတန်ရှေးဟောင်း ရတနာတစ်ရပ်အနေနှင့် အနုပညာလက်ရာများ မပျက်စီးစေရန် ထိန်းသိမ်းထားရှိကြောင်းသိရ၏။

စေတီတော်ကြီးသို့ရောက်တော့ စောစောစီးစီးမို့ လူရှင်းနေသည်။ ဘုရားသို့သွားရာလမ်း၌ ဈေးတွေ့သဖြင့် ကျွန်မက အုန်းသီး၊ ငှက်ပျောသီးနှင့်ကန်တော့ပွဲပြင်ရန် နီးတောင်းလေးတစ်ခုပါဝယ်၏။ ဘုရားရောက်တော့ ကန်တော့ပွဲပြင်သည်ကို လုံခြုံရေးဝန်ထမ်းများက ကန်တော့ပွဲကို ဘာလုပ်တာလဲဟု မေးမြန်းစစ်ဆေးသည်။ ဂျာကာတာမှပါလာသည့် ဂေါပကများက ဘုရားတင်သည့်ပစ္စည်း

များဟု ရှင်းပြတော့ ပြေလည်သွားသည်။ ကန်တော့ပွဲကို ကိုမြလွင်က ထမ်းသည်။ စိန်ဖူးငှက်မြတ်နားပါသည့်အိတ်ကို ဦးဝင်းဖေက လွယ်ထားသည်။ ဓါတ်တော်သေတ္တာထည့်ထားသည့် အိတ်ကိုတော့ ကျွန်မခင်ပွန်းကသယ်ခဲ့သည်။ ကျွန်မတို့မှာဘုရားလာဖူးသည် ဆိုသော်လည်း ဝန်စည်စလွယ်တွေများလို့ အစောင့်ရဲက စိတ်မချသဖြင့် ရဲငါးဦးခန့်သည် သေနတ်တွေလွယ်ကာ ဘုရားပေါ်အထိ လိုက်လာကြသည်။ ဘုရားကန်တော့သည့်အခါ သေနတ်ကို အသင့်အနေအထားဖြင့် ချိန်စောင့်ထားကြ၏။ ကျွန်မမှာ ဘုရားကန်တော့သည့်နောက်မှ သေနတ်တွေချိန်ထားသဖြင့် ဘုရားကန်တော့ရသည်မှာ စိတ်ထဲမှာတော့မဖြောင့်လှ။ ဘုရားရှိခိုးပြီး ကန်တော့ပွဲကို ဘုရားမှာထားခဲ့မည်ပြောတော့ အစောင့်ရဲများက လက်မခံ၊ ပြန်ယူသွားရန်ပြော၍ ယူခဲ့ရ၏။

ဦးဝင်းဖေနှင့်ကျွန်မခင်ပွန်းကတော့ သူတို့တတ်သမျှ မှတ်သမျှဖြင့် ရွှေတိဂုံ(ပုံတူ) တည်ရန်ယူခဲ့သော စိန်ဖူး ငှက်မြတ်နားနှင့် ဌာပနာပစ္စည်းများကို ဗောဓေါ်ဗုဒ္ဓဘုရားသို့ ဦးတိုက်နေကြသည်။ ဘုရားပေါ်မှပြန်ဆင်းလာပြီးမှ အမှတ်တရဓါတ်ပုံ ရိုက်ကြသည်။ ထို့နောက်တော့ ကျွန်မတို့ ဘုရားမှ ကျောင်းသို့ပြန်ခဲ့ကြသည်။ အင်ဒိုနီးရှားမှာ ကျွန်မနှင့်အသိဆို၍ ဉာဏ်မာတွန်ဒ် ဘုန်းကျောင်းမှ ဘန္တေပညာဝရော တစ်ပါးသာရှိ၏။ ကျွန်မတို့ သူ့ကျောင်းရောက်တော့ ဆရာတော်က ကျောင်းတွင်မရှိ။ ဆရာတော် ဘန္တေပညာဝရောသည် အင်ဒိုနီးရှားနိုင်ငံ ထေရဝါဒ ဗုဒ္ဓဘာသာ၏ သာသနာပိုင်ဆရာတော်ကြီးလည်းဖြစ်သည်။

ထိုဆရာတော်ကြီးသည် ၁၉၉၆ ခုနှစ်ဇူလိုင်လအတွင်းက မြန်မာနိုင်ငံသို့တပည့် ဒါယကာ ၇ ဦးနှင့် ကြွလာဖူးသည်။ မြန်မာပြည်ကြွလာစဉ် မန္တလေးသို့လည်း ဘုရားဖူးကြွလာခဲ့ရာ သည်တုန်းက ဆရာတော်ကြီးနှင့် ပတ်သက်၍ ကျွန်မကဆွမ်းကွမ်း

ယျောဝစ္စများ ဆောင်ရွက်ပေးဖူး၏။ သက်နုံးအစရှိသော မန္တလေး မြို့ထွက် ဒေသပစ္စည်းများကိုလည်း လှူခဲ့ဖူးသည်။ ဆရာတော် ကလည်း ကျွန်မကို ကောင်းစွာမှတ်မိနေ၏။ ကျောင်းမှဦးပဉ္စင်းများ က ဆရာတော် ဘယ်မှာသတင်းသုံးသည်မပြော။ ဆရာတော်၏ သက်ကိုင် တယ်လီဖုန်းကိုသာပြော၏။ ကျွန်မဆက်သည့်အခါ ဆရာတော်က သူပြောသည့်နေရာသို့ နာရီဝက်အတွင်း အရောက် လာရန်မိန့်ပါသည်။ အကြောင်းမှာ နောက်နာရီဝက်ခန့်ကျော်လျှင် ခရီးထွက်စရာရှိ၍ လေယာဉ်ကွင်းသွားရတော့မည်ဟု မိန့်သည်။ ကျွန်မလည်း ချက်ချင်းပင် ဆရာတော်အမိန့်ရှိသော လိပ်စာအတိုင်း သွားသည်။ ကားမောင်းရသည်နှင့်အိမ်ရှာရသည့်အတွက်ကြောင့် မိနစ် ၄၀ ခန့်ကြာသွားသည်။ တွေ့တော့လည်း ရပ်ကွက်တွင်းက ခြံဝင်းကျယ်ကျယ်တစ်ခုရှိ တစ်ထပ်အိမ်တစ်အိမ်၌ ဖြစ်၏။ သို့သော်လည်း ကျွန်မရောက်တော့ ဆရာတော်က လေဆိပ်ဆင်း သွားပြီဖြစ်၍ မဖူးလိုက်ရတော့။

ဆရာတော်ထံမှ တယ်လီဖုန်းဝင်လာသည်။ သူလည်း ကျွန်မကို တွေ့ချင်သည်။ သို့သော် လေယာဉ်ချိန်သိပ်နီးနေလို့ လေဆိပ်သို့ ဆင်းသွားရကြောင်းနှင့်ကျွန်မ မြန်မာပြည်မပြန်ခင် တွေ့နိုင်အောင်ကြိုးစားမည်ဟု မိန့်ရှာသည်။ ကျွန်မမှာ ဆရာတော် ပေးသော လိပ်စာအတိုင်းတွေ့ရသည့် အိမ်လေးကိုသာ ကြည့်ပြီး စိတ်မကောင်းဖြစ်ရသည်။ ဆရာတော်အတွက် ယူလာသောလှူဖွယ် ဝတ္ထုများကိုတော့ ဂျာကာတာတွင်ထားခဲ့ရန် ဂေါပကများက ပြောပါသည်။ ဂျာကာတာမှ ဘန္ဒေဆုကေးမိုးကျောင်းသို့ ဆရာတော် ကြီး မကြာခဏ ကြွလာတတ်ကြောင်းပြောသည်။ မတတ်နိုင်၊ အနတ္တပဲလေ။ ဆရာတော်ကြီးသည် ဘုန်းကြီးကျောင်းတွင် သတင်းမသုံးဘဲ ဘာ့ကြောင့် ရပ်ကွက်က အိမ်လေးမှာသတင်းသုံးရ သနည်းဆိုတော့ လုံခြုံရေးအတွက်ဟုသာ အတိုချုပ်ဖြေသည်ကို



**ဘုရားဒါယကာ၊ ဘုရားဒါယိကာမနှင့် မြန်မာမှုပညာရှင် ၃ဦး**

ကြားရသည်။ သတင်းသုံးသည့်အိမ်မှာလည်း ပုံသေမဟုတ်၊ တစ်ည တစ်အိမ် အဆင်ပြေသလို ပြောင်းရသည်ဟုဆို၏။

ဆရာတော်ဘဒ္ဒန္တပညာဝရောသည် သီလသမာဓိဂုဏ်နှင့် ပြည့်စုံပြီး ဝိနည်းကိုလည်း လေးစားလိုက်နာတတ်ကာ ဘယ်အချိန်ပဲ ထိုင်ထိုင် ပုဆစ်ကလေးတုပ်၍ ထိုင်တတ်သည်။ ကြည်ညိုဖွယ် ကောင်းလှသော ဆရာတော်တစ်ပါးဖြစ်သည်။ ဆရာတော်၏ အသားအရည်မှာ ဝင်းဝါပြီး ဥပဓိရုပ်အလွန်ကောင်း၍ အမြဲပြုံး နေတတ်သည်။ တစ်ခါဖူးဖူးလျှင် ဘယ်တော့မှ မမေ့နိုင်သော ဆရာတော်တစ်ပါးဖြစ်သည်။ အင်္ဂလိပ်စာပေနှင့် စကားပြောလည်း အလွန်ကျွမ်းကျင်သည်။

ကျွန်မတို့လည်း မပြန်ခင်တော့ ဆရာတော်အား ဖူးရဦးမှာ ပါလေဟု မိမိကိုယ်မိမိ နှစ်သိမ့်ကာ မာလန်သို့ ခရီးဆက်ထွက်ခဲ့ကြ ပါသည်။

❐ ❐ ❐

# အခန်း(၁၀)
## ရွှေတိဂုံ(ပုံတူ)စေတီတော် တည်ထားမည့်မာလန်မြို့

ကျွန်မတို့ကားများသည် မာတွဒ်ကျောင်းမှ ထမင်းစားပြီး ထွက်ခဲ့ရာ ရွှေတိဂုံ(ပုံတူ)စေတီတော်တည်ထားကိုးကွယ်မည့် မာလန်သို့ ညနေ ၅ နာရီလောက်မှ ရောက်သည်။ ထိုနေ့ကမေလ ၂၁ ရက်ဖြစ်ပါ၏။ ရွှေတိဂုံဘုရား တည်ရန်ရွေးချယ်သည့် မာလန်မြို့သည် အင်ဒိုနီးရှားနိုင်ငံ၏ ဒုတိယမြို့တော် ဆူရာဗားရားမှ မိုင် ၇၀ ဝေးသောနေရာတွင်ရှိသည်။ တောင်ပေါ်မြို့လေးတစ်မြို့ဖြစ်သည်။ သမ္မတဆူကာနို မိသားစု၏ ဇာတိမြို့ဟုလည်းသိရသည်။

ဆူရာဗားရားမှ မာလန်သို့ရောက်ရန် ၂ နာရီခန့် ကားမောင်းရသည်။ လမ်းများကတော့အလွန်ကောင်းပါသည်။

အေးချမ်းသာယာသော ရှေးဟောင်းမြို့လေးတစ်မြို့ ဖြစ်သည်။ ဆူရာဗားရားမှသူဌေးများ အားလပ်ရက်များတွင် သွားရောက် အပန်းဖြေသော နေရာဟုလည်း သိရသည်။ မြန်မာပြည်မှာဆိုလျှင် ကျွန်မတို့မန္တလေးမြို့မှ ၄၂ မိုင်ခန့်ဝေးသော ပြင်ဦးလွင်ကဲ့သို့ မြို့လေးဖြစ်သည်။ မာလန်မြို့၏ပတ်ဝန်းကျင်တွင် ပန်းသီးခြံများ၊ လိမ္မော်ခြံ၊ ငှက်ပျောနှင့် အခြားသစ်သီးခြံ များစွာရှိသည်။ လမ်းဘေးတွင် ပြင်ဦးလွင်က အောင်ချမ်းသာလို လမ်းဘေးမှာ တဲလေးထိုးပြီး မိမိတို့ခြံထွက် သီးနှံများရောင်းသော ဆိုင်များလည်း တန်းစီပြီး ရှိနေပါသည်။ သစ်သီးဝယ်ယူသူများက ဆိုင်မှာစားလျှင် အမြည်းပေးသောကြောင့် အလကားစားရ၏။ ဘယ်ဆိုင်ရှေ့ သွားရပ်ရပ်အမြည်းကျွေး၏။ ကျွန်မတို့မန္တလေးက ထိုးမုန့်ဆိုင်တွေ နားသွားလျှင် ဈေးသည်တွေက ဝယ်သူကို အလုအယက် အမြည်း ကျွေးကြသလိုပင်ဖြစ်၏။ အာရှတိုက်သားတို့၏ ချစ်စရာဓလေ့ဟု ဆိုရပါမည်။

ကျွန်မတို့ ရန်ကုန်မြို့ကထွက်လျှင် မင်္ဂလာဒုံဘက်ရောက် သလို မာလန်မြို့ကိုဖြတ်သန်းပြီးသွားလျှင် မြို့ဆင်ခြေဖုံးလေးတွင် ဘတွဒ်(BATU) ဟူသောမင်္ဂလာဒုံလို မြို့နယ်လေးတစ်ခုရှိသေး၏။ ထိုဘတွဒ်မြို့လေးတွင် တောင်ပေါ်မြို့လေးပီပီ မြေပြင် မညီမညာ၊ ချိုင့်တဲ့နေရာ၊ ချောက်တဲ့နေရာ၊ မို့မောက်တဲ့နေရာ၊ စောက်တဲ့နေရာ များရှိကြသည်။ ကျွန်မတို့ဆီက တောင်ပေါ်မြို့လေးတွင် မညီညာ သောမျက်နှာပြင်မှာ အိမ်ကလေးတွေဆောက်ထားကြသလို နိမ့်တာနိမ့် မြင့်တာမြင့်နှင့် အလွန်မှ ကြည့်ကောင်း၏။ မင်္ဂလာဒုံကို ရန်ကုန်နှင့်တစ်သားတည်းမို့ ရန်ကုန်ဟုခေါ်နိုင်သလို ဘတွဒ်မှာ လည်း မာလန်နှင့် တစ်သားတည်းမို့ မာလန်နှင့် ဘတွဒ်ခွဲ၍ မရဘဲ တစ်သားတည်းဟု ဆိုနိုင်ပါသည်။ တကယ်တော့ ဘတွဒ်သည် မာလန်၏ဆင်ခြေဖုံးမြို့ကလေးဖြစ်၏။ မာလန်ကို ပြင်ဦးလွင်

နှင့်တူသည်ဟု ပုံခိုင်းရသော်လည်း ပြင်ဦးလွင်လို မြို့ငယ်လေးမဟုတ်ပါ။ မာလန်က မန္တလေးလောက်ကြီးသော မြို့ကြီးဖြစ်သည်။ ဈေးကြီးတွေ၊ စူပါမာကက်တွေအများအပြားရှိပါသည်။

ကျွန်မတို့ ရွှေတိဂုံ(ပုံတူ)စေတီတည်မည့် ဘတွဒ်မြို့မှာ ထေရဝါဒဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း ရှိပါသည်။ ထိုကျောင်းတွင် သက်တော် ၇၆ နှစ်ရှိ အင်ဒိုနီးရှားဗုဒ္ဓဘာသာ ဆရာတော်ကြီး ဘန္တေခန္တီပါရော သီတင်းသုံးသည်။ ထိုဆရာတော်ကြီး၏ ကျောင်းတွင် ရဟန်းသာမဏေ ၁၅ ပါး လောက်ရှိသည်။ ကျောင်းဝင်းအတွင်းတွင် ဓမ္မာရုံကလွဲ၍ ကျန်သောအဆောင်များမှာ သစ်သားနှင့်သာ ဆောက်လုပ်ထားပါသည်။ သိမ်တစ်ခုသာ အနည်းငယ်ကြီးပြီး ကျန်အဆောင်လေးများမှာ ရဟန်းနှစ်ပါး သို့မဟုတ် ယောဂီနှစ်ဦး နေထိုင်နိုင်ရုံ ကမ္မဋ္ဌာန်းကျောင်းလေးများဖြစ်သည်။ ကျောင်းမြေမှာ ဆယ်ဧကမျှရှိပြီး မညီညာသော မြေပြင်မှာတည်ဆောက်ထားရသောကြောင့် ကျောင်းအတွင်း တစ်နေရာမှ တစ်နေရာသို့သွားလျှင် တောင်ကုန်းလေးကိုလည်း တက်ရသည်။ ချိုင့်ဝှမ်းလေးကိုလည်း ဆင်းရသည်။ ကျောင်းဝင်းအဝင်မှ ဓမ္မာရုံအထိ မြေနေရာကတော့ အလွန် ပြန့်ပြန့်ပြူးပြူးရှိ၏။

ကျောင်းအမည်မှာ ဓမ္မဒီပအာရမ္မ DHAMMADIPA ARAMA ဖြစ်သည်။ ထိုဆရာတော်မှာ ယယ်စဉ်က သံရုံးအမှုထမ်းအဖြစ် တာဝန်ထမ်းဆောင်ဖူးသည်။ ဆရာတော်ကြီးမှာ မြန်မာပြည်တွင် တရားအားထုတ်ခဲ့သော အတွေ့အကြုံရှိပြီး တရားပြလျက်ရှိသည်။ မြန်မာနိုင်ငံကို အတော်သံယောဇဉ်ရှိသော ဆရာတော်ကြီးတစ်ပါးလည်းဖြစ်၏။ ဆရာတော်ကြီးသည် သီလသမာဓိနှင့်ပြည့်စုံရုံမျှမက ဝိနည်းကလည်း အလွန်ကျေ၊ သာသနာအတွက်လည်း အပင်ပန်းခံလွန်းသော တကယ့်ရှာမှရှား သာသနာ့အာဇာနည် ဆရာတော်တစ်ပါး ဖြစ်သည်။

ဆရာတော်၏ဂုဏ်ကျေးဇူးကို ချီးကျူးပူဇော်လျှင် ကျမ်းစာအုပ်တစ်အုပ် ဖြစ်ပါမည်။ သိပ်ရှည်ဝေးမည်စိုး၍ ဆရာတော်၏သီလသမာဓိကို ဤမျှလောက်နှင့်သာ ပူဇော်ရပါသည်။ ကိုဝင်းဖေတို့ကလည်း အင်ဒိုနီးရှားတွင် ရွှေတိဂုံ(ပုံတူ)စေတီတော်တည်လိုသည့်ဆန္ဒ ဖြစ်ပေါ်နေချိန်တွင် ဆရာတော်ကလည်း ဗောခေါ်ဗုဒ္ဓစေတီတော်ကြီး ပျက်စီးနေ၍ ကြည်ညို သပ္ပာယ်စွာစေတီတော်တစ်ဆူကို အင်ဒိုနီးရှားတွင်တည်လိုစိတ်ရှိချိန်ဖြစ်၍ ဦးဝင်းဖေတို့ ရွှေတိဂုံစေတီတော်တည်ရန် ကြိုးစားနေသည်ကို ခွင့်ပြုခဲ့ခြင်း ဖြစ်သည်။ ကျွန်မတို့ ရွှေတိဂုံ(ပုံတူ)တည်မည့်နေရာသည် မာလန်မြို့၏ ဘတူး (BATU)ဘုန်းတော်ကြီးကျောင်းတွင် ဖြစ်၏။

ကျွန်မတို့သည် ကျောင်းသို့ ရောက်လျှင်ရောက်ချင်း ပစ္စည်းတွေကို ကားပေါ်မှချကြသည်။ ဆရာတော်ဘန္တေခန္တီပါရော အားဖူးတွေ့ရ၏။ ချက်ချင်းပင် ဘုရားတည်မည့်ကိစ္စကို အဓိကထား၍ဆွေးနွေးကြသည်။ ဦးဝင်းဖေက မြန်မာပြည်ကပါလာသော ဌာပနာပစ္စည်းများ၊ ဓါတ်တော် မွေတော်များ၊ ဆင်းတုတော်များအားလုံးကို ရှင်းပြ၍ စာရင်းနှင့်တကွ ဆရာတော်လက်ထဲအပ်နှံလိုက်သည်။ ဆရာတော်နှင့်ဆွေးနွေးလျှောက်ထားခြင်း၊ မြန်မာပြည်မှပါလာသော ပစ္စည်းများအပ်နှံခြင်းကိစ္စများပြီးတော့ ည ၁၂ နာရီထိုးနေပြီဖြစ်၍ ကျွန်မတို့ အိပ်ရာဝင်ကြသည်။ ဆရာတော်ကျောင်းမှ ကျွန်မတို့တည်းခိုရသော ကမ္မဋ္ဌာန်းကျောင်းလေးသို့ အသွားတွင် တောင်ကုန်းလေးကိုတက်လိုက်၊ ချိုင့်ဝှမ်းလေးကို ပြန်ဆင်းလိုက်နှင့် သွားရသည်။ တစ်နေရာမှတစ်နေရာ အုတ်လမ်းကျဉ်းလေးကို ဆက်သွယ်ထားသည်ကို တွေ့ရသည်။

လမ်းတစ်ဖက်တစ်ချက်တွင် ယုဇနပန်းပင်လေးများကို ခပ်ထူထူလေးစိုက်ထားပြီး ညီနေအောင် ညှပ်ထားသည်။

လပြည့်နားနီးပြီဖြစ်သောကြောင့် လရောင်လေးကလည်းရှိ၊ လျှပ်စစ်မီးရောင်လည်းထွန်းထားသောကြောင့် ယုဇနပန်း ဖြူဖြူအပွင့်လေးများကို အတိုင်းသား တွေ့နေရသည်။ ယုဇနပန်းရနံ့တို့ဖြင့် သင်းပျံ့နေသော ဘုန်းတော်ကြီးကျောင်းဝန်းလေးသည် လရောင်အောက်တွင်အေးချမ်းစွာတည်ရှိနေသည်။ ထိုညချမ်း ခရီးမြင်ကွင်းလေးကို ကျွန်မ ယနေ့ထိ မမေ့နိုင်ပါ။ ယုဇနပင်များသာမက အခြားပန်းပင်များကိုစိုက်ထားသော်လည်း ထိုပန်းများကို သဲသဲကွဲကွဲမြင်ရခြင်းတော့ မရှိပါ။ ကျောင်းဝင်းအတွင်း ဖြတ်လာစဉ် ညတောင်မှ ဒါလောက်လှနေတာ နေ့ခင်းဆိုလျှင် ဘယ်လောက်များလှနေပါလိမ့်မလဲဟုလည်း တွေးကြည့်နေမိသည်။

ကျွန်မ သည်မနက်ကျမှ စောစောထပြီး တစ်ဝကြီး လျှောက်ကြည့်ဦးမည်ဟု စိတ်ထဲမှာတွေးရင်း အိပ်ရာဝင်ခဲ့ရသည်။ အိပ်ရာမဝင်မီ ဘုရားရှိခိုးအပြီး ကျောင်းစောင့်နတ်များနှင့် ကျောင်းပရိဝုဏ်ကို စောင့်ရှောက်ကြကုန်သော နတ်များ၊ ကွင်းပိုင်၊ နယ်ပိုင်တို့ကို မေတ္တာပို့ပါသည်။ ကျွန်မတို့ လာသည့်အဖွဲ့ကို စောင့်ရှောက်ကြပါရန် ပန်ကြားပြီး အိပ်လိုက်တော့သည်။

နံနက်မှာ မြန်မာပြည်က ဘုန်းတော်ကြီးကျောင်းတွေလိုပင် တုံးခေါက်သည်။ ကျွန်မလည်း တုံးခေါက်သံနှင့်အတူ အိပ်ရာမှထ၍ ရေမိုးချိုး ပြင်ဆင်ပြီး ကမ္မဋ္ဌာန်းကျောင်းလေးထဲမှ ထွက်လာပြီး ညက လရောင်ဖြင့်သာမြင်ရသော တောင်ကုန်းလေးပေါ်ကို ပြန်တက်လိုက်သည်။ လှလိုက်သည့်ဖြစ်ခြင်း။ နတ်ပြည်က နန္ဒဝန်ဥယျာဉ်ထဲ ရောက်နေသည့်အလား ထင်မှတ်မိ၏။ ရှိသမျှသောမြေတွင် ပန်းမျိုးစုံ အစီအရီစိုက်ထားသည့် ရောင်စုံ နှင်းဆီပန်းတွေကလည်း ငွါးငွါးစွင့်စွင့်၊ မြန်မာပြည်တွင် ကျွန်မမြင်ဖူးသော ပန်းများရော၊ မမြင်ဖူးသောပန်းများအပါအဝင် တရားရိပ်သာတစ်ခုလုံး ပန်းများနှင့်ဝေလို့။ သစ်ပင်တိုင်းမှာ သစ်ခွပန်းတွေရှိ၏။

သစ်ခွပင်တိုင်းမှာလည်း သစ်ခွပွင့်များနှင့်။ အပင်တိုင်းမှာ တညီတညာတည်းပွင့်နေကြသည်မှာ အစစ်မှ ဟုတ်ပါ့မလားဟု မသင်္ကာဖြစ်ကာ သွားကိုင်ကြည့်သည်။ အစစ်မှ တကယ့်အစစ် တွေပါ။ ကျွန်မတို့နိုင်ငံမှာ သိပ်ရှားသော သစ်ခွလိပ်ပြာများဖြစ်ပါသည်။ ကျွန်မ ဟိုကြည့် သည်ကြည့်နှင့် အံ့သြမဆုံး၊ ကြည်နူးမဆုံး ဖြစ်နေစဉ် ဦးဝင်းဖေက "အစ်မ မနက်စာ စားရအောင်၊ ဆရာတော် ကခေါ်ခိုင်းပါတယ်" ဆို၍တောင်ကုန်းလေးပေါ်တက်ခဲ့သည်။

အမြင့်ဆုံးနေရာ မရောက်ခင် ညာဘက်ချိုးလိုက်တော့ တောင်ထိပ်မှာရေကန်ကြီးနှင့်။ ရေကန်ကလည်းအတော်ကြီးပြီး ရေနက်ပုံရသည်။ ရေကန်ထဲမှာ ပွင့်နေကြသည့် ပဒုမ္မာကြာပွင့်ကြီးများ၊ အခြား ကြာနီ၊ ကြာညို တွေလည်း ကြိုကြားကြိုကြား ရှိသည်။ ကျွန်မ မအံ့သြဘဲ မနေနိုင်တော့ပါ။ ထိုရေကန်ကြီးအလယ်တွင် အဝိုင်းပုံအမိုးလေးနှင့် အကာမှာ ဒူးပိတ်ကလေးသာရှိသည့် ရေလယ်ဇရပ်ကလေးရှိသည်။ ဆရာတော်တွေ ဆွမ်းစားတဲ့ ဆွမ်းစားကျောင်းဟု ဆိုပါသည်။ ကျွန်မတို့တက်ခဲ့သော လမ်းလေးမှ ထို ရေလယ်ဇရပ်ထိ သစ်သားတံတားလေး ထိုးထားသည်။ ထိုတံတားလေးပေါ်မှတစ်ဆင့် ကျွန်မဇရပ်ပေါ်သို့ရောက်တော့ ဆရာတော်နှင့်တကွ သံဃာတော်များနှင့် ကိုရင်များ ဆွမ်းစား နေကြသည်။ ကျွန်မတို့ မာလန်မရောက်ခင် တစ်ပတ်လောက်က ကျောင်းတွင် ကိုရင်ဝတ်ပွဲရှိသည်ဆို၏။ ထူးခြားသည်မှာ အင်ဒိုနီးရှားနိုင်ငံတွင် ဒုလ္လဘရဟန်းခံပွဲ မရှိ။ အသက်ဘယ်မျှ ကြီးကြီး ကိုရင်ပဲ ဝတ်ရသည်။ ၁၉၉၆ ခုနှစ် သာသနာပိုင်ဆရာတော် ကြီး မြန်မာပြည်ကြွလာစဉ် အင်ဒိုနီရှားမှာ ကထိန်ခင်းချင်၍ သံဃာ အရည်အတွက် လျှောက်ထားကြည့်ရာ တစ်နိုင်ငံလုံး ၄၄ ပါးရှိသည် ဟုအမိန့်ရှိ၏။ အခုလည်း ၄၄ ပါးပင်။ သံဃာတစ်ပါးဖြစ်ဖို့ သတ်မှတ်သောအရည်အချင်းက တင်းကျပ်လွန်းသည်။ သတ်မှတ်

သည့်အရည်အချင်းပြည့်မီ၍ သက်န်းဝတ်လိုပါကလည်း ကိုရင်သာ ခွင့်ပြု၏။ ကိုရင်ဝတ်နှင့် ၃ နှစ်မှ ၅ နှစ်လောက်အထိ ရဟန်း၏ သိက္ခာပုဒ်ကို မသေမတိမ်းလိုက်နာပြီး အသက်ထက်ဆုံး ရဟန်း ဝတ်မည်ဖြစ်ပြီး ဂါတိမောက်အာရုံရမှ ရဟန်းတက်ပေးသည်။ ဒါကြောင့် သူတို့နိုင်ငံတွင် ရဟန်းအရည်အတွက် နည်းပါးခြင်း ဖြစ်ပါသည်။ အင်ဒိုနီးရှား၌ ကျွန်မ ဖူးဖူးသမျှ ရဟန်းတော်များမှာ အနေအထိုင်အပြောအဆို လှုပ်ရှားသည့် အမူအယာတို့မှာ တစ်ပုံစံတည်းဖြစ်နေသည်။ ကြည်ညိုဖွယ် ကောင်းလွန်းလှပါသည်။

❒ ❒ ❒

## အခန်း(၁၁)

## မူလဌာပနာ၁မသွင်းမိ အကြိုနေ့

အင်ဒိုနီးရှားအစားအစာမှာ အချိုနှင့်အစပ်များသည်။ ဘုန်းကြီးကျောင်းမှာ ဆွမ်းလာလောင်းလှူသူများက ပလတ်စတစ်အိတ်အထုပ်ကလေးများနှင့် ဆွမ်း၊ ဆွမ်းဟင်း လောင်းလှူပါသည်။ ဆရာတော်တွေ ဘုဉ်းပေးပြီးသည့်အခါ လူတွေအားလုံး စားကြသည်။ လင်ဗန်းထဲတွင် စုပေါင်းထည့်ထားသော ပလတ်စတစ်အိတ်လေးတွေဖွင့်ကြည့်၊ ကြိုက်ရင်စား၊ မကြိုက်ရင် ပြန်ထားလိုက်ရုံ။ မြန်မာပြည်မှလာသည့် ဧည့်သည်များအတွက်ကတော့ ရိပ်သာဝေယျာဝစ္စအဖွဲ့က သီးသန့်ချက်ပေးသည်။ စားစရာတွေက စုံလှပါသည်။ အင်ဒိုနီးရှားတွင် နေသားကျနေသည့် ဦးဝင်းဖေကတော့

မြိန်ရေရှက်ရေစား၏။ ကျွန်မကတော့ ခေါက်ဆွဲကြော်ထုပ်တွေကို ဖွင့်ပြီး ကျောင်းမှကြော်ပေးသည့် ကြက်သားကြော်နှင့် စားလိုက်သည်။ ကိုယ်နှင့် ယဉ်ပါးတဲ့အစာ စားတာ အန္တရာယ်အကင်းဆုံးပင်။ အချိုပွဲတွေကလည်း အမျိုးပေါင်း တစ်ရာကျော်ပါသည်။ နေ့တိုင်းပါသည့်စားစရာကတော့ ကျွန်မတို့မြန်မာပြည်က သီးမွှေးငှက်ပျော သီး အကြီးစားများကိုပြုတ်ပြီး ခါးနှင့်ပိုင်းထားသော ငှက်ပျောသီး ပြုတ်ဖြစ်၏။

နံနက်စာစားပြီးတော့ ဆရာတော်နှင့် ကျွန်မတို့အဖွဲ့ ဆွေးနွေးတိုင်ပင်ကြပြန်သည်။ မြန်မာပြည်မှ နိုင်ငံတော် သံဃ မဟာနာယက ဆရာတော်များ၏ ဩဝါဒအတိုင်း မူလဌာပနာ သွင်းခြင်းကိစ္စကို အင်ဒိုနီးရှားစံတော်ချိန် နံနက် ၇း၁၀ မိနစ် (မြန်မာစံတော်ချိန် နံနက် ၆း၃၀) ကဆုန်လပြည့် မေလ ၂၆ ရက်နေ့တွင် ကျင်းပကြရန် ပြင်ဆင်ကြသည်။ အစည်းအဝေး ပြီးလျှင်ပြီးချင်း မြန်မာမှုပညာရှင် သုံးဦးက မူလဌာပနာသွင်းမည့် နေရာကို ရွှေအုတ်ငွေအုတ် ပတ္တမြား အုတ်များ၊ ရတနာရွှေကြုတ်နှင့် ကမ္ဗည်းမော်ကွန်းကျောက်စာထားမည့် နေရာများကို စီစဉ်ရမည် ဆိုပြီး သူတို့၏ လက်နက်ကိရိယာ တန်ဆာပလာများယူပြီး ရွှေတိဂုံ(ပုံတူ)တည်မည့်နေရာသို့ ထွက်သွားကြသည်။

ကျွန်မတို့ဇနီးမောင်နှံကလည်း မြန်မာ့ရိုးရာထုံးတမ်းနှင့် အညီ ဆောင်ရွက်ရန်အတွက် ပြင်ဆင်ရသည်။ ဦးဝင်းဖေနှင့် ကျွန်မတို့အဖွဲ့က မြတ်စွာဘုရားနှင့် သိကြား၊ နတ်ဒေဝါ၊ ဗြဟ္မာများ၊ သာသနာတော်စောင့် နတ်များအတွက် ကန်တော့ပွဲပေးရန် ငှက်ပျောသီး၊ အုန်းသီး အဝယ်ထွက်ခဲ့ကြသည်။

ကျွန်မတို့သည် မာလန်မြို့ထဲသို့မသွားဘဲ ရိပ်သာ ကမ္မဌာန်းကျောင်းလေးမှ မိုင် ၂၀ ခန့်အကွာ တောဘက်သစ်သီးခြံ များရှေ့တဲလေးတွေ ထိုးရောင်းနေသည့် သစ်သီးတန်းကလေးရှိရာ

သို့ ထွက်ခဲ့ကြ၏။ သစ်သီးတန်းရောက်တော့ ဝယ်ဖို့လာတာက ငှက်ပျောသီး၊ ဟိုဆိုင်ကခေါ်ကျွေး၊ သည်ဆိုင်ကခေါ်ကျွေးနှင့် စားလိုက်ရသည်က ကျွန်မတို့အညာအခေါ် ကမွလာသီး၊ ရန်ကုန်အခေါ် ရှောက်ချိုသီး၊ လိမ္မော်သီးနှင့် အခြားသစ်သီးများ အစုံ ချကျွေးပါသည်။ ညှော်သည်က စားမည်မှန်း မစားမည်မှန်း မသိ၊ ဓါးထက်ထက်ကလေးတွေနှင့် လေးစိတ်စိတ်၊ ပန်းကန်ပြားထဲ ထည့်ပြီး ဇွတ်ကိုကျွေးတော့သည်။ အသီးများမှာ ပင်မှည့်များဖြစ်သည်။ လတ်ဆတ်လွန်း၍ အရည်ရွှမ်းလွန်းသောကြောင့် စားရင်း၊ ရင်ဘတ်ကို အရည်များမပေအောင် ရှေ့သို့ကုန်းပြီးစားရ၏။ ချိုမြိန်၍ အရသာရှိပုံကို ဘယ်လိုပြောရမှန်းပင် မသိတော့ပါ။

ဂျာကာတာမှ လိုက်လာသည့် ဘန်းဘန်းတို့အုပ်စုက ဂျာကာတာသို့ယူ၍ မိသားစုများစားရန်နှင့် လက်ဆောင်ပေးရန် အတွက်ဟုဆိုကာ သစ်သီးတွေကို အနည်းငယ်စီနှင့် ဆိုင်စေ့အောင် ဝယ်ယူကြ၏။ ကျွန်မကတော့ အကောင်းဆုံး ငှက်ပျောခိုင်များကို တစ်ခိုင်လျှင် အင်ဒိုနီးရှားငွေ တစ်သိန်းခွဲ (မြန်မာငွေတစ်သောင်းခွဲ) နှင့်ဆစ်၍ နှစ်ခိုင်ဝယ်သည်။ အုန်းသီးကတော့ ဆရာတော်က ကျောင်းဝင်းထဲက အပင်တွေကနေ အလုပ်သမားများအား ခုတ်ခိုင်းထားမည်ဟု ပြောသည်။ ကျွန်မတို့အုပ်စုမှာ သစ်သီးလတ်လတ်ဆတ်ဆတ်တွေ အလကားစားခဲ့ရ၍ တစ်လမ်းလုံး ကျေနပ်မဆုံး တပြုံးပြုံးနှင့် ပြန်ခဲ့ကြသည်။

ကျောင်းရောက်တော့ ငှက်ပြောဖီးတွေကို ဓမ္မာရုံနားလေးက ရေတိုင်နားတွင်ချပေးပြီး အားလုံးသော အမျိုးသားများမှာ နောက်တစ်နေ့တွင်ကျင်းပမည့် မူလ ဥပုသ်ဘနာသွင်းပွဲအတွက် လုပ်ဆောင်စရာရှိသည်ဆိုကာ ဘုရားတည်သည့်နေရာသို့ ထွက်သွားကြသည်။ ငှက်ပျောသီးပုံ အုန်းသီးပုံတွေကြားမှာ ကျွန်မ တစ်ယောက်တည်းသာရှိသည်။ ရိပ်သာမှ သီလရှင်များ၊ ယောဂီများ

ကတော့ တရားအားထုတ်နေကြသည်။ တရားဖြုတ်ချိန်တွင် စကြ်ံ အမှတ်ဖြင့် လမ်းလျှောက်နေကြသည်။ ဝိပဿနာတရားကို ရှိရှိ သေသေ မြတ်မြတ်နိုးနိုး အားထုတ်ကြသူများပီပီ စကြ်ံအမှတ်ကို မျက်စိမှ ရှေ့ ၁၀ ပေအကွာလောက်ကိုသာ ကြည့်ပြီး ရှုမှတ် နေကြသည်။ ငှက်ပျောသီးပုံကြီးက ကျွန်မကို ဘယ်သူမျှ စောင်းငဲ့၍ မကြည့်ကြပါ။

ကျွန်မလည်း ကန်တော့ပွဲပြင်ရန် ငှက်ပျောသီးများကို တစ်ဖီးချင်း ရေဆေးပြီး ဓမ္မာရုံထဲပို့ရန် စီမံရ၏။ သစ်သီးတွေ ဝယ်တုန်းက အမြည်းတွေစား ပီတိတွေပွားခဲ့သည်မှာ ကြာကြာ မခံပါ။ ငှက်ပျောတစ်ဖီးကို မကြည့်တော့ ကျွန်မ မမနိုင်ပါ။ ငှက်ပျောတစ်ဖီးကို ရေဆေးပြီး ဓမ္မာရုံထဲသွားပို့လျှင် ဆယ်ပေ အကွာကို တစ်ခါချနားရ၏။ ကျွန်မ အားအင်ချည့်နဲ့၍ မဟုတ်ပါ။ ငှက်ပျောတစ်ဖီး၏ ပုံစံကိုကြည့်ပါဦး၊ ငှက်ပျောသီးတစ်လုံးသည် တောင်ဆုပ်ခန့်ရှည်၏။ ငှက်ပျောသီးလုံးပတ်မှာ ကျွန်မတို့ဆီက ရွှေနီ ငှက်ပျောထွားထွားကြီးများ၏ လုံးပတ်မျိုးဖြစ်၏။ အလုံး အရေအတွက်မှာ တစ်ဖီးတွင် ၃၈ လုံး ပါ၏။ ကျွန်မ တစ်ဆက် တည်း မမသွားနိုင်တာကို အပြစ်မဆိုသာ။ တစ်သက်နှင့်တစ်ကိုယ် တစ်ခါမျှ မြင်ဖူးခြင်းမရှိသော ငှက်ပျောသီးမျိုးဖြစ်သည်။

ထိုငှက်ပျောသီး တစ်ဖီးလောက် မြန်မာပြည်ဖြုတ်ယူလာပြီး သစ်သီးဝလံ ပန်းမန်ပြိုင်ပွဲ ဝင်လိုက်ချင်တော့သည်။ ကူသယ်ခိုင်းရ အောင်လည်း အနားမှာ ဘယ်သူမှမရှိ။ တစ်ဖီးချင်း တဖြည်းဖြည်း ကြိုးစားသယ်ရသည်။ သစ်သီးတွေ အမြည်းကျွေးလို့စားတုန်း ကတော့ လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ တပြုံးပြုံးနှင့် ဘယ်သူ့ကိုမှ သတိမရခဲ့။ အခုလို ငှက်ပျောသီးသယ်ရ ခြေကုန်လက်ပန်းကျနေတော့ မြန်မာပြည်မှာ ကျွန်မအလှူလုပ်တိုင်း မညည်းမညူလာကူနေကျ ဓမ္မမိတ်ဆွေများ

၏မျက်နှာကို တစ်ယောက်ချင်း တစေ့စေ့တွေးပြီး တရေးရေး သတိရနေ၏။ ကန်တော့ပွဲအုပ်ကို မိမိတို့ရပ်ကွက် ဓမ္မာရုံကယူလာပြီး ကန်တော့ပွဲတွင် အလှုဆင်သည့်ပန်းကစပြီး မိမိစရိတ်ဖြင့် မိမိ ယူလာနေကျဖြစ်သော မန္တလေးမြို့ ရွှေလှုန်ရပ်က ဝေယျာဝစ္စ အဖွဲ့ကို ပိုပြီးသတိရနေတော့သည်။ အနီးကပ်ကူညီမည့် သူတစ်ယောက်တလေမှ ခေါ်မလာခဲ့သည်ကို ကျွန်မ နောင်တရ နေမိသည်။ မျက်ရည်များပင် လည်လာမိသည်။ အရေးထဲ ဦးဝင်းဖေက အုတ်ခဲ ၁၀၈ ခဲကိုရေဆေးပြီး မြန်မာပြည်ကယူလာ သည့် ရွှေရောင်ငွေရောင် အပြာ အနီ စက္ကူများဖြင့်ပတ်၍ ရွှေအုပ်ငွေအုပ် လုပ်ထားပေးပါဟု ဆိုသေးရဲ့။ ရွှေအုပ်ငွေအုပ် ပန္နက်ချတာ ရှစ်ခဲပဲကြားဖူးသည်။ သူ့လက်ထက်ကျမှ ၁၀၈ ခဲ ဖြစ်သွားသည်။ တကယ်တော့ သူရော ကျွန်မရော ဘာမျှ နားမလည် ရမ်းတုတ်နေကြခြင်းဖြစ်၏။ ကျွန်မ ငှက်ပျောသီးရေဆေးသည့် နားတွင် ဘယ်အချိန်က အုတ်ခဲ ၁၀၈ ခဲ ကြိုတင်ချထားမှန်း မသိ။

ထိုအချိန်တွင် ဘန်းဘန်း၏ညီလေး ကေဗင်က မယောင် မလည် လာကြည့်၏။ ကျွန်မလည်း ရသည့်အခွင့်အရေး အလွတ် မပေးဘဲ သူ့ကို ပလတ်စတစ်ဇလုံရှာခိုင်းပြီး ကန်တော့ပွဲတွေ စထိုး တော့သည်။ ဇလုံထဲ ငှက်ပျောသီးတွေ ခွဲထည့်လိုက်၊ လက်နဲ့ ထိန်းလိုက်၊ သူ့ကို အပေါ်ကအုန်းသီး ထည့်ခိုင်းလိုက်နှင့် ကျွန်မ လိုချင်သော ကန်တော့ပွဲအရေအတွက် ပြီးသွား၏။ သူကတော့ သူတစ်ခါမှမလုပ်ဖူးသော အလုပ်တစ်ခုကိုဝင်ကူလိုက်ရပြီး ကန်တော့ပွဲကို အထူးအဆန်းမြင်ရကာ ဘုရားလှူမည့် ပစ္စည်းတွေ ပဲ ဆိုသည့်အသိဖြင့် ပီတိတွေဖြာနေရှာ၏။

ကျွန်မလည်း ရေတိုင်နားမှာတွေ့သည့် သွားပွတ်တံလေးဖြင့် အုတ်ခဲ ၁၀၈ ခဲကို ဆက်၍ရေဆေးရပါသည်။ ထိုစဉ် မြန်မာပြည်က လို ယောဂီဝတ်စုံဖြင့် ယောဂီတဘက်ကလေးကို ကျကျနန

ပတ်ထားသော အနောက်နိုင်ငံသူဟုယူဆရသည့် အမျိုးသမီး တစ်ယောက် ကျွန်မနား ရောက်လာသည်။ ကျွန်မကို ဘာလုပ်နေတာလဲဟု အင်္ဂလိပ်လို ယဉ်ကျေးစွာမေး၏။ ကျွန်မလည်း မနက်ဖြန် အခမ်းအနားအတွက် ပြင်ဆင်နေတာပါဟု ပြန်ဖြေသည်။ ထိုအခါ သူက သူရောဝင်ကူညီလို့ ရပါသလားလို့မေးလာတော့ ကျွန်မလည်း ရေငတ်တုန်းရေတွင်းထဲကျသလို ဝမ်းသာသွားပြီး သူ့အကူအညီကို ဝမ်းမြောက်ဝမ်းသာ လက်ခံလိုက်တော့သည်။ ရေကန်သန့်ရှင်းရေးမှာသုံးသည့် သွားပွတ်တံတစ်ခုရှာယူပြီး အုတ်ခဲများကို ရေဆေး သန့်ရှင်းရေးလုပ်ပေးသည်။ ရေဆေးရင်း စကားပြောကြည့်သည့်အခါ ထိုမိန်းကလေးက သြစတြေးလျနိုင်ငံသူ ဖြစ်ကြောင်း သိရ၏။ ဆရာတော်၏ခွင့်ပြုချက်ဖြင့် တရားအားထုတ်ရင်း သည်ရိပ်သာအတွင်းရှိ ဗုဒ္ဓပြတိုက်နှင့် စာကြည့်တိုက်တို့တွင် စေတနာ့ဝန်ထမ်း တာဝန်မှူးအဖြစ် ထမ်းဆောင်နေသည်ဟု ဆို၏။ ထိုသို့လုပ်ဆောင်နေသည်မှာ ၅ နှစ်ခန့်ရှိပြီးဖြစ်ကြောင်းလည်း သိရသည်။ သူမက ကျွန်မတည်းခိုနေသည့် ကမ္ဘောဒီးယားကျောင်းလေး၏ အရှေ့ဘက်ကပ်လျက်က ကမ္ဘောဒီးယားကျောင်းလေး၌နေကြောင်းနှင့် ဆရာတော်ကလည်း ကျွန်မအား အကူအညီပေးရန် သူ့ကိုမှာထားကြောင်း၊ အကူအညီလိုလျှင် သူ့အားပြောရန် ပြောရှာပါသည်။ အုတ်ခဲများရေဆေးပြီးနောက် ကျွန်မက ရွှေအုတ် ငွေအုတ် ပတ္တမြားအုတ်စသည်ဖြင့် အုတ်ခဲရှစ်ခဲ လုပ်ထားလိုက်သည်။

တရော်ကင်ပွန်းအတွက် ရွှေတရော်ခေါင်းလျှော်ရည် တစ်ဘူး ဝယ်လာပြီး၊ နံ့သာဖြူ ကရမက်ကို မြန်မာပြည်မှာ ကတည်းက ကိုယ်တိုင်သွေးပြီး ယူလာခဲ့၏။ ကျန်အုတ်ခဲတစ်ရာကို တရော်ကင်ပွန်းရေဖြင့်ဆေးပြီး နံ့သာလေးဖြန်းပေးထားလိုက်သည်။ အားလုံးစီစဉ်ပြီးနောက် ကျွန်မလည်း ရွှေတိဂုံ(ပုံတူ)

စေတီတော်တည်မည့်နေရာသို့ သွားလိုက်သည်။ စေတီတော်တည်မည့်နေရာက ရိပ်သာ၏အနောက်မြောက်ထောင့်အရပ်မှာရှိသည်။ ဓမ္မာရုံရှေ့ကိုကျော်လိုက်သည်နှင့် လှေကား ၁၅ ထစ်ခန့် ဆင်းလိုက်လျှင် ချိုင့်ဝှမ်းလေးရှိသည်။ ဘုရားတည်မည့်နေရာ၏ ဘနဂ်နွေထောင့်မှာ လုံးပတ် အတော်ကြီးသော ညောင်ပင်ကြီးရှိ၏။ ထိုအပင်ကြီးသည် အရွက်များအုပ်ဆိုင်းနေသဖြင့် နေပြောက်မထိုးပါ။

ရွှေတိဂုံ(ပုံတူ)စေတီတော်တည်မည့် ပန္နက်ပုံမှာ ရန်ကုန်ကဘမ္ဘာအေးစေတီလို အဝိုင်းပုံဖြစ်၏။ အောက်ဆုံးထပ်တွင် အဝိုင်းပုံပတ်လမ်းဖြင့် တရားထိုင်ရန် အခန်း ၂၁ ခန်း ပါ၏။ ဒုတိယထပ်မှာ မုဒြာရှစ်မျိုးဖြင့် မန္တလေးလက်ရာ ကျောက်ဆင်းတု ရုပ်ပွါးတော်ရှစ်ဆူထား၍ ကိုးကွယ်မည်။ ထိုအထပ်နှစ်ခု၏ခေါင်မိုးပေါ်တွင်မှ ဘဏ်တော် ၇၅ ပေ ၆လက်မ မြင့်သော ရွှေတိဂုံ (ပုံတူ)စေတီတော်မြတ် တည်ထားမည်။ နှစ်ထပ်တိုက်၏ခေါင်မိုးပေါ်တွင် သည်မျှအမြင့်ရှိသော စေတီတော်တည်ထားလျှင် ခိုင်ပါ့မလားဟု ကျွန်မစိတ်ထဲတွင် တွေးနေမိသည်။ စေတီတော်ခိုင်ခံ့ရေးအတွက် လေးမီတာအရှည်ရှိသော တိုင်အလုံး ၄၀ကို ရိုက်သွင်းထားသည်ဟုဆို၍ ခိုင်ခံ့မှုအတွက် လုံလောက်သည်ဟု သိရ၏။ စေတီအောက်ခြေအကျယ်သည် ပတ်ပတ်လည် ၅၅ ပေရှိသည်။ မြေအောက်လှိုဏ်ထပ်သည် သုံးမီတာခွဲမြင့်သည်။ စေတီတော်၏သဏ္ဌာန်သည် ခေါင်းလောင်းမှောက်ထားသည့်ပုံစံဖြစ်၍ အောက်ဆုံးထပ်မှ အပေါ်ထပ်သို့တက်ရန် ကြောင်လိမ်လှေကားပါ၏။ ကျွန်မတို့ မူလဌာပနာ သွင်းရမည့်နေရာမှာ ဒုတိယထပ်၏ ခေါင်မိုးမျက်နှာပြင်ဖြစ်၏။

ကျွန်မလည်း မြန်မာပြည်ကယူလာသည့် ပေကြိုးဘူးလေးဖြင့် ဒုတိယထပ်မှာရှိသည့်အနေအထား မုဒြာရှစ်မျိုးရုပ်ပွါးတော်များ



မာလန်ရိပ်သာအတွင်း၌ ဘန္တေမန္တိဓါရော၊ သံအမတ်ကြီးနှင့် ဇနီး၊ စစ်သံမှူးနှင့်ဇနီးတို့ ထီးတင်ပွဲအပြီး တွေ့ရစဉ်

ပူဇော်မည့် အခန်းများကို တိုင်းထွာသည်။ ဦးဝင်းဖေ မြန်မာပြည်မှာ လာတုန်းက ပြောသည်နှင့် အားလုံး တလွဲချည်း ဖြစ်နေသည်။ ရုပ်ပွါးတော်ထားမည့် အခန်းမျက်နှာဝမှာ ၁၂ ပေ၊ အတွင်းဘက် ကိုးပေကျယ်သော ဇလားပုံ အခန်းများဖြစ်၏။ အခန်းဖွင့်လည်း ကျယ်ပြီး ခံ့ခံ့ညားညား ဖြစ်သည်။ စက်ဝိုင်းနှစ်ထပ်အကြား ဖွဲ့ထားသည့်အခန်းများဖြစ်၍ တစ်ဖက်ကျဉ်း တစ်ဖက်ကျယ် မျိုးဖြစ်သည်။ ဦးဝင်းဖေပြောသည်က ကျွန်မတို့မြန်မာပြည်မှာ ဗောဓိပင်ကိုပတ်၍ တည်ထားသည့် ဂြိုဟ်ပြေနံပြေ ရှစ်ထောင့် ပုံစံမျိုးဖြစ်၏။ ဦးဝင်းဖေအပြောနှင့် တကယ်လက်တွေ့ မြင်ရသည့်အခြေအနေက တခြားစီမှ တကယ့်ကိုတခြားစီ ဖြစ်နေပါ

တော့သည်။ အဆိုပါ ဒုတိယအထပ်ကို မြန်မာမှု အနုပညာ ပန်းဆယ်မျိုးဖြင့် တန်ဆာဆင်မည်။

ထို့နောက် ကျွန်မနှင့် ကျွန်မခင်ပွန်းတို့က ပြင်ဆင်ထားသည့် ကန်တော့ပွဲများကို ဘုရား၊ သိကြားနှင့် သာသနာစောင့်နတ်များထံ အပ်နှံသည်။ ပထမဌာပနာသွင်းရမည့် အချိန်သည် နောက်တစ်နေ့ မြန်မာပြည် စံတော်ချိန် ၆နာရီခွဲ ဖြစ်၏။ မာလန်စံတော်ချိန်နှင့် ဆိုပါက နံနက် ၇ နာရီ၁၀ မိနစ် ဖြစ်သည်။

ကျွန်မတို့လည်း နောက်တစ်နေ့ ဌာပနာသွင်းလုပ်ငန်း အနှောင့်အယှက်မရှိ ချောချောမွေ့မွေ့ပြီးမြောက်စေရန် ညဉ့်နက်သည်အထိ ဘုရားဝတ်တက် မေတ္တာပို့အမျှဝေပြီးမှ အိပ်ရာဝင်ကြပါ၏။

ကျွန်မတို့တည်းခိုသည့် ကမ္မဋ္ဌာန်းကျောင်းလေး၏ အနောက်ဘက် ကျောင်းဝန်းအပြင်တွင် ရေတံခွန်လို ချောင်းငယ်လေးတစ်ခုရှိရာ ယင်းချောင်းမှရေစီးသံကို အမြဲကြားနေရပါ၏။ ညဉ့်နက်လူခြေတိတ်လျှင် ပို၍ကြားရသည်။ ကျွန်မသည် ထိုနေ့ညနေကတော့ မူလဌာပနာသွင်းရေးကိစ္စကို စိတ်ကူးလျက် ရေတံခွန်မှရေသံကိုနားထောင်ရင်း မပျော်တစ်ဝက် ပျော်တစ်ဝက်နှင့် အိပ်မက်များမက်လိုက် နိုးလိုက်နှင့်ပင် နံနက်တုံးခေါက်သည် အထိဖြစ်သွားပါ၏။

❒ ❒ ❒

# အခန်း(၁၂)

## မူလ ဥပနာသွင်းသောနေ့

ကဆုန်လပြည့်နေ့ နံနက် ၄ နာရီကျော် ၅ နာရီလောက် ရှိမည်ဟု ထင်သည်။ တုံးခေါက်တော့ ကျွန်မနိုးလာသည်။ နိုးနိုးချင်း ရေမိုးချိုး မှန်ရှေ့တွင်အမြန်ပြင်ဆင်၍ အခန်းထဲရှိမုန့်လေးကို အဆာပြေစားပြီး ဘုရားရှိခိုးရပါသည်။ ကျွန်မတို့လုပ်မည့် ဘုရားတည်သည့်လုပ်ငန်း အနှောင့်အယှက် ကင်းပါစေ၊ ဘေးရန် ကင်းပါစေဟုဆုတောင်းကာ သမ္မာဒေဝ နတ်ကောင်း နတ်မြတ်များ၊ အိမ်စောင့်နတ်၊ ခြံစောင့်နတ်မှအစ သာသနာတော်စောင့်နတ်၊ ဗြဟ္မာမင်း၊ သိကြားမင်း၊ ယမမင်းတို့ကို တိုင်တည်အမျှဝေမေတ္တာ ပို့ကာ ရှိရှိသမျှ ဝေနေယျသတ္တဝါအပေါင်းအားလည်း မေတ္တာပို့

အမှုဝေမှုကိစ္စ အဝဝတို့ပြုလုပ်ရပါ၏။ ဘုရားရှိခိုးပြီးတော့ ကျွန်မသည် ရေလယ်ဆွမ်းစားဇရပ်သို့ မသွားဘဲ ဆရာတော်ကျောင်းဘက်သို့ ထွက်လာခဲ့ပါ၏။

ဒီနေ့ ကျွန်မတို့ မူလ ဌာပနာသွင်းသည့်လုပ်ငန်းကို လုပ်ဆောင်မည့်နေ့ ဖြစ်ပါသည်။ ရွှေတိဂုံ(ပုံတူ)စေတီတော် တည်ဆောက်ရေးအတွက် အရေးကြီးသောနေ့တစ်နေ့ဖြစ်ပါ၏။ ဒီလိုနေ့မျိုးတွင် အတိမ်းအစောင်း အမှားအယွင်းဟူ၍ ဘာတစ်ခုမှ မဖြစ်စေလိုပါ။ အိမ်ထောင်ပြု၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး၊ ဤသုံးမျိုး ချက်မပိုင်လျှင် နောင်ပြင်ရန်ခက်သည့်အမျိုးဟု စာချိုးရှိပါသည်။ အိမ်ထောင်ပြုခြင်းသည်လည်း နောင်ပြင်ရန်ခက်သည့်ကိစ္စ၊ ဆေးမင်ရည်စုတ်ထိုးသည့်ကိစ္စကလည်း အရေပြားပေါ်တွင် ပြင်၍မရ၊ အရေပြားကို လှီးပစ်မှပင်ရတော့မည်။ ယခုကိစ္စက ကျွန်မတို့ ဘုရားတည်နေခြင်းကိစ္စ ဖြစ်သည်။ ကိုယ်နိုင်ငံတွင် တည်နေခြင်းမဟုတ်၊ ဗုဒ္ဓဘာသာနိုင်ငံတော်တွင် ဘုရားတည်နေခြင်း မဟုတ်၊ သည်တော့ သတိထားမှဖြစ်မည်။

ဆရာတော့်ကျောင်းတွင် ဘုရားတည်ဆောက်ရေး၊ ဌာပနာသွင်းရေးနှင့်ပတ်သက်သော ပစ္စည်းအားလုံးကို သိမ်းဆည်းထားပါ၏။ ယင်းအထဲမှ ယနေ့လိုအပ်မည့် ပစ္စည်းများအားလုံးကို ရွေးထုတ်ပြီး ဆရာတော်ကျောင်းမှ မူလဌာပနာသွင်းမည့်နေရာသို့ ဆက်ထွက်ခဲ့၏။ မူလဌာပနာ သွင်းမည့်နေရာက ခေါင်မိုးထပ်တွင် ဖြစ်သည်။ ခေါင်မိုးထပ်သို့တက်ရန် လှေကားမရှိ။ ယာယီ ဝါးလှေကားတစ်စင်းကိုတော့ ဘုရားတည်မည့် ကိုမြလွင်တို့ လူသိုက်က ပြုလုပ်ထား၏။ ဝါးလှေကားဆို၍ ခပ်စောင်းစောင်း မထင်လိုက်ပါနှင့်။ ၉၀ ဒီဂရီ မတ်မတ်ထောင်ထား၍ တွယ်တက်ရ၏။ လှေကားကို ခိုင်ခိုင်ချည်ထား၍ တော်ပါသေးသည်။

ခေါင်မိုးပေါ်ရောက်တော့ မြန်မာနိုင်ငံကယူလာသည့် သာသနာ့ အလံများက တလူလူလွင့်နေ၍ ကျွန်မ အကျေနပ်ကြီး ကျေနပ်နေပါ၏။ အဆိုပါ သာသနာ့အလံများကို မန္တလေးမြို့ ရွှေလရောင်သက်န်းတိုက်မှ အန်တီညိုက ကုသိုလ်ပြုလိုက်ခြင်း ဖြစ်သည်။ သာသနာ့အလံလွှင့်နေသည်ကို ကျွန်မကြည့်နေမှန်းသိ၍ ကိုဇော်ဦးက" အန်တီ ကျွန်တော်တို့ မနေ့ညကတည်းက အလံ လွှင့်တင်ထားတာ" ဟုပြောလာသည်။

ကျွန်မက "ကျေးဇူးတင်ပါတယ်၊ သားတို့ရယ်"ဟု ကျေးဇူး စကား ပြောရသည်။ ကျွန်မ ဒီနေ့မနက်တော့ ပျော်ရွှင်ကြည်နူး နေသည်။ မပျော်ရွှင်ဘဲ ဘယ်မှာရှိပါမည်နည်း။ ကိုဇော်ဦး၊ ကိုမောင် မောင်ခင်၊ ကိုမြလွင်နှင့် ဦးဝင်းဖေတို့ပြင်ဆင်ထားသည့် အခမ်းအနားက မြန်မာပြည်က ဘာသာရေး အခမ်းအနားအတိုင်း ဖြစ်၏။ နံနက်ခင်းနေရောင်ကြောင့် လင်းလင်းကျင်းကျင်း လည်းရှိနေသည်။ အင်ဒိုနီးရှားနိုင်ငံ၏လေအေးနုနုလေးကလည်း ဝေ့ဝိုက်၍တိုက်ခတ်နေသည်။ ကျွန်မတို့ဘုရားတည်ထားမည့် ပတ်ဝန်းကျင် ကိုယ်တိုင်ကလည်း အလွန်မှသာယာလှပနေသည်။

ကျွန်မခင်ပွန်း ဦးဟန်ရှိန်နှင့် ဦးဝင်းဖေတို့ကို လှမ်းကြည့် လိုက်တော့လည်း သပ်သပ်ရပ်ရပ်ဝတ်စားထားပြီး တိုက်ပုံ၊ ခေါင်းပေါင်းတလူလူနှင့် ရှိသည်။ ခေါင်းပေါင်းတလူလူနှင့် ယှဉ်၍ရပ်နေသော ကျွန်မခင်ပွန်းနှင့် ဦးဝင်းဖေတို့ကို ယှဉ်ကြည့် လိုက်တော့ ကိုယ့်ငါးချဉ် ကိုယ်ချဉ်ရမည်ဆိုလျှင် ဦးဟန်ရှိန်ကများ ဦးဝင်းဖေထက် ပိုနုသလားဟုထင်ရ၏။ တကယ်တော့ မဟုတ်ပါ။

ကျွန်မက မူလဌာပနာသွင်းမည့် ရုပ်ပွါးတော်များကို ဂျပ်ပုံးမှ ဖွင့်၍ စားပွဲပေါ်တင်ထားသည်။ စားပွဲပေါ်တွင် မြတ်စွာဘုရား ရုပ်ပွါးတော်၊ ဗောဓိပင်၊ သိကြားပုံ၊ ဗြဟ္မာပုံ၊ သမ္မာဒေဝနတ် ကောင်းနတ်မြတ်တို့၏ ပုံတော်များ စသည်တို့ အစုံအညီ ရှိနေသည်။

ထိုရုပ်ပွါးတော်များကိုကြည့်၍ ကျွန်မရှေ့တွင် မြတ်စွာဘုရား ကိုယ်တော်တိုင်၊ နတ်သိကြားနှင့် ဗြဟ္မာမင်းကြီးတို့ ခြံရံလျက် ကြွရောက်နေသည့်အလား ခံစားကြည်ညိုနေမိ၏။

ကျွန်မ မည်မျှကြာကြာ ကြည်ညိုနေမိသည် မသိ၊ မင်္ဂလာ အချိန် ကျရောက်ပြီဖြစ်၍ ဦးဝင်းဖေက အခမ်းအနား စကြရအောင် ဟု သတိပေးမှ ပတ်ဝန်းကျင်ကို ပြန်၍သတိရမိပါသည်။ အစ ကတော့ ဘာမှမစဉ်းစားမိ၊ ယခုအခမ်းအနား စကြတော့မည်ဆို တော့မှ ကျွန်မ နည်းနည်း တုန်လှုပ်သွားပါသည်။ အင်ဒိုနီးရှားနိုင်ငံ တွင် ရွှေတိဂုံ(ပုံတူ)စေတီတော်မြတ်အတွက် မူလဌာပနာသွင်းမည့် အခမ်းအနား လုပ်ဆောင်ရာတွင် တကယ်တမ်း ပြေးကြည့်တော့ ဦးဆောင်မည့်သူမှာ ကျွန်မတို့ ဇနီးမောင်နှံနှင့် ဦးဝင်းဖေ၊ဒါပဲရှိသည်။

ဤစာအုပ်အစတွင် ကျွန်မရေးခဲ့သလို ကျွန်မသည် သာသနိက အဆောက်အအုံ ၂၄ခု ဆောက်လုပ်လှူဒါန်းခဲ့သည်မှာ အမှန်ဖြစ်သော်လည်း တစ်ခါမှ ဘုရားမတည်ခဲ့ဖူးပါ။ ကျွန်မကို ယခုအချိန်အထိ ကျောင်းအစ်မ ဟုခေါ်လျှင်ရသော်လည်း ဘုရား အစ်မ မမည်သေးပါ။ ထို့ကြောင့်ပင် ဌာပနာကို ဘယ်လိုသွင်းရမည်၊ ဘယ်လိုလုပ်ရမည်ကို ကျွန်မ မသိပါ။ အတွေ့အကြုံလည်း မရှိပါ။ လူကြီးတွေ ဌာပနာသွင်းတာ တီဗွီသတင်းထဲတွင် တွေ့ဖူးပါသည်။ လူကြီးများက ဌာပနာပစ္စည်းများကို တစ်ခုပြီးတစ်ခု သွတ်သွင်း ကြ၏။ ဘယ်ဟာကအလျင်၊ ဘယ်ဟာကနောက်မှန်း မသိ။ ဘယ်ဟာ ကို ဘယ်နေရာမှာထားပြီး ပူဇော်ရမည် မသိ။ မြန်မာပြည်မှာဆိုပါက အတွေ့အကြုံရှိသူ တစ်ဦးမဟုတ် တစ်ဦး ရှိသည်။ ယခုတော့ အရပ် ရှစ်မျက်နှာကို လှည့်ကြည့်မိပါသည် ကယ်မည့်သူ မရှိ၊ မူလဌာပနာ သွင်းခြင်း၌ အမှားအယွင်းရှိပါက မကောင်းပေ။

ကျွန်မသည် ဝိရိယ ကောင်းကောင်း သတိရှိရှိဖြင့် ယူ ဆောင်လာရမည့် ပစ္စည်းတစ်ခုမကျန် ပြည့်စုံစွာ ယူဆောင်

သာခဲ့လျက် ဥပုနာသွင်းမည့်ကိစ္စကို ကျွန်မ မမေးမမြန်းခဲ့သင်မကြားခဲ့မိသည်မှာ ကျွန်မအပြစ် ဖြစ်သည်။ ဥပုနာသွင်းမည့်နေရာတွင် ဥပုနာသွင်းချိန်ရောက်တော့မှ မြန်မာပြည်သို့ ဖုန်းဆက်မေးနေလို့လည်း မရတော့။ အခြေအနေကတော့ ခတတ်နိုင်တော့ပြီ။

အင်ဒိုနီးရှားနိုင်ငံမှ ဆရာတော်ကြီးများ ၊ သီလရှင်များ၊ ဂေါပက လူကြီးများ၊ ဗုဒ္ဓဘာသာဝင်များကတော့ ကျွန်မတို့ သုံးဦးသားကို အထင်ကြီးတစ်ခွဲသားနှင့် ဘာတွေများလုပ်မည်ကို ချက်စိမမှိတ်ဘဲ ကြည့်နေကြသည်။

မူလဥပုနာသွင်းမည့်အချိန် ရောက်လာပြီ။ ဆရာတော်ကြီး ဦးဆောင်၍ ဦးဟန်ရှိန်၊ ဦးဝင်းဖေနှင့် ဂေါပကလူကြီးများ၊ ဘန်းဘန်းတို့တစ်တွေက သတ်မှတ်နေရာအသီးသီးတွင် ရတနာအုတ်ကိုယ်စီကိုင်၍ ရပ်နေကြသည်။ ထို့နောက် သတ်မှတ်ချိန် ရောက်သည်နှင့် ရွှေအုတ်၊ငွေအုတ်၊ ပတ္တမြားအုတ်များကို သတ်မှတ်နေရာတွင် အုတ်မြစ်ချကြသည်။ ရတနာရွှေကြုတ်တွင် နဝရတ်ကိုးပါးနှင့် ကျွန်မ၏ လက်ဝတ်ရတနာများကိုထည့်ပြီး အလယ်ဗဟိုနေရာတွင် ထည့်သွင်းပါသည်။ ရတနာရွှေကြုတ်ထားရာအပေါ်မှ မြန်မာပြည်မှ ဦးဝင်းဖေပြုလုပ်လာသော မော်ကွန်းကမ္ပည်း ကျောက်ပြားကို ဖုံးလိုက်ပါသည်။ မြန်မာနိုင်ငံတွင် ဘုရားတစ်ဆူမျှပင် မတည်ဖူးသော ကျွန်မသည် အင်ဒိုနီးရှားရောက်မှ ကမ္ပည်းအတင်ခံနေရသည်ကို မလှုပ်မယှက် ကြည့်နေပါ၏။ အခမ်းအနားကို ဘယ်သူက ဦးဆောင်နေသည် မသိ။ ယခုအထိတော့ နတ်ကောင်းနတ်မြတ်၏ ဆောင်မမှုကြောင့် အလွန်ချောမွတ် အဆင်ပြေနေသည်။

ရွှေအုတ်ငွေအုတ်များနှင့်မော်ကွန်းကမ္ပည်းကျောက်ပြားပေါ်တွင် မနေ့တုန်းက မြန်မာမှုဗိသုကာပညာရှင် သုံးဦးပြုလုပ်ထားသော

အင်္ဂတေအပြားအဝိုင်းကြီးကို ဖုံးအုပ်လိုက်သည်။ ဆရာတော်ကြီးက ကျွန်မ အသင့်ဖျော်ပေးထားသော နံ့သာရည်များကို ဖျန်းပါသည်။ ယခုမှ မင်္ဂလာဒုံလေဆိပ်တွင် ထားရစ်ခဲ့ရသည့် သပြေပင်လေးများကိုပြေး၍ သတိရမိပါ၏။ သပြေဆိုသည်က ကျွန်မတို့လူမျိုး၏ အောင်အတိတ်၊ အောင်နိမိတ်၊ အောင်သပြေဟု ခေါ်၏။ သပြေခက်၊ သပြေပင်မရှိ၍ ကန်တော့ပွဲမှ နှင်းပန်းခက်ကလေးများကိုယူ၊ နံ့သာရည်ခွက်တွင် ထည့်ထားသောကြောင့် ဆရာတော်ကြီးက နှင်းပန်းခက်များနှင့် နံ့သာရည်ကို ပက်ဖျန်းလိုက်ပြီး သူတို့ထုံးစံအတိုင်း ဝါးလုံးလေးကို ထိပ်ကဖွာပြီး ကျွန်မတို့မြန်မပြည်က ဝါးတံမြက်စည်းအတိုနှင့်တူသော ဝါးခက်ဖြင့် နံ့သာရည်ဖျန်းပါသေးသည်။ ခင်းထားသော အင်္ဂတေအဝိုင်းပေါ်တွင် မူလဌာပနာ စတင်သွင်းကြပါတော့မည်။

သည်အထိတော့ ချောမွေ့လျက်ပါ။ ဘယ်သူက ဦးဆောင်နေသည် မသိ။ ကျွန်မတို့သုံးယောက်ကလည်း တွေ့ဖူးမြင်ဖူးသမျှ လုပ်ဆောင်နေကြသလို မြန်မာဗိသုကာပညာရှင် သုံးဦးကလည်း သူတို့၏အတွေ့အကြုံများနှင့် ဝင်ရောက်ဖြည့်ဆည်းကြပါသည်။

ထိုအချိန်တွင် မူလဌာပနာများ တင်ထားသည့်စားပွဲခုံနားတွင် ကျွန်မ ရပ်နေပါသည်။ ကျွန်မခင်ပွန်း ဦးဟန်ရှိန်နှင့် ဦးဝင်းဖေတို့က အင်္ဂတေ အဝိုင်းပြားကြီးအနားတွင် အသင့်အနေထားဖြင့် ဒူးထောက်လျက်ရှိပါသည်။ မြန်မာနိုင်ငံမှ ဆရာတော် ဦးသဒ္ဒိယ စီစဉ်ရေးသားထားသော အပြည်ပြည်ဆိုင်ရာ ပါဠိအသံထွက်ဖြင့် ရေးထားသည့်စာအုပ် ၅၀ ကို ဘဘဦးစန်းလွင်က ကျွန်မကို ပေးလိုက်ပါ၏။ ထိုစာအုပ်များကို ကျွန်မက ရောက်သည့်နေ့ကပင် ဆရာတော်အား ကြိုကပ်ထားပြီးဖြစ်၏။ ဆရာတော်ကလည်း အခြားဆရာတော်များနှင့် သီလရှင်များလက်သို့ ဖြန့်ဝေထား၍ စာအုပ်ရသူတိုင်းက ထိုစာအုပ်လေးများကို ကိုင်ထားကြသည်။

ဥာပနာသွင်းတော့မည်ကြဲတော့ ကျွန်မက စားပွဲပေါ် တင်ထားသည့် ရုပ်ပွါးတော်များကို ဘယ်ကဘယ်လို စကိုင်ရမှန်း မသိ၊ ထိုအချိန်တွင် ဦးဝင်းဖေက "အစ်မ ကျွန်တော့်ကို မြေပုံ အရင်ပေး" ဟု အော်ပြောပါသည်။ ဩော် ဘာမြေပုံလဲ။ အခုမှ အရေးထဲ မြေပုံတောင်းနေသည်ဟုဆိုကာ ဂျပ်ပုံးထဲတွင် ကျွန်မ ဟိုရှာသည်ရှာ လုပ်ရသည်။ ထိုအခါတွင်မှ ဂျပ်ပုံး အောက်ထပ်မှ တက်ထရွန် အဖြူခေါက်ကလေးကို သွားတွေ့ပါ၏။ သည် တက်ထရွန်အခေါက်ကို မြန်မာပြည်မှာရှိစဉ်က ကျွန်မ မတွေ့ဖူး။ သာသနာရေးဌာနက စီစဉ်ပေးလိုက်ဟန်တူသည်။တက်ထရွန် အခေါက်ကလေးကို စားပွဲပေါ်တွင် ဖြန့်ကြည့်တော့ ဥာပနာ သွင်းရမည့်ပုံစံကို နေရာနှင့် စာနှင့် စနစ်တကျရေးဆွဲကာ ဆေး အပြာနှင့် ရေးထားသည်ကို တွေ့လိုက်ရသည်။

တော်လိုက်သည့် သာသနာရေးဌာနက ပုဂ္ဂိုလ်တွေ။

ကျွန်မက တက်ထရွန်စကို ဦးဝင်းဖေအား ပေးလိုက်ပါ သည်။ ဦးဝင်းဖေနှင့်ဦးဟန်ရှိန်တို့က အဝိုင်းအင်္ဂတေပြားပေါ်တွင် ပိတ်စကို ခင်းကြပါပြီး ကျွန်မခင်ပွန်းက" မြရေ၊ ဗောဓိပင်ပေးလိုက် ပါ" ဟုတောင်း၏။ ဗောဓိပင်စပေးခြင်းသည် မှန်၏။ မြတ်စွာဘုရား ပုံတော်ကို ပထမတောင်းပါက သတင်းသုံးရန်နေရာမရှိ ဖြစ်မည်။ ဗောဓိပင်ထားပြီးမှ ဘုရားပုံတော်ယူလျှင် သတင်းသုံးရန် အသင့် နေရာရှိပြီး ဖြစ်မည်။ ထို့နောက် မြတ်စွာဘုရား ဆင်းတုတော်လည်း ပင့်ပေးလိုက်၏။

ဆက်၍ ဦးဟန်ရှိန်က " မြရေ၊ သိကြားမင်းပုံပေး၊ သိကြားမင်းပုံပေး" ဟုပြောရင်း သိကြားမင်းဆိုတာ ဦးခေါင်းက အချွန်အတော်များများနဲ့နော်ဟု အဆစ်ပါ ထည့်ပြောလိုက်ပါသေး ၏။ ဒါလောက်တော့ သိတာပေါ့။

မူလဥာပနာတော်သွင်းနေချိန်တွင် ဆရာတော်ကြီး ဘဒ္ဒန္တခတ္တိဓါရေနှင့် သီလရှင်များက ကျွန်မဝေထားသည့်စာအုပ်ထဲမှ

ဇယန္တောဗောဓိယံမူလေ အစရှိသောဂါထာကို တစ်ပုဒ်ပြီးတစ်ပုဒ် အထပ်ထပ်အပြန်ပြန် ရွတ်ဆို ပူဇော်နေကြကုန်၏။

ထပ်၍ ဦးဟန်ရှိန်က" နတ်မင်းကြီး လေးပါးပေးပါ" ဆို၍ ကျွန်မက ရွေးပြီးပေးလိုက်ပြန်သည်။ သည်လိုနှင့် ကျွန်မခင်ပွန်း ထံမှတောင်းသည့် အသံလည်းရပ်သွားရော ကျွန်မရှေ့ကစားပွဲပေါ် တင်ထားသော ဌာပနာ ပစ္စည်းများလည်း ကုန်သွားပါတော့သည်။

ကျွန်မ သက်ပြင်းချလိုက်ရပါ၏၊ လေးပင်စိုးရိမ်နေသော စိတ်များက မပျောက်သေး။ မူလဌာပနာသွင်းပြီးသည့်တိုင် စိတ်လေးပင်မှုကကျန်သေး၍ ကျွန်မ မူလက မည်မျှစိတ်ပူနေမည်ကို ခန့်မှန်း၍ရပါသည်။ မည်သို့ပင်ဖြစ်စေ ဘုရားတန်ခိုးတော်ကြောင့် ကျွန်မတို့ ကံကောင်းလှပါသည်။ ကျွန်မတို့တစ်တွေ ကျွမ်းကျင်မှု မရှိဘဲ လုပ်ဆောင်ခဲ့သည့်ကိစ္စ ကသောင်းကနင်း မဖြစ်ဘဲ ပြီးမြောက်သွားသည်ကို မည်သူမျှမရိပ်မိလိုက်ကြ။ သာဓုသုံးကြိမ် ခေါ်၍ အင်ဒိုနီးရှားနိုင်ငံတွင် ရွှေတိဂုံ(ပုံတူ) စေတီတော်မြတ် တည်ထားကိုးကွယ်သည့် မူလဌာပနာသွင်း အခမ်းအနား အောင်မြင်စွာ ပြီးဆုံးခဲ့ချေပြီ။ ကိုမောင်မောင်ခင်တို့ လူတိုက်ကတော့ မနေ့က ကျွန်မတို့ တရော်ကင်ပွန်းနှင့်ဆေးကာ အမွှေးနံ့သာများ ပက်ဖျန်းထားသည့် အုတ်ခဲတစ်ရာဖြင့် ဆောင်ရွက်ဖွယ်ရာကိစ္စများ ကို ဆက်လက်ဆောင်ရွက်နေကြဆဲ။

ကျွန်မတို့လည်း တစ်ယောက်ပြီးတစ်ယောက် တက်လာ သော ဝါးလှေကားအတိုင်း တွယ်၍ ပြန်ဆင်းခဲ့ကြပါသည်။

❒ ❒ ❒

## အခန်း(၁၃)
## မာလန်ဗုဒ္ဓပြတိုက်နှင့်အပြန်ခရီး

ဝါးလှေကားဖြင့် အောက်သို့တွယ်ဆင်းလာသောကျွန်မကို မနေ့ကတွေ့ခဲ့ရသော ဩစတြေးလျနိုင်ငံသူ ပြတိုက်မှူးက ကြိုနေပါ၏။ ဩစတြေးလျသူ ပြတိုက်မှူးက ကျွန်မအား မာလန်ဘုန်းတော်ကြီးကျောင်းအတွင်းရှိ ဗုဒ္ဓပြတိုက်ကို လိုက်ကြည့်ကြပါဟု ဖိတ်ခေါ် ၏။

ကျွန်မတို့ကလည်း အဓိကလုပ်ငန်းကြီး အောင်မြင်စွာ ပြီးသွားခဲ့ပြီ ဖြစ်၍ ပြတိုက်မှူးနှင့်လိုက်ကြည့်ရန် သဘောတူပါသည်။ ကျွန်မခင်ပွန်းနှင့် ဦးဝင်းဖေကတော့ အလယ်နှင့်အထက်ဌာပနာတိုက်များတွင် ထည့်သွင်း ပူဇော်မည့် ဓါတ်တော်များ ယာယီစံပယ်




မာလန်ဘုန်းတော်ကြီးကျောင်းရှိ ဗုဒ္ဓပြတိုက်အဝင်ပေါက်

ရန် ဗီရိုတစ်လုံး ထပ်လို၍ မာလန်မြို့ထဲသို့ သွား၍ဝယ်ရန် ထွက်သွားကြသည်။

မာလန်ဘုန်းတော်ကြီးကျောင်း ဗုဒ္ဓပြတိုက်ကလည်း ကြည့်ချင်စရာတွေချည်းဖြစ်သည်။ ပြတိုက်ကို ဥမင်လိုဏ်ခေါင်းပုံ ဆောက်ထားသည်။ အတွင်း၌ဖွဲ့စည်းထားသည်က ဝက်ပါပုံစံဖြစ်သည်။ ပြတိုက်အတွင်း၌ အစည်းအဝေးခန်းမလည်းရှိ၏။ အစည်းအဝေးခန်းမတွင် အင်ဒိုနီးရှားနိုင်ငံမှ ဆရာတော်ကြီးများ၏ပုံများကို အစီအရီချိတ်ဆွဲထား၏။ ထို့ပြင် မြန်မာ၊ ထိုင်း၊ အိန္ဒိယ၊ သီရိလင်္ကာ၊ လာအို၊ ကမ္ဘောဒီးယား၊ ဂျပန်၊ တရုတ်နိုင်ငံတို့နှင့်ပတ်သက်သော ဗုဒ္ဓဘာသာဆိုင်ရာများကိုလည်း တစ်ခန်းစီ တစ်ကန့်စီမြေပုံများ၊ ရုပ်လုံးများ၊ ဓါတ်ပုံများ၊ စာရွက်စာတမ်းများကို အစီအရီပြသထားသည်။

ပြခန်းအသီးသီးတွင် မြန်မာနိုင်ငံကပြခန်းက တော်တော်လေး သားနားသည်။ မြန်မာမှုတံကဲပလ္လင်နှင့် ကျောက်ဆင်းတုတစ်ဆူ၊ မြန်မာ ဘုန်းတော်ကြီးပုံ ပလာစတာရုပ်တုတော်၊ မြန်မာသင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ် တို့အပြင် မြန်မာသီလရှင် ပလာစတာရုပ်တု၊ မြန်မာသီလရှင် အဝတ်အစားများ စသည်ဖြင့် အတော်စုံလင်အောင် ပြသထားသည်။ ဦးလှဝင်း(USA)မှ လှူဒါန်းသည်ဟု ရေးသားထားသော သံဃာတော်များဆွမ်းခံနေသည့်ပုံကို ကြည့်လိုက်တော့ ကျွန်မ သိမ်ဆောက်လှူဒါန်းထားသော စစ်ကိုင်းတောင်ရိုးမှ ဟံသာဂီရိစာသင်တိုက်က ဆရာတော်များ ဆွမ်းခံနေသည့်ပုံနှင့် ကျောင်း၏ပုံ ဖြစ်နေသည်။ကြုံမှကြုံရပလေ။ နောက်ပြီး ယခုကျွန်မတို့ယူလာသော ပစ္စည်းများကိုလည်း ပြတိုက်အတွင်း၌ နေရာထား ပြသထားပါသေး၏။ ဓါတ်တော်များ ပင့်လာသော ယွန်းသေတ္တာကြီးကိုလည်း ပြတိုက်တွင် အမှတ်တရ ထားရှိ၏။ ထိုသေတ္တာကြီးပေါ်တွင် မြန်မာပြည်ကယူလာသော ဘဘဦးသုခ၏ အဖြူအမည်းဓါတ်ပုံကြီးကို ထားသည်။ ရှင်သီဝလိ



ဗုဒ္ဓပြတိုက်အတွင်းရှိ ကျွန်းဗီရိုလေးထဲမှ ဓါတ်တော်တိုက်

ကြေးဆင်းတုတော်တစ်ဆူကိုလည်း ဘုရား၏ညာဘက်တွင် သတင်းသုံးနေစေ၏။ နောက်ပြီး ကျွန်မတို့မိသားစု၏ကုသိုလ်ဖြစ်သော ရှေးမြန်မာဘုန်းတော်ကြီးကျောင်းပုံ ကျောက်ပန်းချီကားချပ်ကြီးကို ချိတ်ထားတာတွေ့ရတော့ ကျွန်မ အတော်ပျော်သွားသည်။ ဒါကြောင့် ဒီမိန်းကလေးက သူ့ပြတိုက်ကို ကျွန်မအား ပြချင်နေတာ ဖြစ်မည်။

သည်ပန်းချီကားတန်ဖိုးကား မသေးလှ။ ကျောက်များမှာ အမှုန်အမွှား မဟုတ်၊ လက်ဝတ်ရတနာလုပ်ဝတ်လို့ရသည့် အရွယ်များနှင့် ပန်းချီကားကို စီခြယ်ထားသည်။ သည်ပန်းချီကားကို

တွေ့စဉ်က လက်ရာမြောက်လွန်းလို့ နှစ်ခုအတူ မရှိနိုင်သည်ကို သတိထားမိသဖြင့် မဝယ်ဘဲမနေနိုင်၍ ဝယ်ယူလာခဲ့ခြင်းဖြစ်သည်။ ငြိမ်းငြိမ်းစံ ကျောက်မျက်ရတနာဆိုင်မှလည်း ကျွန်မလျှဒါန်းမည်ကို သိသဖြင့် ဈေးလျှော့ပေးရှာသည်။ အရင်းတောင် ကျမည်မထင်။ ကျေးဇူးအထူးတင်မိပါသည်။ နောက်ပြီး ကျမ ပုဂံကယူလာသည့် ယွန်းဆွမ်းအုပ်နှင့် အခြားယွန်းထည်ပစ္စည်းများ၊ မြန်မာ့ရွှေချည်ထိုး လက်ရာများကိုလည်း ပြသထားသောကြောင့် အားလုံးထဲတွင် မြန်မာနိုင်ငံ ဗုဒ္ဓဘာသာပြခန်းက အစုံလင်ဆုံး ဖြစ်သည်။ ပြတိုက်၏ ထိပ်ဆုံးခန်းတွင်လည်း ဆရာတော် ဝယ်လာသော ကျွန်းဗီရိုလေးကို ဓါတ်တော်တိုက် အဖြစ်ပူဇော်ကာ ကျွန်မတို့ ပင့်ဆောင်လာသော ဓါတ်တော်များ ကိန်းဝပ်စေပြီး ယာယီ ဓါတ်တော်တိုက်အဖြစ် ပြတိုက်၌ပင် ထားရှိပူဇော်ထားပါ၏။ ကပ်လျက်အခန်းတွင်တော့ ဆရာတော် ဘန္တေခန္တိဓါရော ရဟန်းအဖြစ်သို့ မရောက်မီက အသုံးပြုခဲ့သော အသုံးအဆောင်ပစ္စည်းများပြထားသည်။ ထိုအခန်းကလည်း ကြည့်ရတာ လွမ်းစရာကောင်း၏။ သည်ရိပ်သာကို ထူထောင်စဉ်က ဆရာတော်၏ ဒါယိကာမက သူ၏လက်ဝတ်လက်စားကလေးများရောင်း၍ ကုသိုလ်ပြုခဲ့ခြင်းအပေါ် ဆရာတော်က အသိအမှတ်ပြုသည့်အနေဖြင့် ဒါယိကာမ (ဆရာတော်လူ့ဘဝကဇနီး)၏ ဓါတ်ပုံအဟောင်းကိုလည်း ချိတ်ထားသည်။

ပြတိုက်မှာ ဝက်ပါကဲ့သို့ဖြစ်ပြီး ကျွန်မတို့သည် တောင်ခြေမှ စဝင်ခဲ့သည်။ ပြတိုက်ဆုံး၍ ထွက်ပေါက်မှ ထွက်လိုက်တော့ တောင်ပေါ်တက်သည့် လမ်းအလယ်လောက် ရောက်နေပါသည်။ ဆက်တက်သွားသည့်အခါ ၃၆ ပေခန့်ဉာဏ်တော်ရှိ လျောင်းတော်မူရုပ်ပွားတော်ကြီးဆီသို့ ရောက်သွား၏။ ရွှေဆေးသက်န်းကပ်ထားသည့်အပြင် ထုလုပ်ရာမှာ အချိုးအဆစ်ကျနလွန်းသဖြင့် အလွန်ပင် ကြည်ညိုဖွယ်ကောင်း၏။ အထက်သို့ဆက်တက်သည့်အခါ သစ်သားဖြင့်ဆောက်ထားသည့် သိမ်တော်ကြီးကိုတွေ့ရသည်။



မာလန်ဘုန်းတော်ကြီးကျောင်းရှိ ဗုဒ္ဓပြတိုက် အထွက်ပေါက်

သိမ်တော်ကြီးအထဲမှ ဗုဒ္ဓရုပ်ပွားတော်များကို ဖူးခဲ့ရပါသည်။ ရိပ်သာကြီးကို တောင်အပေါ်စီးမှကြည့်သည့်အခါ ဝဲယာအစွန်မှာ သစ်သားကမ္ဘဋ္ဌာန်း ကျောင်းလေးတွေ အစီအရီ၊ အလယ်တွင် တက်လာမည့်လမ်းကိုမျက်နှာမူပြီး လျှောင်းတော်မူနေတော်မူသော ဗုဒ္ဓရုပ်ပွါးတော်ကြီး၊ ရုပ်ပွါးတော်ကြီး၏ ရှေ့တည့်တည့်တွင် ကြာမျိုးငါးမည်နှင့် တင့်တယ်နေသည့် ရေကန်တော်ကြီး၊ ရေကန်ကြီး၏ အလယ်တွင် ရေလယ်ဆွမ်းစားဇရပ်၊ တောင်ခြေ၏ညာဘက်တွင် ရွှေတိဂုံ(ပုံတူ)စေတီတည်ရာနေရာဖြစ်၏။ သည်နေရာ၏ဘယ်ဘက်တွင် ဓမ္မာရုံ၊ ဓမ္မာရုံရှေ့မှ ဘယ်ဘက်သို့ချိုးကွေ့ပြီး ဆက်လျှောက်သွားလျှင် ဆရာတော်သတင်းသုံးသည့် အဆောင်ရှိ၏။ နောက်ပြီးတော့ ဗုဒ္ဓတက္ကသိုလ်ဟုခေါ်နေသည့် အခန်းငါးခန်းရှိ တစ်ထပ်တိုက်ကလေး၊ ထိုအဆောင်ကလေးထဲတွင် ဗုဒ္ဓစာပေများကို သင်ကြားသည်။ ထိုအဆောင်ကလေး၏မျက်နှာချင်းဆိုင်တွင် မျက်ခင်းစိမ်းစိမ်းနှင့် တစ်ဇကေခန့်ရှိ မြေကွက်လပ်ရှိသည်အလွန်လှပသည့်ကျောင်းတော်ဖြစ်သည်။ မြေခင်းအလှကို စနစ်တကျပြုလုပ်ထား၏။

ထိုနေ့က ကဆုန်လပြည့်နေ့ဖြစ်၍ ညနေဘက်တွင် ကဆုန်ညောင်ရေသွန်းပွဲလုပ်ရန် ပြင်ဆင်နေကြသည်။ အုန်းလက်အနုလေးများဖြင့် ပန်းအိုးပုံ ပန်းပုံဖော်နေကြသည်မှာ အလွန်ပင်လက်ရာမြောက်သည်။ ကျွန်မလည်း တစ်ခါမျှမမြင်ဖူးသောအနုပညာလက်ရာများဖြစ်၍ ဓါတ်ပုံရိုက်သည်။ ကျွန်မတို့ဆီက ငှက်ပျောဖက်နှင့် ကွမ်းတောင်၊ ပန်းတောင်ထိုးသည့်သဘောဖြစ်သည်။ သို့သော် သူတို့ကပို၍ လက်ရာမြောက်သည်ကိုတော့ ဝန်ခံရပါမည်။ ကျွန်မလည်း ပန်းအလှထိုးတာ ဝါသနာပါသူမို့ သူတို့နားမှာ ဝင်ထိုင်ကြည့်နေတော့ ပန်းပြင်သူများကလည်း သဘောကျ၍ မဆုံး၊ တပြုံးပြုံးနှင့် သူတို့ရဲ့လက်ရာများကို အားပေးလို့လေ။

ညနေပိုင်းတွင် ဒုတိယမြို့တော် ဆူရာဗားရား လေဆိပ် တိုးချဲ့ရာတွင် တာဝန်ထမ်းဆောင်နေသည့် ဦးဝင်းမြင့်သိန်းနှင့် ဇနီး ဒေါက်တာနှင်းနှင်းတင်၊ ဦးသန်းလွင်နှင့်ဦးတင်မိုးလွင်တို့၏ ဘိတ်ကြားချက်အရ ကျွန်မတို့ ဆူရာဗားရားသို့သွားလည်ကြ ပါသည်။ အဆိုပါလေဆိပ်တိုးချဲ့ ပြင်ဆင်ရန်အတွက် မြန်မာပြည်က အင်ဂျင်နီယာ ၃ဦးအား တာဝန်ပေးအပ်နှံခဲ့သည်မှာလည်း ဂုဏ်ယူဖွယ်ရာဖြစ်သည်။ ယခုဘုရားတည်ရာ၌လည်း အဆိုပါ အင်ဂျင်နီယာသုံးဦးက တစ်ပတ်တစ်ခါ မာလန်သို့တက်လာပြီး ဆရာတော်နှင့် မြန်မာမှုပညာရှင်သုံးဦးအကြား ဘာသာပြန်ပေးခြင်း၊ လိုအပ်သည်များကို ကူညီပေးခြင်းပြုလုပ်သည်။ ဘုရားတည်ရန် ပုံစံထုတ်၍ အစအဆုံး ဆောင်ရွက်သည်ကတော့ အမျိုးသမီး ဗိသုကာပညာရှင် မစ္စအီဘူး ရှယ်လီဖြစ်ပါသည်။ အင်ဒိုနီးရှားနိုင်ငံ၏ ထင်ရှားသော ဗိသုကာပညာရှင် ဖြစ်ကြောင်း ဦးဝင်းဖေပြောပြ၍ သိခဲ့ရပါသည်။ တကယ်လည်း တော်ပါသည်။

ဘုရားတည်ရန် ပန္နက်ရိုက်စဉ်က ဘုရားတည်မည့် အလယ် ဗဟိုချက်မနေရာမှ ရေသန့်များ ထွက်လာသည်။ ကြည်လင်သန့်ရှင်း အေးမြပြီး ရေအားအလွန်ကောင်း၍ သုံးမကုန်အောင်ဖြစ်သည်။ ဆရာတော်ကတော့ ဘုရားကပေးသည့် ရေစင်ဆိုပြီး ခုနစ်ရက် သားသမီးများ သောက်သုံးလျှင် အန္တရာယ်ကင်းသည်ဟု ဆိုကာ ပရိတ်ရည်အဖြစ် အသုံးပြုသည်။ ထိုပရိတ်ရည်မှာ လွန်စွာ အစွမ်း ထက်လှသဖြင့် ဘာသာခြားများ၊ လူမမာများပင် လာရောက် တောင်းယူ သောက်သုံးကြသည်။ ကျွန်မတို့ မန္တလေးရန်ကင်း တောင်နားရှိ မြကျောက်စေတီတော်နားမှထွက်သော မေတ္တာရေစင် ကဲ့သို့ပင်။

ရေမြေသဘာဝ ဘယ်လိုပင်ခြားနားပါစေ၊ မြတ်ဗုဒ္ဓ၏ အရိပ်အာဝါသ အေးမြနေပုံမှာ အတူတူပင် ဖြစ်ပါသည်။

အင်ဒိုနီးရှားရွှေတိဂုံ(ပုံတူ) စေတီတော် အလယ်ချက်မမှ မေတ္တာရေစင်ထွက်ရှိပုံ ထွက်ရှိနည်းသည် မြန်မာပြည်က မြကျောက်မေတ္တာရေစင်ထွက်ရှိပုံနှင့် တစ်ထပ်တည်းပင်။ မြကျောက်မေတ္တာရေစင်ကို မြကျောက်ဆရာတော်ကြီးက ခုနစ်ရက်သားသမီးများ သောက်သုံးခြင်းဖြင့် အန္တရာယ်ကင်းစေလို၍ အလိုရှိသမျှ အခမဲ့ပေးလှူနေသလို ဆရာတော် ဘန္တေခန္တိဓါရော ကလည်း အဆိုပါ မေတ္တာရေစင်ကို လူမျိုးဘာသာမရွေး ခုနစ်ရက်သားသမီးများအတွက် အခမဲ့ကုသိုလ် ပြုထားပါသည်။ ရိပ်သာကြီး တစ်ခုလုံးခြုံကြည့်လျှင် ထိုင်းနိုင်ငံ ချင်းမိုင်းမြို့အနီးက ပန်းဥယျာဉ်နှင့်တူသည်။ မြန်မာပြည်မှာ ရောင်းသည့် ထိုင်းပြက္ခဒိန် ကားချပ်ပုံထဲက ဥယျာဉ်ပုံစံလေးနှင့် ခပ်ဆင်ဆင်တူ၏။

နောက်တစ်နေ့ ၁၁ နာရီခန့်တွင် ကျွန်မတို့ကားသုံးစီးဖြင့် မာလန်မှ ပြန်လာခဲ့ကြရာ တစ်နေ့လုံး တစ်ညလုံး ကားမောင်းခဲ့ပြီးမှ ဂျာကာတာသို့ နောက်တစ်နေ့နံနက် ၁၂ နာရီခန့်တွင် ရောက်သည်။ အပြန်တွင်တော့ ကျွန်မတို့နှင့်ရင်းနှီးလိုသည့်ဆန္ဒဖြင့် ဂေါပကများက မီးမီးတို့အိမ်မှာ တည်းခိုဖို့ စီစဉ်ပေးသည်။ ထိုအချိန်တွင် ဆရာလေး ဒေါ်ခေမာနန္ဒီ(ဂျူးဂျူး)ကလည်း ဂျာကာတာရှိ သူ့တိုက်ကိုရောင်းပြီး မြန်မာပြည်တွင် သီလရှင်ဘဝဖြင့် တရားအားထုတ်တော့မည်ဆိုကာ အားလုံး စီစဉ်ပြီးဖြစ်နေသည်။ သူ တရားအားထုတ်ပြီး ပြန်လာလျှင် ဂျာကာတာမြို့မှ မိုင် ၅၀ခန့် အဝေးရှိ ပွင့်ချပ် အမည်ရှိ တောင်ပေါ်မြို့လေးတွင် ရိပ်သာဖွင့်၍ မြန်မာပြည်မှ ဆရာတော်များ အားပင့်ပြီး တရားပြစေမည်ဟုဆို၏။ ဂျူးဂျူးက ၎င်းသူငယ်ချင်းထံ၌လည်း သူပိုင် စိန်ရှစ်ပွင့် အပ်ထားခဲ့သည်။ ထိုစိန်များဖြင့် ပွင့်ချပ်တွင် ရိပ်သာဖွင့်ရန် တောင်ကုန်းလေး ဝယ်ယူဖို့ ရည်ရွယ်ထားသည်ဟုလည်း သိရသည်။

မီးမီးနှင့်မီးမီးတို့အိမ်မှ အလုပ်သမားကလေးမများက ကျွန်မတို့ ဇနီးမောင်နှံကို ညှော်ဝတ်ကျေပွန်စွာ ဂရုစိုက်ကြပါသည်။

ကလေးမလေးများကလည်း အင်ဒိုနီးရှား ထမင်းဟင်းများ ချက်ကျွေးသည်။ မီးမီးက ထန်းသီးမှည့်နှင့် ကိတ်မုန့်လုပ်ကျွေးပါသည်။ နောက်တစ်နေ့ နံနက်စာတွင်တော့ ဆရာလေး ဂျူးဂျူးက ကျွန်မတို့ကိုထမင်းကျွေးရန် ဖိတ်ကြားထားသည်ဆို၍ ကျွန်မတို့ နံနက် ၉ နာရီလောက်ကတည်းက ဂျူးဂျူးအိမ်သို့ သွားကြသည်။ တော်တော်ခမ်းနားသော တိုက်ကြီးဖြစ်သည်။ ဧည့်ခန်းတွင် ဂျူးဂျူးကိုယ်တိုင်ဆွဲထားသည့် ပန်းချီကားချပ်တွေကြည့်ပြီး သူ့အနုပညာကို ခန့်မှန်း၍ရသည်။ ဘက်စုံတော်လွန်းသော မိန်းကလေးကပါလား။ ကျွန်မတို့ ဧည့်ခန်းမှာထိုင်နေစဉ် အချိန်အတွင်းမှာပင် ဂျူးဂျူးအိမ်မှအိမ်ဖော်ကလေးများက ပလတ်စတစ်ခြင်းတောင်းကြီးနှင့် ပစ္စည်းတွေ သယ်သယ်ချသွားသည်ကို ကျွန်မ သတိထားမိသည်။ ကျွန်မတို့ပြန်ခါနီး ဂျူးဂျူးတို့ အိမ်ခန်းကို လှည့်ပတ်ကြည့်တော့ ခုနက ပလတ်စတစ် ခြင်းကြီးနှင့် သယ်သွားသည့်ပစ္စည်းများမှာ ဂျူးဂျူး၏ အဝတ်အစားများ၊ အသုံးအဆောင်များ၊ အရုံပေါင်းများစွာသော ဖိနပ်များကို အမှိုက်ပုံသွားပို့နေခြင်း ဖြစ်သည်ဟု သိရသည်။ အသစ်စက်စက် လေဒီရှူးများကလည်း မြောက်မြားစွာ၊ မီးဖိုချောင်သုံးပစ္စည်းများကလည်း အကောင်းစားတွေချည်း။ မြန်မာပြည်မှာ ကျွန်မ မသုံးရက်လို့ သိမ်းထားသည့် အိုးခွက်ပန်းကန် အမျိုးအစားတွေကို သူတို့က အမှိုက်ပုံသို့ ပို့နေသည်။ ဝမ်းနည်းဖွယ်ကောင်းစွ။ ဂျူးဂျူး၏အဝတ်အစားများနှင့် ဖိနပ်များကိုကြည့်ပြီး သူတစ်ပါး ပေးစာ ကမ်းစာလေးများဖြင့် ရပ်တည်နေရသည့် မန္တလေးဧရိပ်မွန်မှ မိဘမဲ့ သမီးလေးများ၏မျက်နှာကို ပြေးမြင်ယောင်မိပါသည်။ ကျွန်မတို့နိုင်ငံမှာဆိုလျှင် ဘယ်သူမျှ အမှိုက်ပုံမှာ သွားမပစ်။ မိဘမဲ့ဂေဟာသို့ သွားပို့ကြမည်သာ။ အိမ်ဖော်မိန်းကလေးကိုလည်း ဂျူးဂျူးက သူ့ သူငယ်ချင်းသူဌေးအိမ်သို့ ပို့ပေးထားခဲ့မည်ဖြစ်၍ ဆွေမျိုးသားချင်းမရှိသော အိမ်ဖော်လေးကလည်း နောက်သူဌေး

အိမ်ကို ဒါတွေ ယူသွားလို့ မဖြစ်။

နေ့လယ်စာကိုတော့ ဂျူးဂျူးလိုက်ကျွေးသည့် မြန်မာသံရုံးနားက ဘူးဖေးဆိုင်တွင် သွားစားကြသည်။ ဘူးဖေးဆိုသော်လည်း သားစိမ်းငါးစိမ်းနှင့် ပင်လယ်စာအစိမ်းများနှင့် ဟင်းရွက်မျိုးစုံကို ကိုယ်တိုင်ချက်စားရသည်။ စားပွဲပေါ်တွင် ဟော့ပေါ့တစ်အိုးနှင့် အကင်အတွက် စတီးလ်မီးဖိုလေးတစ်လုံး ချထားပေး၏။ ကိုယ်တိုင် ခလုတ်နှိပ်မီးမွှေးပြီး ပြုတ်စား၊ ကင်စား၊ချက်စား ကြရသည်။ ပြီးမှ အချိုပွဲအတွက် မုန့်မျိုးစုံ၊ သစ်သီးမျိုးစုံ၊ အအေးမျိုးစုံ သွားယူစား၍ ရသည်။ တစ်ဦးလျှင် မြန်မာငွေ ရှစ်ထောင်ကျပ်လောက်ကျ၏။

ဂျူးဂျူးနှင့်ကျွန်မတို့မှာ စင်ကာပူသို့ထွက်မည့်ရက်မှာ တူကြသော်လည်း ဝယ်ထားသည့်လေယာဉ်ခြင်းမတူ၍ သူ့လေယာဉ်က နံနက်ထွက်မည်။ ကျွန်မတို့က ညနေထွက်သည့် လေယာဉ် စီးကြမည်။ မြန်မာပြည်ကိုတော့ အတူပြန်ရန် ချိန်းထားကြသည်။ ဘန်းဘန်းက ထိုင်းလေကြောင်းလက်မှတ် ဝယ်ထားသည်ဆိုကာ ဘန်ကောက်မှ လှည့်လာမည်။ သူကလည်း မြန်မာပြည်တွင် တရားသွားအားထုတ်မည်ဟု ဆို၏။ တမင်တဖိုလ် မရမချင်း အင်ဒိုနီးရှားသို့ မပြန်ဟု ဘန်းဘန်းက ဆို၏။ ဒါနခန်းတွေဆက်ပြီး ရိပ်သာကိုမသွား တစ်ချက်၊ သွားတစ်ချက်၊ တရားရှုမှတ်လိုက်၊ ရိပ်သာက ထွက်လာလျှင် ယောင်ခြောက်ဆယ်လုပ်နေသော ကျွန်မနှင့်တော့ အကွာကြီးကွာပါသည်။ သူတို့ကြည့်ပြီးတော့လည်း ကိုယ့်ဘာသာကိုယ် ရှက်လာမိသည်။

ထိုနေ့ညနေတွင် ဦးဝင်းဖေက ကျွန်မတို့ဇနီးမောင်နှံကို သူ့အိမ်မှာ တစ်ညလိုက်အိပ်ရန် ဇွတ်ခေါ်သဖြင့် လိုက်အိပ်ခဲ့ရသည်။ အစ္စလာမ် ဘာသာဝင် အမျိုးသမီးနှင့်လက်ထပ်ယူထားရသဖြင့် ဇနီးအသိုင်းအဝိုင်းကြားမှာ နေရသောကြောင့် အရာရာကို ထောက်ထားသောအားဖြင့် သစ်သားဗီရိုအပေါ်ဆင့်တွင် ဗုဒ္ဓ

ရုပ်ပွါးတော်ကို အလုံပိတ်ကိုးကွယ်နေရရှာသော ဦးဝင်းဖေကို ကျွန်မ သနားမိသည်။ သည်လိုအခြေအနေမှာ ယခုလို သာသနာပြု စိတ်ဓါတ်ရှိသော မြန်မာလူငယ်တစ်ယောက်ကို တွေ့ရသည်မှာ အထူးပင် လေးစားချီးကျူးမိသည်။

နောက်တစ်နေ့ ညနေတွင် ကျွန်မတို့လည်း စင်ကာပူနိုင်ငံသို့ ပြန်လည် ထွက်ခွါလာကြသည်။ စင်ကာပူတွင် မချောတို့အိမ်မှာ တည်း၏။ ငယ်ကတည်းက အတူအိပ်အတူစား ကြီးပြင်းလာသော သူငယ်ချင်းမို့ စကားတွေလည်း ပြောမကုန်၊ မချောခင်ပွန်း ကိုအောင်ဝင်းကလည်း မချောနှင့်လက်မထပ်ခင်ကတည်းက သိကျွမ်းသူဖြစ်နေ၍ သိပ်မစိမ်းတော့။ မချောကကြိုတင် အကြောင်းကြားထားသဖြင့် အခြားသူငယ်ချင်းတွေလည်း လာတွေ့ကြသည်။ ကျွန်မက မချော၏ တယ်လီဖုန်းနံပါတ်ကို ပေးထား၍ ဂျူးဂျူးက ဖုန်းဆက်၏။ ကျွန်မနှင့်မြန်မာပြည်ကို အတူမပြန်နိုင်တော့။ စင်ကာပူတွင်နေသော သူ့အစ်မ ၏ခင်ပွန်း ရုတ်တရက် ဆုံးသွား၍ အသုဘကိစ္စပြီးမှ လိုက်လာမည်ဖြစ် ကြောင်း ပြောသည်။ နောက်တစ်ရက်တွင်တော့ ကျွန်မခင်ပွန်းက သူ့မျက်စိပြရန် ဒေါက်တာ အာသာလင်းနှင့် ချိန်းထားသဖြင့် ဆေးရုံသို့ထွက်ခဲ့ကြသည်။ ဆေးရုံသို့သွားခါနီး မချောက ခြုံပဝါလေး ခြုံပြီး ထွက်လာ၏။ “နွေခေါင်ခေါင်မှာ ဒါကဘာလုပ်တာလဲ”ဟု မေးတော့ ဆေးရုံမှာ အဲယားကွန်းတွေလွှတ်ထား၍ အရမ်းချမ်း သည်ဟု ဆိုပါ၏။ ထို့ကြောင့် စင်ကာပူနိုင်ငံက ဆေးရုံတွေသွားရင် အနွေးထည်(သို့)ခြုံထည်လေးတော့ ယူသွားရသည်ဟုပြောသဖြင့် ကျွန်မလည်း အနွေးထည်တစ်ထည် ယူခဲ့ရပါသည်။ ဟိုကျတော့ ဟိုအခန်းဝင် သည်အခန်းထွက် အကြာကြီးစစ်ရတော့ တကယ် လည်း ချမ်းလာ၍ အနွေးထည်ဝတ်ထားရသည်။ သွားလေရာ အိမ်ထောင်ကျရပါစေရဲ့ ဆိုတဲ့အတိုင်း စင်ကာပူမှာ သူငယ်ချင်းတွေ



ချမ်းမြေ့ဆရာတော်နှင့် ဘန္တေမန္တိုဓါရော

ပြန်ဆုံတော့ သွားကြ၊ လာကြ၊ စားကြ၊ သောက်ကြနှင့် ညစဉ် ည ၁၂ နာရီလောက်မှ အိမ်ပြန် ရောက်ကြသည်။ မချောတို့မောင်နှမ မိသားစုတွေကပင် ရှာတည်လောက်သည်။

စင်ကာပူတွင် သုံးရက်နေပြီးတော့ ကျွန်မတို့ မြန်မာပြည် ပြန်ခဲ့ပါသည်။ မြန်မာပြည်ပြန်ရောက်၍ အေးသွားပြီမထင်ပါနှင့် ဘုရားတည်မည့် ကိစ္စက အခုမှ စကြရတော့မှာ ဖြစ်၏။

❐ ❐ ❐

# အခန်း(၁၄)
# ပစ္စည်းတွေစုပြီး နောက်တစ်ခေါက် ထီးတော်တင်ဖို့

အင်ဒိုနီးရှားမှ ကျွန်မ ပြန်လာပြီးတော့ ရှေ့ဆက်ဘာလုပ်ရမည်၊ ဘာပစ္စည်းတွေလိုသည် ဆိုသည့်ကိစ္စများကို ပိုသိလာသည်။ ဦးဝင်းဖေ ယခင်ကပြောထားသည့် မုဒြာမျိုးစုံနှင့် ဆင်းတုတော်ရှစ်ဆူမှာ မူလ ဉာဏ်တော်အတိုင်းမဟုတ်၊ ပို၍ ဉာဏ်တော်မြင့်မှ တင့်တယ်မည်ဖြစ်၍ ဉာဏ်တော်ကို တိုးမြှင့်ဖို့ ပြောင်းလဲမှာရတာလည်း ရှိနေ၏။

အင်ဒိုနီးရှား အတွေ့အကြုံကို သာသနာရေးဝန်ကြီးဌာနမှ ပုဂ္ဂိုလ်များအားလုံးသိသာရန် ရှင်းပြပြောပြရသည်။ ဘဘဦးသုခထံသို့လည်း သွားရောက်ပြောပြရသည်။ ကျွန်မက အင်ဒိုနီးရှားတွင်

ကထိန်ခင်းမည် ဟုဆိုရာ ယခုဇွန်လဆိုတော့ အောက်တိုဘာလတွင် နောက်တစ်ခေါက်သွားဖို့ရှိရာ ဤကာလအတွင်း ပစ္စည်းတွေ အစုံအလင်ရဖို့၊ နိုင်ငံကူးလက်မှတ် လျှောက်ထားဖို့၊ ယခုအခေါက်တွင်အခြားလိုက်မည့်သူများ ရှိပါကလည်း ခေါ်သွားရမည်ဖြစ်ရာ ဘယ်သူဘယ်ဝါတွေလိုက်မည် စသည်တို့ကိုလည်း အကြောင်းကြား အသိပေးဖို့အတွက် ဘယ်အလုပ်ကို စကိုင်ရမှန်းမသိ။

ရွှေတိဂုံ(ပုံတူ)စေတီတော်တွင် ပူဇော်မည့် ဗုဒ္ဓရုပ်ပွါးတော်များက အရေးကြီးပေရာ ယင်းရုပ်ပွါးတော်များကိစ္စကို ပထမပြုလုပ်ရင်း တံကဲပလ္လင်များကလည်း အမြန်ရဖို့၊ လှလှပပ ဖြစ်ဖို့အတွက် တမ္ဗဝတီကို အခေါက်ခေါက်အခါခါ ပြေးရပြန်သည်။ ပါရမီအော်ဆယ်ပါး ရွှေချည်ထိုးအတွက် ဦးစိန်မြင့်ထံအပ်ထားရာ ဦးစိန်မြင့်အိမ်နှင့် ကျွန်မအိမ်က သိပ်မဝေးသောကြောင့် ခေါက်တုံ့ ခေါက်ပြန် သွားရပါသည်။ အောင်ခြင်းရှစ်ပါး ယွန်းပန်းချီကား ကိုတော့ ပုဂံမြင်းကပါရွာက ရွှေလရောင်နှင့်ချမ်းသာ ယွန်းထည်လုပ်ငန်းတွင် အပ်ထား၏။ စေတီရံ ၁၂ ဆူအနက် ၁၀ ဆူကို ကျွန်မတို့မန္တလေးမှ ဓမ္မမိတ်ဆွေများက လှူဒါန်းထား၏။ ယွန်းပန်းချီကားရှစ်ချပ် ကိုလည်း ကျွန်မနှင့်မိတ်ဆွေများက တစ်ချပ်စီလှူမည်ဟု ကတိပြုထားကြသည်။ အင်ဒိုနီးရှားတွင် ကျောက်ဆစ် (ပန်းတမော့) ပညာဖြင့် ပြုလုပ်ထားသော ဗုဒ္ဓရုပ်ပွါးတော်များ မရှိသေးသဖြင့် ဗုဒ္ဓရုပ်ပွါးတော်များများ ပင့်သွားမည်ဟု စိတ်ကူးထားသည်။ အင်ဒိုနီးရှားတွင် ဗုဒ္ဓရုပ်ပွါးတော်ဆိုလို့ ရှားရှားပါးပါး သာသနာပိုင် ဆရာတော်ကြီးကျောင်းတွင် မြန်မာနိုင်ငံမှ လှူထားသည်ဆိုသော မြန်မာမှုလက်ရာ ရုပ်ပွါးတော်ဘုရားနှစ်ဆူသာ တွေ့ဖူးခဲ့ပါသည်။

ကျွန်မသည် ၂၀၀၂ ဇွန်လဆန်းမှ စက်တင်ဘာလလယ် လောက်ထိ ကျောက်ဆစ်လုပ်ငန်း ပြေးလိုက်၊ ပန်းပုထုသည့် နေရာသွားလိုက်၊ ပုဂံဘက် ပြေးလိုက်၊ နိုင်ငံကူးလက်မှတ်

ကိစ္စအတွက် ရန်ကုန်ဆင်းလိုက်နှင့် လုံးလည် ချာလည်လိုက်နေပါ တော့သည်။ ဦးဝင်းဖေကလည်း ကျွန်မ ဂျာကာတာမှပြန်ပြီး နောက်တစ်ရက်တွင် စင်ကာပူသို့ပြန်လာပြီး အလုပ်ဝင်ရ၏။ သူ၏ ဇနီးနှင့် ကလေးကတော့ ဂျာကာတာတွင် နေသည်။ ထိုအတော အတွင်း သူကလည်း အင်ဒိုနီးရှားနိုင်ငံသို့ လုံးလုံး မပြန်ဖြစ်ပါ။

မာလန်ဆရာတော်ကြီး ဘန္တေခန္တိဓါရောနှင့် ကျွန်မရော ဦးဝင်းဖေတို့မှာ သုံးဦးသုံးဖလှယ် တယ်လီဖုန်းဖြင့်သာ ဆက်သွယ်ရ ၏။ သူတို့မှာသမျှ လိုသမျှ ပြည့်စုံစွာရအောင် ကျွန်မက မြန်မာပြည် မှ ဖြည့်ဆည်းရသည်။ ဒါမှလည်း ရွှေတိဂုံ(ပုံတူ)စေတီတော် ပြီးမြောက်နိုင်ပေမည်။ အခုတော့ မြန်မာပြည်မှပို့ရသော ပစ္စည်း ဟူသမျှအတွက် အားလုံးကို ကျွန်မက လှူပါမည်ဟု ကတိပြုပြီးဖြစ် သည်။ ပို့ရသည့်ပစ္စည်းများနှင့်စာလျှင် မတည်ထားသည့် သိန်းတစ်ရာက နံကြားပင် မစွတ်။

တစ်နေ့တွင်တော့ အင်ဒိုနီးရှားနှင့် စင်ကာပူမှ ဦးဝင်းဖေ၏ မိတ်ဆွေများက လက်ဝဲရံလက်ယာရံ ရဟန္တာနှစ်ဆူကို သူတို့ငွေနှင့် လှူလိုပါသည်ဆို၍ ကျွန်မစီစဉ်ရပြန်သည်။ ဗုဒ္ဓရုပ်ပွါးတော်များ ကိုတော့ ဦးသောင်းထွန်း(အောင်သီဟ) ကျောက်ဆစ်တွင် အပ်နှံ ပေးပါသည်။ နိုင်ငံခြားတွင် ပူဇော်မည်ဖြစ်၍ ကျောက်သားကောင်း ကောင်းမှ ဖြစ်မည်။ ကျွန်မမှာသော ဗုဒ္ဓရုပ်ပွါးတော်များ၊ ခြင်္သေ့ရုပ် များ၊ ရှင်သီဝလိ ရဟန္တာပုံတော်များသည် အရေအတွက်များလွန်း နေ၍ ရဟန္တာနှစ်ဆူ ထပ်ပူဇော်သည်ကို အောင်သီဟမှ အချိန်မီပြီး ရန် မတတ်နိုင်တော့ဟု ပြောသည်။ ကျွန်မက အချိန်မီရဖို့ ကျောက် ဆစ်တန်းသို့ နေ့စဉ်သွားကာ စောင့်ကြည့်ရ၏။ ထိုပြီးသား ရောင်း တန်းဈေးကွက်တွင် လက်ရာကောင်း လက်ရာသန့်ရဖို့က မလွယ်ပါ။ ပန်းတမော့ကျောက်ဆစ်မှ ကိုကိုတော် (ဦးတော်တော်)ကလည်း မင်းမြေ့ ကုန်းတော်ပေါ်တွင် တည်ထားသော အဘယ လာဘမုနိ

ကျောက်ဆင်းတုတော်ကြီးကို တစ်အိမ်သားလုံး သွားရောက်၍ အားသွန်ခွန်စိုက်လုပ်နေရသဖြင့် ကိုကိုတော်တို့မိသားစုကို အားကိုးဖို့ရာကလည်း မလွယ်ပါ။ အရေးကြုံခဲ့ပြီမို့ ကျွန်မလည်း မတတ်နိုင်ဘဲ ကိုကိုတော်၏သားအလတ် ကိုအောင်မျိုးသန့်ကို ရန်ကုန်မှ ပြန်ခေါ်ရသည်။ ကိုကိုတော်လည်း မန္တလေးမှာ ကိစ္စရှိ၍ ခေတ္တ ပြန်လာခိုက်နှင့်ကြုံသဖြင့် ကျွန်မ ကံကောင်း၏။ ကိုကိုတော့်ကို ဖြစ်ကြောင်းကုန်စင် ပြောပြရသည်။ ကျွန်မ အခက်တွေ့နေမှန်း သိသဖြင့် ကိုကိုတော်က လွန်ခဲ့သောနှစ်ပေါင်း ၅၀ နှစ်က သူ၏ဖခင် ကျောက်ဆစ်ဆရာကြီး ဦးမြိုင်ကိုယ်တိုင် ထုလုပ်ခဲ့သည့် ရဟန္တာ နှစ်ဆူ၏ပုံတော်ကို ဝှက်ထားရာမှ ထုတ်ပြ၏။ ဖခင်ကြီး၏ လက်ရာ မြောက်လွန်းသော ကျောက်ဆစ်ပညာဖြင့် ထုလုပ် ပူဇော်ထားသော ကြောင့် ဘယ်လောက်လာပေးပေး မရောင်းဘဲ ဝှက်ထားတာဟု ဆိုသည်။ ထို့ပြင် ဖခင်ကြီး၏ အခြား လက်ရာ ဉာဏ်တော် ၉ ပေ အမြင့်ရှိသော ဓမ္မစကြာပုံ ကျောက်ဆင်းတုရုပ်ပွါးတော် တစ်ဆူ လည်း ရှိသေး၏။ ရှေးလက်ရာဖြစ်၍ မုဒြာမှာ ယခုခေတ် ဓမ္မစကြာ ရုပ်ပွါးတော်များနှင့် မတူပါ။ လက်ရာ မြောက်လှပါသည်။ ကျွန်မက အကျိုးအကြောင်းရှင်းပြတော့ ကိုကိုတော်က စိတ်လျှော့၍ ဗုဒ္ဓ မြတ်စွာ သာသနာတော်အတွက် နိုင်ငံခြားမှာ ခဲရာခဲဆစ် သွား ရောက်ပူဇော်သည်ကိုသိ၍ "ငါ့နှမ ပင့်သွားပါတော့" ဆိုပြီး ဗုဒ္ဓ ရုပ်ပွါးတော်ကြီးရော ရဟန္တာနှစ်ဆူကိုပါ ကျွန်မ ပင့်သွားခွင့် ရရှိသွားသည်၊ တန်ဖိုးကိုတော့ မယူရှာပါ။ ကျွန်မက ဘဘကြီး အတွက် ကုသိုလ်ပြုဖို့ပါဟု ဇွတ်အတင်း ကန်တော့မှသာ လက်ခံရှာ သည်။ ကျွန်မအဖို့တော့ လူမစွမ်း၍ နတ်မခဲ့ပြီ။ ရဟန္တာနှစ်ဆူကို ဟိုရောက်မှပဲ အလှူရှင်ကမ္ပည်းထိုးတော့မည်ဆိုကာ ကျောက်ပြား အလွတ် နှစ်ချပ်ယူခဲ့သည်။ ရုပ်ပွါးတော်ကြီး၏ စမ္ပခန်တွင် ကျွန်မတို့ မိသားစုကောင်းမှုကို ကမ္ပည်းထိုးစေခဲ့ပါသည်။ ကျွန်မလည်း လှူရင်း

တန်းရင်း သဒ္ဒါပေါက်ပြီး၊ ရွှေတိဂုံ(ပုံတူ)စေတီတော်တွင် ကိုးကွယ်မည့် ရုပ်ပွားတော်များသာမက၊ အင်ဒိုနီးရှားနိုင်ငံရှိ အခြားထေရဝါဒ ဗုဒ္ဓဘာသာကျောင်းတော်များ၊ တရားရိပ်သာများအတွက်ပါ ရုပ်ပွားတော်နှင့် တံကဲပလ္လင်များ ထည့်သွင်းလှူဒါန်းလိုက်ပါတော့သည်။

သို့ဖြစ်၍ ရုပ်ပွါးတော်များအားလုံးစုစုပေါင်းမှာ ကိုးပေဘုရားကြီး အပါအဝင် ၂၃ ဆူဖြစ်သည်။ ကျွန်မက ၁၈ဆူ၊ ဦးဘုန်းမြင့်တို့ ဇနီးမောင်နှံက နှစ်ဆူ၊ ဦးပြည်စိုးနှင့် မခင်ဝင်းကြည်၊ ဗိုလ်မှူးကြီး စိန်တင်ဝင်းနှင့် ဒေါ်သင်းသင်းမြ (ရွှေနေချုပ်ရုံး)၊ ဦးအောင်ဆန်း ဝင်း-ဒေါ်ဝေဝေမမိနှင့်မဖူးတို့က တစ်ဆူလှူကြ၏။ ခြင်္သေ့က ၂ ကောင်၊ ရှင်သီဝလိ ရဟန္တာရုပ်ထုကြီးကတစ်ဆူ၊ အကျယ်ကိုးပေ အမြင့် ၁၃ပေရှိ တံကဲပလ္လင်က ၁၃စုံ၊ ၈ ပေ × ၄ ပေရှိ ယွန်းပန်းချီကားက ၈ချပ်၊ ဗုဒ္ဓဝင်ပန်းချီများ၊ ရွှေချည်ထိုးပစ္စည်းများနှင့်ဆိုလျှင် ဒီပစ္စည်းတွေ ရန်ကုန်ပို့ရန် ကျွန်မ ဆယ်ဘီးကားတစ်စီးငှားရပါတော့မည်။

အဆိုပါပစ္စည်းများ ရန်ကုန်ပို့သည့်နေက နံနက် ၇ နာရီမှစ၍ ကားပေါ်တင်ရာ ည ၁၁ နာရီမှ ပြီး၏။ ကိုးပေဗုဒ္ဓရုပ်ပွါးတော်ကို မရာတွင် ကရိန်းမငှားနိုင်၍ ချိန်းဘယ်လောက်နှင့်တင်ရ၏။ ၁၅ မိနစ်လောက်လှည့်မှ တစ်လက်မလောက်သာအပေါ်သို့ကြွ၏။ ထိုတစ်ဆူတည်းကို နံနက် ၇ နာရီမှတင်ရာနေ့လယ် ၂ နာရီမှ ပြီး၏။ ကျွန်မက အိမ်မှစားစရာများနှင့်ရေပုလင်းများထည့်လာပြီး အနားမှာထိုင်စောင့်ရင်း တင်နေသည့်သူများကို အားပေးရ၏။ ထမင်းကျွေးရ၏။ ညနေ ၃ နာရီလောက်တွင်မှ အောင်သီဟမှ ရုပ်ပွါးတော် ၂၂ ဆူ၊ ခြင်္သေ့ ၂ ကောင်နှင့် ရှင်သီဝလိ ရုပ်ပွါးတော်များကို ကားပေါ်ပင့်ရ၏။ တမ္ပဝတီမှ ပန်းပုတံကဲပလ္လင် ၁၃ လုံးကို ကားပေါ်စတင်တော့ ည ၇ နာရီ ဖြစ်၍

ည ၁၁ နာရီမှ အားလုံးတင်ပြီး၏။ ထိုနေ့က အလုပ်သမားစုစု ပေါင်း ၃၀ ရှိ၏။ ကားဂိတ်က အတင်အချ ကျွမ်းကျင်သည့် အလုပ်သမားမှ ၁၀ ယောက်သာပါသည်။ ကျန်သည့်သူများက ကျွန်မကိုခင်၍ လိုက်ကူကြသူများဖြစ်သည်။ မဟာဇေယျာဘုံ ရပ်ကွက်ထဲမှ ကလေးများ၊ ရွှေနေချုပ်ရုံးခွဲ (မန္တလေး)မှ ညစောင့်များ ဖြစ်ကြသည်။ ထိုနေ့က ညစာထမင်းကို ည ၁၀ နာရီမှ စားကြ ရသည်။

တရုတ်ဆိုင်မှာကျွေးသဖြင့် တရုတ်ဟင်းများစားရသော ကြောင့် ကလေးတွေလည်း ပျော်ကြသည်။ နိုင်ငံခြားတွင် ပူဇော်မည့် ဘုရားများဖြစ်၍ သူတို့လုပ်အားပေးရသည်ကိုပင် ကုသိုလ်ယူ၍ မဆုံး။ မောရမှန်း၊ ပန်းရမှန်းမသိ။ တနေကုန် တပြုံးပြုံးဖြင့်သာရှိ၍ ကျွန်မ ဝမ်းသာရပါသည်။ ကျွန်မလည်း အိမ်သို့ ည ၁၂ နာရီထိုးမှ ရောက်သည်။ သို့သော် ကျွန်မ ပင်ပန်းသည်ဟု မထင်ပါ။ ကျွန်မနှင့် အတူပါလာသည့် ခရိုင်ဥပဒေ အရာရှိကတော်များဖြစ်သော ကေသီနှင့် တင်တင်တို့ကလည်း ပျော်နေကြသည်။ ၁၀ ဘီးကား ကိုလည်း ပေါ်ပြူလာကားဂိတ်မှ ငါးသိန်းနှင့် ငှားရသည်။ ကား ဆရာကိုဝင်းမြင့်ကလည်း သဘောကကောင်း စိတ်လည်းရှည် သည်မို့ ထိုနေ့က အားလုံး အဆင်ပြေပါသည်။

နောက်တစ်နေ့ နံနက်စောစော ကိုဝင်းမြင့်ကား ထွက်သွား သည်။ တောင်ငူမှာ ညအိပ်မည်ဟုပြောသည်။ ကားထွက်ပြီး နောက်တစ်ရက်မှာ ကျွန်မဟ လေယာဉ်နှင့် ရန်ကုန်လိုက်သွားသည်။ မင်္ဂလာဒုံ လေယာဉ်ကွင်းမှ သာသနာတော် ထွန်းကားပြန့်ပွားရေး ရုံးသို့ တန်းသွားသည်။ ကိုဝင်းမြင့်က တောင်ငူတွင်မအိပ်ဘဲ တောက်လျှောက်မောင်းလာကာ ပဲခူးတိုင်းဥပဒေရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးမြွေးလွင်ဝင်းက ထောက်ကြံ့အထိ လိုက်ပို့သည်။ ထောက်ကြံ့မှ ကမ္ဘာအေးအထိ ကားကြီးများဝင်လျှင် ခက်ခဲမည်စိုး

၍ သာသနာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုးတို့အဖွဲ့က လမ်းမှသွားကြိုကြသည်။ ကျွန်မ သာသနာရေးရုံးထဲ ဝင်တော့ ကိုဝင်းမြင့်ကားလည်း ပစ္စည်းများချမည့် ဝိသာခါ တန်ဆောင်းအတွင်းသို့ ဝင်ရန် ကားနောက်ဆုတ်နေပြီး စက်ပင် မရပ်ရသေးပါ။ ဘုရားတန်ခိုးတော်ကြီးမားပုံမှာ ချိန်းထားရင်မှ လွဲဦးမည်။ ကားအဆိုက် ကျွန်မလည်းအရောက်မို့ သာသနာရေးရုံးက လူတွေက ဝိုင်းရယ်ကြသည်။ လမ်းမှာလည်း ဘာအစစ်အဆေးမှ မရှိခဲ့ပါဟု ဆိုသည်။ စစ်ဆေးခဲ့လျှင်လည်း သက်ဆိုင်ရာဂိတ်များသို့ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်နှင့် ကျွန်မ၏ ခင်ပွန်းတို့က အကျိုးအကြောင်း တင်ပြထားသည့် မေတ္တာရပ်ခံစာများ ကြိုတင်ရေးပေးထားပြီး ဖြစ်၏။ ကားအောက်ပိုင်း ဓါတ်ဆီတိုင်ကီ အပိုထည့်သည့်နေရာတွင် မီးသွေးအိတ် ဆယ်အိတ်လောက် တွေ့၏။ မေးကြည့်သည့်အခါ ကိုဝင်းမြင့်က ပျဉ်းမနားတောင်ကြားမှ ဝယ်ခဲ့တာဖြစ်ပြီး လမ်းမှဂိတ်တွေကိုပေးရအောင် ဝယ်လာခြင်း ဖြစ်သည်။ မပေးဖြစ်ခဲ့၍ သာသနာရေးရုံးမှကလေးများကို ခွဲဝေပေးနေလေတော့ ပို၍ ဝမ်းသာစရာဖြစ်၏။

ထိုနေ့က သာသနာတော် ထွန်းကားပြန့်ပွားရေးမှ ဝန်ထမ်းများက ပစ္စည်းများကို ဝိုင်းဝန်းချပေးကြသည်။ ကိုးပေ ဘုရားကြီး အပါအဝင် ကျောက်ဆင်းတုတော်များကိုတော့ ချရန်မလွယ်၍ သာကေတဆိပ်ကမ်းသို့ တိုက်ရိုက်ပို့လိုက်ရ၏။ သာကေတဆိပ်ကမ်းသို့ ဆရာဦးတင်မျိုးနှင့် ဦးသန်းဝင်းတို့လိုက်သွားကြသည်။ သာသနာရေးရုံး ဝိသာခါတန်ဆောင်းမှာချထားစဉ်တော့ ဘာဘ ညွှန်ချုပ် ဦးစန်းလွင်၏ဇနီး ဒေါ်ခင်စန်းမြနှင့် အစ်မကြီး ဒေါ်ခင်နွဲ့ဟန်ကြည်တို့က ကျွန်မကို ကူညီရန် လာစောင့်ပေးကြသည်။

ထိုသို့ ဝိသာခါတန်ဆောင်းတွင် ချထားရခြင်းမှာ သာကေတ ဆိပ်ကမ်းတွင် ကြိုတင်ပို့ထားပါက ပန်းချီကားများ၊ ကျွန်းပလ္လင်များ၊ ယွန်းထည်ပစ္စည်းများ ပျက်စီးကုန်မည်စိုး၍ သင်္ဘောတင်မည့်ရက်နီးမှ ကွန်တိန်နာထဲသို့ သွားထည့်မည်ဟု ညွှန်ချုပ်က စီစဉ်သဖြင့် သာသနာရေးရုံးဝန်းအတွင်း ချထားရခြင်းဖြစ်သည်။ လုပ်အားပေးကြသူများကို ကျွန်မက ရွှေမြိုင်သူ ထမင်းဆိုင်တွင် ထမင်းကျွေး၏။ မန္တလေးမှပါလာသည့် လက်ဖက်နှင့် မြင့်မြင့်ခင် လမုန့်တို့ကို ကျွေးတော့ လုပ်အားပေးသည့်ကလေးတွေလည်း ပျော်ကြသည်။ ကျွန်မကလည်း တင်ပေးလိုက်သည့်ပစ္စည်းများ အပျက်အစီး အနာအဆာမရှိဘဲ ရောက်လာသဖြင့် ဝမ်းသာပီတိ ဖြစ်ရ၏။

ရန်ကုန်တွင်ရှိနေစဉ် ကာလတွင်လည်း ကွန်တိန်နာထဲ ထည့်မည့် ပစ္စည်းတွေ လိုက်ဝယ်ရသည်။ ထီးတင်ပွဲ အခမ်းအနားတွင်သုံးရန် ကနက္ကဒဏ် ထီးဖြူအကြီးစား အလက်ငါးဆယ်လည်း ဝယ်လိုက်၏။ ရဟန်းကိုင်ယပ်တောင်များ၊ ရဟန်းဆောင်းထီးများလည်း ငါးဆယ်ခန့်ဝယ်ခဲ့ရသည်။ အင်ဒိုနီးရှားတွင် သံဃာ ၄၄ ပါးရှိသည်ဆိုသဖြင့် အလက် (၅၀) ဝယ်ခဲ့ခြင်း ဖြစ်သည်။ ဦးဘအုန်း ဖိနပ်ကတော့ အော်ဒါမှာထားသည်မှာ မရသေး၍ ထားခဲ့ရသည်။ ဆင်းတုတော်များကို အသားသေတ္တာဖြင့် ရိုက်မထည့်ခင် မန္တလေးမှာကတည်းက ဓါတ်ပုံများရိုက်၍ ကြိုတင်ပို့ထားသည်။ ဘာသာ ညွှန်ချုပ် ဦးစန်းလွင်၏အစီအစဉ်ဖြင့် လက်ထောက် ညွှန်ကြားရေးမှူး ဦးကြည်လွင်က ဓါတ်ပုံများပြကာ ရှေးဟောင်းသုတေသနနှင့် အခြားခွင့်ပြုချက်ယူရန်ရှိသော ဌာနများတွင် ကြိုတင်ခွင့်ပြုချက်များ ယူထားပြီးဖြစ်၍ အဆင်ပြေသည်။

သင်္ဘောတင်ရန် ရက်ချိန်းရသည့်နေ့တွင် ကျွန်မ မန္တလေးမှ သယ်ယူခဲ့သည့် ဝိသာခါ တန်ဆောင်းအတွင်းထားရှိသော ပစ္စည်းများ အပြင်၊ ဘွဲ့နှင်းဓမ္မာရုံထဲရှိ သာသနာရေးဌာနမှ စီစဉ်ပေးသည့်

ရွှေထီးတော်ကြီးနှင့် ပတ္တမြားမျက်ရှင်ဘုရား၊ အလှူရှင်ကမ္ပည်း ကျောက်စာချပ်များနှင့် ကျွန်မ ဝယ်ယူခဲ့သော လှူဖွယ်ပစ္စည်းများစွာ တို့ကို ကမ္ဘာအေးကုန်းမြေမှ သာကေတ ဆိပ်ကမ်းသို့ သယ်ကြ၏။ ကျွန်မကတော့ ဂျာကာတာ၊ ဘော်ဂိုး၊ ပွင့်ချပ်၊ ဆူရာဗားရား၊ ဂျော့ဂျာကာတာ၊ မာလန်နှင့် ဘာလီကိုပို့မည့် ပစ္စည်းများကို အမှတ်အသားပြု၍ ခွဲခြားကာ ထုပ်ပိုးထားသည့် သစ်သားဘောင် များတွင် လိုက်ရေးနေ၏။ သာကေတ ဆိပ်ကမ်းတွင် အစ်မကြီး ဒေါ်ခင်နွဲ့ဟန်ကြည်၊ ကျွန်မနှင့် ဦးသန်းဝင်းတို့က ကွန်တိန်နာထဲ အရောက် ကြီးကြပ်ကာ တင်ကြသည်။ ကိုးပေရုပ်ပွားတော်ကြီး ကိုတော့ ဘာလီကျွန်းမှာ ပူဇော်မည်ဟု ကျွန်မက တင်ပြတော့ ညွှန်ချုပ်ကလည်း သဘောတူ၏။ နိုင်ငံခြားသားတွေ အရောက်များ သည့်နေရာဖြစ်၍ မြန်မာ့လက်မှုပညာဖြင့် ပြုလုပ်ပူဇော်ထားသော ရုပ်ပွားတော်ကြီးကို ထားရှိလိုခြင်း ဖြစ်သည်။

ပစ္စည်းတွေကို ပွတ်သိပ်ကျပ်ညပ်အောင်ထည့်သည့်တိုင် ကွန်တိန်နာ ၃ လုံးအထိ ထည့်ရသည်။ ကျောက်ဆစ်ရုပ်ပွားတော် များကို အောက်ဆုံးမှထား၍ အပေါ်မှ ပလ္လင်တွေတင်သည်။ ပလ္လင်တစ်လုံးလျှင် အသားသေတ္တာ ငါးလုံး၊ ပလ္လင် ၁၃ လုံးဖြစ်သော ကြောင့် သေတ္တာက အလုံး ၆၀ ကျော် ဖြစ်သည်။ ထိုအပေါ်မှ စောင်များပတ်၍ အသားသေတ္တာရိုက်ထားသည့် ၈ ပေ × ၄ ပေ ယွန်းပန်းချီကားများ၊ ယင်းအပေါ်မှ တစ်ဆင့် ကနက္ကဒဏ်ထီး နှင့် အခြားလှူဖွယ်များ ဘယ်နားမှ နေရာလပ်မရှိအောင် ထည့်ရ၏။ ပလ္လင်ကိုလည်း ဆင်ပုံဆင်နည်း အသေးစိပ်ရေးပြီး တစ်လုံးကို အပြီး ဆင်၍ ဓါတ်ပုံရိုက်ကာ ဆရာတော်ထံသို့ ပို့ထားပြီး ဖြစ်သည်။ ပြည့်စုံအောင် လုပ်ရခြင်းဖြစ်သည်။ တကယ်တော့ စိုးရိမ်စရာမရှိပါ။ မြန်မာမှုပညာရှင် ကိုမြလွင်တို့အဖွဲ့ရှိနေတော့ ပလ္လင်ဆင်ရာမှာ အခက်အခဲရှိမည် မဟုတ်။ ရန်ကုန်ဆိပ်ကမ်းမှ သင်္ဘောထွက်ပြီး

နောက် ကျွန်မလည်း မန္တလေးသို့ ပြန်လာခဲ့တော့သည်။ လုပ်အားဒါနပြုခဲ့ကြသော သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိများ၊ ဝန်ထမ်းများ၏ ကျေးဇူးကို ကျွန်မ တစ်သက်မမေ့နိုင်ပါ။ လုပ်အားဒါန လှူဒါန်းခြင်းသည် ငွေကြေးဖြင့် လှူဒါန်းသည်ထက်ပင် ပို၍ မွန်မြတ်လှပါသည်။ မိမိတို့၏ ဉာဏစွမ်းအား၊ ကာယစွမ်းအားကို ကိုယ်ရောစိတ်ပါ တက်ကြွစွာ ပါဝင်လှူဒါန်းသည့် ကုသိုလ်ဖြစ်သည်။ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် သူရအောင်ကိုကလည်း လိုလေသေးမရှိအောင် ကျွန်မတို့ကို ကူညီရှာသည်။ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောကလည်း အခမဲ့ ပို့ပေးပါသည်။

ရန်ကုန်မှ မန္တလေးသို့ပြန်ရောက်တော့ ကျွန်မ နားရမည် မထင်ပါနှင့်။ အင်ဒိုနီးရှားကို တစ်ခေါက်ပြန်ထွက်ရန်အတွက် စီစဉ်ရပြန်ပါသည်။ ကျွန်မ၏ ဓမ္မမိတ်ဆွေဖြစ်သော စေတီရံ အလှူရှင်များ၊ ယွန်းပန်းချီကား အလှူရှင်များ၊ ပတ္တမြားမျက်ရှင်ဘုရား၏ ဂန္ဓကုဋီတိုက် အလှူရှင် ဒေါ်ခင်ညွှန့်လွင်(မဖြူ)တို့ကလည်း လိုက်လိုကြောင်းပြောသဖြင့် ကျွန်မတို့ မိသားစု သုံးဦးအပါအဝင် ယခုတစ်ကြိမ်သွားမည့်သူ စုစုပေါင်း ၂၅ ဦးရှိနေ၍ SRI ASIA TOUR သို့ အပ်လိုက်ရသည်။ သာသနာရေး ဌာနမှပင် စီစဉ်ပေးခြင်း ဖြစ်သည်။ ထို့ကြောင့် ၂၅ ဦးစာ နိုင်ငံကူးလက်မှတ် လုပ်ရ၏။ ကျွန်မကလည်း မာလန်ရိပ်သာတွင် ကထိန်ခင်းရန် စီစဉ်ပြီးဖြစ်၍ ကထိန်ရက်ကို တန်ဆောင်မုန်းလပြည့် (၁၉. ၁၁. ၂၀၀၂)နေ့သို့ သတ်မှတ်လိုက်ပါသည်။ ထို့ကြောင့် ကထိန်ခင်းရန် ပစ္စည်းများ စတင်၍စုရပါသည်။ အခြားသူများအားလုံးကိုတော့ ကျွန်မ ကထိန်ခင်းရန်သွားမည်ဟုပင် အသိပေးထားသည်။ ဒီကြားထဲ နိုင်ငံကူးလက်မှတ် ကိစ္စအတွက် မကြာခဏ ရန်ကုန်ဆင်းရ၏။



ရွှေတိဂုံ(ပုံတူ)ထီးတော် အမြန်တင်နိုင်ရေးအတွက် ထီးအုပ်မည့်
နေရာကို ရွှေဆေးသုတ်ပြီး ကုသိုလ်ယူနေသည့် စင်ကာပူမှ
(တံခွန်တိုင်ဒါယကာ) ဦးကိုဆန်းအား တွေ့ရစဉ်

ဒီပါအေးမြ စာပေ

ထိုစဉ် အကြံတစ်ခု ပေါ်လာသည်။ ထိုအကြံကို ဘဘဦးစန်းလွင်အား လျှို့ဝှက်စွာတင်ပြပါသည်။ ညွှန်ချုပ်မှလည်း ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်တိုင်ပင်ကာ ကျွန်မအကြံကို သဘောတူ၏။ ဘဘဦးစန်းလွင် ကိုယ်တိုင်ကလည်း ကျွန်မ ပထမအခေါက် ပြန်လာကတည်းက အခြေအနေတွေကို အသေးစိတ်တင်ပြထားတော့ ကျွန်မအကြံကို သူကလည်း မူလကတည်းက စိတ်ကူးပြီးသားဖြစ်နေသည်။ ကျွန်မတို့သွားမည့်အချိန်တွင် ရွှေတိဂုံ(ပုံတူ)စေတီတော်ကလည်း အကြမ်းတည်ပြီးနေလောက်ပြီဖြစ်မည်။ ပြီးစီးမှုအခြေအနေတွေကိုလည်း ဆရာတော်က ဓါတ်ပုံများရိုက်ကာ ကျွန်မတို့ထံ အဆက်မပြတ် ပို့ပေးနေ၏။ ထို့ကြောင့် ကျွန်မ၏ စိတ်ကူးကို အကောင်အထည် ဖော်ကြခြင်းဖြစ်သည်။ ကျွန်မ စိတ်ကူးအကြံကတော့ အခြား မဟုတ်ပါ။ ဘုရားကို အကြမ်းတည်ပြီးပါက တစ်ဆက်တည်း ကျွန်မတို့သွားမည့် ယခုအခေါက်တွင်ပင် ထီးတင်ရန်ဖြစ်၏။ နောက်မှ အချောသတ်မည် ဖြစ်သည်။

ဆရာတော်ထံ အကြောင်းကြားတော့လည်း ဆရာတော်က သဘောတူ၏။ ထို့ကြောင့် ဘုရားထိပ်ပိုင်း ထီးအုပ်မည့် နေရာအထိကို အချောကိုင်၍ ရွှေဆေးသုတ်ထားရန် ကြိုတင်အကြောင်းကြားထားခဲ့ပါသည်။ ထီးတင်ပြီးမှ အချောကိုင် ဆေးသုတ်ပြုလုပ်ရလျှင် ခက်ခဲမည်စိုးသောကြောင့် ဖြစ်ပါသည်။ ကုန်ကျငွေကို ထွက်ကြည့်တော့ မသက်သာလှပါ။ ကြံရာမရ၍ သိပ္ပံလမ်းက ကျွန်မ မြေကွက်ကို ရောင်းလိုက်ရသည်။ ထို့နောက် ထီးတော်တင်ရာတွင် လိုအပ်မည့် ပစ္စည်းများကို ဝယ်ယူစုဆောင်းရ၏။

သည်လိုနှင့်ပင် ကျွန်မတို့ မိသားစုသုံးဦးအပါအဝင် ဓမ္မမိတ်ဆွေ ၂၂ ဦး စုစုပေါင်း ၂၅ ဦးတို့သည် အင်ဒိုနီးရှားနိုင်ငံသို့ (၁၁. ၁၁. ၂၀၀၃) နေ့တွင် ဒုတိယအခေါက် ထွက်ခွာခဲ့ကြပါသည်။ အဖွဲ့ဝင်အားလုံးကိုတော့ ထီးတင်မည့်ကိစ္စကို မပြောဘဲ



ထီးတော်တင်ပွဲတွင် ထီးတင်နေသည့် မြန်မာအဖွဲ့.

ဒီပါအေးမြ စာပေ



**ထီးတော်တင်လှူနေကြစဉ်**

ထား၏။ အားလုံးက ကျွန်မ ကထိန်ခင်းသည်ကို လိုက်ပါကုသိုလ်ယူကြသည့်သဘောပင်ဖြစ်သည်။ အားလုံး တူညီဝတ်စုံ ကလေးတွေဝတ်ကြသည်။ ယောဂီရောင်အပေါ်မှာ ရောင်စုံပန်းပွင့် ကလေးတွေဖောက်ထားသော ကချင်လုံချည်၊ ပန်းမရမ်းအရင့် ပိုးစလေးများကို မြန်မာအင်္ကျီလေးတွေချုပ်ပြီး အပေါ်တွင် အညိုမရင့်တရင့်ဇာပဝါစ ကလေးတွေခြုံကာ ကတ္တီပါဖိနပ်အညိုကလေးများ စီးကြသည်။ မင်္ဂလာဒုံလေဆိပ်သို့ သာသနာရေးဌာနမှ လိုက်ပို့ကြသူများက ကျွန်မတို့ ဝတ်စားဆင်ယင်ထားကြသည်မှာ ကြည့်ကောင်းပြီးအရောင်ကလည်းငြိမ်၍ စီစဉ်ရွေးချယ်ထားသည်မှာ တော်လှသည်ဟု ချီးကျူးကြပါ၏။

ဟုတ်တာလောက်တော့ ပြောကြပါစေလေ။

❐ ❐ ❐

## အခန်း(၁၅)
## ဗုဒ္ဓမြတ်စွာ သာသနာ ကမ္ဘာအနှံ့ပြန့်စေသောဝ်

အင်ဒိုနီးရှားသို့ ဒုတိယအခေါက်ခရီးတွင် ပစ္စည်းကလည်း ပထမအခေါက်လောက် မပါ။ ပါလာသောလူအရေအတွက်ကလည်း များသည်။ ပထမအခေါက်က အတွေ့အကြုံကလည်း ရှိပြီးဖြစ်၍ ကျွန်မအနေနှင့် စင်ကာပူအထိကတော့ ပေါ့ပေါ့ပါးပါးပင် ဖြစ်၏။ ၂၀၀၂ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့ နံနက် ၈ နာရီတွင် မင်္ဂလာဒုံလေဆိပ်မှ မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းနှင့် ကျွန်မတို့အဖွဲ့ ထွက်လာကြ၏။ စင်ကာပူသို့ စင်ကာပူစံတော်ချိန် ၁၂ နာရီအချိန်တွင် ရောက်ရှိသည်။ စင်ကာပူလေဆိပ်သို့ရောက်သောအခါ လေဆိပ်တွင် ခေတ္တနားကြ

သည်။ နိုင်ငံခြားကို တစ်ခါမှ မရောက်ဖူးသူများလည်းပါသဖြင့် စင်ကာပူလေဆိပ်ထဲတွင် တချို့က လျှောက်ကြည့်ရင်း ဓါတ်ပုံတွေ ရိုက်ကြသည်။ SRI ASIA မှ ဦးထိန်ဝင်း၊ ဦးအောင်ခိုင်နှင့် ကျွန်မတို့က ဂျာကာတာသို့ကူးရန် လက်မှတ်နှင့် နိုင်ငံကူးလက်မှတ်တွေကို ထိုင်းလေကြောင်း TG ကောင်တာသို့ သွားထပ်ရသည်။ အခက်အခဲမရှိဘဲ အားလုံးပြီးသွားသည်။ မနက်စာကို လေယာဉ်ပေါ်က ကျွေးသည်။ တချို့ကလည်း ပါလာသော မုန့် သစ်သီးများ ထုတ်စားကြသည်။ ညနေ ၃ နာရီကျော်ခန့်တွင် ထိုင်းလေကြောင်းမှ ဂျက်လေယာဉ်ကြီးနှင့် ကျွန်မတို့အဖွဲ့ ဂျာကာတာသို့ ရောက်သွားသည်။ ဂျာကာတာလေဆိပ်သို့ရောက်တော့ အင်ဒိုနီးရှား စံတော်ချိန် ညနေ ၄ နာရီ ၅ မိနစ် ရှိနေသည်။ လေဆိပ်တွင် မီးမီး၊ ချားလက်(စ်) နှင့် ဂေါပကများ ကြိုကြသည်။ ကျွန်မကလည်း သူတို့အတွက် ယူလာသော တံကဲပလ္လင်အသေးတစ်လုံးစီ လက်ဆောင်ပေး၏။

ထိုနေ့က ကျွန်မတို့အဖွဲ့သည် Red Top Hotel တွင် တည်းကြသည်။ ညနေစာကို အခြားဟိုတယ်တစ်ခုတွင် ချားလက်(စ်)က ကျွေး၏။ နောက်တစ်နေ့တွင်လည်း နံနက်စာကို ဟိုတယ်တွင်စားပြီး ခရီးထွက်ခဲ့ကြသည်။ ဘော်ဂိုးတွင် ကထိန်ခင်း၍ ဘုရားနှင့်ပလ္လင် ရေစက်ချရန် ဖြစ်သည်။ သို့သော် ကျွန်မတို့ ရန်ကုန်မှပို့လိုက်သော ကွန်တိန်နာများမှာ မာလန်ဆရာတော်နှင့် ဂေါပကများက ဂျာကာတာတွင် လာရွေးကြသည်။ ရွေးပြီးပစ္စည်းများကိုဖွင့်ပြီး ခွဲခြားရမည်မှာ ခက်သည်ဟုဆိုကာ ကားဖြင့် မာလန်သို့ ပစ္စည်းအားလုံး သယ်သွားကြသည်။ နောက်မှ သက်ဆိုင်ရာမြို့တွေကို ပြန်ပို့ပေးမည်ဟု သိရသည်။ ကျွန်မတို့ ဘော်ဂိုးမြို့ ရိပ်သာရောက်သည့်တိုင် ဘုရားနှင့် ပလ္လင်များမှာ မာလန်မှ ပြန်ရောက်မလာသေးပါ။ ထို့ကြောင့် ကထိန်ခင်း၍ အခြားလှူဖွယ်

များကိုသာလှူပြီး ရေစက်ချခဲ့ရသည်။ ဆရာတော်တွေကို လျှောက်ထားပြီး ဘုရားနှင့် တံကဲပလ္လင်ကို မှန်းဆ၍သာ ရေစက်ချခဲ့ရပါသည်။ ထိုနေ့နံနက်စာကို အင်ဒိုနီးရှားသို့ ခေတ္တပြန်ရောက်နေသော ဂျူးဂျူး ဦးဆောင်သည့် ဝေါပကအဖွဲ့က ရိပ်သာမှာကျွေး၏။ အင်ဒိုနီးရှား ရိုးရာအစားအစာများ စုံလင်လှသည်။ အချိုပွဲနှင့် သစ်သီးများမှာလည်း မြိုင်မြိုင်ဆိုင်ဆိုင်နှင့် စားစရာအားလုံး အရသာရှိလှသည်။ ဂျာကာတာပြန်ရောက်တော့ မှောင်နေပြီ။ ထိုနေ့ညနေစာကိုတော့ ဟိုတယ်တွင်စားကြသည်။ နောက်တစ်နေ့တွင် ဂျာကာတာမြို့တွင်း လျှောက်လည်ကြသည်။ နံနက်စာကိုတော့ ချားလက်(စ်)က ဈေးထဲတွင် ကျွေးပါသည်။

မြန်မာသံရုံးအနီးရှိ ဆာရီနားကုန်တိုက်တွင် အဖွဲ့ဝင်များအားလုံး ဈေးဝယ်နေချိန်၌ ကျွန်မတို့ ဇနီးမောင်နှံနှင့် ဒေါ်မြသန်း၊ ဒေါ်နုမေ၊ ဦးဝင်းဖေတို့သည် မြန်မာသံရုံးသို့ ခြေကျင်လျှောက်သွားကြသည်။ သိပ်တော့ မနီးလှပါ။ လမ်းကူး တံတားပေါ် ဖြတ်ကူးလိုက်၊ ပလက်ဖောင်းမှာ လမ်းလျှောက်လိုက်၊ အကြိမ်ကြိမ်လုပ်ပြီးတော့မှ မြန်မာသံရုံးသို့ ရောက်သည်။ သံရုံးတွင် မြန်မာနိုင်ငံ၏ အထိမ်းအမှတ်အဖြစ် ပြုလုပ်ထားခြင်းဖြစ်ဟန်တူသော သံတံခါးနှစ်ချပ်တွင် ခြင်္သေ့နှစ်ကောင် မျက်နှာချင်းဆိုင်နေဟန် သံပန်းများဖြင့် ပြုလုပ်ထားသည်။ တံခါးကို ပိတ်ထားလျှင် တံခါးတစ်ချပ်စီမှ ခြင်္သေ့များက မျက်နှာချင်း ဆိုင်နေသည်။

သံအမတ်ကြီးဦးကျော်မြင့်၊ စစ်သံမှူး ဗိုလ်မှူးကြီး ဖိုးချိုနှင့် သံရုံးဝန်ထမ်းများက လှိုက်လှဲစွာ ကြိုဆိုဧည့်ခံကြသည်။ ကျွန်မတို့ကလည်း မြန်မာပြည်မှ စားစရာများကို သံရုံးဝန်ထမ်းအားလုံးအတွက် ယူလာကြသည်။ သံအမတ်ကြီး ဇနီးမောင်နှံသည် ဗုဒ္ဓဘာသာ သာသနာတော်ကို ထူးထူးကဲကဲ ယုံကြည်ကြသူများပီပီ အစစအရာရာ ကူညီကြသည်။ ကျွန်မက ထီးတော်တင်မည့် အစီအစဉ်ကို သံအမတ်ကြီးကို တင်ပြသည့်အခါ သံအမတ်ကြီး

ဇနီးမောင်နှံ၊ စစ်သံမှူး ဇနီးမောင်နှံနှင့် သံရုံးဝန်ထမ်းအချို့ပါ ထီးတော်တင်အခမ်းအနားသို့ တက်ရောက်ပူဇော်ကြမည်ဟု ဆိုပါသည်။

ယခင်ကတည်းက သံအမတ်ကြီးတို့အဖွဲ့က လာဖို့အစီအစဉ်ရှိကြသည်။ တန်ဆောင်မုန်းလပြည့် ၁၉. ၁၁. ၂၀၀၂ ရက်နေ့ နံနက်အချိန်တွင် ထီးတော်တင်ကြမည်ဖြစ်ပြီး (၁၈. ၁၁. ၂၀၀၂) လပြည့်အဖိတ်နေ့ညတွင် သံအမတ်ကြီးကတော်ခေါင်းဆောင်၍ ကျွန်မတို့မြန်မာအမျိုးသမီးအဖွဲ့က ဓမ္မစကြာရွတ်ကြမည်ဟု သံအမတ်ကြီးက ပြောပြသည်။ ဓမ္မစကြာရွတ်ဖတ်ပူဇော်ပွဲတွင် အလွတ်မရသူများအတွက် စာအုပ်များယူခဲ့မည်ဟု တတိယ အတွင်းဝန်လေး ကိုချစ်ဝင်းကပြောပြီးနောက် ကျွန်မတို့လည်း သံရုံးမိသားစုကို နှုတ်ဆက်ကာ ပျော်ပျော်ရွှင်ရွှင်ပင် သံရုံးမှပြန်ခဲ့ကြသည်။

ကျွန်မတို့ကုန့်တိုက်ပြန်ရောက်တော့ မြန်မာအဖွဲ့အချို့မှာ ဈေးဝယ်ပြီးဖြစ်၍ အပေါက်ဝတွင်အဆင့်သင့်စောင့်နေကြသည်။ အချို့ကတော့ ဝယ်တုန်း ဝယ်ဆဲ ဖြစ်သည်။ ထို့ကြောင့် ကျန်သူများကို ကောက်သင်းကောက်သလို လိုက်စုပြီး ကားပေါ် ပြန်တက်ရန် ပြောရ၏။ ဂျာကာတာမြို့တွင်းသို့တစ်ပတ်ပတ်၍ ညှော့လမ်းညွှန် ဖြစ်သူ Guide ကလိုက်ပြသည်။ တန်ဝက်မျှရှိသော ရွှေတုံးကြီး တင်ထားသည့်ကျောက်တိုင်ကြီးကို နောက်ခံပြု၍ကျွန်မတို့ အမှတ်တရ ဓါတ်ပုံရိုက်ကြသည်။ သူတို့နိုင်ငံ၏ ချမ်းသာကြွယ်ဝမှုကို ကျောက်တိုင်ပေါ်တွင် ရွှေတုံးကြီးတင်ပြထားပုံဖြင့် တင်စားထား ဟန်တူသည်။

ထို့နောက်တော့ ကျွန်မတို့ တိုင်းရင်းသားရွာသို့ ဝင်ရောက် ကြည့်ကြသည်။ ဒေသခံများက ဂျူနီယာ အင်ဒိုနီးရှားဟုလည်း ခေါ်ပါသည်။ ရွှေချည်ထိုးအိမ်ကြီးများပေါ်သို့တက်၍ ရိုးရာဓလေ့ ဝတ်စားဆင်ယင်ထားသောရုပ်ကြွပုံများကို ဓါတ်ပုံရိုက်ကြသည်။



ဘော်ကိုးရိပ်သာ ဂျူးဂျူးဦးဆောင်သည့် ဂေါပကအဖွဲ့မှ
တည်ခင်းသော ထမင်းပွဲတွင် သုံးဆောင်နေကြသော မြန်မာအဖွဲ့

ထို့နောက် အမှတ်တရ ပစ္စည်းဆိုင်လေးများတွင် ဈေးဝယ်ကြ၊ အုန်းရည်တွေသောက်လိုက်ကြနှင့် တကယ့်ကို ပျော်စရာကောင်းပါသည်။

ညစာကို မီးမီးနှင့် ဂျူးဂျူးညီအစ်မနှစ်ယောက်က ကျွန်မတို့ မြန်မာအဖွဲ့ဝင်များနှင့် အင်ဒိုနီးရှားမှ ဂေါပကအဖွဲ့များ အားလုံးကို ပါရဂူဟိုတယ်တွင် ဘူးဖေးကျွေး၏။ အားလုံး လူ ၆၀ ခန့်ရှိမည် ထင်သည်။ ပထမအခေါက်က ဂျူးဂျူးကျွေးသလိုပင် ကိုယ်တိုင် ချက်ပြုတ်စားကြရ၏။ မချက်တတ် မကင်တတ်သူများကိုတော့ ဒေါ်တင်မေ(မြစ်ဖျားဟိုတယ်)က ဒိုင်ခံချက်ကြွေးနေတော့သည်။

ဗုဒ္ဓဝေယျာဝစ္စအဖွဲ့မှ အမျိုးသားလူငယ်လေးများက ကျွန်မသမီးလေး ထက်ထက်ရှိန်နှင့်တွဲ၍ ဓါတ်ပုံရိုက်ချင်သည်ဟု တောင်းဆိုကြသဖြင့် အလိုက်သိတတ်သောသမီးလေးက

သွက်သွက်လက်လက်ပဲထသွားပြီး ဓါတ်ပုံအရိုက်ခံရှာသည်။ သည်တွင် ကျွန်မတို့အဖွဲ့ထဲမှ ပျော်တတ်သူ ကိုသိန်းထွန်း(ရွှေခြည်ဦး ကုမ္ပဏီ)ကလည်း အညံ့မခံ၊ စားသောက်နေရာမှ အပြေးအလွှား ထသွားပြီး အင်ဒိုနီးရှားအဖွဲ့မှ အမျိုးသမီးများနှင့် ဓါတ်ပုံရိုက် လိုကြောင်း အရေးဆို၏။ သူ့တောင်းဆိုချက်ကိုလည်း မီးမီးတို့ အဖွဲ့က လိုလိုလားလားလက်ခံပြီး ဓါတ်ပုံအရိုက်ခံကြ၏။ မြန်မာပီပီ သူများထက် နှာတစ်ဖျားသာမှဆိုသည့်အတိုင်း ကိုသိန်းထွန်းက ပခုံးပေါ်တွင် လက်တင်လိုက်သေးသဖြင့် အားလုံး တဝါးဝါးဖြင့် ပွဲကျနေကြ၏။ ကိုသိန်းထွန်းက သူသာမက ကျွန်မခင်ပွန်း ဦးဟန်ရှိန်နှင့် ဦးအောင်ခိုင်(နဒီမြန်မာ) တို့ကိုပါ အဖော်ခေါ်သည်။ ဒါမျိုးဆို လက်မနှေးသော ဦးအောင်ခိုင်က ရှေ့ဆုံးမှ ထသွားသည်။ ကျွန်မခင်ပွန်းက မိန်းမရှေ့မို့ ရှက်ကိုးရှက်ကန်းဖြင့် ထသွားပြီး ဓါတ်ပုံတွဲရိုက်၏။ ကျွန်မနှင့် အိမ်ထောင်ကျပြီးကတည်းက ကျွန်မ ခင်ပွန်းထံမှ ဒီနေ့လိုအသက်ပါသော အပြုံးမျိုး တစ်ခါမျှ မတွေ့ဖူး ခဲ့ပါ။ ဒါကြောင့် ထိုနေ့ကရိုက်ခဲ့သော ဓါတ်ပုံလေးနှင့် ကျွန်မတို့ ဇနီးမောင်နှံ စင်ကာပူတွင်တွဲရိုက်ထားသော ဓါတ်ပုံနှစ်ခုကိုယှဉ်၍ သမီးက အယ်လ်ဗန်ထဲတွင် ထည့်ထား၏။ ပြီးတော့ ပြောသေးသည် "အမေနှင့်တွဲရိုက်ထားတဲ့ဓါတ်ပုံထဲမှာ ဖေဖေ့အပြုံးက တစ်ခုခု လိုနေသလိုပဲ" ဟု ဆို၏။ အကင်းအညှာ ပါးလိုက်သော သမီး၊ သည်လို အတို့အထောင်လေးတွေ လုပ်တတ်လို့ သူ့အဖေက သူ့ကို မတဲ့တာလည်း အဆိုးမဆိုသာပေ။

ဘာပဲဖြစ်ဖြစ် ထိုနေ့က ထမင်းစားဝိုင်းကတော့ တစ်သက် မမေ့နိုင်စရာပင် ဖြစ်သည်။ အင်ဒိုနီးရှား-မြန်မာ ဗုဒ္ဓဘာသာဝင် များ၏ ချစ်ကြည်ရေးရင်းနှီးမှုအပြည့်ဖြင့် ရယ်မောသံများက "ဗုဒ္ဓမြတ်စွာသာသနာ ကမ္ဘာအနှံ့ ပြန့်စေသောဝ်" လို့ ကြွေးကြော် နေသယောင်ပင် ဖြစ်သည်။

❐ ❐ ❐

# အခန်း(၁၆)
## ဘာလီသို့အသွား၊ ဘာလီမှအပြန်

ဂျာကာတာတွင် သုံးရက်နေပြီးနောက် ကျွန်မတို့အဖွဲ့သည် ဂျော့ဂျာကာတာသို့ လေယာဉ်ဖြင့်ခရီးဆက်၏။ အင်ဒိုနီးရှား နိုင်ငံသည် ကျွန်းနိုင်ငံဖြစ်သော်လည်း တစ်ကျွန်းနှင့်တစ်ကျွန်း ဆက်သွယ်ရာတွင် တံတားထိုးထားခြင်းမရှိဘဲ တစ်ကျွန်းနှင့် တစ်ကျွန်း လေယာဉ်ဖြင့်သာ ခရီးသွားကြရသောကြောင့် အင်ဒိုနီးရှားတွင် ပြည်တွင်းခရီးနှင်ရသည်က စရိတ်စကကြီးမား၏။ ဂျော့ဂျာကာတာ၌ရောက်တော့ ဟိုတယ်တွင်တည်းခိုပြီး ဗောဓိဗုဒ္ဓ စေတီတော်အား ထပ်မံသွားရောက် ဖူးမြော်ကြပါသည်။ ယခု ဒုတိယအခေါက်မှ လိုက်လာသူများသည် ဗောဓိဗုဒ္ဓစေတီတော်ကို

မဖူးမြော်ရသေးပါ။ ထို့နောက် မာတ္တဒ် ဘုန်းတော်ကြီးကျောင်းတွင် ကထိန်ခင်းကြ၏။ ဗောဓေါဗုဒ္ဓါ စေတီတော်ကြီးကိုလည်း မြန်မာအဖွဲ့ဝင်များက ကြည်ညိုစွာဖူးကြပါသည်။ ဗောဓေါဗုဒ္ဓါဘုရားပေါ်တက်သည့်အခါ၊ အခြားသောသူများက ဖိနပ်စီး၍ တက်ကြသည်။ ဘုရားအနေဖြင့် လာဖူးခြင်းမဟုတ်ဘဲ ရှေးဟောင်းအမွေအနှစ်အဖြစ် လာကြည့်ကြခြင်းဖြစ်သည်။ ကျွန်မတို့ မြန်မာအဖွဲ့ကတော့ အားလုံး ဖိနပ်ချွတ်ကြပါသည်။

ဗောဓေါဗုဒ္ဓါဘုရားကြီး ဖုံးခွဲဖျက်ဆီးခံရစဉ်က မပျက်စီးဘဲ ကျန်နေသည့် ရုပ်ပွားတော်တစ်ဆူကိုလည်း အလုအယက် လက်နှင့်ထိ၍ ဖူးကြရ၏။ ဘုရားပေါ်ကဆင်းတော့ အမှတ်တရ ဓါတ်ပုံရိုက်ကြ၊ အမှတ်တရ ဘုရားပုံတော်များ ဝယ်ယူပူဇော်ကြပါသည်။

ဂျော့ဂျာကာတာတွင်နေစဉ် ဆေးရေးပါတိတ်ထုတ်လုပ်သည့် အလုပ်ရုံသို့လည်း သွားရောက်လေ့လာကြသည်။ အင်ဒိုနီးရှားနိုင်ငံသည် ပါတိတ်ထုတ်လုပ်မှု၌ နာမည်ကြီးသည်။ အင်ဒိုနီးရှားပါတိတ်က ကောင်းလည်းကောင်း၏။ ကောင်းသလောက် ဈေးကကြီး၏။ ဈေးကြီးလွန်း၍မဝယ်နိုင်ကြပါ။ ဝင်ကြည့်ခွင့်ပြုသည်ကို အားနာ၍ အနည်းအကျဉ်းတော့ ဝယ်ခဲ့ပါ၏။ သူတို့ကလည်း မဝယ်သောကြောင့် ဘာမျှမပြောပါ။ ဖြစ်ရသည်က ကျွန်မတို့ အင်ဒိုနီးရှားသို့ ဒုတိယအကြိမ်ရောက်ချိန်သည် ဘာလီ၌ ဖုံးခွဲသည့် တစ်လပြည့်ကာလနှင့် ဆုံနေပါ၏။ မြန်မာသံရုံးကတော့ ကျွန်မတို့ ဇနီးမောင်နှံကို ဘာလီရောက်ခိုက် တစ်လပြည့် အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်စာပေးလိုက်သည်။ ဘာလီသို့ ကျွန်မတို့ ရောက်မည့်နေ့ရက်မှာ တစ်လပြည့် အခမ်းအနား ပြုလုပ်သည့်နေ့နှင့်ဆုံနေသည်။ ထိုအခမ်းအနားတွင် ဝမ်းနည်းခြင်း အထိမ်းအမှတ်တီရှပ်များလည်း အခမဲ့ဝေမည်ဟု သိရသည်။ ကျွန်မတို့အဖွဲ့ကလည်း မြန်မာပြည်မှထွက်လာသည့်နေ့က ဝတ်ဆင်ခဲ့သော တူညီ




အင်ဒိုနီးရှားနိုင်ငံ ဗောဓောဗုဒ္ဓဘုရားရှေ့တွင် မြန်မာဗုဒ္ဓဘာသာဝင်များ အမှတ်တရ

ဝတ်စုံများဝတ်ကာ သာသနာအလံကိုကိုင်၍ အခမ်းအနား တက်ရောက်ပြီး ပရိတ်ရွတ် မေတ္တာပို့ အမျှဝေကြမည်ဟု တိုင်ပင် ထားကြသည်။

ထိုနေ့က ဂျော့ဂျာကာတာလေဆိပ်သို့ နံနက် ၆ နာရီ အရောက်သွားကြသည်။ လေယာဉ်က ၇နာရီထွက်ပါမည်။ အားလုံး တူညီဝတ်စုံများဖြင့် တက်ကြွနေကြသည်။ သတ္တိခဲတွေ၊ မြန်မာတွေ၊ အလောင်းဘုရားအမျိုးတွေ ဗုံးပေါက်ခဲ့သည့်နေရာသို့သွားရမည် ကို တစ်ယောက်မျှ ကြောက်ရွံ့သည့်ပုံလည်း မပေါ်ကြပါ။ ဒါပေမယ့် ခဲလေသမျှသဲရေကျ၊ ဖြစ်လာသမျှ အနတ္တာပါ။ ဘာလီသို့သွားမည့် လေယာဉ်ခရီးစဉ် ဖျက်သိမ်းပြီး ည ၇ နာရီမှထွက်မည်ဟု ဆို၏။ ထိုအချိန်တွင် အင်ဒိုနီးရှားတစ်နိုင်ငံလုံး ဘာလီဗုံးခွဲခံရမှုကြောင့် ချောက်ချား နေချိန်ဖြစ်၏။ နိုင်ငံခြားသား ခရီးသွားများဆိုလို့ ကျွန်မတို့ အုပ်စုလောက်သာ ရှိသည်။ လေယာဉ်စီးမည့်သူ မရှိ။ ထို့ကြောင့် ယခင်က နေ့စဉ် တစ်နာရီတစ်စီးထွက်နေသည့် လေယာဉ်ကို ည ၇ နာရီမှသာ တစ်စီးတည်းပေါင်းပြီး ဆွဲတော့မည် ဟု သိရပါသည်။ ဒါတောင် လူကမပြည့်၊ ကျွန်မတို့လူသိုက်သာ အများဆုံးပါသည်။

ကျွန်မတို့လည်း မြို့ထဲသို့ပြန်၍ တစ်ကျော့လည်ပတ်ကြပြီး ညနေကြမှ လေယာဉ်ကွင်းသို့ စောစောပြန်ဆင်းလာပြီး လေ ဆိပ်ခန်းမ၌သာ ခေတ္တနားနေကြပါသည်။ ဘာလီကိုရောက်တော့ ည ၈ နာရီခန့် ဖြစ်သည်။ ဂျော့ဂျာကာတာနှင့် ဘာလီလေယာဉ်က တစ်နာရီကျော် မောင်းရ၏။ အင်းဒိုနီးရှားနိုင်ငံ၏တည်နေပုံအရ ဒေသတစ်ခုနှင့်တစ်ခု၊ ကျွန်းတစ်ကျွန်းနှင့်တစ်ကျွန်း ဒေသ စံတော်ချိန် ကွာခြားမှု အလွန်များသည်။ ဘာလီလေယာဉ်ကွင်းတွင် ကြိုဆိုသူများက ဘာလီအထိမ်းအမှတ် တရုတ်စံကားပန်းဖြူလေး တွေ သီကုံးထားသောပန်းကုံးလေးများ စွပ်၍ကြိုကြသည်။ ပန်းကုံး

စွပ်သည့် မိန်းမပျိုလေးများကလည်း အင်ဒိုနီးရှားရိုးရာ ဝတ်စုံ အပြည့်နှင့်ပင် ဖြစ်သည်။ ကျွန်မတို့တစ်ဖွဲ့လုံးလည်း ပန်းကုံး ကိုယ်စီနှင့် လှပနေကြသည်။ မခင်ဝင်းသူနှင့် ကျွန်မသမီးလေးတို့က ပန်းကုံးတွေကို ခေါင်းမှာပန်ထားကြသည်။ ဘာလီလေဆိပ်တွင် မာလန်မှတစ်ဆင့်ကြိုတင်ရောက်ရှိနေသော ဦးဝင်းဖေနှင့် ရေမွန်(Ramon-စင်ကာပူ)တို့နှစ်ဦးလည်း လာကြိုကြသည်။ ထိုသို့ ရောက်လာရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဘာလီဆရာတော်ကြီး သတင်းသုံးရာ တရားရိပ်သာတွင် ကျွန်မလှူဒါန်းမည့် ကိုးပေ ဘုရားကြီး၊ တံကဲပလ္လင်နှင့် ကျောက်ဆင်းတုရုပ်ပွါးတော် တစ်ဆူကို ရေစက်ချပြီး ကထိန်ခင်းရန်ဖြစ်သည်။ သို့သော်လည်း အစီအစဉ်က တစ်မျိုးပြောင်းသွားသည်။ ကိုးပေကျောက်ဆစ် ရုပ်ပွါးတော်ကြီးကို ဆရာတော်ဘန္တေခန္တီဓါရောက ဘာလီသို့မပို့ဘဲ မာလန်မှာပင် ပူဇော်မည်။ ထိုရုပ်ပွါးတော်ကြီးကိုငုံ၍ ဗုဒ္ဓတက္ကသိုလ် ဘွဲ့နှင်း ဓမ္မာရုံကြီး တည်ဆောက်မည်ဟု အမိန့်ရှိသဖြင့် ဦးတော်တော် ဖခင်ကြီးလက်ရာ ရုပ်ပွါးတော်ကြီးကို ဘာလီမှာ မထားဘဲ မာလန်၌ပင် ထားရှိခဲ့၏။

ဘာလီမှာ လှူဒါန်းရန် ကျွန်မ ရည်မှန်းထားသည့် ကျောက်ဆစ်ရုပ်ပွါးတော်နှင့် တံကဲပလ္လင်မှာလည်း သယ်ယူပို့ဆောင် ရန် အဆင်မပြေသေးသဖြင့် ဘာလီသို့ အချိန်မီရောက်မလာနိုင်သေး ဘဲ ရှိ၏။ အကြောင်းစုံကို ဦးဝင်းဖေက လေဆိပ်မှာ ကျွန်မတို့ကို လာကြိုရင်း ပြောပါသည်။

ကျွန်မဘာလီသို့လာရသည့် ရည်ရွယ်ချက်က ဘုရားကြီးနှင့် ရုပ်ပွါးတော်အသေးတစ်ဆူ တံကဲပလ္လင်ရေစက်ချရန်ဖြစ်သည်။ တကယ်တော့ ဦးဝင်းဖေသည်ပင် အင်ဒိုနီးရှားသူနှင့် အိမ်ထောင်ကျ သော်လည်း ဘာလီကို ယခုတစ်ကြိမ်သာ ရောက်ဖူးသည်ဟုဆို၏။ နယ်မြေကိုမကျွမ်းဘဲ ဖြစ်နေသည်။ ဘာလီဆရာတော်၏

ကျောင်းကလည်း ကျွန်မတို့ တည်းခိုသည့်ဟိုတယ်နှင့်ဆိုလျှင် ၅ နာရီခန့် ကားမောင်းရကြောင်း ဘာလီရောက်မှ သူလည်းသိသည်။ ထို့ကြောင့် ကျွန်မလည်း ချက်ချင်းအစီအစဉ် ပြန်ဆွဲရသည်။

နောက်တစ်နေ့ညနေမှာပင် ဆူရာဗားရားသို့ကူးရန် လေယာဉ်လက်မှတ် ဝယ်လိုက်သည်။ ခရီးသည်နည်းပါးချိန်မို့ အလွယ်တကူပင်ရသည်။ ဘာလီဆရာတော်ကြီး၏ရိပ်သာသို့ ကထိန်ခင်းရန် ပါလာသည့် လှူဖွယ်များကို ဦးဝင်းဖေနှင့်ရေမွန်တို့ကိုပဲ သွားလှူခိုင်းလိုက်သည်။ လေယာဉ်ထွက်ချိန်မမီလျှင် ခက်မည်စိုး၍ ကျွန်မလိုက်မသွားတော့။ နောက်တစ်ခေါက်မှ ရေစက်ချမည်ဖြစ်ကြောင်း ဆရာတော်ကို လျှောက်ခိုင်းလိုက်သည်။ လေယာဉ်လက်မှတ်ကိုလည်း နောက်ဆုံးထွက်မည့် ည ၈ နာရီ လေယာဉ်ကို ဝယ်ထားရသည်။ ကျွန်မတို့အဖွဲ့လည်း ဘာလီကျွန်းမှာ လျှောက်ကြည့်ကြသည်။ အင်ဒိုနီးရှားရိုးရာ ကပွဲကိုလည်း ကြည့်ကြသည်။ ကျွန်မတို့၏ မြန်မာရိုးရာ အနုပညာက ပို၍ အဆင့်မြင့်မားကြောင်း မြင်ရုံဖြင့်ပင် ကျွန်မတို့တစ်ဖွဲ့လုံး အလွယ်တကူ သဘောပေါက်ကြသည်။

ကျွန်မက ဘုရားထီးတင်ရန်ကိစ္စကို စီစဉ်ရန်ရှိသေးသဖြင့် မာလန်သို့ရောက်ရန်သာ စိတ်စောနေသည်။ ထို့ကြောင့် ကျွန်မနှင့် ပါလာသောမြန်မာအဖွဲ့ကို ဘာလီမှာပဲ ထားခဲ့သည်။ ဘာလီဆိုသည်မှာ ကမ္ဘာပေါ်တွင် နာမည်ကြီးနေရာ တစ်ခု၊ ကမ္ဘာလှည့်ခရီးသည်များ စွဲမက်ရာ နေရာတစ်ခုဖြစ်၍ အဖွဲ့ကလည်း နေချင်ကြသည်။ ထို့ကြောင့် ကြိုက်သလိုလုပ်ကြ၊ ရေချိုးကြပေတော့။ ဆူရာဗားရားကိုတော့ ကျွန်မတို့ဇနီးမောင်နှံ၊ ဒေါ်နုမေ (အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ဇနီး)၊ ဒေါ်သန်းနု၊ ဦးဝင်းဖေနှင့် ရေမွန်တို့သာ ပြန်ခဲ့ကြသည်။ သည်အဖွဲ့ကိုမခေါ်ခဲ့တာလည်း အခြားအကြောင်း ရှိသည်။ သူတို့ကိုဘာလီမှာ တစ်ဝကြီးလည်စေချင်သည့်ဆန္ဒသာမက ဘုရားတည်သည့်မာလန်တွင်လည်း




ဘာလီရှိမြန်မာဘုရားကျောင်းရှေ့တွင်

ကျွန်မတို့မြန်မာအဖွဲ့ကို လူသိပ်မမြင်စေလိုသောကြောင့်လည်း ဖြစ်သည်။

ဘာလီမှ လေယာဉ် ည ၈ နာရီတွင် ထွက်မည်ဟုဆိုသော်လည်း လေယာဉ်အချိန်ပြောင်းကာ ည ၁၀ နာရီ ၅မိနစ် မှ ထွက်ကြသည်။ ဆူရာဗားရားသို့ရောက်တော့ ဒေသစံတော်ချိန် ည ၉ နာရီ ၁၀ မိနစ်တွင် ရောက်သည်။ ပျံသန်းချိန် ၄၅ မိနစ်ကြာသော်လည်း ဆူရာဗားရားနှင့်ဘာလီမှာ ဒေသစံတော်ချိန် ၁ နာရီကွာသည်။ ကျွန်မတို့ကို ဆူရာဗားရားဂေါပကအဖွဲ့က လေဆိပ်၌ လာကြိုကြသည်။ ကားနှစ်စီးမှာ လူနှင့်မမျှဖြစ်နေသဖြင့် စု၍သွားရာ ဘုန်းကြီးကျောင်းမှ နောက်ထပ်ကားတစ်စီး ထပ်ယူပြီး ကားသုံးစီးဖြင့် မာလန်သို့ ညတွင်းချင်းတက်ခဲ့ကြသည်။ ညစာကိုတော့ သိပ်မိုးချုပ်နေပြီမို့ ထမင်းမစားတော့ဘဲ ညှပ်ခေါက်ဆွဲပြုတ်၊ (ကြေးအိုးပြုတ်နှင့် ခပ်ဆင်ဆင်တူသည်) ကိုပဲစားကြသည်။ ဒေါ်နုမေကတော့ နေမကောင်း၍ မစားနိုင်ရှာ။ မာလန်ရောက်တော့ ည ၂ နာရီရှိပါပြီ။ ကျွန်မတို့ အရင်တစ်ခါ တည်းသည့် ကမ္ဘဋ္ဌာန်းကျောင်းလေးတွင် ကျွန်မတို့ဇနီးမောင်နှံက တစ်ဆောင်၊ ဒေါ်နုမေနှင့် ဒေါ်သန်းနုတို့က တစ်ဆောင်တည်းပြီး ညအိပ်လိုက်ကြ၏။ ခဏကြာတော့ ရိပ်သာတစ်ခုလုံး တိတ်တိတ်ဆိတ်ဆိတ် အိပ်မောကျသွားသည်။ ကျွန်မကတော့ တောင်တွေးမြောက်တွေးနှင့် ချက်ချင်းအိပ်မပျော်နိုင်သေးဘဲ ရှိ၏။ ကျွန်မက အင်ဒိုနီးရှားတွင် တည်မည့် ရွှေတိဂုံ(ပုံတူ) စေတီတော်မြတ် အနေအထားအယုက်ကင်းစွာဖြင့် အောင်မြင်စွာ တည်ထားပြီးစီးချင်ပါသည်။

❒ ❒ ❒

## အခန်း(၁၇)
## အလယ်ဌာပနာတိုက်သွင်း အခမ်းအနား

ကျွန်မတို့ မာလန်ကိုရောက်သည့်နေ့က ၁၆. ၁၁. ၂၀၀၂ ရက်နေ့ ဖြစ်သည်။ ၁၅. ၁၁. ၂၀၀၂ ရက်နေ့က ကျွန်မ၏ ကိုးပေ ကျောက်ဆစ်ရုပ်ပွါးတော်ကြီးကို မာလန်ဘုန်းတော်ကြီးကျောင်း ရိပ်သာအဝင် ရွှေမျက်နှာစာ မြက်ခင်းပြင်တွင် ပလ္လင်အပ်ပွဲ ပြုလုပ်ခဲ့ပြီး ဖြစ်နေသည်။ အလှူရှင် ကျွန်မက ဘာလီတွင် ပူဇော်စေချင်သည်။ မာလန်ဆရာတော်နှင့် သူ၏တပည့်များက မာလန်မှာပဲ ပူဇော်ချင်သည်။ ကျောက်သားကောင်း ရွှေးလက်ရာ သပ္ပာယ်လွန်းသော ရုပ်ပွါးတော်ဖြစ်၍ တခြားကျွန်းသို့ မပို့ချင်ဆသောကြောင့် ဖြစ်သည်။ ထိုကြောင့် ကျွန်မ မာလန်သို့မရောက်မီ



ကိုးပေ ကျောက်ဆစ်ရုပ်ပွားတော်ကြီး ပလ္လင်အလယ်တွင် အင်ဒိုနီးရှားမှ ဆရာတော်က
ဌာပနာသွင်းစဉ်



ရွှေတိဂုံ(ပုံတူ)စေတီတွင် ဌာပနာရန် Charles ၏သမီးလေး
ပစ္စည်းလှူဒါန်းနေစဉ်

ပလ္လင်အပ်ပွဲကို ပြုလုပ်လိုက်ကြခြင်း ဖြစ်သည်။ သည်ရုပ်ပွါးတော်ကြီးအကြောင်းပြောလျှင် ဤမျှနှင့် မပြည့်စုံနိုင်ပါ။ မြန်မာနိုင်ငံမှ အင်ဒိုနီးရှားသို့ ခက်ခက်ခဲခဲ သယ်ယူပင့်ဆောင်လာရပုံကို ထည့်သွင်းပြောဆိုမှ ပြည့်စုံပါမည်။ သို့သော်လည်း မပြောတော့။ ရုပ်ပွါးတော်ကြီး အင်ဒိုနီးရှားသို့ ရောက်ပြီပဲ ။ ရုပ်ပွားတော်ကြီးကို အင်ဒိုနီးရှားမှာ ကိုးကွယ်နိုင်ပြီပဲလေ။ ကဲ ရုပ်ပွါးတော်ကြီးနှင့်ပတ်သက်လို့ ကျွန်မကလည်း ဘာမျှ မပြောနိုင်တော့ပါ။ အားလုံး ကောင်းတာလုပ်ကြတာချည်း မဟုတ်ပါလား။ ကောင်းသည်လို့သာ မှတ်လိုက်ပါ၏။

နောက်တစ်နေ့ ၁၇. ၁၁. ၂၀၀၂ နံနက်စောစော အိပ်ရာမှ ထပြီး ထီးတင်မည့်အစီအစဉ်ကို စတင်ဆွဲရပါတော့သည်။ ထီးတင်မည့် ပစ္စည်းများ၊ လှူဖွယ်များကို ကျွန်မ ဂျာကာတာမှ ထွက်လာသည့်ညနေတွင် ဦးဝင်းဖေက မာလန်သို့ ကြိုယူလာထားပြီးဖြစ်သည်။ ဒီလိုမှမလုပ်ရင်လည်း ဒီပစ္စည်းအထုပ်ပေါင်းများစွာက ကျွန်မတို့နှင့်အတူ တစ်ပတ်ကြီး သယ်နေရမည်။

ကျွန်မလည်း ထီးတော်ကြီး၏ ပစ္စည်းများစုံမစုံ၊ ထီးခွေများ ပြည့်မပြည့် စစ်ဆေးရသည်။ အလယ်ဌာပနာနှင့် အထက်ဌာပနာ သွင်းရန် ပစ္စည်းများကိုလည်း အရင်အခေါက်ကထားခဲ့သော ဂျပ်ပုံးများထဲမှ ထုတ်ရ၏။ ဓါတ်တော်များထည့်၍ ဌာပနာပြုရန် ဆရာတော်က သူတို့နိုင်ငံလုပ် အဖုံးပါသော သပိတ်ပုံကျောက်အိုးလေးတွေ ဝယ်ထားသည်။ ဒေါ်ခင်ညွန့်လွင်ကလည်း နဝရတ်ကိုးပါး သုံးစုံ လှူထားသည်။ မူလဌာပနာ ရတနာကြုတ်တွင် တစ်စုံထည့်လှူပြီးဖြစ်သည်။ နောင်နှစ်ပေါင်းများစွာ တွင် ရန်သူမျိုး ငါးပါးဖျက်ဆီး၍ ဘုရားပျက်စီးလျှင် ပြန်လည်ပြုပြင်ရန်အတွက် ကျွန်မ၏ ၅ ရတီခန့်စီရှိ ရွှေးစိန်နှစ်ပွင့်ကိုလည်း ဆရာတော်ကို ဘုရားမှာဌာပနာရန် ပထမအခေါက်ကတည်းက အပ်ထားခဲ့သည်။ ဆရာတော်နှင့် ဦးဝင်းဖေက မုခ်လေးမုခ် ရှိသည့်အနက် အဝင်မုခ်ဦး ဓမ္မစကြာ အဝိုင်းအလယ်တွင် တစ်လုံးထည့်ပူဇော်မည်ဟု ပြောပါသည်။ ကျွန်မအနေနှင့်တော့ လုံခြုံရေးအရ မပူဇော်လိုပါ။ ဘုရားအတွင်းထဲမှာသာ ထည့်လိုက်ချင်သည်။ စေတနာသုံးတန်ပြဌာန်း၍ လှူပြီး သားမို့ ကျွန်မက သူ့အရပ်နှင့်သူ့ဇာတ် ကောင်းသလိုသာ စီမံကြပါဟုပြောတော့သည်။ ငှက်မြတ်နား၍လည်းရတနာတွေပါ၍ ရန်ကုန်ရွှေတိဂုံ ကုန်းတော်တွင် အပူဇော်ခံပြီးကတည်းက သာသနာရေးဌာနမှလူကြီးများက ဦးဝင်းဖေထံ စာရင်းနှင့်တကွ သေသေချာချာအပ်၏။ ဦးဝင်းဖေကလည်း သေချာထုပ်ပိုး၍

ချိတ်ပိတ်ပြီးသယ်လာခဲ့ကာ ပထမအခေါက်ကတည်းက ဆရာတော်ထံအပ်၍ ဆရာတော်က မီးခံသေတ္တာထဲမှာ လုံခြုံစွာသိမ်းထားသည်။ ရန်ကုန်ရွှေတိဂုံ ဘုရားပေါ်တွင် ပူဇော်ခံစဉ်က ဘုရားဖူးစေတနာရှင်များက သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းသွားသော သက်ဝတ်ရတနာများလည်း ပါသည်။ အလှူရှင်တို့ အမြတ်တနိုးလှူဒါန်းခဲ့သော ရတနာများဖြစ်၍ ဦးဝင်းဖေနှင့်ဆရာတော်တို့က မပျောက်ပျက်အောင် အတတ်နိုင်ဆုံး ထိန်းသိမ်းစောင့်ရှောက်ပါသည်။ ဆရာတော်က ထီးတင်ပွဲနီးမှ ထုတ်၍ဖွင့်မည်ဖြစ်ကြောင်း အမိန့်ရှိပါသည်။

နံနက်စာစားပြီးနောက် ကျွန်မတို့တစ်တွေ ငှက်ပျောသီးအဝယ်ထွက်၏။ ဒီတစ်ခါတော့ အချိန်ကုန်မည်စိုး၍ မြို့ပြင်သို့မထွက်တော့ဘဲ မြို့ထဲမှာပင် ဝယ်ကြသည်။ ဆောင်းဦးပေါက်ဖြစ်၍ ငှက်ပျောသီးများက အရင်တစ်ခေါက်ကလောက် မထွားသော်လည်း ကောင်းပါသည်။ ကျောင်းမှ ဝေယျာဝစ္စအဖွဲ့က အုန်းသီးခိုင်တွေ ခုတ်ထားပေးသည်။ ကန်တော့ပွဲပြင်သည့် ကိစ္စကိုတော့ မနုမေက ကျွမ်းကျင်၍ သူနှင့်အတူပြင်ရသည်။ မမနု(ဒေါ်သန်းနု)ကလည်း ဘေးမှ ကူလုပ်ပေးရှာသည်။ အဖော်နှစ်ယောက်တိုးလာ၍ အရင်တစ်ခေါက်လို ကသီလင်တမဖြစ်တော့ဟု မထင်ပါနှင့်၊ ဆက်ပြောရပါဦးမည်။ ထီးတင်မည့်ကိစ္စမှာ ရုတ်တရက်စီစဉ်ရသည်မို့ ဘုရားကိုထီးတင်ဖြစ်ရုံ ထိပ်ဆုံးထိပြီးအောင် တည်ရသဖြင့် ယခုအချိန်ထိထီးတင်ရန် ငြမ်းမဆင်ရသေးပါ။ ရိပ်သာဝေယျာဝစ္စအဖွဲ့ကလည်း အင်ဒိုနီးရှားနိုင်ငံကျွန်းများမှ ထီးတင်ပွဲလာမည့် ပရိသတ်အတွက်မဏ္ဍပ်တွေ ထိုးနေကြသည်။ ဘုရားဘက်ကို မကူနိုင်ကြပါ။ ဘုရားမှာ ရုပ်လုံးပေါ်သွားပြီဖြစ်၍ ဘာသာခြား အလုပ်သမားများကိုလည်း ငှါးလို့မရတော့ပါ။ ယခင် ဘုရားတည်တုန်းကလည်း မြို့ပေါ်မှမငှါးဘဲ တောရွာမှ အလုပ်သမားများ ငှါးရသည်။ သို့သော်



**မိမိတို့၏မြန်မာမှုအနုပညာဖြင့် တည်ထားသော ရွှေတိဂုံစေတီတော် (ပုံတူ)ကို ကြည့်၍ ကြည်နူးဝမ်းမြောက်နေသည့် မြန်မာမှု ပညာရှင်များဖြစ်ကြသော ကိုမြလွင်၊ ကိုဇော်ဦး၊ ကိုမောင်မောင်ခင်။**

အလုပ်သမားအားလုံး ပြန်ပြေးကြသည်ဟု ကိုမြလွင်က ပြော၏။ ထို့ကြောင့် ဘုရားကို သူတို့သုံးယောက်တည်း နေ့မအားညမနား လုပ်နေကြရသည်။ ကလေးသုံးယောက်စလုံးလည်း အတော်ပင်ပန်းနေပုံရသည်။ အချို့ ဒေသခံ ဘာသာခြားအလုပ်သမားများဆိုလျှင် အပေါ့အပါးကို အောက်ဆင်းမသွားဘဲ ဘုရားပေါ်မှပင် သွားသဖြင့် သူတို့ သုံးယောက်နှင့် တကျက်ကျက် ရန်ဖြစ်ကြသည်။

အထက်က ကျွန်မတင်ပြခဲ့သလို ဘုရား၏တနင်္ဂနွေထောင့်တွင် အလွန်ပင်စည်ကြီးမားသော ညောင်ပင်ကြီးရှိသည်။ အရွက်တွေ အုပ်ဆိုင်းနေ၍ နေပြောက်မထိုး။ ကျွန်မတို့ဇနီးမောင်နှံ၊ ဦးဝင်းဖေနှင့် မြန်မာပညာရှင် ကလေးသုံးယောက်မှာ ထိုညောင်ပင်ကို

အတော် သံယောဇဉ်ကြီး၏။ ပထမအခေါက်ကတည်းက သည် ညောင်ပင်ကြီးက ထူးခြားသော အရိပ်အခြည်များပြ၏။ ဒါကို ကျွန်မတို့ခြောက်ဦးစလုံး ကိုယ်စီကိုယ်င သိကြသည်။ ကျွန်မ ကလည်း ကလေးသုံးယောက်ကို ညောင်ပင်အနားမှာ အမြဲမေတ္တာပို့ အမျှဝေရန် မှာခဲ့သည်။ ကျွန်မက ကလေးများ ဘုရားတည်ရာမှာ အဆင်ပြေချောမွေ့ပြီး အန္တရာယ်ကင်းဖို့ မြန်မာပြည်ကနေ မေတ္တာပို့ နေမည်ဟု ပြောခဲ့သည်။ ပြောခဲ့သည့်အတိုင်းလည်း ကျွန်မသည် ဘုရားခန်းအထပ်သို့ မတက်နိုင်၍ ကျွန်မ၏ အိမ်ခန်းထဲ၌ ဘုရားစင် အသေးတစ်ခုထား၍ ပူဇော်ထားသည်။ မာလန်မှ ရွှေတိဂုံ(ပုံတူ) ဘုရားတည်ဆောက်ရေးအတွက် အမြဲတမ်း အုန်းပွဲ ငှက်ပျောပွဲ ထိုးပြီး ညောင်ပင်မှ အစောင့်အရှောက်များကို မေတ္တာပို့သည်။

အင်ဒိုနီးရှားတွင် ထူးခြားသည်က ဘယ်ကိုပဲသွားသွား ဟိုတယ်မှာဖြစ်စေ၊ ပြတိုက်မှာဖြစ်စေ၊ ဘုရားတွေ၏အဝင်ဝမှာ ဖြစ်စေ၊ အမြဲတမ်း ဘီလူးပုံ အစောင့်တွေရှိသည်ကို ပထမအခေါက် ကတည်းက ကျွန်မ သတိထားမိသည်။ သည်တစ်ခါ ပြန်လာတော့ ကိုမြလွင်ပြောသည်က အလုပ်သမားတွေက မကြာခဏ ဘုရားပေါ် ကနေ အပေါ့သွားတော့ စကားများရ ရန်ဖြစ်ရတယ်။ ဒါပေမယ့် သူတို့ကတော့ ဆက်လုပ်မြဲမို့ ကျွန်တော် တို့လည်း မတတ်နိုင်တော့ ဆိုပြီး ညောင်ပင်ဘက်လှည့်ကာ "ယက္ခဘိုးဘိုးကြီးရေ ဒီလူတွေကို သေအောင်တော့မလုပ်ပါနှင့်၊ နည်းနည်းလောက် ဆုံးမပါဦးဟု တိုင်တည်၍ပြောလိုက်ပါသည်"ဟု ဆိုပါ၏။ နေ့လယ် ထမင်းစားချိန် ရောက်တော့ ဘုရားပေါ်ကဆင်းပြီး ထမင်းစားရန် ဆွမ်းစားကျောင်း ဘက်ကို သွားကြသည်။ ဆွမ်းစားကျောင်းအသစ် နှစ်ထပ်ကျောင်း ဆောင်ကို ရောက်ရန် ထိုညောင်ပင်အောက်က ဖြတ်ပြီးသွားရသည်။ ဘုရားပေါ်တွင် အပေါ့သွားခဲ့သည့် အလုပ်သမားသည် ညောင်ပင် အောက်သို့ ရောက်သောအခါ ချက်ချင်း လေဖြတ်သလိုဖြစ်ပြီး

တုံးလုံးလဲ သွားသည်ဟုဆိုပါ၏။ ထိုအခါတွင် ကိုမြလွင်တို့အဖွဲ့က သိသမျှ နည်းများအကုန်ဖြင့် ကုသမှ တစ်နာရီလောက် အကြာတွင် သတိ ပြန်ရလာသည်။ သူ သတိပြန်ရတဲ့အခါ ကိုမြလွင်က အဲဒါ မင်း ဘုရားပေါ်မှာ အပေါ့သွားလို့ ဖြစ်တာလို့ ပြောလိုက်သည့်အခါ အလုပ်သမားလည်း ဘုရားပေါ်ပြန်မတက်ဝံ့ဘဲ တစ်ချိုးတည်း လစ်ပြေးသွားသည်ဟု ဆိုပါ၏။ ကိုမြလွင်က ထိုညောင်ပင်ကြီးနှင့်ပတ်သက်သည်များကို ကျွန်မကိုပြောတော့ ကျွန်မလည်း "ယက္ခငယ်- ဂုမ္ဘာန်၊နတ်များ ဝန်းရံ၊ စောင့်ကြပ်ပါတဲ့ ရွှေသဇင်. . . . ရာဇမတ်ကွက် ကာရံ. . ."ဆိုသည့် သီချင်းကို ပြေးသတိရမိပါသည်။

ထို့ကြောင့် သည်ဘုရားတည်ရာမှာ ရုပ်လုံးပေါ်လာလေ၊ အလုပ်သမား ငှားမရလေ ဖြစ်ရခြင်းဖြစ်သည်။ အခုလည်း ဘုရားထီးတင်ရန်အတွက် ငြမ်းဆင်ရန် အလုပ်သမားအခက်အခဲ ဖြစ်လာသည်။ လူငယ်သုံးယောက်ကလည်း ကျွန်မကို "အန်တီ ကျွန်တော်တို့ဆီကို လူနှစ်ယောက် သုံးယောက်လောက် လွှတ်ပေးပါ"ဟု ဘုရားထိပ်ပိုင်းကနေ တကြော်ကြော် အော်နေသည်။ ရိပ်သာဝန်းထဲ သွားဖို့ကလည်း မြေညီမဟုတ်၊ အမြင့်တက်လိုက်ရ၊ ချိုင့်ဝှမ်းဆင်းရမို့ ကျွန်မလို နှလုံးရောဂါသည်အဖို့ တကယ့်ကို မလွယ်ကူပါ။ မနုမေနှင့် မမနု တို့ကလည်း ကျွန်မအတိုင်းပင် ဖြစ်သည်။ အားလုံး ကျွန်မနှင့် အသက်က မတိမ်းမယိမ်းတွေ ဖြစ်၏။ မနုမေက ငယ်သော်လည်း ၁၉၈၈ ခုနှစ်က အငယ်ဆုံးကလေး မီးဖွားပြီးလို့ ဆေးရုံကဆင်းအလာ လမ်းတွင် ကားတိုက်ခံထားရ၍ စစ်ဆေးရုံးမှာ တစ်နှစ်ခန့် ဆေးဝါးကုသခံယူခဲ့ရသည်။ တကယ့်သေတွင်းထွက်ပင်ဖြစ်သည်။ ကျွန်မလည်း ကြံရာမရ၍ ကျွန်မတို့ ကိုယ်တိုင်ကူရန် ပြန်ပြောပြီး ဘုရားပေါ်တက်၊ လုံချည်ကို တိုတိုဝတ်ကာ မမနုနဲ့ ကျွန်မက ငြမ်းဆင်မည့် ပိုက်လုံးတွေကို တင်ပေးကြ

သည်။ ကျွန်မတို့တိုင်းပြည်မှာလို ဝါးလုံးနှင့်ငြမ်းဆင်ခြင်းမဟုတ်ဘဲ သံပိုက်လုံးများနှင့်ဖြစ်၍ မမနိုင်ကြပါ။ သံပိုက်ကို အရှည်လိုက်ထား၊ အမြင့်ရောက်အောင် ထိုးတင်ပေးရခြင်းဖြစ်၍ ကျွန်မတို့နှင့် သည် အလုပ်မဖြစ်နိုင်ပါ။ ကျွန်မလည်း ဟောဟဲလိုက်နေပြီ။ ခမောင်မောင်ခင်က လူသွားရှာမည်ဆိုပြီး ဆင်းသွားသည်။ ပြန်လာတော့ပါမလာ။ ထိုအချိန်တွင် ဇာတ်ဆရာ ဒါရိုက်တာ ဦးဝင်းဖေ ရောက်လာသည်။ ကျွန်မတို့ကလည်း အင်ဒိုနီးရှားလို မတတ်၍ အလုပ်သမားရှာဖို့က မလွယ်ကူပါ။ ဦးဝင်းဖေကတော့ အင်ဒိုနီးရှား ဘာသာစကား ကျွမ်းကျင်သည်။ ထို့နောက် ဗုဒ္ဓတက္ကသိုလ်တွင် တက်နေသည့် ကျောင်းသားလေးနှစ်ယောက်ကို မကျွပ်ထိုးနေရာမှ ဦးဝင်းဖေက ခေါ်ခဲ့သည်။ ဆရာတော်က အမိန့်ရှိသည်က "ဘုရားပေါ်တွင် အမျိုးသမီးတက်ရသည်မှာ ဒါနောက်ဆုံးနေ" ဖြစ်သည်။ "ဘုရား ဒါယိကာမ ကိုယ်တိုင် ဘုရားပေါ်တက်ပြီး ကြည့်ညိုပါ၊ ဘုရား ဒါယိကာမ ပြန်ဆင်းပြီးလျှင် မိုးကြီးရွာချပြီး စေတီတော်သည် သူ့အလိုလို ရေဆေးပြီးသားဖြစ်သွားပါလိမ့်မည်" ဟု ပြောပါသည်။ ကျွန်မက မူလဌာပနာများ ရှိနေ၍ မတက်ဝံ့ပါ။ ဘုရားပေါ် အမျိုးသမီးတက်တာ ထုံးစံ မရှိဘူးဟု ဦးဝင်းဖေကို ကျွန်မက ပြောလိုက်သည်။ ဦးဝင်းဖေက မလျှော၊ မူလဌာပနာနှင့် တည့်တည့်နေရာကို မတက်ဘဲ ဘေးကပတ်တက်ပါဟု ပြော၏။ ထို့ကြောင့် ကျွန်မတို့ အမျိုးသမီးသုံးယောက်လည်း အလယ်ဌာပနာ တိုက်အဝ၏ အပြင်ဘက်အထိတက်ပြီး ဌာပနာတိုက်ကို အပြင်မှ ကြည့်ညိုကြသည်။ အတွင်းကိုတော့ မဝင်ရဲပါ။ မူလဌာပနာတိုက်ရဲ့ အပေါ်ကို ရောက်မည်စိုး၍ ဖြစ်သည်။ ဘုရားပေါ်မတက်စဖူး တက်ရ၍ ဓါတ်ပုံတွေ အမှတ်တရ ရိုက်ပါသေးသည်။



အင်ဒိုနီးရှား ထေရဝါဒ သာသနာပိုင် ဆရာတော်ကြီး အမျိုးပြု၍ ရဟန်းတော်များကြွလာစဉ်




အင်ဒိုနီးရှားနိုင်ငံ ဗုဒ္ဓဘာသာဝင်များ ဌာပနာပစ္စည်း
လှူဒါန်းနေကြစဉ်

ကျွန်မ ဘုရားပေါ်က ဆင်းလာပြီး ၅ မိနစ်အကြာ ရာသီဥတုကြည်လင်ပြီး နေပူရာမှ မိုးတွေ ချက်ချင်းအုံ့လာကာ သဲသဲ မဲမဲရွာပါတော့သည်။ ဘုရားပေါ်မှ အမှိုက်သရိုက် အညစ်အကြေး များအားလုံး ရေဆေးလိုက်သလိုပါပဲ ရှင်။ အတော်လည်း အံ့ဩစရာကောင်းပါသည်။ ဆရာတော်၏ သီလဂုဏ် သမာဓိဂုဏ် သည် အဆင့်တစ်ခုကိုတော့ရောက်ရှိနေပါပြီ။ ဦးဝင်းဖေကတော့ ကျွန်တော် မပြောဘူးလားဆိုသည့်အကြည့်မျိုးနှင့် ကျွန်မကို လှမ်းကြည့်၏။ သည်လိုနှင့် ကိုမြလွင်တို့ သုံးဦးလည်း နည်းနည်းနဲ့ ကျဲကျဲဝိုင်းပြီး ငြိမ်းကို နေ့ရောညပါ ဆင်ရသည်။



မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီး၊ စစ်သံမှူးနှင့် ဦးဟန်ရှိန် တို့ ဌာပနာပစ္စည်းများ ပင့်ဆောင်လာစဉ်

၂၀၀၂ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် အလယ်ဥာပနာ သွင်းပွဲနှင့် ပတ္တမြားမျက်ရှင်ဘုရား၊ ဂန္ဓကုဋီတိုက်အပ်ပွဲကို ခမ်းနားစွာ ကျင်းပသည်။ ၁၇. ၁၁. ၂၀၀၂ ညတွင် ဘာလီတွင် ကျန်ခဲ့သော အဖွဲ့တွေ ဆူရာဗားရားကို ရောက်ပြီး ညအိပ်သည်။ ကျွန်မက ၁၈. ၁၁. ၂၀၀၂ နေ့ မနက် ၅ နာရီ နောက်ဆုံးထားပြီး မာလန်သို့ ထွက်ခဲ့ရန် မှာထားသည်။ ထို့မှသာ ၇ နာရီတွင် ရောက်မည် ဖြစ်ပါသည်။ မြန်မာအဖွဲ့တွေ အချိန်မီရန်အတွက် ကျွန်မက အခမ်းအနားကို နံနက် ၉ နာရီတွင် စသည်။ မာလန်ရိပ်သာတွင် အင်ဒိုနီးရှား တစ်နိုင်ငံလုံးမှ ဆရာတော်ကြီးများကြွရောက်လာပြီး သီတင်းသုံးနေကြပြီဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံ၏ မြောက်မြားစွာ သော ကျွန်းများမှ ဗုဒ္ဓဘာသာဝင်များအားလုံးလည်း ရောက်ရှိနေကြ ပါသည်။ ဂျာကာတာမှ ဂေါပက အဖွဲ့များအားလုံးလည်း စုံပါသည်။ မရောက်ရှိသေးသည်က ကျွန်မတို့ မြန်မာအဖွဲ့ ဖြစ်သည်။ ဝီရိယ ရှိရှိဖြင့် ဆော်ဩမည့်သူကလည်း တစ်ယောက်မျှ မပါပါ။ ခေါင်း ဆောင်လုပ်ပြီးထားခဲ့သည့် နဒီမြန်မာ ဦးအောင်ခိုင်ကလည်း ကလေးသာသာ။ သူက ပိုပြီး အပျော်အပါး ကြိုက်သေးသည်။ ထုံးစံ အတိုင်း ကျွန်မခင်ပွန်းက ရိပ်သာအပေါက်ဝကြည့်လိုက်၊ ဗျစ် တောက် ဗျစ်တောက် ပြောလိုက်နှင့်ပင်။ မတတ်နိုင်တော့၊ ကျွန်မတို့ လည်း အခမ်းအနား စရပါသည်။

စုရပ်မှာ တောင်ထိပ်ပေါ်ရှိ သိမ်ကြီးထဲမှာဖြစ်သည်။ ယခင် နေ့ညကတည်းက ဥာပနာပစ္စည်းများ၊ ထီးတော်၊ ငှက်မြတ်နား၊ စိန်ဖူးတော်နှင့် ဓါတ်တော်မွေတော်များကို သိမ်ထဲတွင် စားပွဲများနှင့် တန်းစီပူဇော်ထားပြီး ဖြစ်သည်။ ထို့နောက် အလယ်ဥာပနာနှင့် ဓါတ်တော်များကို စတင် ပင့်ကြသည်။ မပင့်ခင် နမောတဿနှင့် အခမ်းအနားဖွင့်ပြီး သီလ ယူကြသည်။ ရှေ့ဆုံးမှ သာသနာပိုင် ဆရာတော်ကြီး ဦးဆောင်သော ဆရာတော်ကြီးများ၊ ထို့နောက်မှ



ပတ္တမြားမျက်ရှင်ဘုရားကြီးကို ထီးဖြူလေးလက်မိုး၍
ပင့်ဆောင်လာကြစဉ်

ဂေါပကလူကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တန်းစီ၍ ရုပ်ပွားတော်များ၊ ဓါတ်တော်များကို ပင့်သည်။

အင်ဒိုနီးရှားဘာသာဖြင့် ဘယ်လို ကြေညာထားသည် မသိ၊ တောင်ကိုဆင်းမည့် ၆ ပေအကျယ် အုတ်ခင်းလမ်းဝဲယာတွင် ဗုဒ္ဓဘာသာဝင်များ နေရာလပ်မရှိ လက်အုပ်ချီမိုး၍ ရပ်ကာ ပင့်ဆောင်လာသည့်ရုပ်ပွားတော်များကို အာရုံပြုနေကြသည်။ မြတ်စွာဘုရား၏ရုပ်ပွားတော်များ၊ ဓာတ်တော်မွေတော်များ ပင့်ဆောင်လာကြသည့် ဆရာတော်များအားလုံးနှင့် ဦးဟန်ရှိန်၊ ဦးဝင်းဖေတို့အား အပြာရောင်တူညီဝတ်စုံဝတ်ထားသည့် ဗုဒ္ဓ တက္ကသိုလ်ကျောင်းသားလေးများက ကနက္ကဒဏ်ထီးဖြူတွေကို မိုး၍

လိုက်ပါလာကြသည်။ ထို့နောက် ပတ္တမြားမျက်ရှင် ဘုရားကြီးကို ထီးဖြူလေးလက်မိုး၍ ပင့်လာကြသည်။ ကျွန်မဝယ်ခဲ့သည့် ကနက္က ဒဏ်ထီးဖြူများကလည်း ဖွေးဖွေးကို လှုပ်လို့။ ရာသီပန်းများ ကလည်း ရောင်စုံ ပွင့်ဖူးနေကြသည်။

ပရိသတ်မှာ တိတ်ဆိတ်လွန်းသဖြင့် အပ်ကျသံပင် ကြား ရမတတ်ဖြစ်သည်။ အင်ဒိုနီးရှား ဗုဒ္ဓဘာသာဝင်များ၏ ဗုဒ္ဓ မြတ်စွာဘုရားကို ကြည်ညိုမြတ်နိုးမှုမှာ အတုယူစရာကောင်းလှ သည်။ ကျွန်မတို့ မြန်မာအမျိုးသမီး သုံးဦးလည်း ရွှေပန်းခိုင်၊ ငွေပန်းခိုင်နှင့် ရုပ်ပွားတော်တစ်ဆူစီပင့်ကာ နောက်မှ လိုက်လာကြ ပါသည်။ ဘုရား ကို သုံးပတ် ပတ်၍ ပူဇော်၏။ ထို့နောက် ကျွန်မတို့



ရွှေတိဂုံစေတီ(ပုံတူ) အလယ်ဌာပနာသွင်းပွဲတွင်
မြန်မာအမျိုးသမီးအဖွဲ့ ဓါတ်တော်များပင့်ဆောင်လာစဉ်

ဒီပါအေးမြ စာပေ

ကုသိုလ်ပြုသည့် အလယ်ထပ်တွင် ပတ္တမြားမျက်ရှင်ဘုရားကို ခေတ္တသီတင်းသုံး စေပါသည်။ ကျွန်မလည်း နောက်ဆုံးအနေဖြင့် ရုပ်ပွားတော် မြတ်ကြီးကို ခေါင်းနှင့်တိုက်၍ အကြိမ်ကြိမ် ဖူးလိုက်ပါသည်။ ခဏအကြာတွင်တော့ ပတ္တမြားမျက်ရှင် ရုပ်ပွားတော်ကြီးကို အပေါ်ထပ် ဂန္ဓကုဋီတိုက်သို့ ပင့်ကြသည်။ ယနေ့တွင်တော့ ကျွန်မတို့ အမျိုးသမီးများ အပေါ်ထပ်သို့ တက်ခွင့်မရှိပါ။ ထို့ကြောင့် အားရအောင် ဖူးလိုက်ပါသည်။ ဆရာတော်ကြီးများနှင့် ဦးဟန်ရှိန်တို့က အလယ်ဌာပနာသွင်းသည်။ အခမ်းအနားပြီးတော့ ဆရာတော်ကြီးများအား ဆွမ်းကပ်ကြသည်။ ထိုတွင် သာသနာပိုင်ဆရာတော်ကြီး ဘန္တေပညာဝရောကို ဖူးတွေ့ရပါသည်။ ဆရာတော်ကလည်း ကျွန်မတို့ ဇနီးမောင်နှံကို ကောင်းစွာ မှတ်မိနေပါသည်။

ထီးတင်ပွဲတွင် ကျွန်မတို့နှင့်တွေ့မည်ကို သိ၍ ဆရာတော်က ကျွန်မတို့အတွက် လက်ဆောင်တွေ ယူလာသည်။ ဗောဓိဗုဒ္ဓဘုရားပုံတူနှင့် အင်ဒိုနီးရှား ရိုးရာ လုံချည်များဖြစ်သည်။ ဆရာတော်ကတော့ အရင်ကလိုပဲ မျက်နှာတော် ကြည်လင်ဝင်းသန့်နေသည်။

အခမ်းအနားအပြီးတွင်မှ မြန်မာအဖွဲ့ ရောက်လာကြသည်။ အင်ဒိုနီးရှား လမ်းညွှန် Guide လုပ်သူက ဟိန္ဒူဘုရား ကျောင်းဘက်သို့ လိုက်လံပြသနေ၍ နောက်ကျသွားခြင်းဖြစ်ကြောင်း သိရသည်။ အမျိုးသမီးများကတော့ ပတ္တမြားမျက်ရှင် ဘုရားကြီးကို မဖူးလိုက်ရတော့ပါ။ အမျိုးသားများကတော့ အပေါ်ထပ်တက်၍ ဖူးခွင့်ရပါသည်။ ကျွန်မတို့ လေးဦးကတော့ ရိပ်သာမှာပဲဆက်နေသည်။ ယနေ့မှ ရောက်လာသော အဖွဲ့ကိုတော့ ရိပ်သာနှင့် ကပ်လျှက် တည်းခိုခန်းတွင် နေရာချထားပေးသည်။ အဆိုပါ တည်းခိုခန်းတစ်ခုလုံးကို ယူထားလိုက်ပြီး ကျွန်မတို့ မြန်မာအဖွဲ့ အပြင် ဘုရားထီးတင်ပွဲသို့ လာကြကုန်သော အင်ဒိုနီးရှားနိုင်ငံမှ ဗုဒ္ဓဘာသာဝင်များကို တည်းခိုစေပါသည်။ တည်းခိုခကို ဂေါပက ရန်ပုံငွေမှ ရှင်းသည်။



အင်ဒိုနီးရှားသာသနာပိုင်ဆရာတော်မှ ဦးဟန်ရှိန်နှင့် ဒေါ်မြမြလေး တို့အား ဗောဓေါဗုဒ္ဓဘုရားပုံတော်
ဓမ္မလက်ဆောင် ချီးမြှင့်စဉ်



**ဂန္ဓကုဋိတိုက်အတွင်း သီတင်းသုံးသည့် ပတ္တမြားမျက်ရှင် ရုပ်ပွားတော်ကို ဖူးတွေ့ရစဉ်**

ကျွန်မတို့ မြန်မာဘုရားဖူးအဖွဲ့လည်း ဘုရားကို ဖူးမြော်ကြည်ညိုကြသည်။ ဘုရားဖူးရင်းမှ "ဒါလောက် ဉာဏ်တော် ကြီးပြီး သပ္ပာယ်လိမ့်မယ်လို့ ထင်မထားဘူး အစ်မရယ်"ဟု ပြောကြရှာသည်။ ပန်းမျိုးစုံ ဝေဆာနေပြီး နေချင့်စဖွယ် အစုံစုံနှင့် ပြည့်စုံနေသော ရိပ်သာအတွင်း လှည့်ကြည့်ကြသည်။ ပြတိုက်ကိုလည်း လေ့လာကြသည်။ အားလုံး ပျော်လို့ ရွှင်လို့။ လျောင်းတော်မူ ရုပ်ပွားတော်ကို နောက်ခံထား၍ ဓါတ်ပုံ စုရိုက်ကြသည်။ ကျွန်မ မြန်မာပြည်မှ သင်္ဘောနှင့် ပို့လိုက်သော ပစ္စည်းများမှာလည်း ဓမ္မာရုံထဲတွင် ခင်းကျင်းထားသဖြင့် ယွန်းပန်းချီကား အလှူရှင်များက မိမိတို့ လှူထားသော ပန်းချီကား အသီးသီးကို နောက်ခံပြု၍ ဓါတ်ပုံရိုက်ကြ



အင်ဒိုနီးရှားထီးနှင့် ရှင်သီဝလိ
(ဓမ္မာရုံရှေ့တွင် ယာယီသီတင်းသုံးစဉ်)

ဒီပါအေးမြ စာပေ

သည်။ ဆရာတော်က မာလန်အတွက်လှူသည့် ရုပ်ပွားတော်များနှင့် ပစ္စည်းများကို ဓမ္မာရုံထဲမှာ ခေတ္တထားပြီး အခြားမြို့များသို့ လှူသောပစ္စည်းများကို ဓမ္မာရုံ၏ အပြင်ဘက်တွင် မိုးကာနှင့်အုပ်ထားသည်။ ရှင်သီဝလိပုံတော်ကိုတော့ ဓမ္မာရုံနှင့် မျက်နှာချင်းဆိုင် ပန်းဥယျာဉ်ထဲတွင် ခေတ္တသီတင်းသုံးစေပြီး ကနက္ကဒဏ် ထီးအဝါလေး မိုးပေးထားသဖြင့် ကြည်ညိုဖွယ်ရာဖြစ်သည်။

နေ့လယ်ပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်မြင့်နှင့် ဇနီး မမဒေါ်ဝင်းဝင်းညွန့်၊ စစ်သံမှူးဗိုလ်မှူးကြီး ဖိုးချိုနှင့် ဇနီး၊ သံရုံးဝန်ထမ်းများ ရောက်လာကြသည်။ ဆူရာဗားရားမှ မြန်မာ အင်ဂျင်နီယာများဖြစ်ကြသော ဦးဝင်းမြင့်သိန်းတို့ ဇနီးမောင်နှံ၊ ဦးသန်းလွင်၊ ဦးတင်မိုးလွင်တို့လည်း ရောက်လာကြသည်။ ဘုရားထီးတင်ပွဲတွင် ဦးဝင်းဖေနှင့်အတူ စင်ကာပူမှ မြန်မာဗုဒ္ဓဘာသာဝင်များလည်း တော်တော်များများ လိုက်ပါလာကြသည်။ ကျွန်မမှာ မြန်မာပရိသတ် စုံစုံလင်လင် တွေ့လိုက်ရ၍ အထူးကြည်နူး ဝမ်းမြောက်မိပါသည်။ သံရုံးမှ အတွင်းဝန်လေး ကိုချစ်ဝင်းပေးသော ဓမ္မစကြာ စာအုပ်များကို ကျွန်မက မြန်မာအမျိုးသမီး ပရိသတ်ကို ဝေပေးရ၏။ ကျွန်မလာခါနီး ဘဘကြီး ဦးသုခ ကုသိုလ်ပြုလိုက်သော ကျီးသဲလေးထပ်ဆရာတော်ကြီး၏ အစိန္တေယျ ဘုရားရှိခိုးစာအုပ်တွေလည်း အားလုံးဝေငှပြီးဖြစ်ပါသည်။

ညနေပိုင်းရောက်တော့ သံအမတ်ကြီးကတော် ဦးဆောင်၍ ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ရန် ဘုရားပေါ်သို့ စုရုံးကြ၏။ ပန်း၊ ရေချမ်း အမွှေးတိုင်များဖြင့်လည်း ပူဇော်ထားပါသည်။ ကျွန်မလည်း ဘုရားပရဝုဏ်မှ စောင့်ရှောက်ကြကုန်သော နတ်များကို ပင့်ခေါ်၍ သီးသန့်နေရာ ပြင်ပေးထား၏။

သံအမတ်ကြီးကတော် မမဒေါ်ဝင်းဝင်းညွန့်က ရောက်လေရာတိုင်းပြည်၌ ဓမ္မစကြာအသင်းထောင်ပြီး ပူဇော်လေ့ရှိသူ

ဖြစ်၍ အတော်ကို ကျွမ်းကျင်နေပြီ။ မနုမေကလည်း ဒီဘက်မှာ ရသည်။ မမဒေါ်ဝင်းဝင်းညွန့်က ဓမ္မစကြာ ရွတ်ပြီးမှ အစိန္တေယျ ဘုရားရှိခိုး ပူဇော်မည်ဆို၍ ကျွန်မက သဘောတူပြီး စတင်ရွတ်ကြ သည်။

မြန်မာပြည်မှာလည်း ဓမ္မစကြာ အကြိမ်ကြိမ် ရွတ်ဖတ်ဖူး ပေမယ့် ယခုလိုနေရာတွင် ရွတ်ရသည်မှာ ဘယ်လိုအားပါမှန်း မသိပါ။ အဖွဲ့ဝင်တွေအားလုံး စိတ်ပါလက်ပါ ရွတ်ဆိုပူဇော်ကြသည်။ ကျွန်မက အသံချဲ့စက်မပါဘဲ ရွတ်လိုသည်။ ဦးဝင်းဖေက အားလုံး အန္တရာယ်ကင်းအောင် အသံချဲ့စက်တတ်မည်ဆိုပြီး အသံချဲ့စက် ဆင်ထားပေးသည်။ ထို့ကြောင့် အရပ်ဆယ်မျက်နှာသို့ ပြန့်လွင့်သွား



**Mr. Charles ၏ဇနီးနှင့် စာရေးသူတို့ ဆွမ်းစားကျောင်း အသစ်တွင် အမှတ်တရ**

**ဒီပါအေးမြ စာပေ**

သည်မှာလည်း ရင်ထဲ၌ ကြည်နူးစရာဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ၌ ဝတ်ရွတ်အဖွဲ့တွေနှင့် ဓမ္မစကြာ ရွတ်ဖတ်ခြင်းသည် ဒါပထမဆုံးအကြိမ် ဖြစ်ပါလိမ့်မည်။ ရွတ်ဖတ်ပြီးတော့ မြန်မာပြည်ကယူလာသည့် ဇီးဖြူသီးဆားရည်စိမ်နှင့် ငါးပိကျော်၊ လက်ဖက်သုပ်၊ လှေလေးစိန်ထိုးမုန့်တွေ ကျွေးတော့ စင်ကာပူမှလာသော မြန်မာများလည်း မြိန်ယှက်စွာစားကြသည်။ မဲဇလီဖူး သုပ်မယ်လုပ်တော့ ကျွန်မမြန်မာပြည်မှ ယူလာသည့် မဲဇလီဖူးထုပ်က ဂျာကာတာမှာ ကျန်ရစ်ခဲ့၍ မသုပ်ရတော့ပါ။ တန်ဆောင်မုန်းလပြည့် အဖိတ်ညဖြစ်၍ လမင်းကြီးကလည်း ထိန်ထိန်သာနေသည်။ ရိပ်သာထဲမှ ယုဇန ပန်းရနံ့တို့ကလည်း အစွမ်းကုန် သင်းပျံ့နေပါသည်။

❐ ❐ ❐

# အခန်း(၁၈)
# ထီးတော်တင်ပွဲနှင့် လက်ဆောင် ဘီလူးခေါင်း ရှစ်လုံး

၂၀၀၂ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်။

၁၃၆၄ ခု တန်ဆောင်မုန်းလပြည့်နေ့ အင်္ဂါနေ့။

နံနက်ခင်း သာသာယာယာ ရှိပါသည်။ ကျွန်မတို့ မြန်မာပြည်မှ အဖွဲ့က မုန့်ဟင်းခါးချက်ရန် စီစဉ်ကြ၏။အင်ဒိုနီးရှား နိုင်ငံတွင် ငါးခူ အလွန်ပေါသည်။ ကျွန်မတို့နိုင်ငံ၌ ဘူးသီးကြော် ရောင်းသလို သူတို့ဆီမှာ ငါးခူကြော် ကြွပ်ကြွပ်ကလေးတွေကို အချဉ်ရည်လေးနှင့်တို့ပြီး သွားရည်စာအဖြစ် ရောင်းသော ဆိုင်လေးတွေကို နေရာတိုင်းမှာ တွေ့ရသည်။ ကျွန်မက ဆရာတော်

ကို မြန်မာအစားအစာ မုန့်ဟင်းခါးဆွမ်း ချက်ပြုတ်ကပ်မည့်အကြောင်း ကြိုတင်လျှောက်ထား၏။ ဆရာတော်၏လမ်းညွှန်ချက်အရ ရိပ်သာဝေယျာဝစ္စအဖွဲ့မှ ငါးခူများ ဝယ်ထားပေးသည်။ ဒေါ်တင်မေ (မြစ်ဖျားဧရာ)က ညဦးကတည်းက ငါးခူတွေပြုတ်ပြီး ဆီသတ်ထားသည်။ နံနက်တွင် ကျွန်မတို့ မြန်မာပြည်မှ ဝယ်လာသည့် မြောင်းမြဒေါ်ချို မုန့်ဟင်းခါးထုပ်တွေနှင့်ရော၊ မုန့်ဟင်းခါးဖတ် အခြောက်များပြုတ်ပြီး မုန့်ဟင်းခါးဆွမ်း စီမံကြသည်။ ဆရာတော်များသာမက ပရိသတ်အားလုံးကိုလည်း ကျွေးသည်။ မုန့်ဟင်းခါးချက်ပြီးတော့ ကျွန်မတို့မြန်မာအဖွဲ့က မြိန်ယှက်စွာစားကြသော်လည်း အင်ဒိုနီးရှားအဖွဲ့က ဟင်းရည်ကို ကြိုက်သော်ငြား မုန့်ဟင်ခါးဖတ်ကို စားတတ်ပုံမပေါ်။ ဟင်းရည်ကို ထမင်းနှင့် ဖျော်စားကြသည်။ ဟင်းရည်အရသာကိုတော့ အတော်ကြိုက်ကြသည့်ပုံရသည်။ အားလုံးကတော့ ပြုံးလို့ရွှင်လို့ ပျော်လို့ပင် ဖြစ်သည်။

ဆရာတော်ဦးသဒ္ဒိယ ရွေးပေးလိုက်သော အချိန်အခါတိုင်း နံနက် ၇း၁၀ မိနစ်တွင် ထီးတော်စတင်ရပါမည်။ မတင်ခင် သိမ်ထဲတွင် အားလုံး စုဝေးရောက်ရှိနေကြသည်။ ဆရာတော်များအားလုံးက ကြမ်းပြင်ပေါ်၌ ပုဆစ်တုပ်၍ထိုင်ကြပြီး အလယ်တွင် ကုလားထိုင်တစ်လုံးသာ ချထားပါသည်။ ကျွန်မတို့ ထီးတင်ပွဲအခမ်းအနားနှင့် တိုက်တိုက်ဆိုင်ဆိုင် မြန်မာပြည်မှ ချမ်းမြေ့ဆရာတော်ကြီးမှာ ဘာလီကျွန်းတွင် အင်ဒိုနီးရှား ဗုဒ္ဓဘာသာဝင်များကို ဝိပဿနာ တရားပြလျှက်ရှိသည်။ ထီးတင်မည့်နေ့တွင် မာလန်သို့ကြွလာမည်ဟု ဂျူးဂျူထံမှ တစ်ဆင့်သိရသည်။ အခမ်းအနားမတိုင်ခင် လပြည့်အဖိတ်နေ့က မာလန်သို့ ကြွလာသည်။ လပြည့်နေ့ အခမ်းအနားမစမီ ချမ်းမြေ့ဆရာတော်ကြီး ကြွရောက်လာသည့်အခါ ပရိတ်သတ်များကို ငါးပါးသီလပေးပါသည်။ သိမ်၏အတွင်းအပြင်တွင် ပရိသတ်များ သီလယူကြသည်။ ထို့နောက်



ချမ်းမြေ့ဆရာတော်ဘုရားကြီးနှင့် အင်ဒိုနီးရှား သာသနာပိုင် အမှူးပြုသော ဆရာတော်များ

ကျွန်မက အထက်ဌာပနာ တွင်သွင်းရန် ရွှေတောင်း ငွေတောင်းဖြင့် ရတနာပစ္စည်းများထည့်၍ ဆရာတော်သို့ ကပ်သည်။ ကျွန်မတို့ မြန်မာအဖွဲ့ကလည်း သူတို့ဝတ်စားထားသည့် လက်ဝတ်ရတနာများကို ဆရာတော်ထံကပ်ပြီး ရွှေတောင်းငွေတောင်းထဲ ထည့်သွင်း ပူဇော်ကြပါသည်။

ကျွန်မတို့ မြန်မာအဖွဲ့လုပ်နေတာမြင်တော့ အင်ဒိုနီးရှား ဗုဒ္ဓဘာသာဝင်တွေက တအံ့တဩကြည့်ပြီး" ဘာလုပ်တာလဲ" ဟု မေးသည်။ ဦးဝင်းဖေက ဌာပနာပစ္စည်း ထည့်သွင်းခြင်းဖြစ်ကြောင်း၊ ဌာပနာ ပစ္စည်း ထည့်ရသည့်အတွက် ရရှိသောအကျိုးများပုံကိုလည်း အင်ဒိုနီးရှားဘာသာဖြင့် ရှင်းသည်။ သူပြောနေတာ ဟုတ်လေသလား၊ မဟုတ်လေသလားတော့ ကျွန်မလည်း မသိ။ သူရှင်းနေတာ သိလို့ရှင်းနေတာလား၊ မသိဘဲ မှန်းဆရှင်းနေတာလားလဲ ကျွန်မ မသိ။ သို့သော် အင်ဒိုနီးရှား ဗုဒ္ဓဘာသာဝင်များလည်း သူတို့ဝတ်ဆင်ထားသော ရတနာပစ္စည်းများ ဖြုတ်လှူကြသည်။ လက်ဝတ်လက်စားမပါသူတွေက နာရီတွေ ဖြုတ်လှူသည်။ ရွှေတောင်းငွေတောင်း မဆံ့တော့ပေ။ ထို့ကြောင့် ကျွန်မက မြန်မာပြည်မှ ယူလာသောယွန်းဆွမ်းအုပ်ကြီးကို အဖုံးဖွင့်ပြီး ဆရာတော်ထံကိုကပ်လိုက်တော့ အားလုံးက ယွန်းဆွမ်းအုပ်ထဲသို့ ရတနာပစ္စည်းတွေ ထည့်ကြတော့သည်။

ဆွမ်းအုပ် အကြီးကြီး တစ်လုံးလည်း ပြည့်ရုံမက လျှံသွားသည်။ ကျွန်မလည်း ကြံရာမရဘဲ သိမ်ထဲတွင်တွေ့ရသော ပလတ်စတစ် ဇလုံတစ်လုံး ထပ်ကပ်လိုက်သောအခါ ထိုပလတ်စတစ်ဇလုံထဲသို့ အလုအယက် ထည့်လှူကြပြန်သည်။ ဘာမျှဝတ်ဆင်မလာသော သူများက မြန်မာအမျိုးသမီးများ ဝတ်ဆင်ထားသော ပစ္စည်းတွေကို သူတို့ကိုရောင်းရန် တောင်းပန်ကြ၏။ မည်သူမျှ မရောင်းကြပါ။ တစ်ယောက်ကတော့ သူဌာပနာထည့်ချင်ပေမယ့်

မထည့်ရတော့ ငိုရှာသည်။ သူ့အနားတွင်နေသည့် ဒေါ်ခင်သန်းမေ၏လက်စွပ်ကို ဖွတ်ဝယ်နေပါသည်။ ဘယ်လောက်ပေးရ ပေးရပေးပါမည်ဟု ပြောသည်။ မြန်မာအဖွဲ့တွေကလည်း "ဒါလောက်ဖြစ်နေရင်လဲ ရောင်းလိုက်ပါဟယ်၊ သူလဲ လှူမှာပဲလို့" ဝိုင်းပြောကြသောအခါ ဒေါ်ခင်သန်းမေက ဖြုတ်ပေးရှာသည်။ သူ့ကျောက်စိမ်းလက်စွပ်ကလေးက တကယ်လည်း ၅ သိန်းခန့် တန်သည်။ ဒေါ်ခင်သန်းမေက ၅ သိန်း ပါလို့ပြောတော့ အင်ဒိုနီးရှားသူကလည်း ငွေငါးသိန်းကို သွက်သွက်လက်လက် ထုတ်ပေးပြီး လက်စွပ်ရတော့ ဝမ်းသာအားရနှင့် ဆရာတော်ထံ သွားလှူကာ ကျောက်စိမ်းလက်စွပ်ကို ပလတ်စတစ်ခွက်ထဲ ထည့်လှူသည်။ သူကတော့ ပြုံးလို့ပျော်လို့ပင် ဖြစ်သည်။ ငိုမဲ့မဲ့ ဖြစ်ရသူက ဒေါ်ခင်သန်းမေဖြစ်သည်။ ဟိုအင်ဒိုနီးရှားသူက အင်ဒိုနီးရှားငွေ ၅ သိန်းမှတ်၍ ၅ သိန်း ပေးသွားသည်။ အင်ဒိုနီးရှား ငွေ ၅ သိန်းဆိုသော ပိုက်ဆံသည် ငွေလဲလှယ်နှုန်းထားအရ တကယ်တန်းတန်သည်က မြန်မာငွေ ၅သောင်းပင် မပြည့်ရှာပေ။ လက်စွပ်တန်တာကမြန်မာငွေ ၅ သိန်းဖြစ်သည်။ ထို့ကြောင့် ဒေါ်ခင်သန်းမေ ငိုမဲ့မဲ့ ဖြစ်သွားခြင်း ဖြစ်သည်။ မြန်မာအဖွဲ့တွေ အားလုံးက ဒေါ်ခင်သန်းမေကို ဝိုင်းဖျောင်းဖျရသည်။ "ပိုတာ မင်းအလှူပဲထားပါ" ဆိုပြီး ချော့ကြ၏။ ဒေါ်ခင်သန်းမေကလည်း သဒ္ဓါတရားထက်သန်သူမို့ ပြဿနာမရှိလှပါ။ သူ့မိဘကလက်ဖွဲ့ထားသည့် ပစ္စည်းမို့ နှမြောနေရှာသည်။ နောက်တော့ ဘုရားလှူတာပဲလေ၊ ကောင်းဖို့ဖြစ်လာတာပဲဟုမှတ်ကာ ဝမ်းသာကြည်နူးနေပါသည်။

မင်္ဂလာအချိန်ကျသည်နှင့် ထီးတော်ကို စတင်ပင့်ကြသည်။ ရှေ့ဆုံးမှ သာသနာပိုင်ဆရာတော်ကြီးက စိန်ဖူးတော်၊ အခြားဆရာတော်များက ငှက်မြတ်နား၊ ထီးတော်ဘုံအဆင့်ဆင့်၊ နောက်တော့ အထက်ဌာပနာသွင်းမည့် ရုပ်ပွါးတော်များ၊ ရတနာ

ပစ္စည်းများကို ပင့်ဆောင်ပူဇော်ကြသည်။ ဆရာတော်ကြီးများ ပြီးတော့ သံအမတ်ကြီးနှင့် စစ်သံမှူး၊ ကျွန်မခင်ပွန်း ဦးဟန်ရှိန်နှင့် ဦးဝင်းဖေတို့ဦးဆောင်သော မြန်မာအဖွဲ့၊ နောက်မှ အင်ဒိုနီးရှား ဗုဒ္ဓဘာသာအဖွဲ့တို့ လိုက်ပါလာကြသည်။ ရှေ့ဆုံးမှ ပန်းခြင်းလေး ဖြင့် သမီးလေး ထက်ထက်ရှိန်၊ နေဇာသန်းနှင့် ဗုဒ္ဓတက္ကသိုလ်မှ မိန်းကလေးနှစ်ဦးတို့က ပန်းကျဲသွားကြသည်။ လမ်းဝဲယာမှ ပန်းပေါင်းစုံတို့ကလည်း ထီးတော်ကြီးကို ဦးညွှတ်နေကြသည့် အလား။ ပရိသတ် သုံးထောင်ခန့်ကလည်း လမ်းဘေးဝဲယာမှာ လက်အုပ်ကလေးတွေချီလို့ ပူဇော်နေကြသည်။ မမဒေါ်ဝင်းဝင်းညွန့်၊ စစ်သံမှူးဇနီးနှင့် ကျွန်မတို့ကလည်း ထီးတော်ဘုံတစ်ဆင့် ပင့်လာကြ သည်။

ဘုရားနားရောက်တော့ ဆရာတော်များနှင့် မြန်မာ အမျိုးသားအဖွဲ့များအားလုံး ဘုရားထိပ်ပိုင်းတွင် နေရာယူကြသည်။ ဆရာတော်များကတော့ ကျွန်မလှူထားသည့် ကတ္တီပါ ယပ်တောင် အညိုလေးများကို တူညီကိုင်ထားကြသည်။ ဘုရားတက်လမ်း အဆင့်ဆင့်တွင် အပြာရောင် တူညီဝတ်စုံဝတ်ထားသော အင်ဒိုနီးရှား ဗုဒ္ဓတက္ကသိုလ် ကျောင်းသားလေးများက နေရာယူထားကြသည်။ သံအမတ်ကြီးနှင့်ကျွန်မက အောက်ခြေမြေပြင်ပေါ်တွင် နေရာယူ သည်။ ကျွန်မက ပင့်ဆောင်လာသော ထီးတော်များကို အကြီး အသေးမမှားအောင် အသင့်ခင်းထားသောစားပွဲမှာ စီထားလိုက် သည်။ ကျွန်မသည် ဥာပနာ မသွင်းတတ်သော်လည်း ထီးတော့ ကောင်းကောင်းတင်တတ်သည်။ မြန်မာပြည်မှာ ဘုရားထီးကို ကျွန်မကိုယ်တိုင်လည်း လှူသည်။ သူများလှူသည်ကို တွေ့လျှင် လည်း ရောက်အောင် သွားကြည့်သည်။ သွားရင်းလာရင်း ဘုရား ထီးတင်ပွဲများ တွေ့လျှင်လည်း ရပ်ပြီး ဝင်နွှဲတတ်သည်။ ထီးကိုလည်း နည်းမျိုးစုံဖြင့် တင်တတ်သည်။ ထို့ကြောင့် ရေခြားမြေခြား ဒေသ

ခြားမှာ ထီးတင်ရမည့် ကိစ္စကို ကျွန်မ မပူပါ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အပြည့်ရှိပါသည်။ ကိုယ့်တိုင်းပြည်မှာလို ဆိုင်းတွေ ဝိုင်းတွေနှင့် ရထားပုံ့တွေ မရှိတာကလွဲလို့ နံ့သာရည်များကို ညဦးကတည်းက အဆင့်သင့်သွေးထားပြီးသား ဖြစ်သည်။ ဆိုင်းဝိုင်း မပါပေမယ့် ထီးတင်ပွဲ၌ ဖွင့်ရန် မြန်မာဆိုင်းများကို မန္တလေးမှာ ကတည်းက တိတ်ခွေ သွင်းယူခဲ့သေးသည်။ အဆော့မက်နေ၍ သီချင်းဖွင့်ရန်မေ့နေသော သမီးကိုလည်း သီချင်းဖွင့်ဖို့ လှမ်းသတိ ပေးရသေးသည်။

မင်္ဂလာအချိန်မှာ ထီးတော်ကိုစတင်၍ တင်ကြပါသည်။

ကျွန်မ၏ထီးတော် တင်အပ်သည့် ပညာက အဋ္ဌာရသ ၁၈ ရပ်ထဲမှ တစ်ခု ဖြစ်သည်။ ထီးတင်နည်းကိုလည်း ပြောပါဦးမည်။ လေးထောင့်သစ်သားပြားကို ထောင့်လေးထောင့်မှာ အပေါက် ဖောက်၊ ကြိုးလေးကြိုးဖြင့် ဆိုင်းချည်၊ သစ်သားပြားပေါ်မှာ အဝါရောင်ပိုးစလေးခင်း၊ ကြိုးလေးကြိုးကို သစ်သားပြားမှ ခြောက်ပေအကွာလောက်တွင် စုချည်ပြီး စေတီတော်ထိပ်သို့ စက်သီး နှင့်ဆွဲတင်ခြင်းဖြစ်သည်။ ထီးတော်ထိပ်ဖျားမှ အောက်အထိ အရှည်လိုက်နေရာယူထားသည့် အင်ဒိုနီးရှား ဗုဒ္ဓတက္ကသိုလ် ကျောင်းသားများက လက်တစ်ဖက်က ငြမ်းကိုဖက်ထား၍ နောက်တစ်ဖက်က ဆင်ထားသော ငြမ်းနှင့် ထီးတော်မငြိအောင် တွန်းထိန်းပေးထားရသည်။

ထီးတော်ပထမဘုံအဆင့်ကိုစတင်ကြပါသည်။ ကျွန်မနှင့်သံအမတ်ကြီးက သစ်သားပြား ပုခက်ပေါ်သို့ သေချာစွာတင်ပေး၏။ ပထမဘုံဆင့်မှာ အတော်ကြီးနေပြီး သစ်သားပုခက်လေးဖြင့် မဆံ့တဆံ့ ဖြစ်နေ၍ သေသေချာချာ သွတ်သွင်းထည့်ရ၏။ အဆင့်သင့်ဖြစ်လို့ အချက်ပေးလိုကသည့်အခါ ၉၀ ဒီဂရီ ထောင့်မတ်ပုံစံ ဆွဲတင်နေရသည်။ မြန်မာအဖွဲ့အမျိုးသမီးများက ကြိုးကို စဆွဲကြသည်။



ငှက်မြတ်နားတင်လှူနေစဉ် (ဝဲမှယာ) ဦးဝင်းဖေ၊ ဦးဟံရှိန်၊ စစ်သံမှူးဗိုလ်မှူးကြီး ဖိုးချိုနှင့် သံအမတ်ကြီး ဦးကျော်မြင့်

ထီးတော်လည်း အလိုက်သင့် မြောက်ပါသွားသည်။ အင်ဒိုနီးရှား၌ ဘုရားထီးတင်ပွဲကျင်းပခြင်းသည် ကမ္ဘာဦးအစမှ ယနေ့အထိ သည် တစ်ကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်မည်။ ကမ္ဘာ့အံ့ဖွယ်တစ်ပါး ဖြစ်သည့် ဗောဓိဗုဒ္ဓ ဘုရားသည်ပင် ထီးတင်ရသည့် စေတီပုံ မဟုတ်ပါ။ ထို့ကြောင့် အင်ဒိုနီးရှား ဆရာတော်များနှင့် ဗုဒ္ဓ ဘာသာဝင် လူပုဂ္ဂိုလ်များသည်လည်း ထီးတင်သည့်အတွေ့အကြုံ မရှိပါ။ ကျွန်မတို့အထဲကိုလည်း မည်သူမျှ ဝင်မပါကြပါ။ ဆရာတော် များကလည်း အထက်ဆုံးဆင့် ထီးတော်တင်မည့်နေရာတွင် ရောက်ရှိနေကြသည်။ လူပုဂ္ဂိုလ်များကလည်း ခပ်လှမ်းလှမ်းမှာ ရပ်လျက် လက်အုပ်ချီပြီး ကျွန်မတို့လုပ်ရှားသမျှကို ဝိုင်းကြည့်နေကြ သည်။ အမျိုးသမီးအဖွဲ့တွေက ကြိုးဆွဲ၊ ထီးတော်ကြီးက လှုပ်ကာ လှုပ်ကာဖြင့် အထက်သို့ တက်သွားပါသည်။ ရွှေလျှားရသည့် လမ်းကြောင်းကလည်း ရထားပံ့ဖြင့်တင်သလို ပြေပြေချောချော မဟုတ်။ တကယ်အထက်သို့တက်တော့ ဝိုင်းကြီးပတ်ပတ်လည် နေသည်။ ကျွန်မက အင်ဒိုနီးရှားလူငယ်အဖွဲ့ကို အင်္ဂလိပ်လို အော်လိုက်၊ မြန်မာလိုဟစ်လိုက်နှင့် ပြောရသည်။ သူတို့ကလည်း သူတို့သဘောပေါက်သလို ထီးပုခက်ကို တွန်းလိုက်ကြ၊ တိုးလိုက်ကြ ဆိုတော့ ပုခက်ထဲထည့်ထားသည့် ထီးတော် ပထမဘုံအဆင့်ကြီးမှာ ဟန်ချက်ပျက်ပြီး လှုပ်တုပ်လှုပ်တုပ် ဖြစ်နေတော့သည်။ ထီးတော် သည် ဆိုင်းထားသည့် ကြိုးအပြင်ဘက်ကို အနည်းငယ် အန်ထွက် လာ၏။ အပေါ်ကလူများကလည်း စိတ်တွေမောလို့ နေကြသည်။ ကျွန်မက ဦးဝင်းဖေကို ထိန်းပုံ ထိန်းနည်းတွေကို အင်ဒိုနီးရှား ဘာသာနှင့် ဗုဒ္ဓတက္ကသိုလ် ကျောင်းသားလေးများကို ပြောပေးစမ်း ပါလို့ အောက်ကနေ အော်ပြောသောအခါ ဦးဝင်းဖေက အင်ဒိုနီးရှားဘာသာဖြင့် ဘုရားပေါ်ကနေ ဘာသာပြန်ပေးရ၏။ ထီးတော်ကြီးမှာ အလယ်လောက်တွင် ရပ်နေ၏။ ဦးဟန်ရှိန်နှင့် ဦးဝင်းဖေက ဘုရားပေါ်က ပြန်ဆင်းပြေးလာကြသည်။

သံအမတ်ကြီးက မျက်စိမျက်နှာ အတော်ပျက်နေသည်။ "ဒေါ်မြမြလေး မရတော့ဘူးထင်တယ်၊ ထီးကိုပြန်ချပြီးရပ်ကြစို့" ဟု ပြောလာသည်။ ကျွန်မက "ရတယ်အဘ၊ ဘာမှမပူနဲ့၊ ဒီထက်ဆိုးသည့်အခြေအနေမှာတောင် ကျွန်မ တင်ဖူးတယ်" ဟု ပြန်ပြောရ၏။ ထိပ်ဆုံးက ကျွန်မခင်ပွန်းက ဦးဝင်းဖေကို မြန်မာလိုပြော၊ ဦးဝင်းဖေက အင်ဒိုနီးရှားလို ဘာသာပြန်ပေးရင်း ကြိုးဆွဲဖို့ ပြန်စကြတော့သည်။ သည်တစ်ခါ ရပ်ကြည့်နေသည့် အင်ဒိုနီးရှား ဗုဒ္ဓဘာသာဝင်များက ဝင်ဆွဲပေးကြသည်။ အလယ်ကြောမှ ကလေးများက သဘောပေါက်သွားကြပြီဖြစ်၍ အသာလေး ထိန်းထိန်းပြီး တင်ပေးကြတော့ ချောချောမောမော ရောက်သွားတော့သည်။ အပေါ်မှာရှိသည့် ဆရာတော်များ၊ မြန်မာ အင်ဂျင်နီယာ သုံးဦး၊ ကျွန်မတို့မြန်မာအဖွဲ့မှ ဦးဘုန်းမြင့်၊ ဦးသိန်းထွန်းတို့က ပထမဘုံဆင့်ကို ပိန္နဲတိုင်တွင် စွပ်ပေးကြသည်။

ဒုတိယဘုံဆင့် တင်တော့မည်ဆိုတော့ သံအမတ်ကြီးက အတော်စိတ်လေးပုံရသည်။ ပထမဘုံဆင့်လုပ်သလိုပင် ကျွန်မနှင့် သံအမတ်ကြီးက ပုခက်ထဲ ထည့်ပေးရသည်။ သည်တစ်ခါတော့ ကျွန်မက မိန်းမဉာဏ်သုံးရသည်။ ကျွန်မလည်ပင်းက ပဝါရယ်၊ ကျွန်မတို့မြန်မာအမျိုးသမီးသုံးယောက်လောက်ဆီက သူတို့ခြုံထားသည့် ပဝါသုံးစ ထပ်တောင်းရသည်။ ထီးတော်ခွေ၏ အလယ်တန်း သံပေါင်နှင့် ဆိုင်းသည့်ကြိုးကို ပဝါတစ်ထည်စီဖြင့် ချည်၏။ ကြိုးလေးချောင်းဆိုတော့ ပဝါလေးထည်နှင့် ကိစ္စပြီးစေ၏။ လှူပ်ရင်သာလှုပ်မည်၊ ပြုတ်ကျဖို့နေနေသာသာ ဆွဲချတောင် ကျမည်မဟုတ်ပေ။ အခိုင်အခံ့ဖြစ်အောင် မိန်းမချည်နည်းဖြင့် ချည်ပစ်လိုက်သည်။ အင်ဒိုနီးရှားနှင့် မြန်မာအဖွဲ့တို့ ကြိုးစဆွဲကြ၏။ ထိန်းပေးသည့်ကလေးများကလည်း ကောင်းစွာသဘောပေါက်ကြပြီဖြစ်၍ အချိုးကျလှသည်။ အထက်ရောက်တော့ ကျွန်မချည်ထား

သည့် ပဝါလေးစကိုဖြုတ်၍ ထီးတော်၏ဒုတိယဘုံကို ယူ၍တင်ကြသည်။ ပြီးတော့ သစ်သားခုံလေးထဲမှာ ပဝါစလေးစကို မကျအောင် ချည်၍ ပြန်တည့်ပေးပြီး သစ်သားပုခက်လေးကို အောက်သို့ကြိုးလျှော့၍ ပြန်ချပေးကြ၏။ သည်လိုနှင့် ထီးတော်ဘုံအဆင့်ဆင့်ကို အောင်မြင်စွာ တင်နိုင်ခဲ့ကြပါပြီ။ သံအမတ်ကြီးလည်း ဘုရားပေါ်တက်သွားသည်။ ငှက်မြတ်နား၊ စိန်ဖူးတော်တို့ကို သာသနာပိုင်ဆရာတော်ကြီးနှင့် သံအမတ်ကြီးဦးဆောင်သော မြန်မာအဖွဲ့က တင်ကြသည်။ အားလုံး ချောချောမောမော အောင်မြင်ပြီးစီးသွားပါပြီ။

ကျွန်မခင်ပွန်းက ထီးတော်တင်အောင်မြင်သော အထိမ်းအမှတ်အဖြစ် ရွှေမိုး ငွေမိုးများ ရွာချလိုက်ပါသည်။ မြန်မာ အင်ဂျင်နီယာများနှင့် မြန်မာအဖွဲ့တွေကလည်း ရွှေမိုး ငွေမိုးများ ရွာကြပါသည်။ ပထမတော့ အင်ဒိုနီးရှားအဖွဲ့တွေက ကြောင်ကြည့်နေကြသည်။ ကျွန်မတို့မြန်မာအဖွဲ့တွေ ဝိုင်းကောက်ကြတော့ သူတို့လည်း ဝိုင်းကောက်ကြသည်။ ထိုနေ့က ကြဲသည့်ငွေမှာ တစ်ထောင်တန်မှ တစ်သိန်းတန်အထိ ပါသည်။ အနည်းဆုံး တစ်ထောင်တန် ဖြစ်သည်။ ကြဲငွေစုစုပေါင်း ၃၅သိန်း(မြန်မာငွေ သုံးသိန်းငါးသောင်း)ဖြစ်သည်။

နံနက် ၁၁နာရီ ၁၅ မိနစ်တွင် ထီးတော်တင်ခြင်းကိစ္စ အောင်မြင်စွာ ပြီးဆုံးသွားပါသည်။ ကျွန်မခင်ပွန်း ဦးဝင်းဖေနှင့် သံအမတ်ကြီး၊ စစ်သံမှူး၊ ဦးဝင်းမြင့်သိန်း၊ ဦးသန်းလွင်၊ ဦးတင်မိုးလွင်တို့က ဆင်းမလာနိုင်ကြသေးပါ။ ထီးမတင်ခင်လေးကမှ ဆရာတော်တို့ သွင်းခဲ့သည့် အထက်ဌာပနာတိုက်ကို သေချာစွာ ပိတ်နေကြသည်။ မြတ်စွာဘုရား၏ ဓါတ်တော်မွေအစစ်များ၊ နံနက်ခင်းမှလှူထားသော ရတနာပစ္စည်းများ၊ ပထမအခေါက်က ကျွန်မလှူထားခဲ့သည့် ပစ္စည်းများ၊ ရတနာများ၊ ရွှေတောင်း၊

ငွေတောင်းများကို ဌာပနာခဲ့ကြသည်။ အလှူရှင်များ၏သဒ္ဓါတရား ကို ချီးမြှောက်သောအားဖြင့် အလှူခံခဲ့သောနာရီများမှာလည်း ရာနှင့်ချီ ရှိကြသည်။ နာရီများကိုတော့ ဌာပနာမသွင်းတော့ဘဲ ဆရာတော်ကပြန်ယူလာခဲ့ပြီး ပြတိုက်တွင်ထားမည်ဟု ပြောပါ သည်။ သံအမတ်ကြီးမှာ အထက်ဌာပနာတိုက်ကို ကိုယ်တိုင်ပိတ် သည်။ မြန်မာအင်ဂျင်နီယာအဖွဲ့ကလည်း အတော်အားကိုးရပါ သည်။ မြန်မာမှုပညာရှင် လေးသုံးယောက်ကလည်း ဌာပနာတိုက်ကို လုံခြုံအောင် ဆောင်ရွက်ကြသည်။ သံအမတ်ကြီးက ကိုယ်တိုင် စစ်ဆေး၍ စိတ်ချရပြီဆိုမှ အောက်သို့ဆင်းလာကြသည်။

ဘုရား ပရိဝုဏ်နှင့် ရိပ်သာထဲတွင်တော့ အရောင်းအဝယ် တွေ ဖြစ်နေကြသည်။ ကြလို့ရသည့်ငွေများမှ တစ်ထောင်တန်ကို တစ်သောင်းနှင့် လိုက်ဝယ်ကြသည်။ မည်သူမျှ မရောင်း။ လေးငါးရွက် ကောက်ရခဲ့သည့်ကလေးများကတော့ ပြန်ရောင်းကြ သည်။ ထိုငွေကိုရလျှင် ကံကောင်းသည်ဟု မည်သူက ဘာသာပြန် လိုက်သည်မသိ။ ဆရာတော်ကြီးများကလည်း သည်လို ရွှေမိုး ငွေမိုး ရွာသည်ကို မမြင်ဖူးကြောင်း ပြောရှာသည်။ ထီးတင်ပွဲလာ ပရိသတ်ကြီးက ပျော်တပြုံးပြုံး ဖြစ်နေကြသည်ကို သာသနာပိုင် ဆရာတော်ကြီးကလည်း ကြည့်ပြီး ပီတိဝမ်းမြောက်နေရှာသည်။

ထီးတင်ပွဲတော်ကြီးမှ အတုယူစရာများကို ပြောပြပါဦးမည်။ ထီးတင်ပွဲလာ ပရိသတ်မှာ အနည်းဆုံး သုံးထောင်ကျော် ခန့်ရှိသည်။ ဆရာတော်ကြီး ဘန္တေခန္တီဓါရောက အားလုံးကို စတုဒိသာကျွေး၏။ ကျွေးပုံကျွေးနည်းမှာ တစ်ခါသုံး ၈လက်မ×၆လက်မ ခန့်ရှိ ဖော့ဘူးလေး များထဲတွင် ထမင်း၊ ဟင်း၊ မုန့်၊ သစ်သီးတို့ကို တစ်ကန့်စီ ထည့်ထား သည်။ ဘုရားပန္နက်ဗဟိုချက်မှထွက်သော ရေသန့်များကိုလည်း ပလတ်စတစ်ရေသန့် ပုလင်းအသေးလေးများနှင့် ထည့်ထားပေး သည်။ အဆိုပါ အာဟာရဘူးလေးများကို နေရာအသီးသီးတွင်



**ထီးတင်ပွဲတွင် Ramon နှင့် ရွှေထီးတော်တင်လှူအပြီး တွေ့ရစဉ်**

စားပွဲခုံလေးများပေါ်၌ အစီအရီ တင်ပေးထားသည်။ ပရိသတ် အသီးသီးက မိမိတို့နီးရာစားပွဲမှာ အာဟာရဘူးလေးများကို စနစ်တကျတန်းစီပြီး တစ်ဘူးစီယူ၏။ ပြီးလျှင် မိမိတို့အစု အဖွဲ့လေးတွေနှင့် အပင်အရိပ်လေးများအောက်တွင် ထိုင်စားကြ သည်။ စားသည့်အခါတွင်လည်း အဖိတ်အစင်မရှိအောင် စားကြ သည်။ စားသောက်မှု ပြည့်စုံပါက ဘူးခွံနှင့် လွှင့်ပစ်ရမည့် ပစ္စည်းများ ကို စနစ်တကျ အမှိုက်ပုံးတွင် သွား၍ပစ်ကြ၏။ စားသောက်သည့် ကိစ္စအားလုံးပြီးသည့်အခါ ကျောင်းတစ်ဝန်းလုံး ဘာအမှိုက်သရိုက် အညစ်အကြေး လုံးဝမရှိ၊ ထမင်းတစ်စေ့ပင် မမြင်ရ။ မူလပကတိ

အတိုင်း သန့်ရှင်းသပ်ယပ်နေသည်။ ဆရာတော်များနှင့် ကျွန်မတို့ မြန်မာအဖွဲ့ကိုတော့ ဆွမ်းစားကျောင်းတွင် ကျွေးသည်။ ဟင်းခွက် ၁၅၀ခန့်ရှိသည်။ ညနေ ၃ နာရီခန့်တွင် ကထိန်ပွဲ ဆက်လက်ကျင်းပကြသည်။

သိမ်တော်ကြီးရှေ့တွင် သံဃာစင် မဏ္ဍပ်ကြီး ဆောက်ထားသည်။ လက်ဝဲဘက် မဏ္ဍပ်အသေးတွင် သံအမတ်ကြီး၊ စစ်သံမှူးနှင့် အင်ဒိုနီးရှားနိုင်ငံ သာသနာရေးဌာန၏ အကြီးအကဲများ၊ မာလန်မှ အာဏာပိုင်အဖွဲ့အစည်းများ ၊ သူတို့၏ဇနီးများနှင့် ကျွန်မတို့ မြန်မာအဖွဲ့များကို ကုလားထိုင်များဖြင့် ထိုင်စေပါသည်။ ညာဘက်အောက်နားတွင် မဏ္ဍပ်အကြီးကြီးထိုးထားပြီး အင်ဒိုနီးရှားပရိသတ်ကို ဖျာခင်း၍ ထိုင်စေသည်။ မနေ့ကတည်းက ပန်းအလှဆင်သည့်အဖွဲ့က စေတီတော်ကြီးအပါအဝင်၊ မဏ္ဍပ်များနှင့် ကျောင်းဝင်းနေရာအနှံ့တွင် အုန်းညွန့်အနုများဖြင့် ထူးခြားသော ပုံစံအမျိုးမျိုးကို လှပဆန်းကျယ်စွာ ပန်းအိုးများ ပြင်ထားကြသည်။ ကျွန်မတို့ မြန်မာအဖွဲ့မှ အမျိုးသမီးများက ရင်သပ်ရှုမောဖြစ်ကာ ပန်းအိုးတွေနားက မခွါနိုင်ဘဲ ဓါတ်ပုံတွေပဲ ရိုက်နေသည်။ ဆရာတော်ကြီးနှင့် သံအမတ်ကြီး အပါအဝင် သာသနာရေးဌာနမှ အကြီးအကဲများက မိန့်ခွန်းပြောကြားကြပါသည်။

ကျွန်မတို့ကလည်း မြန်မာပြည်မှ ယူခဲ့သော လှူဖွယ်များ ဆက်ကပ်ကြသည်။ အင်ဒိုနီးရှား ဗုဒ္ဓဘာသာဝင်များကလည်း သူတို့ယူလာသော လှပဆန်းကြယ်စွာ ထုပ်ပိုးထားသည့် လှူဖွယ်များကို သံဃာစင်ပေါ်သို့ တစ်ဦးစီ ဆက်ကပ်ကြသည်။ ထိုအချိန်တွင် မိုးများ မည်းမှောင်နေအောင် အုံ့မှိုင်းနေသော်လည်း အလှူရေစက်လက်နှင့်မကွာရုံ အနည်းငယ်ဖွဲဖွဲလေးသာ ရွာပေး၏။ စစ်သံမှူးကတော်က ကျွန်မဘက်လှည့်ပြီး၊ "အုံ့သလောက်သာ ရွာချရရင်တော့ ပိုးလုံချည်ပတ်ပြီး ခေါင်းပေါင်းစ တလူလူနဲ့ မိန့်ခွန်းပြောနေသည့် တို့သံအမတ်ကြီးတော့ ရာဇအင်တုံ ပုံတော့မှာပဲ"ဟု



ထီးတင်ပွဲအထိမ်းအမှတ် အမှတ်တရဆိုင်တွင် ပျော်ရွှင်နေသည့် မီးမီး

လှမ်းနောက်သည်။ ကျွန်မကတော့ မဏ္ဍပ်အသေးတွင် ကုလားထိုင်ဖြင့် ထိုင်နေရသော်လည်း စိတ်မဖြောင့်သဖြင့် မဏ္ဍပ်ကြီးထဲက အင်ဒိုနီးရှားများနှင့်အတူ သွားထိုင်သည်။ သူတို့ကလည်း ကျွန်မကို ကောင်းစွာသိကြသဖြင့် ဖော်ရွေစွာ နှုတ်ဆက်ပြီး ကျွန်မနှင့်အတူ ဓါတ်ပုံတွဲရိုက်ကြသည်။ ပန်းပြင်အဖွဲ့ကလည်း ဒုတိယအကြိမ် ပြန်တွေ့ကြသဖြင့် အားရဝမ်းသာနှုတ်ဆက်ကြသည်။

ကျွန်မကတော့ ရှေးလူကြီးသူမများ ပြောတာကြားဖူးပါသည်။ ဘုရားတစ်ဆူ ထီးတင်လို့ ရေစက်ချ အမျှဝေလိုက်လျှင် ကျွတ်တန်းဝင်တဲ့ပုဂ္ဂိုလ်တွေ၊ ဘုံအဆင့်မြင့်သွားတဲ့ ပုဂ္ဂိုလ်တွေ အများကြီးပဲဟု သိထားတော့ ရေတစ်စက် အမျှတစ်လုံးပေးဝေသည်။ မနုမေတစ်ယောက်ကတော့ ရှင်ဥပဂုတ္တ ရဟန္တာရှေ့မှာ ဆီမီးတွေ အမွှေးတိုင်တွေ ပူဇော်ပြီး ရာသီဥတု သာယာအောင် ဆုတောင်းရင်း အလုပ်ရှုပ်နေသည်။ မြန်မာပြည်မှ ကျွန်မယူလာသော ပုဆိုးဆင်တူလေး ဝတ်ထားသည့် ဦးမြလွင်၊ ဦးမောင်မောင်ခင်နှင့် ဦးဇော်ဦးတို့ကလည်း ကျွန်မတို့နှင့် ဓါတ်ပုံရိုက်ကြသည်။ မြန်မာအဖွဲ့တွေကလည်း မြန်မာမှုပညာရှင် ၃ ဦးကို စားစရာများ ပေးထားခဲ့ကြသည်။

တခြား ဝမ်းမြောက်စရာကောင်းသည်မှာ အင်ဒိုနီးရှားနိုင်ငံတွင် ယခုကဲ့သို့ ဘုရားတည်ပြီး သာသနာရေးကိစ္စများ ဆောင်ရွက်ပေးခဲ့သဖြင့် ကျေးဇူးတင်သည့်အနေဖြင့် တက်ရောက်လာသည့် ပရိသတ်များက ကျွန်မတို့အား လက်ဆောင်တွေပေးကြ၏။ အင်ဒိုနီးရှားရိုးရာ ပါတိတ်စများ၊ နှီးဖြင့်လုပ်ထားသည့် ရိုးရာပစ္စည်းများ ဖြစ်ပါသည်။ ပေးသာပေးကြသည်။ တစ်ယောက်နှင့်တစ်ယောက်လည်း မသိပါ။ သည်အထဲ ဘယ်သူ ဘယ်ဝါမှန်း မသိသူတစ်ဦးက ကျွန်မခင်ပွန်းထံ အထုပ်တစ်ထုပ် လက်ဆောင်လာပေးသည်။ အထုပ်ကို ဖွင့်ကြည့်တော့ ဘီလူးခေါင်းရှစ်ခေါင်း၊

ကျွန်မအတွက်ဟုဆိုကာ ကျွန်မ ခင်ပွန်းထံ လာပေးသွားခြင်းဖြစ်ပါသည်။ ကျွန်မလည်း သည်ဘီလူးခေါင်းရှစ်ခေါင်းကို ဘာလုပ်ရမှန်းမသိဘဲ တသသ ကိုင်ကြည့်နေမိသည်။ ကျွန်မ တည်းသည့်ကမ္ဘာ့ဒ္ဓာန်းကျောင်းလေးကို လာပေးခြင်းဖြစ်ပါသည်။ ပေးသည့်သူများကိုတော့ သူတစ်ခါမှ မမြင်ဖူးဟု ဆိုပါ၏။

ကျောင်းဂေါပကဖြစ်သည့် daddy ရဲ့ ဇနီးကတော့ ကျွန်မဝယ်လာသည့် အမရပူရထဘီနှင့် အလုပ်ဖြစ်နေသည်။ မချုပ်ဘဲ သည်အတိုင်း ပတ်ဝတ်ထားသည်။ ချွတ်ကို မချွတ်တော့။

ကျွန်မခင်ပွန်းကတော့ ဘီလူးခေါင်း ရှစ်ခေါင်းပေးသူကို မမှတ်မိလေခြင်း၊ ဘီလူးခေါင်းရှစ်ခေါင်းကို မမေးမမြန်းဘဲ ယူထားမိခြင်းအတွက် သူ့ကိုယ်သူ မကျေမနပ် ဖြစ်နေပုံရသည်။ ခဏနေတော့ ညောင်ပင်ကြီးဘက်သွားပြီး အထူးမေတ္တာပို့ အမျှဝေပါသည်။ ကျွန်မကလည်း သည်ပဟေဠိဆန်သော ဘီလူးခေါင်းရှစ်ခေါင်းကို မြန်မာပြည်အထိ ကောင်းမွန်စွာ သယ်လာခဲ့သည်။ တစ်ခါက စကားစပ်မိ၍ ကွယ်လွန်သူ ရွှေနေချုပ် အဘ ဦးသာထွန်းရဲ့သမီး စုစု (ဒေါ်ခင်စုဝေ)ကိုပြောတော့ သူလည်း ရချင်တယ်ဆိုသည့်အတွက် နှစ်ခေါင်း ခွဲပေးလိုက်၏။ သူလည်း ဘုရားခန်းမှာ တရိုတသေ ထားပါသည်။ ကျန်သည့်ဘီလူးခေါင်း ခြောက်ခေါင်းမှာ ယနေ့အချိန်အထိ ကျွန်မ အမွန်အမြတ် သိမ်းထားဆဲ ဖြစ်ပါသည်။

❏ ❏ ❏



ဘာလီကျွန်းရှိ ဗိဿနိုးနတ်ရုပ်ကြီးရှေ့တွင်အမှတ်တရ

ဒီပါအေးမြ စာပေ

# အခန်း(၁၉)
## အင်ဒိုနီးရှားမှ ဓမ္မမိတ်ဆွေများနှင့် ရေစက်ချသွားရောက်ရေး

အင်ဒိုနီးရှားနိုင်ငံ မာလန်မြို့တွင် ရွှေတိဂုံ(ပုံတူ)စေတီတော် ထီးတင်ပွဲသည် အောင်မြင်စွာဖြင့် ပြီးစီးခဲ့ချေပြီ။ အောင်မြင်ခြင်း အထိမ်းအမှတ် အနေနှင့် မာလန်ဆရာတော်က မြန်မာအဖွဲ့များကို ပါတိတ်စားပွဲခင်းတစ်ခုစီ လက်ဆောင်ပေး၏။ မြင်းခြံ ဆရာတော် ကြီးနှင့် မကွေးဆရာတော်ကြီးလှူဒါန်းသော ဓါတ်တော်များ ကွန့်မြူးနေပုံ ပုံတော်များနှင့် ကျွန်မရဲ့အိမ်မှ ပင့်ဆောင်ပူဇော် ထားသော ဓါတ်တော်ကြုတ် သုံးကြုတ်၊ မွေတော်ကြုတ် လေးကြုတ် အတွင်းမှ ဓါတ်တော်မွေတော်များ ကွန့်မြူးနေပုံများကို ဓါတ်ပုံ

ရိုက်၍ စက္ကူအချောအထူဖြင့် ကူးထားသည့် ၈ လက်မ × ၁၀လက်မ အရွယ် ဓါတ်ပုံများကိုလည်း ကုသိုလ်ပြု ဝေငှပေး၏။ မြန်မာအဖွဲ့ဝင်များကလည်း ကျောင်းဝင်းအတွင်းရောင်းနေသော အမှတ်တရပစ္စည်းများ၊ ဘုရားပုံပါသော တီရှပ်များကို မြတ်မြတ်နိုးနိုး ဝယ်ကြသည်။ အခမ်းအနားအားလုံးပြီးတော့ ကျောင်းဝင်းအတွင်း အမှိုက်တစ်ခုမျှ မရှိ။ ပန်းတစ်ပွင့်မှ ခူးသွားသူ မပါ။ သစ်ပင်က သစ်ခွများကလည်း ပကတိအကောင်းအတိုင်း၊ စည်းကမ်းကတော့ အတုယူစရာကောင်းသည်။

ဆရာတော်၊ ကျွန်မနှင့် ဦးဝင်းဖေတို့လည်း ကုန်ကျငွေစာရင်းများ ရှင်းကြသည်။ ကျွန်မလည်း မုန့်ဦး၊ လှေကား၊ ဓါတ်တော်တိုက်အတွက် ကုန်ကျငွေများကို ဦးဝင်းဖေသို့ ရှင်းပေးသည်။ ကျွန်မတို့အားလုံးက ဆရာတော်ကို "ဆရာတော် ဘေးရန်ကင်းပါစေ၊ စိတ်ဆင်းရဲကင်းပါစေ၊ ကိုယ်ဆင်းရဲ ကင်းပါစေ၊ ကိုယ်စိတ် နှစ်ဖြာချမ်းသာစွာဖြင့် သာသနာ့ဝန် ခန္ဓာဝန်ကို လွယ်ကူစွာဆောင်ရွက်နိုင်ပါစေ"ဟု သုံးကြိမ် ညီညာဖျဖျ မေတ္တာပို့ကြကာ ကန်တော့ပြီး ဂေါပကအဖွဲ့ဝင်များကို နှုတ်ဆက်ကာ မာလန်မြို့မှ ဆူရာဗားရားမြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြပါသည်။

ထိုနေ့ညနေစာကို ဦးဘုန်းမြင့်နှင့်ဇနီး မခင်သန်းမေတို့က မခင်သန်းမေ၏ မောင်လေးကိုအပ်ဆိုက်နှင့် အောင်အောင်တို့ဆုံးတာ တစ်နှစ်ပြည့် နှစ်ပတ်လည်ဖြစ်နေသဖြင့် တစ်ဖွဲ့လုံးကို ထမင်းကျွေးပြီး ဒါနပြုသည်။ ညမှာတော့ ကြယ်ငါးပွင့်အဆင့်ရှိ ဟားရက်ဟိုတယ်တွင် ညအိပ်ကြပါသည်။ နောက်တစ်နေ့ နံနက်စာကို ဟိုတယ်မှာပဲ ဘူဖေးစားကြပြီး လမ်းမှာတွေ့သော အမှတ်တရ ပစ္စည်းဆိုင်လေးမှာ ဈေးဝယ်ကာ လေဆိပ်သို့ ဆင်းခဲ့ကြသည်။ သံအမတ်ကြီးတို့အဖွဲ့လည်း ထိုနေ့မှာ ဂျာကာတာ ပြန်မည်ဟု ဆို၏။ သို့သော် ဝယ်ထားသော လေယာဉ်ချင်းမတူ၊ လေဆိပ်မှာပဲ အပြီးသတ် နှုတ်ဆက်ခဲ့ကြရပါသည်။

ကျွန်မတို့ ထီးတင်ပွဲက ၂၀၀၂ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့ဖြစ်ပြီး ၂၀၀၂ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဂျာကာတာသို့ ပြန်ခဲ့ကြပါသည်။ ဦးဝင်းဖေလည်း တခြားလေယာဉ်ဖြင့် ပြန်ပါသည်။ ၂၀၀၂ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ဦးဝင်းဖေ၏ဇနီး ဒေါက်တာ စံစီမာက ဒုတိယ သားရတနာကို မိခင်ရော ကလေးပါ ကျန်းမာစွာဖြင့် မွေးဖွားကြောင်း သိရသည်။ ထီးတင်ပြီးသည့် ညနေမှာပင် ဒေါက်တာ စံစီမာကို ဆေးရုံတင်လိုက်ရသည်။ တယ်လီဖုန်း သတင်းရလျှင်ရချင်း ဦးဝင်းဖေက ကျွန်မထံ ပြေး၍လာပြောသည်။ သူ့ကြည့်ပြီးတော့ ကျွန်မလည်း စိတ်မချမ်းသာ။ သာသနာ့အကျိုးအတွက် သားပစ် မယားပစ် ဆောင်ရွက်နေရသည်။ စီးပွားရေးက မပြောလည်ရှာ။ လူငယ်ထဲမှာတော့ သူ၏သာသနာပြုစိတ်ဓါတ်က ရှားမှရှားဖြစ်သည်။ ဘာသာ သာသနာ၏အကျိုး ဦးဝင်းဖေဆောင်ရွက်သမျှ နားလည်မှုအပြည့်ဖြင့် ပါရမီဖြည့်ဆည်းပေးသည့် ဒေါက်တာ စံစီမာကလည်း ဇနီးကောင်း ပီသရှာသည်။ ဦးဝင်းဖေကလည်း သူ့ဇနီးနှင့် မိသားစုကို အတော်ချစ်ပုံရသည်။ ဒေါက်တာ စံစီမာမပါလျှင် စကားမပြောတတ်ပေ။ ကျွန်မထံတွင် ဒေါက်တာ စံစီမာနှင့် ဦးဝင်းဖေရဲ့ကျေးဇူးတွေက များပါသည်။ သည်ပွဲကို သူစခဲ့၍သာ ကျွန်မတို့လှူဒါန်းခွင့်ရခြင်း ဖြစ်သည်။ ဒေါက်တာ စံစီမာက သဘောထားကြီး၍သာ ဦးဝင်းဖေ စိတ်ချမ်းသာစွာ သာသနာပြုရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် သည်ဇနီးမောင်နှံကို ကျွန်မက ဂုဏ်ပြုထိုက်သော ပုဂ္ဂိုလ်များအဖြစ် သတ်မှတ်ထားသည်။ သူတို့ ချို့တဲ့စွာ ဘဝကို ရုန်းကန်နေတာကိုလည်း ကျွန်မသိသည်။ ထို့ကြောင့် ဒေါက်တာ စံစီမာ၏ မီးဖွားခြင်းကို အခြေအနေအရ ကျွန်မ လိုက်မမေးနိုင်ပေမယ့် ကျွန်မဝတ်ထားသည့် လက်ကောက်ကလေးချွတ်ပြီး ဦးဝင်းဖေအား ပေးလိုက်သည်။ "အစ်မက စံစီမာကို

ဂုဏ်ပြုကြောင်း၊ ချောမောစွာ မီးဖွားရန်အတွက် မေတ္တာပို့ကြောင်း”ပြောပါလို့ မှာကြား လိုက်ပါသည်။ သူပြန်ပြောပုံကလည်း “ကျွန်တော် ဂျာကာတာရောက်ရင် ဆေးရုံကို တန်းသွားပြီး စံစီမာကို လက်ကောက်ကလေး ကိုယ်တိုင်ဝတ်ပေးမယ်၊ နောက်ပြီး သူ့ကို မပြုစုနိုင်တာ တောင်းပန်ရမယ် အစ်မရဲ့”ဟုဆိုသည်။ သူရဲ့ခွင့်ကလည်း ၂၀၀၂ ခုနှစ် နိုဝင်ဘာ ၂၃ ရက်နေ့အထိပဲရလို့ ထိုနေ့မှာပဲ စင်ကာပူပြန်ပြီး သင်္ဘောပေါ်တက်ရမည်။ ကျွန်မကိုလည်း အခုပဲ အပြီး နှုတ်ဆက်ခဲ့ကြောင်းပြောရှာသည်။

နေ့လယ် ၁ နာရီတွင် ဆူရာဗားရားမှ ဂျာကာတာ၊ ဂျာကာတာလေဆိပ်မှ စင်ကာပူသို့ ပြန်ကြသည်။ စင်ကာပူတွင် သုံးရက်၊ မလေးရှားတွင် ငါးရက် နေပြီးနောက် မြန်မာပြည်သို့ ၂၀၀၂ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ပြန်လည် ရောက်ရှိကြသည်။

မြန်မာပြည်ပြန်ရောက်တော့ အကျိုးအကြောင်း အစုံအလင်ကို သာသနာရေးဝန်ကြီးဌာနသို့ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှ တစ်ဆင့် အစီရင်ခံစာတင်သည်။

ကျွန်မတို့ မြန်မာပြည်ပြန်ရောက်လို့ မကြာခင်မှာဘဲ ဖေဖော်ဝါရီလတွင် သံအမတ်ကြီးရဲ့ဇနီး မမဒေါ်ဝင်းဝင်းညွန့် ဦးဆောင်သော အင်ဒိုနီးရှားရှိ နိုင်ငံခြားသံတမန် မိသားစုများ မြန်မာပြည်လာလည်စဉ် မန္တလေးကို နေ့ချင်းပြန်လာသည်။ ကျွန်မကလည်း ထိုနေ့နေ့လယ်မှာပင် ညောင်ရွှေမြို့တွင် ကျင်းပမည့် ရွှေကျင်ဂိုဏ်းအစည်းအဝေးသို့ သွားရောက်ရန်အတွက် လေဆိပ်သွားရတော့မည်ဖြစ်၍ သမီးနှင့် ထားခဲ့ရသည်။ ဦးချစ်ဝင်းလည်း ပါလာသည်။ သံအမတ်ကြီးဇနီးမောင်နှံနှင့် သံရုံးဝန်ထမ်းများမှာ နိုင်ငံရပ်ခြားတွင် တာဝန်ထမ်းဆောင်နေကြသည့်

နိုင်ငံသားကောင်း သမီးကောင်းတွေဖြစ်ပြီး ဗုဒ္ဓဘာသာ သာသနာတော်ကို အထူးစောင့်ရှောင့်ကြသော ပုဂ္ဂိုလ်များဖြစ်၍ ဂုဏ်ပြုပါသည်။

ဆရာတော်ထံမှလည်း ဦးဝင်းဖေမှတစ်ဆင့် ကြိုကြား ကြိုကြား ဘုရားနှင့်ပတ်သက်၍ အဆက်အသွယ် လုပ်၏။ ဘုရား အချောကိုင်သည့်ကိစ္စ၊ တံခွန်တိုင် တည်ဆောက်သည့်ကိစ္စ၊ ရှင်ဥပ ဂုတ္တနှင့် ရှင်သီဝလိ ရဟန္တာ ၂ ဆူတို့အတွက် ရေတံခွန် ဗိမာန် တည်ဆောက်သည့်ကိစ္စများ ပြီးမြောက်ပြီဖြစ်၍ မြန်မာမှ ပညာရှင် ကလေးသုံးဦးလည်း မြန်မာပြည်သို့ ပြန်လာကြခဲ့ကြသည်။ သူတို့ အတွက် ခရီးစရိတ်၊ စားစရိတ်နှင့် အခြားစရိတ်များ အပြီးအငြိမ်း တစ်နေ့လျှင် ၅ ဒေါ်လာစီ လုပ်အားခရကြ၍ တစ်ဦးလျှင် မြန်မာငွေ ၁၀ သိန်းလောက်စုမိကြသည်ဟု ကိုမောင်မောင်ခင်က ပြောပါ သည်။

ဘုရားတည်သည့်ကိစ္စပြီးပြီဖြစ်၍ ကျွန်မတို့လည်း အနေကဇာတင်၍ ရေစက်ချပွဲကျင်းပရန် စီစဉ်ရပါတော့သည်။ မြန်မာပြည် မှ ဆရာတော်ကြီးများကို ဘုရားတည်စကပင် ကျွန်မက ပင့်ပြီးဖြစ်နေသည်။ စရိတ်မတတ်နိုင်၍ ရှစ်ပါးသာ ပင့်ရပါသည်။ မိမိဌ်ရှိတာက ၂ ပြား၊ စားချင်တာက တစ်ခြင်းလုံးဆိုသည့်အတိုင်း ကျွန်မကိုးကွယ်သည့် ဆရာတော်တွေအားလုံးကို ပင့်ချင်လွန်းလှ သည်။ ဖြစ်လေရာဘဝမှာ ယခုလို တိုင်းထွာလျှုရသည့်အဖြစ်နှင့် မကြုံရပါစေနှင့်လို့ အခါခါ ဆုတောင်းမိပါသည်။ မာလန် ဆရာတော်က ကျွန်မအဆင်ပြေသည့်ရက်တွင် အခမ်းအနား ကျင်းပပါဟု အကြောင်းကြားရှာသည်။ ကျွန်မလည်း အားလုံး အဆင်ပြေမည့်ရက်ဖြစ်သည့် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့ ကို ရွေးပါသည်။ ဝါကျွတ်သည့် သီတင်းကျွတ်၊ တန်ဆောင်မုန်းတွင် ကျွန်မတို့ မြန်မာနိုင်ငံမှာ အလှူအတန်းနှင့် ကထိန်ပွဲတွေ

ရှိနေကြသည်။ ဆရာတော်ကြီးများ အားသည် မဟုတ်။ မကွေး ဆရာတော်မှာလည်း ထိုလတွင် ကျင်းပမည့် ကထိန်ပွဲတွေမှာ ဆရာတော် မရှိမဖြစ်သလို၊ မစိုးရိမ်တိုက်သစ် ကထိန်ကလည်း ကြီးကျယ်သည်။ တိပိဋကက ဆရာတော်သုံးပါးကလည်း ထိုရက်တွင် လက်မလည်။ ကျွန်မ၏ ဘဒွေး မုံရွာ ဆရာတော်ကလည်း ကျန်းမာရေးမကောင်းသေး၍ ကြွနိုင်အောင် ဆေးကုသနေရဆဲ ဖြစ်သည်။ ထို့ကြောင့် ဒီဇင်ဘာကို ရွေးရပါသည်။

ပင့်လျှောက်ထားသည့် ဆရာတော်များမှာ

(၁) နိုင်ငံတော် သံဃမဟာနာယက အကျိုးတော်ဆောင်ချုပ် မကွေးဆရာတော်ဘုရားကြီး၊
(၂) အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ဒုတိယပါမောက္ခချုပ် ဗန်းမော်ဆရာတော်ကြီး
(၃) မန္တလေး မစိုးရိမ်တိုက်သစ်မှ ဆရာတော် ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသ
(၄) ကျွန်မ၏ ဘဒွေး မုံရွေးဆရာတော် တိပိဋကဓရ ဆရာတော် သုံးပါးဖြစ်သည့်
(၅) ဦးသိလက္ခန္ဓ
(၆) ဦးဝံသပါလလင်္ကာရ
(၇) ဦးဂန္ဓာမာလ နှင့်
(၈) ဦးဝင်းဖေကိုးကွယ်သော ရန်ကုန်ဓါတ်တော်တိုက်ဆရာတော် ဦးကိတ္တိဝရတို့ဖြစ်ကြသည်။

လူပုဂ္ဂိုလ်များကိုတော့ ယခင်တစ်ခေါက် ထီးတင်ပွဲမှာ ဖိတ်ကြားပြီးဖြစ်၍ မခေါ်တော့ပါ။ ထို့ကြောင့် ကျွန်မနှင့် သမီးလေး ထက်ထက်ရှိန်၊ ရွှေတိဂုံ(ပုံတူ)တည်ဆောက်ရေးအဖွဲ့(မန္တလေး) အတွင်းရေးမှူး နဒီမြန်မာဦးအောင်ခိုင်နှင့် အမြဲတမ်း ပေါ့ပါး သွက်လက်ပြီး ကျွန်မ ဘယ်သွားသွား မညည်းမညူ လိုက်နိုင်ပြီး

ကူညီပေးသည့် ရွှေဒေါင်း သံသေတ္တာလုပ်ငန်းပိုင်ရှင် မခင်ဝင်းကြည် (အဝမ်း)တို့ သွားရောက်ကြမည်ဖြစ်ပါသည်။

ကျွန်မလည်း ငွေမတတ်နိုင်၍ နည်းနည်းနှင့်ကျဲကျဲ ဝိုင်းရပါတော့သည်။ ဆရာတော်တွေ ပင့်မည့် အခေါက်ရောက်မှ ကျွန်မခင်ပွန်းက မလိုက်နိုင်တော့။ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်နေ့က ဒုတိယရှေ့နေချုပ်အဖြစ် ခန့်အပ်ခံရ၍ သူ့အနေဖြင့် လိုက်လို့မရတော့ပါ။ ကျွန်မနှင့်သမီးတို့လည်း နိုင်ငံတော် အကြီးအကဲများထံမှ ပြည်ပထွက်ခွင့်တင်ရပါသည်။

ကျွန်မ ထီးတင်ပွဲပြန်လာပြီးကတည်းက ဘုရားအနေကဇာတင်ပြီး ရေစက်ချပွဲကျင်းပ၍ စီစဉ်နေစဉ်တွင် အင်ဒိုနီးရှားမှ ဧည့်သည်များလည်း တဖွဲဖွဲရောက်လာကြသည်။ ကျွန်မမှာ မအားလပ်သည့်ကြားကပင်အင်ဒိုနီးရှားမှ ရဟန်းခံရန် လာရောက်ကြသူများကိုလည်း ကျွန်မတို့မိသားစုက ဒိုင်ခံ၍ ရဟန်းဒကာလုပ်ပေးရပါ၏။ အိမ်မှာလည်း ပရိက္ခရာရှစ်ပါးကို အဆင်သင့်ဝယ်ထားရ၏။ တရားလာရောက်အားထုတ်ကြသူများ၊ တရားအားထုတ်ပြီး၍ အင်ဒိုနီးရှားမပြန်မီ မြန်မာပြည်အတွင်း ဘုရားဖူးသူများကိုလည်း လိုက်ပို့ရသည်။ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓတက္ကသိုလ်တက်နေသည့် အင်ဒိုနီးရှားမှ လူငယ်လေးများကိုလည်း ရံဖန်ရံခါ သွားရောက်ကြည့်ရှုပြီး ထောက်ပံ့ရ၏။ အင်ဒိုနီးရှား ဗုဒ္ဓဘာသာဝင်များမှာ မော်ဘီ ချမ်းမြေ့ရိပ်သာတွင် ရဟန်းခံခြင်း၊ တရားအားထုတ်ခြင်းများပြုနေကြသည်။ သူတို့ကို ရဟန်းခံပေးရင်း ဂျူလိုင်လတွင် ကျွန်မလည်း ၁၀ရက်ခန့် ရိပ်သာဝင်၍ တရား အားထုတ်သည်။ ထိုအချိန်တွင် ဆရာလေး ဒေါ်ခေမာနန္ဒီ(ဂျူးဂျူး) နှင့် ခင်ပွန်းဆုံးသွားသော ဂျူးဂျူး၏စင်ကာပူက အစ်မလည်း မော်ဘီချမ်းမြေ့ရိပ်သာမှာ တရားအားထုတ်နေကြသည်။

ကျွန်မနှင့်ဂျူးဂျူးတွေ့လျှင် စကားပြောဖြစ်မည်စိုး၍ ဆရာတော်ကိုလျှောက်ထားပြီး ဂျူးဂျူးတို့အဆောင်နှင့် ဝေးသော

အဆောင်တွင် တစ်ယောက်တည်း သွားနေသည်။ ဆွမ်းစားကျောင်းမှာတော့ တွေ့ဖြစ်သည်။ ရိပ်သာစည်းကမ်းအရ စကားတော့ မပြောဖြစ်ကြပါ။ ကျွန်မ ရဟန်းခံပေးထားသည့် ရဟန်းများကလည်း တရားတော်ကို ရိုသေလေးစားစွာ အားထုတ်နေကြသည်။ ယခုအထိ မပြန်ကြသေး။ သုံးနှစ်ခန့်တရားအားထုတ်၍ပြီးမှ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓတက္ကသိုလ်တွင် တက်ရောက်၍ ဘွဲ့တစ်ခုရမှ ပြန်မည်ဟု ပြောပါသည်။

၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလအတွင်းကလည်း ချားလက်(စ်)တို့အဖွဲ့ငါးဦး လေးလနည်းပါး တရားလာအားထုတ်ကြသည်။ တရားအားထုတ်ပြီး အင်ဒိုနီးရှားမပြန်ခင် မန္တလေးသို့ ဘုရားလာဖူးကြသည်။ ကျွန်မလည်း မန္တလေး၊ စစ်ကိုင်း၊ ပုဂံ ညောင်ဦးအနှံ့လိုက်ပို့သည်။ ထိုအဖွဲ့ထဲတွင် ဘာလီကျွန်းမှ ဆရာတော်တစ်ပါးလည်း ပါသည်။ ပထမအခေါက်က ဘော်ဂိုးတွင် ကျွန်မတို့ဖူးခဲ့သည့် ဆရာတော်ကြီး မဟုတ်ပါ။ တောထွက်ရဟန်းကြီးဖြစ်ပါသည်။ ယခင်က ဘာလီကျွန်းတွင် ရဲအရာရှိကြီးအဖြစ်တာဝန်ထမ်းခဲ့သည်ဟု သိရသည်။ ကျွန်မမှာလည်း တစ်ဖွဲ့ပြီးတစ်ဖွဲ့လိုက်ပို့နေရ၍ အသံပင်မထွက်တော့။ အသံလုံးဝ ပျောက်သွားသဖြင့် လက်ဟန်ခြေဟန်ဖြင့် ပြောနေရသည်။ ပုဂံတွင် သူတို့ကိုရှင်းပြရန် ကျွန်မသူငယ်ချင်း စန်းစန်း လိုက်လာသည်။ မန္တလေးမှ ပုဂံသို့ ကားဖြင့်အသွား မိတ္ထီလာ ဝမ်းတော်ပြည့် ဓါတ်တော်တိုက်ဝင်ဖူးကြ၏။

မိတ္ထီလာတွင် မိတ္ထီလာမြို့နယ် ဥပဒေအရာရှိ ဒေါ်ခင်အေးဝင်းတို့အဖွဲ့က ဘာလီဆရာတော်ကို ဆွမ်းကပ်ကြသည်။ အပြန်တွင် မြင်းခြံလမ်းမှ လှည့်ပြန်ပြီး မြင်းခြံဓါတ်တော်တိုက်ကို ဝင်ဖူးကြသည်။ ကျွန်မက ချားလက်(စ်)တို့နှင့်အတူ ဘန်းဘန်းကို တစ်ခါတည်းလိုက်ခဲ့ပြီး ဘုရားဖူးရန်ဖိတ်တော့ ဘန်းဘန်းက တရားအားထုတ်ပျက်မည်စိုး၍ မလိုက်လာဘဲ ရန်ကုန်မှာပဲ

ဆက်၍တရားအားထုတ်နေသည်။ ဂျူးဂျူးတို့အဖွဲ့က မှော်ဘီမှာ မီးမီးနှင့် ချားလက်(စ်)တို့အဖွဲ့၊ ဘန်းဘန်းတို့က ပဲခူးဆယ်မိုင်ကုန်းမှာ အသီးသီး အားထုတ်နေကြသည်။ ဘန်းဘန်းက ကျွန်မ ပထမအခေါက် ၂၀၀၂ ခုနှစ် ဇွန်လ ပြန်ကလည်းက တရားအားထုတ်နေသည်။ ယခုအထိ မပြန်ဖြစ်သေး။ ကျွန်မ ဘုရားဖူးဖိတ်တာကို လက်ခံဖို့နေနေသာသာ တရားအားထုတ်ချိန် နည်းမှာစိုးသောကြောင့် အရုဏ်ဆွမ်းပင် မစားတော့ကြောင်း သိရသည်။ အသားအရေများလည်း ကြည်လင်ဝင်းပနေ၏။ တရားတန်ခိုးတော်များ ကြီးမားလှပါသည်။

၂၀၀၃ ခုနှစ် အောက်တိုဘာလတွင် ကျွန်မ ကျန်းမာရေးမကောင်းသဖြင့် ဘန်ကောက်သို့ ဆေးကုသရန်သွားရသည်။ ပြန်လာတော့ ဘုရားရေစက်ချဖို့ကိစ္စ လိုအပ်တာတွေဝယ်၊ ဆရာတော်တွေနှင့် ကျွန်မတို့အတွက် နိုင်ငံကူးလက်မှတ် လုပ်ရသည်။ လိုက်ပါမည့်ဆရာတော်တွေရဲ့ ကျန်းမာရေး ကောင်းမကောင်းလည်း အမြဲတမ်း မျက်ခြည်မပြတ် ကြည့်နေရ၏။ မစိုးရိမ်တိုက်သစ် ဆရာတော်ကိုလည်း ကျွန်မက လျှောက်သည်။ ဆရာတော်ကြီးများ စောင့်ရှောက်ဖို့ တိပိဋကဆရာတော် သုံးပါးကတစ်ပါးစီ တာဝန်ယူပါမည်။ ဆရာတော်တွေ အတွက်လည်းဝတ်ဖြည့်ကြပါမည်လို့ လျှောက်ထားပါသည်။ မကွေး ဆရာတော်ကို ဦးသီလက္ခန္ဓ၊ ဗန်းမော်ဆရာတော်ကို ဦးဝံသဝါလ၊ မစိုးရိမ်တိုက်သစ်ဆရာတော်ကို ဦးဂန္ဓမာလာတို့ကလည်းကောင်း အသီးသီးတာဝန်ယူပြီး မုံရွေးဆရာတော်ကိုတော့ သူ့မြေးဖြစ်သည့် ကျွန်မသမီး ထက်ထက်ရှိန်က တာဝန်ယူပါမည်။ မုံရွေးဆရာတော်ကစကားအလွန်နည်းသော်လည်း သူ့မြေးနှင့်တော့ အချိုးကျပါသည်။ အထုပ်အပိုးတွေ သယ်တာနှင့် လေယာဉ်ကွင်းမှာ ဆောင်ရွက်ရသမျှကိစ္စတွေကိုတော့ ကျွန်မနှင့် အဝမ်းက ဆောင်ရွက်မည့်အကြောင်းလျှောက်ထားသည်။

မစိုးရိမ်ဆရာတော်က "ငါ့အတွက် ဘာမျှလုပ်ပေးစရာ မလိုဘူး၊ ငါ့ကျန်းမာရေး အလွန်ကောင်းတယ်၊ နင့် ကိုယ်တော် သုံးပါး ငါ့ဆီလွှတ်လိုက်၊ ငါနဲ့ အပြေးပြိုင်ပြမယ်"ဟု ထုံးစံအတိုင်း မိန့်ပါ၏။ ဒါကိုပင် ကျွန်မက တိပိဋကဆရာတော်သုံးပါးကို ပြန်လျှောက်တင်တော့ ဆရာတော်များက ပြုံးနေတော်မူသည်။

ကျွန်မနှင့် မစိုးရိမ်ကျောင်းက မစိမ်းလှပါ။ ကျွန်မ ပင့်လျှောက်ချက်ကို ဆရာတော် လက်ခံလျှင်ပင် ကျွန်မ ဝမ်းသာ နေရပါ၏။ ဘုရားတည်စ ဆရာတော်ကို စလျှောက်ထား ကတည်းက ဆရာတော်က အင်ဒိုနီးရှားနိုင်ငံနှင့်ပတ်သက်သမျှ စာအုပ်တွေကို ရှာဖွေဖတ်ရှုလေ့လာထားပြီးသား ဖြစ်သည်။ ကျွန်မ ငယ်စဉ်ကပင် သံဃာတွေ ထောင်နှင့်ချီနေသည့် မစိုးရိမ် ကျောင်းတိုက်ကို တစ်ဦးတည်း ကထိန် ဒကာပေါ်ဖို့ ခက်ခဲသည်ကို သိပါသည်။ တစ်ခါတစ်ရံသာ တစ်ဦးတည်းခင်းသည်ကို တွေ့ရပါ သည်။ တစ်ဦးတည်း ကထိန်မရှိသည့် နှစ်ဆိုလျှင် ကျွန်မနှင့် မနှင်းဆီ တို့က သိပ်ပျော်ပါသည်။ ကျောင်းဒကာ ကျောင်းအစ်မအဖွဲ့က လည်း သူ့တို့နည်း သူတို့ဟန်နှင့် လှုပ်ရှား၊ ကျွန်မတို့ မနှင်းဆီတို့ ကလည်း နီးစပ်ရာတွေ လိုက်ဆော်ဩလိုက်ရင် ကထိန်ကတော့ စည်းကားသွားတတ်သည်။

ကထိန်နေ့တွင် ကျောင်းမှ သံဃာများနှင့် ဧည့်ပရိသတ်ကို မုန့်ဟင်းခါးကျွေးသည်။ ဆယ်ယောက်လောက်စုပြီး တစ်သောင်းစီ ထည့်ကာ ချက်ကြသည်။ ကိုယ့်ဘာသာကိုယ်ချက်တော့ အကုန် အကျ နည်း၏။ ငွေမကုန်ရသည့် အကြောင်းမှာ ငါးသည်ကို ကထိန်ကိစ္စလို့ပြောတော့ ဈေးလည်းလျှော့ယူ၊ အားလုံးလည်း ကိုင်ပေး၊ သန့်ပေး၊ သူတို့ကလည်း အဆစ်လှူ လိုက်သေး၏။ ငံပြာရည်သည်ကလည်း မစိုးရိမ်လို့ အသံကြားသည်နှင့် ကောင်းပေ့ ဆိုသည့် တစ်စက်ရည်တွေကို လိုသလောက်လှူ၏။ နောင် နှစ်စဉ် လည်း လာယူဖို့ မှာလိုက်သေးသည်။ အခြားပစ္စည်းများလည်း

ထိုနည်းအတိုင်း။ မစိုးရိမ်မှာ သွားချက်ရသည်ဆို၍ ပြည့်စုံသည် မထင်ပါနှင့်။စဉ်းတီတုံး၊ ဓါးက အစ ကိုယ့်အိမ်က သယ်သွားရသည်။ ဟိုမှာက ဘာမှမရှိ။ ထို့ကြောင့် လမ်းဘေးမှာ မန်ကျည်းပင် ခုတ်နေတာတွေ့ရင် ကျွန်မက မစိုးရိမ်ကျောင်းအတွက် စဉ်းတီတုံးလုပ်ရန် ဝယ်ထားရသည်။ သွားချက်လျှင်လည်း ကိုယ့်အိမ်က ထမင်းချိုင့်နှင့် ကိုယ်သွားရသည်။ ကထိန်မတိုင်ခင် တစ်ရက် နံနက်ခင်းကတည်းက စျေးဝယ်ချက်ပြုတ်တဲ့ကိစ္စကို တစ်နေ့လုံး၊ တစ်ညလုံး လုပ်လိုက်သည်မှာ ကထိန်နေ့အရုဏ်တက်မှ ပြီးသည်။ မုန့်ဟင်းခါး အိုးတွေကို ဆွမ်းစားကျောင်း တာဝန်ကျ ဆရာတော်တွေထံအပ်ပြီး အိမ်ပြန်ရသည်။ ထိုနေ့က ဝတ်သည့် အဝတ်အစားမှာ မုန့်ဟင်းခါးနံ့ စွဲနေ၍ အိမ်ရောက်လျှင် အပြီးလွှင့်ပစ်ရသည်။ ကျွန်မအတွက် သည်လိုလုပ်ရခြင်းကိုပင် အရသာတစ်ခုလို့ ထင်သည်။ မောရမှန်းမသိ၊ နှစ်စဉ် သည်ရက်ကိုပဲ မျှော်နေသည်။ ကျွန်မတို့ဆယ်ဦးစုထားသည့်ငွေများကလည်း မကုန်၊ ငွေထိန်း မနှင်းဆီက ကျောင်းအတွက် ရေခဲသေတ္တာတောင် ဝယ်လှူရသေးသည်။ မရှိတော့လည်း သူဟာနှင့်သူတော့ ဖြစ်နေပါသည်။

ယခုအခါ နိုင်ငံတော်အစိုးရမှ မစိုးရိမ်တိုက်သစ်တွင် ကထိန်ခင်းတော့ လှူဖွယ်တွေ မြိုင်မြိုင်ဆိုင်ဆိုင်နှင့် အားလုံးပြည့်စုံလှပါသည်။ စာသင်သား သံဃာတွေလည်း ပြည့်စုံစွာ အလှူခံရသည်။ ဆွမ်းကလည်း ဖွယ်ဖွယ်ရာရာ ကပ်ကြပါသည်။ ကျွန်မတို့ကတော့ မုန့်ဟင်းခါး မချက်ရသဖြင့် စိတ်ထဲမှာ ဟာတာတာကြီး ဖြစ်နေတတ်သည်။ မစိုးရိမ်တိုက်ကို သံဃောဇဉ်ကြီးတော့ မစိုးရိမ်ရဲ့နာယက ဆရာတော်ကြီးကလည်း ကျွန်မရဲ့ ဖခင်ကြီးလိုပဲ ဖြစ်သည်။

မကွေးဆရာတော်ကြီး ဦးဆောင်သော ဆရာတော်များနှင့် ကျွန်မတို့အဖွဲ့မှာ ၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင်

အင်ဒိုနီးရှားနိုင်ငံသို့ ရေစက်ချရန်အတွက် ထွက်ခွာရန်စီစဉ်ထားပါသည်။ ပွင့်လင်းရာသီဖြစ်၍ ခရီးသွားများ များသောကြောင့် နေ့ချင်းပေါက်သည့် လေယာဉ်မရပါ။ စင်ကာပူတွင် တစ်ညအိပ်ရပါမည်။ လေယာဉ်ခရီးစဉ်များ ဆောင်ရွက်ရမှာမို့ ကျွန်မက ရန်ကုန်ကြိုဆင်းသည်။ အနားကပ်တော့မှ ရှင်နည်းရာ အဂ္ဂလူထွက်ဆိုသည့်အတိုင်း ဦးအောင်ခိုင်က မလိုက်ဖြစ်။ တရုတ်ပြည် ကူမင်းမြို့သို့ မြို့တော်ဝန် အစည်းအဝေး တက်ရမည်ဟု ပြောပါသည်။ အစကတည်းက သိလျှက်နှင့် အီလယ်လယ် လုပ်ခြင်းဖြစ်သည်။ ကျွန်မကလည်း ကုသိုလ်ရလိုရင် ကျွန်မတို့အဖွဲ့နှင့်လိုက်၊ ဥစ္စာလိုရင် အဲဒီအဖွဲ့နှင့် သွားလို့ပဲ ပြောလိုက်ရသည်။ သူကတော့ ဝက်သားထံခြေကုန်ရှုန်းပြီး တရုတ်ဘက်အဖွဲ့နှင့် လိုက်သွားသည်။ မတတ်နိုင်တော့။ ဒါပေမယ့် ကံနှင့်လူ မပူပါနှင့်ဆိုသည့်အတိုင်း ဒုတိယဝန်ကြီးက ဦးစန်းလွင်နှင့် ဒေါ်ခင်နွဲ့ဟန်ကြည်တို့ကို ထပ်ထည့်ပေးပါသည်။ ဒေါ်ခင်နွဲ့ဟန်ကြည်က အစ်မကြီးလိုက်တော့ ငါ့ညီမလေးပိုက်ဆံကုန်မှာစိုးလို့ မလိုက်တော့ဘူးလို့ပြောပြီးနေခဲ့သည်။ ထို့ကြောင့် ဦးအောင်ခိုင် မပါသဖြင့် ဆရာတော်တွေအတွက် ဝေယျာဝစ္စမပါလို့ ကျွန်မစိတ်မကောင်းဖြစ်နေစဉ် ကပ္ပိယကောင်းတစ်ယောက်ဖြစ်သည့် ဘဘ ဦးစန်းလွင်ပါလာတော့ ကျွန်မလည်း ဘာမှ ပူစရာမလိုတော့ပါ။

သည်ထက်အဆင်ပြေခြင်းမှာ ကျွန်မတို့ မြန်မာပြည်မှလာသည့်အဖွဲ့နှင့် စင်ကာပူမှ လိုက်မည့်အဖွဲ့တို့ စင်ကာပူမှာ ဆုံပြီးနှစ်ဖွဲ့ပေါင်း၍ ဂျာကာတာကို ကူးရန် စီစဉ်ထားကြသည်။စင်ကာပူအဖွဲ့ထဲမှာ စာရင်းပေးထားပြီး စင်ကာပူမှာနေပြီး၊ မြန်မာပြည်ကို ခေတ္တပြန်လာသည့် နီနီကလည်း ကျွန်မတို့အဖွဲ့နှင့် ပေါင်းပြီးလိုက်ပါရစေဆို၍ လိုက်လာသည်။ နိုင်ငံကူး လက်မှတ် ရှိပြီးသားမို့ အခက်အခဲ မရှိပါ။

အင်ဒိုနီးရှားသွားရန် တစ်ရက်အလိုတွင် ကျွန်မသမီးလေးက ဆရာတော်တွေကိုပင့်ပြီး ရန်ကုန်သို့ လာခဲ့ရန် မှာခဲ့ရသည်။ တကယ်တမ်းတော့ သမီးနှင့် အဝမ်းကို ဆရာတော်တွေက စောင့်ရှောက်ခေါ်ခဲ့ခြင်းသာဖြစ်၏။

မန္တလေးမှ ရန်ကုန်လာမည့်နေ့ လက်မှတ်တွေဝယ်ပြီးမှ မုံရွေးဆရာတော်ကြီး ရုတ်တရက်နေမကောင်းဖြစ်၍ မလိုက်နိုင်တော့ပါ။ ကျွန်မလည်း ရန်ကုန်မှ နာရီဝက်တစ်ကြိမ် တယ်လီဖုန်းဆက်ပြီး အခြေအနေ မေးပါသည်။ ဘယ်လိုမှ လိုက်၍မဖြစ်ဟုမိန့်သည်။ ကျွန်မလည်း စင်ကာပူလေယာဉ် လက်မှတ်ကိုပြန်မအပ်ဘဲ ခေါင်းမာပြီး လိုက်နိုင်လိုလိုက်နိုင်ငြား ဆေးဝါးကုသကြည့်သည်။ ဘယ်လိုမှမရတော့ လက်လျှော့ရပါသည်။ အားလုံးလည်း စိတ်မကောင်းကြပါ။

❐ ❐ ❐

# အခန်း(၂၀)
# ထေရဝါဒ ဗုဒ္ဓဇယန္တိ သာသနာ့ရိပ်သာ

၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့ဖြစ်ပါသည်။

၁၃၆၅ ခုနှစ် နတ်တော်လဆန်း ၇ ရက် တနင်္ဂနွေနေ့။

ရွှေတိဂုံ(ပုံတူ)စေတီတော် ရေစက်ချမည့် ကျွန်မတို့အဖွဲ့သည် ဆစ်အဲယား Silk Air ဖြင့် မြန်မာနိုင်ငံမှ စင်ကာပူ သို့ ထွက်လာခဲ့ကြပါသည်။ ပစ္စည်းများအားလုံးကိုတော့ တိုက်ရိုက် အင်ဒိုနီးရှားသို့ Through Chack လုပ်ပြီး ပို့လိုက်ပါသည်။ စင်ကာပူကို ညနေပိုင်းရောက်တော့ စင်ကာပူမှ ဗုဒ္ဓဘာသာအဖွဲ့က ခမ်းနားစွာ ကြိုဆိုကြသည်။ ဆရာတော် တစ်ပါးလျှင် ကားတစ်စီး။ စင်ကာပူနိုင်ငံတွင် ဦးဝင်းဖေတို့ ထုထောင်ထားသည့် ရွှေတိဂုံ

စင်တာတွင် ညအိပ်ကြသည်။ ဦးဝင်းဖေက ထိုနေ့နံနက် လေယာဉ်ဖြင့် ဂျာကာတာသို့သွားနှင့်ပြီဖြစ်သော်လည်း စင်ကာပူရှိ ရွှေတိဂုံစင်တာမှ ဂေါပကအဖွဲ့ဝင်များလာကြိုကြသည်။ ရွှေတိဂုံ စင်တာတွင် ည တရားပွဲကို စတင်ဟောသည်။ လူတွေကလည်း အပြည့်။ ကျွန်မ၊ အဝမ်းနှင့် သမီးတို့ကတော့ နီနီတို့အိမ်၌ လိုက် အိပ်ကြသည်။ ဆရာတော်များနှင့် ဘဘဦးစန်းလွင်ကတော့ ရွှေတိဂုံ စင်တာတွင် တည်းခိုကြသည်။

နံနက် ၇ နာရီရောက်တော့ ကျွန်မတို့အမျိုးသမီးလေးဦး ရွှေတိဂုံစင်တာသို့ ရောက်လာကြပြီး နံနက်စာစားကြသည်။ ထိုမှ တစ်ဆင့် စင်ကာပူ အပြည်ပြည်ဆိုင်ရာလေဆိပ်ကို သွားကြ၏။ ပစ္စည်းအပ်ရသည့် ဒုက္ခမရှိ၍ အားလုံးအဆင်ပြေသည်။ လေယာဉ် တက်ခါနီး စစ်ဆေးရေးဂိတ်တွင် ဆရာတော် ဦးကိတ္တိဝရခါးထဲမှ အသံမြည်၍ စစ်ဆေးသည့်အခါ ခါးပန်းကြိုး အတွင်းမှ ကွမ်းညှပ် တွေ့၍ ဂိတ်မှ သိမ်းဆည်းလိုက်ပြီး ဂျာကာတာလေဆိပ်တွင် ပြန်ယူရန်ပြောသည်။ ဒါတောင် တစ်ရက်ကြို၍ ကမ္ဘာအေးကုန်းမြေ မကွေး ဆရာတော်ဘုရားကြီး၏အခန်းတွင် ဆရာတော်အားလုံး အားပင့်ဖိတ်၍ ခရီးစဉ်ကိုရှင်းလင်းပြီး လေယာဉ်စီးသည့်အခါ လက်သဲညှပ်၊ နားဖာကလော်စတာတွေကို မိမိနှင့်တပါတည်းမယူရန် လျှောက်ထားပြီး ဖြစ်သည်။ ဒါကာမကြီးပြောတုန်းက လက်သဲညှပ် သာ ပြောတာ၊ ကွမ်းညှပ်မှမပါဘဲဟု မိန့်သည်။ ဆရာတော်မှာ ကွမ်းစားတတ်၍ ကွမ်းညှပ်ဆောင်လာခဲ့ခြင်းဖြစ်ဟန်တူပါသည်။

ဂျာကာတာလေဆိပ်တွင် သံအမတ်ကြီးဦးကျော်မြင့်နှင့် မြန်မာသံရုံးအဖွဲ့များ၊ ဦးဝင်းဖေနှင့် အင်ဒိုနီးရှား ဗုဒ္ဓဘာသာ အဖွဲ့များ လာကြိုကြသည်။ ဆွမ်းချိန်နီးနေ၍ ဘဘဦးစန်းလွင်နှင့် ဆရာတော်များကို တည်းခိုမည့်နေရာသို့ ကြိုတင်သွားစေပြီး ကျွန်မတို့အမျိုးသမီးအဖွဲ့က ပစ္စည်းရွေးရန် လေဆိပ်၌ ကျန်ခဲ့သည်။ ကိုချစ်ဝင်းကလည်း ကျွန်မတို့နှင့်အတူ နေခဲ့သည်။




**ရွှေတုံးကြီးတင်ထားရာ ကျောက်တိုင်၏အောက်ခြေမှ ဂျာကာတာမြို့၏ရှုခင်း**

ပစ္စည်းတွေရွေးကြတော့ စင်ကာပူတွင် အထုပ် ၅ ထုပ် ကျန်ခဲ့သည်။ လေယာဉ်မဆံ့လို့ နောက်လေယာဉ်နှင့်မှပါမည်၊ တည်းခိုမည့်နေရာသို့ လာပို့မည်ဟုသိရသည်။ ကျန်နေသည့် အထုပ်များက ရေစက်ချပွဲလာ ပရိသတ်ကို ကမ်းမည့် ဘုရားပုံပါ ယပ်တောင်များထည့်ထားသည့် ကျွန်မ၏ အထုပ် ၄ ထုပ်နှင့်တစ်ခုက ဘဘဦးစန်းလွင်၏ အဝတ်သေတ္တာ ဖြစ်သည်။ ကျွန်မကတော့ မပါလျှင် မဖြစ်သည့် အရေးကြီးပစ္စည်းများမဟုတ်၍ စိတ်မပူပါ။ ဘဘဦးစန်းလွင်၏ အဝတ်သေတ္တာ ပျောက်ရင်တော့ ပြဿနာ ရှိမည်ထင်သည်။ လောလောဆယ် သူ့မှာ ဝတ်စရာအပို တစ်စုံသာ ရှိမည်ထင်၏။ ကျွန်မတို့အားလုံး သင်္ကန်းအပိုတစ်စုံစီ၊ အဝတ်

အစား အပိုတစ်စုံစီသာယူ၍ စင်ကာပူထဲ ဝင်ခဲ့ကြသည် မဟုတ်လား။ တည်းခိုသည့် နေရာရောက်တော့ အကယ်၍များ ပျောက်သွားလျှင် ကျွန်မပစ္စည်းက နှမြောစရာမဟုတ်၊ ဘဘ ဦးစန်းလွင် အိတ်က နှမြောစရာကြီးဟု ကျွန်မက ရေရွတ်မိတော့ ဦးစန်းလွင်က "ကျွန်တော်ကလည်း မနှမြောပေါင်"ဟုဆို၍ အားလုံးက နားမလည်သည့်ဟန်နှင့် ကြည့်နေစဉ် "ဟုတ်တယ်လေ၊ ကိုယ့်အိတ်ထဲ ဘာပါမှန်းမှမသိတာ၊ ဘာကို နှမြောရမှာတုံး"ဟု ဘဘဦးစန်းလွင်က ဆိုသည်။ "ခရီးသွားရင် အဝတ်အစားကို မိန်းမက အားလုံးထည့်ပေးတာ၊ ကျွန်တော်ကဖွင့်ကြည့်ခဲ့တာမှ မဟုတ်ဘဲ၊ ဒါကြောင့် ဘာတွေ ပါမှန်းမသိတဲ့အိတ်ကို ဘာကြောင့် နှမြောနေရမှာတုံး၊ ဒါပေမယ့် အိတ်ထဲမှာ ခေါက်ထီးလေး တစ်ချောင်းတော့ ပါမှာသေချာတယ်၊ အင်ဒိုနီးရှားမှာ မိုးများတယ်လို့ မိန်းမကို ပြောထားမိလို့"ဟု ဆိုသည်။ သူ့ပုံစံက နောက်နေခြင်းမဟုတ်၊ ပကတိကို တည်ငြိမ်အေးဆေးစွာ ပြောနေခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်မခင်ပွန်းက ဦးစန်းလွင်ကို မကြာခဏ ဝေဖန်ခဲ့ဖူးသည်။ "ဒီခေတ် ဒီအခါမှာ ဒီလောက်ရိုးတဲ့လူ၊ ပြတိုက်မှာပဲ ထားရမလား၊ ကမ္ဘာ့အံ့ဖွယ် သုတထဲမှာပဲ ထည့်ရမလား"ဟု အကြိမ်ကြိမ် ပြောဖူးသည်။

ရိုးသားဖြူစင်စွာဖြင့် ဘဝကို အလိုက်သင့် အလျားသင့်ဖြစ်သလိုနေတတ်သူဟူ၍ ကျွန်မဘဝတွင် တွေ့ဖူးသည်က ဘဘဦးစန်းလွင်နှင့် ၁၀ တန်းမှာ ကျွန်မကို ဓါတုဗေဒ သင့်ခဲ့သည့်ဆရာ ဦးရွှေဝင်းတို့ဟု ဆိုရပါမည်။ ဘယ်လိုပဲ ရိုးသားရိုးသား သူနဲ့လိုက်ဖက်သည့် အိမ်ထောင်ကိုတော့ ရွေးတတ်သားဟုလည်း ကျွန်မက တွေး၏။ ဘဘရဲ့ ဇနီး မမစန်းကလည်း ဘဘလိုပဲ အေးဆေးတည်ငြိမ်လှသည်။ ရိုးသားအေးဆေးတာချင်း တူညီနေတော့ တစ်ခါတစ်ရံ နှုတ်ခမ်းပွဲချင်း မီးမှုတ်တတ်ပြီး အငြင်းအခုန်ဖြစ်တတ်တာမျိုးတော့ရှိ၏။ ကျွန်မ၏သမီးလေး ထက်ထက်ရှိန်

ကလည်း ဘဘတို့မိသားစုကို ချတ်စွပ် သွားတူနေသည်။ ဒါကြောင့် သမီးလေး၊ ဘဘနှင့် မမစန်းတို့နှစ်ယောက်က အလွန် အပေးအယူ မျှကြသည်။

ဂျာကာတာ၌ ကျွန်မတို့ တည်းရသည့်နေရာက ကျွန်မတို့ မလာခင် တစ်လခန့်ကမှ ဂျူးဂျူးဝယ်လိုက်သော အဆောက်အအုံ မှာဖြစ်ပါသည်။ အတော်ကျယ်ဝန်းသော နှစ်ထပ်တိုက်ကြီးဖြစ်ပြီး မြို့လယ်တွင် တည်ရှိသည်။ အပေါ်ထပ်တွင် ဆရာတော်များ သီတင်းသုံးပြီး အောက်ထပ်တွင် သီးသန့်အခန်းတစ်ခန်း ပြင်ဆင် ထားကာ မကွေးဆရာတော်ကြီးကို သီတင်းသုံးစေပါသည်။ ဧည့်ခန်းကျယ်ကြီးကို တရားဟောခန်းမ လုပ်ထားသည်။ ထို တရားဟောခန်းမထဲတွင် ကျွန်မတို့ သင်္ဘောဖြင့် ပို့ထားသော ကျောက်ဆင်းတုတော်တစ်ဆူကို ကျွန်းတံကဲပလ္လင်အမြင့်ကြီးဖြင့် ပူဇော်ထားသည်။

ကျွန်မတို့ ဘုရားထီးတင်အပြီးတွင် အခြားနေရာများတွင် ပူဇော်မည့် ဘုရားနှင့် ပလ္လင်များကို သက်ဆိုင်ရာကျောင်းများ၊ ရိပ်သာများသို့ ဆရာတော်က ပို့ပြီးဖြစ်နေသည်။ အဆိုပါ တိုက်ကို ဂျူးဂျူးက ရိပ်သာအဖြစ်အသုံးပြုရန် ဝယ်ယူလှူဒါန်း ခြင်းဖြစ်သည်။ ဂျူးဂျူးက ထိုတိုက်ကြီးနှင့် တစ်လမ်းတည်း မလှမ်းမကမ်းတွင် အခြားတိုက်တစ်လုံးလည်း ထပ်ဝယ်ထားသေးသည်။ ဝယ်ပြီးခါစ ဖြစ်၍ ပြင်ဆင်ခြင်း၊ ပရိဘောဂ အသုံးဆောင်များ ထည့်ထားခြင်း မပြုရသေးပါ။ ကျွန်မတို့ အမျိုးသမီး လေးယောက်ကို အဆိုပါ တိုက်တွင် တည်းစေ၏။ မွေ့ရာနှင့် အိပ်ရာခင်းများကတော့ အသစ်များ ဝယ်ပေးထားသည်။ အိမ်ကြီးမှာ ကြီးလွန်းပြီး အခန်း အမြောက်အမြားပါသဖြင့် ကျွန်မတို့အဖွဲ့က မနေဝံ့ကြပါ။ နီနီနှင့် အဝမ်းကလည်း အိမ်ကြီး ကြည့်ပြီး ကြောက်ရွံ့နေပုံရပါသည်။ ထို့ ကြောင့် ကျွန်မလည်း ကိုယ်နှင့်အတူပါလာသူတွေ စိတ်ဆင်းရဲမှာ လည်း စိုးရိမ်၊ အိမ်အကြီးကြီးမှာလည်း မိန်းမသားလေးယောက်

တည်းနေရမှာ မလုံ၍ ကျွန်မ ဂျာကာတာကို ပထမဦးဆုံး စရောက်သည့်နေ့က တည်းခဲ့သည့် ဟိုတယ်ကိုပဲ သွားချင်တယ် ဆိုတော့ သံရုံးက တတိယအတွင်းဝန် ဦးချစ်ဝင်းကပဲ လိုက်ပို့ပေး သည်။ အဲဒီမှာ ကျွန်မလုပ်ချင်တာမှန်သမျှ လိုက်လုပ်ပေးနေသူ နှစ်ယောက်က ချားလက်(စ်)နှင့် ဘန်းဘန်း၏ညီလေး ကေဗင် တို့ဖြစ်သည်။ ချားလက်(စ်)၏ဇနီးကလည်း သိပ်သဘောကောင်း သည်။ သို့သော် သည်တစ်ခေါက် သူနဲ့မတွေ့ခဲ့ရပါ။ ဘော်ဂိုးမှာ ဖွင့်နေသည့် ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ တရားစခန်းဝင်နေလို့ အိမ်မှာ ချားလက်(စ်)နှင့် သမီးငယ် သုံးဦးတည်း ကျန်ခဲ့သည်ဟု သိရသည်။ ကျွန်မလည်း ဟိုတယ်၌ နေရာချထားပေးပြီးနောက် ဆရာတော်များထံ ပြန်လာသည်။ သံအမတ်ကြီးကတော့ လုံးဝ မပြန်တော့ပါ။ ဆရာတော်များနားတွင် အချိန်ပြည့်အနီးကပ် ရှိနေ၏။ သံရုံးဝန်ထမ်းတွေအတွက် မြန်မာပြည်မှ ပါလာသော စားစရာများကိုလည်း ပေးကြသည်။

ကျွန်မကတော့ ကြိုတင်ယူလာသည့် အားဆေးများကို ဆရာတော်များ ဆွမ်းဘုဉ်းပေးပြီးတာနှင့် တစ်လုံးစီ လိုက်ကပ်သည်။ သွားရင်းလာရင်း ပင်ပန်းတာကို ခံနိုင်ရည်ရှိရန်ဖြစ်သည်။ ဗန်းမော်ဆရာတော်ကြီးက ဆေးတန်ခိုးကိုသိတော့ မြတ်မြတ်နိုးနိုး ဘုဉ်းပေးသည်။ မကွေးဆရာတော်ကြီးကတော့ “တစ်နေ့တစ်နေ့ သောက်ရမယ့်ဆေးတွေကို သူ့ဆရာဝန်ကြီးက အထုပ်ကလေး တွေနဲ့ တစ်ထုပ်စီထုပ်ပေးလိုက်ပြီးသား”ဟု မိန့်၏။ အဲဒီအထဲမှာ ပါတဲ့အားဆေးကလည်း ကျွန်မကပ်တဲ့ ဆေးနဲ့ အတူတူပဲမို့ အဲဒီအထုပ်ထဲက အားဆေးကိုဖယ်၊ ကျွန်မကပ်တဲ့ဆေးကို ထည့်ပြီး ဘုဉ်းပေးသည်။ “သူတော်ကောင်းကြီးတွေရဲ့ စိတ်က အဲဒါမျိုး” လှူဒါန်းသူရဲ့သဒ္ဓါကို ချီးမြှောက်တော်မူခြင်းဖြစ်သည်။ ဆရာတော် တွေလည်း မသက်သာလှပါ။ ထိုနေ့ကစပြီး တရားပွဲတွေကို အလှည့်

ကျ ဆက်တိုက်ဟောသည်။ တရားနာပရိသတ်လည်း အတော်များသည်။ ဆရာတော်တွေက မြန်မာလိုဟော၊ ဦးဝင်းဖေနှင့်အတူကြိုတင်ရောက်ရှိနေသည့် ဆရာကြီး ဦးစိုင်းအောင်ထွန်းက အင်္ဂလိပ်လို ဘာသာပြန်၊ ဂျူးဂျူးက အင်ဒိုနီးရှားလို ဘာသာပြန်ပေးနေကြသည်။ Sun Lake ဟိုတယ်တွင် အခန်းကျယ်ကြီးတစ်ခုယူပြီး ကျွန်မတို့ အမျိုးသမီး ၄ ယောက်က တစ်ခန်းထဲတွင် အတူပေါင်းတည်းကြသည်။

နောက်တစ်နေ့ နံနက်စောစော ကျွန်မတို့တစ်တွေ ဟိုတယ်ကနေ ဆရာတော်များတည်းခိုသည့် နေရာရောက်တော့ ဆရာတော်များကို မတွေ့ရ။ မနေ့ညကတည်းက ရေရောမီးရောပျက်သွားသဖြင့် ဂျာကာတာမှာရှိသည့် ဘန္တေဆူကေးမိုးကျောင်းမှာ ရေသွားချိုးသည်ဟု သိရ၏။ "ဪ အင်ဒိုနီးရှားမှာလဲ မီးပြတ်တာကိုး"။ သံအမတ်ကြီးနှင့် အဘဦးစန်းလွင်တို့လည်း ခေါင်းချင်းဆိုင်တိုင်ပင်နေကြသည်။ ထိုအချိန်မှာ ဆရာတော်များကို ဝေယျာဝစ္စလုပ်နေသည့် အဖွဲ့ခေါင်းဆောင်က မီးမီးဖြစ်သည်။ အိမ်ပိုင်ရှင်ဂျူးဂျူးက ဘော်ဂိုး တရားစခန်းတွင် ချမ်းမြေ့ဆရာတော်ကြီးက တရားပြနေသဖြင့် ရိပ်သာဝေယျာဝစ္စကို ခေါင်းဆောင်လုပ်နေရသည်။ မီးမီးက ဂျူးဂျူးကို ချက်ချင်းလှမ်းခေါ်ထားသဖြင့် ဂျူးဂျူးဘောဂိုးမှ ပြန်ဆင်းလာနေပြီဖြစ်ကြောင်း သိရသည်။

ဆရာတော်များရေချိုးရာမှ ပြန်ရောက်တော့ သံရုံးမှ စီစဉ်ပေးသည့်ကားကြီးဖြင့် နံနက် ၈ နာရီတွင် ထွက်ခဲ့ကြသည်။ ကားကြီးမှာ လူ ၅၀ လောက်စီး၍ရသည်။ ဆရာတော်များကို ရှေ့မှာ သီတင်းသုံးစေပြီး အလယ်တွင် သံအမတ်ကြီးနှင့် ဘဘ ဦးစန်းလွင်၊ နောက်ထဲတွင် မီးမီးနှင့် ကျွန်မတို့ အမျိုးသမီးလေးယောက်အပြင် ဦးဝင်းဖေတူလေးနှင့် စင်ကာပူက ရေမွန်၊ နောက်ထပ် အမျိုးသားနှစ်ယောက်လောက် ပါသေးသည်။ သူတို့ကိုတော့ အမည် မမှတ်

မိတော့ပါ။ ကားက ကျယ်လွန်းနေသဖြင့် နှစ်ယောက်ခုံကို တစ်ယောက်စီ ထိုင်ကြသည်။

ပွင့်ချပ်သို့ နံနက် ၁၁ နာရီမှာ ရောက်သည်။ နေ့ဆွမ်းချိန်ရောက်၍ မီးမီးက လမ်းမှ တရုတ်ဆိုင်တွင်ဝင်၍ ဆွမ်းကပ်သည်။ တရုတ်ဟင်းများဖြစ်၍ မြန်မာပြည်မှတရုတ်ဟင်းနှင့် သိပ်မထူးလှပါ။ ကျွန်မက မြန်မာပြည်ကပါလာသော လက်ဖက်ကို သုပ်ပြီးကပ်သည်။ ထိုနေ့နံနက်စာကို မီးမီးက ကုသိုလ်ပြုပါသည်။ ပွင့်ချပ်တောင်ကုန်းရောက်တော့ နေ့လယ် ၁၂ နာရီကျော်နေပါပြီ။ ထိုတောင်ကုန်းလေးကို ထေရဝါဒ ဗုဒ္ဓသာသနာပြုရိပ်သာ တည်ထောင်ရန်အတွက် ဝယ်ထားခြင်း ဖြစ်ပါသည်။

တောင်ခြေမှ ခြံဝင်းအတော်အသင့်ကျယ်သော အိမ်ဝင်းလေးထဲတွင် ကားအပ်ခဲ့ကြပြီး ဆရာတော်တွေရော လူတွေပါ ခြေကျင်တက်ကြသည်။ တောင်တက်လမ်းမှာ ဆယ်ပေခန့်သာကျယ်သည်။ မကွေးဆရာတော်ကြီးကို သံအမတ်ကြီးနှင့် ဘဘဦးစန်းလွင်ကတွဲတက်ကြသည်။ ရေမွန်ကတော့ ဗန်းမော်ဆရာတော်ကို တွဲသည်။ ကျွန်မအဖေ ဦးရာဇကတော့ ဘယ်သူတွဲတာမှမခံ၊ သက်န်းလေးရုံပြီး ရှေ့ဆုံးက တက်သွားသည်။

တောင်ခြေမှ အနည်းငယ်တက်သွားပြီးသည့်အခါ သံအမတ်ကြီးနှင့် ဘဘ ဦးစန်းလွင်က ဆရာတော်ကြီးမောမှာစိုး၍ ဒီနားမှာပဲ မြေသန့်မင်္ဂလာပြုလုပ်မည်ဆို၍ ကျွန်မတို့က မြေပေါ်တွင် သတင်းစာအဟောင်းများ ခင်းပေးကြသည်။ ရွတ်ဖတ်ဖို့ နမောတဿပဲစခါရှိသေး ကားတစ်စီးက တောင်တက်မို့ အရှိန်ပြင်းပြင်းနှင့် တက်လာသည်။ ဆရာတော်တွေရော ကျွန်မတို့ပါ လမ်းဘေးခုန်ချရသည်။ အရေးကြုံ သက်လုံကောင်းသည်မို့ မကွေးဆရာတော်ကြီးလည်း ခုန်ချရသည်။ ထိုကားက ကျွန်မတို့အုပ်စုနှင့် ဆယ်ပေလောက်အကွာတွင် ထိုးရပ်သည်။ ကားမှန်ကိုချလိုက်တော့



ပွင့်ချပ်တွင် "ထေရဝါဒ ဗုဒ္ဓဇယန္တိ သာသနာ့ရိပ်သာ" မြေသန့်မင်္ဂလာပြုပြီး ဆရာတော်များ
သံအမတ်ကြီးနှင့် မြန်မာ အင်ဒိုနီးရှား ဂေါပကအဖွဲ့ဝင်များ

ဦးဝင်းဖေတို့လူစု နောက်မှလိုက်လာခြင်း ဖြစ်သည်။ ကျွန်မတို့လည်း လန့်သွားကြသဖြင့် သူတို့အုပ်စုကို ဝိုင်းပြီး မေတ္တာပို့လိုက်ကြသည်မှာ မပြောပါနှင့်တော့။

ဆရာတော်ကြီးကိုလည်း သနားလွန်းလို့။ ဒါနှင့် ဆရာတော်တွေကို အဲဒီကားပေါ်တင်၊ တောင်လယ်ကားရပ်လို့ အဆင်ပြေသည့်နေရာလေးအထိ မောင်းကြသည်။ ကျွန်မတို့လူတွေကတော့ တဖြည်းဖြည်း လမ်းလျှောက်တက်သွားရသည်။

ကျွန်မက မြန်မာပြည်က ယူခဲ့သော တံခွန်ကုက္ကား၊ မုလေးပွားတွေကို ဆရာတော်တွေတစ်စုံစီကပ်၊ ပေါက်ပေါက်ပွင့်လေးတွေ တစ်ဆုပ်စီဝေ၊ ရေသန့်ပုလင်းလေးတွေကို ရှေ့မှာချပြီး ပေးသည်။ ဆရာတော်တွေက ပရိတ်ရွတ်၊ မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းပြီး မြေသန့်မင်္ဂလာကိစ္စ ဆောင်ရွက်ကြသည်။

နေပူနေတော့ ထီးကမပါ။ ကျွန်မတို့အဖွဲ့ကလည်း သူတို့ခေါ်လို့သာလိုက်လာရသည်။ ဘာလုပ်မည်မှန်း မသိ။ တံခွန်ကုက္ကားတွေက ဘော်ဂိုးမှာ ကျွန်မလှူထားသည့် ဘုရားအနေကဇာတင်ဖို့ ယူလာခြင်းဖြစ်သည်။ ဘန်းဘန်း၏ညီနှင့် ချားလက်(စ်)တို့က တောင့်က်ပျောရွက်တွေ ခုတ်ယူလာသည်။ ကျွန်မတို့တစ်တွေက ဆရာတော်တွေကို ငှက်ပျောရွက် မိုးပေးထားရ၏။ အခမ်းအနားမြင်ကွင်းကတော့ စံထားလောက်စရာပင်ဖြစ်သည်။ သံအမတ်ကြီးနှင့် ဘဘဦးစန်းလွင်တို့ကတော့ ဘယ်ကထီးတစ်ချောင်းရှာရလာသည်မသိ၊ နှစ်ယောက်သားဆောင်းပြီး ကြွေနေတွေရနေ၏။ ကျွန်မက ဆရာတော်တွေကို ငှက်ပျောရွက်ထီးလည်း မိုးရ၊ လက်တစ်ဖက်ကလည်း ဘုရားပွဲမှာ ကမ်းရန်မြန်မာပြည်ကယူခဲ့သော ယပ်တောင်ကိုတဖျပ်ဖျပ် ခပ်ပေးနေရသည်။ ချားလက်(စ)နှင့် ဘန်းဘန်း ညီလေးက ကျွန်မလုပ်သလို လိုက်လုပ်နေရသည်။ မြေသန့်မင်္ဂလာပြီးသည့်အခါ ဆရာတော် ဦးရာဇနှင့်

ဗန်းမော်ဆရာတော်တို့က တံခွန် ကုက္ကားလေးများကို တောင်ပေါ်မှာ ပေါက်နေသည့် ချုံလေးများတွင် လိုက်ချည်နေသည်။

တိပိဋကက ဆရာတော်သုံးပါးကလည်း ပရိတ်ရေဖြန်းလိုက်၊ ပေါက်ပေါက်တွေကြဲလိုက်နှင့် အလုပ်တွေရှုပ်နေကြသည်။ ဦးချစ်ဝင်းကတော့ မှတ်တမ်းဓါတ်ပုံတွေ လိုက်ရိုက်ပေးနေ၏။ သည်တောင်ကုန်းတွင် ထေရဝါဒ ဗုဒ္ဓရိပ်သာ ဖွင့်မှာဖြစ်၍ အမည်ပေးခဲ့ရန် မီမီးနှင့် ကျွန်မတို့အဖွဲ့က လျှောက်ထားသည်။ ဆရာတော်ကြီးသုံးပါးတိုင်ပင်ပြီး "ထေရဝါဒ ဗုဒ္ဓဇယန္တိ သာသနာ့ အောင်မြေရိပ်သာ"ဟု ကင်ပွန်းတပ်သည်။ နောင်တစ်ချိန် ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး ထွန်းကားမည့်နေရာ ဖြစ်သည်ဟု ယုံကြည်ပါသည်။ ဆရာတော်ကြီးများ၏ မေတ္တာစွမ်းပကားကလည်း ကြီးမားလွန်းလှသည်။

ထိုနေ့က ကျွန်မတို့ ဘော်ဂိုးရိပ်သာသို့ မသွားခဲ့ရပါ။ ရိပ်သာမှာ ချမ်းမြေ့ဆရာတော်က တရားစခန်းဖွင့်နေပြီး ဆရာတော်ကြီးများကြွလာလျှင် နေရာအခက်အခဲရှိမည်စိုး၍ ဖြစ်သည်။ သဘာဝ တောရိုင်း တိရစ္ဆာန်ဥယျာဉ်သို့ သွားခဲ့ကြသည်။ တောရိုင်းတိရစ္ဆာန်တွေကို သဘာဝအတိုင်းလွှတ်ထားသဖြင့် ကားကိုမှန် အလုံပိတ်ပြီး ကားပေါ်ကပဲ လှည့်ကြည့်ကြသည်။ အစာတွေကို ကားပေါ်က လှမ်းကျွေးတော့လည်း လူကို အန္တရာယ်မပြုပါ။ ကျားဖြူ၊ ကျားဝါ၊ မြင်းကျားနှင့် ဆင်တွေ၊ ခြင်္သေ့တွေကို တော်တော်များများ တွေ့ရသည်။ တိရစ္ဆာန်တွေအားလုံး ဝဝဖီးဖီး ရှိကြပါသည်။ တောင်ဆိတ်တွေလည်း အများကြီးရှိ၏။ သမီးထက်ထက်ရှိန်နှင့် အဝမ်းတို့ကတော့ ပျော်လွန်းလို့ ကားပေါ်မှာ ခုန်ပေါက်နေကြသည်။ ကျွန်မတို့ တိရစ္ဆာန်ဥယျာဉ်မှထွက်တော့ မှောင်စပြုနေပါပြီ။ ဂျာကာတာကို ည ၈နာရီမှာ ရောက်သည်။ ထိုနေ့က ကားခအင်ဒိုနီးရှားငွေ ၁၁ သိန်း (မြန်မာငွေ တစ်သိန်းနှစ်သောင်း) ကို သံအမတ်ကြီး၏မိတ်ဆွေ ဒေါ်ရင်ရင်နွယ်က ကုသိုလ်ပြုသည်။

နောက်တစ်ရက်တွင်လည်း သည်ကားပဲ သုံးရန် ကျွန်မက ဆက်ငှား သည်။ ဂျာကာတာပြန်ရောက်တော့ ရိပ်သာမှာ ရေတွေမီးတွေ ပြန်ရနေပြီဖြစ်သည်။ ကျွန်မကတော့ ဆရာတော်များကို ကျွန်မတို့ တည်းသည့်ဟိုတယ်မှာ ပြောင်းတည်းရန် လျှောက်ထားသည်။ သို့သော် ဆရာတော်ကြီးတွေကတော့ ကျွန်မ ပိုက်ဆံကုန်မှာစိုး၍ အဲဒီမှာပဲ ဆက်သီတင်းသုံးမည် ပြောပါသည်။ ဆရာတော်အားလုံးပဲ ဆက် သီတင်းသုံးဖြစ်ပါသည်။ ဗုဒ္ဓဝေယျာဝစ္စအဖွဲ့ကလည်း တော်တော်လေး ဂရုစိုက်ကြပါသည်။ ညတရားပွဲလည်း ဆက် ကျင်းပကြသည်။

❐ ❐ ❐

## အခန်း(၂၁)
## အခန်းအနားမတိုင်မီ ကြိုတင်ပြင်ဆင်ရခြင်း

ထုံးစံအတိုင်း သူများနိုင်ငံတွင် အိပ်ရာစောစော ထရ၏။ မျက်နှာသစ်ရေမိုးချိုး၊ အဝတ်အစားလဲ၊ ဘုရားရှိခိုး မေတ္တာပို့ အလုပ်များလုပ်ပြီး နံနက်စာကို ရိပ်သာမှာပင် စားကြ၏။ ဆရာတော်များလည်း အရုဏ်ဆွမ်း ဘုဉ်းပေးဖြစ်၍ ကျွန်မတို့ ရိပ်သာမှ ဂျာကာတာမြို့ထဲ လျှောက်ကြည့်ကြသည်။

မကွေးဆရာတော်ကြီး၏ ကျန်းမာရေးလည်း အထူး ကောင်းမွန်ပြီး ရွှင်လန်းနေသည်ကိုကြည့်ပြီး ကျွန်မလည်း ဝမ်းသာ ရသည်။ ဦးချစ်ဝင်းလိုက်ပို့၍ ဂျာကာတာမြို့လယ်ရှိ ကျောက်တိုင် ဝင်း အတွင်းသို့ထပ်ရောက်သည်။ ယခင်အခေါက်က အပြင်ကသာ

လှမ်းကြည့်ရသည်။ အနီးကပ်ကြည့်တော့ ကျောက်တိုင်အောက်ခြေတွင် ဘောလုံးကွင်းတစ်ကွင်းစာလောက်ကျယ်သော မြေအောက်ပြတိုက်ကြီးရှိသည်။ ကျောက်တိုင်၏အခြေတွင် စက်ဝိုင်းပုံတွင် ပြခန်းငယ် အခန်းလေးတွေဆက်ပြီး ပတ်ထားသည်။ ဆရာတော်များသည် ပြတိုက်မှ အခန်းတိုင်ကို သေသေချာချာ လေ့လာမှတ်သားနေကြသည်။ ရေးထားသည့်စာတွေကို ဦးချစ်ဝင်းက ဘာသာပြန်ပေးသည်။

ပြတိုက်က ပြန်လည်ထွက်လာပြီးနောက် သံအမတ်ကြီးအိမ်မှာ ဆွမ်းစားပင့်ထား၍ သွားကြသည်။ သံအမတ်ကြီးအိမ်တွင် သံရုံးမိသားစုတွေအားလုံးရောက်နေကြပြီး အာလုံးဝိုင်းချက်ထားကြသည်ဟု သိရ၏။ ဆရာတော်များကိုတော့ ဆွမ်း ဆွမ်းဟင်းများကပ်ပြီး လူတွေကိုတော့ ထမင်းအပြင် မုန့်ဟင်းခါးပါ ချက်ကျွေး၏။ စားလို့ကောင်းလိုက်သည်မှာ မပြောပါနှင့်တော့။ ဆရာတော်တွေက ပရိတ်ရွတ်ပေးသည်။ သံအမတ်ကြီးမိသားစုက ဆရာတော်များကို နဝကမ္မ လှူဒါန်းသည်။ ဆွမ်းစားပြီးတော့ တိုင်းရင်းသားရွာကို သွားရောက်လေ့လာကြသည်။ ကျွန်မက တိုင်းရင်းသားရွာဟုပြောသော်လည်း ဒေသခံတွေကတော့ ဂျူနီယာ အင်ဒိုနီးရှားဟုခေါ်သည်။

ဘဘဦးစန်းလွင်က တပ်မတော်မှ ဗိုလ်မှူးကြီးအဆင့်ဖြင့် အငြိမ်းစားယူခဲ့သူ ဖြစ်သည်။ သူ တပ်မတော်မှာ အမှုထမ်းစဉ် လေထီးခုန်ကျင့်သည့် လေယာဉ်အဟောင်းကြီးပေါ်မှ ခုန်ခုန်ပြီး ကျင့်ခဲ့ရကြောင်း၊ ထိုလေယာဉ်သည် အင်ဒိုနီးရှားနိုင်ငံ (ဒတ်ချ်) ကိုလိုနီဘဝ ကျရောက်သည့်အချိန်၊ အင်ဒိုနီးရှား ပြည်သူတွေ ဒတ်(ချ်)ကို ပြန်တော်လှန်သည့်အခါ မြန်မာနိုင်ငံမှ ရိက္ခာပို့ပေးခဲ့သော လေယာဉ်ကြီးဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံ၏ လွတ်လပ်ရေးသမိုင်းတွင် ထိုလေယာဉ်ကြီး၏အခန်းကဏ္ဍက အရေးပါလှသဖြင့်



ရွှေတန်ဝက်တုံးကြီးတင်ထားသည့် ဂျာကာတာမြို့လယ်မှ
လွတ်လပ်ရေးကျောက်တိုင်ရှေ့ အမှတ်တရ

ဒီပါအေးမြ စာပေ




မြန်မာနိုင်ငံမှ လေယာဉ်ကြီးနှင့် စာရေးသူ

အင်ဒိုနီးရှားနိုင်ငံက မြန်မာနိုင်ငံမှ အဆိုပါလေယာဉ်ကြီးကို မေတ္တာရပ်ခံတောင်းယူပြီး ပြတိုက်တွင် ပြထားကြောင်းရှင်းပြသည်။ အင်ဒိုနီးရှားရောက်ကတည်းက သူလေထီးခုန်ကျင့်ခဲ့သည့် ထိုလေယာဉ်ကြီးကို ပြန်တွေ့ချင်ကြောင်း တဖွဖွ ပြောခဲ့ပါသည်။ အဆိုပါလေယာဉ်ကြီးကို မမျှော်လင့်ဘဲ တိုင်းရင်းသားရွာထဲမှာ သွားတွေ့သည်။ ကျကျနန ခမ်းခမ်းနားနား ပြသထားသည်။ ဆရာတော်ကြီးများကလည်း စိတ်ဝင်တစား ကြည့်ကြသည်။ ဘဘဦးစန်းလွင်ကတော့ လေယာဉ်ကြီးပေါ်ထက်ပြီး လေထီးခုန်သည့် ဟန်လုပ်ကာ သမီးကို ဓါတ်ပုံရိုက်ခိုင်း၏။ ကျွန်မတို့လည်း လေယာဉ်ကြီးကို နောက်ခံထားပြီး ဓါတ်ပုံရိုက်ကြသည်။

မြန်မာပြည်ပြန်ရောက်လျှင် သည်လေယာဉ်ကြီး အကြောင်း ကြွားရအောင်လို့ပါဟု ဆို၏။ ထို့နောက် ငါးပြတိုက် Sea world ကို သွားကြည့်ရင်း လေ့လာကြသည်။ ငါးပြတိုက်တွင် ပြည့်စုံစွာ ကြည့်ပြီးမှ ကျွန်မတို့ ရိပ်သာသို့ပြန်ခဲ့ကြသည်။ ရိပ်သာတွင် ဆရာတော်များ တစ်ပါးပြီး တစ်ပါး တရားဟောကြရ၏။ နောက် တစ်နေ့ အစီအစဉ်ကိုလည်း ရေးဆွဲကြရ၏။

မကွေးဆရာတော်ကြီး ဦးဆောင်သော ဆရာတော်ကြီးများ၊ ဘဘ ဦးစိုင်းအောင်ထွန်းတို့ မိသားစု၊ ဘဘဦးစန်းလွင်နှင့် နီနီတို့က ဂျော့ဂျာကာတာသို့ ဗောဓေါဗုဒ္ဓ ဘုရားဖူးရန် လေယာဉ်နှင့်သွား ကြမည်။ ကျွန်မနှင့် သမီးလေး ထက်ထက်ရှိန်၊ အဝမ်းနှင့် ဦးဝင်းဖေ တို့အဖွဲ့က ဆူရာဗားရားသို့ လေယာဉ်ဖြင့် သွားကြမည်ဖြစ်၏။ ကျွန်မကတော့ ရေစက်ချ အခမ်းအနားအတွက် ကြိုတင်ဆောင်ရွက် စရာများရှိ၍ ဗောဓေါဗုဒ္ဓ ဘုရားဖူးအဖွဲ့နှင့် လိုက်မသွားနိုင်။ ဗောဓေါဗုဒ္ဓ ဘုရားသွားမည့်အဖွဲ့ကို ချားလက်(စ်)၊ ဘန်းဘန်း၏ ညီလေးနှင့် အင်ဒိုနီးရှား ဗုဒ္ဓဘာသာဝင် သုံးဦးက လိုက်ပို့ကြသည်။ နယ်ခံများပါသဖြင့် ပူစရာမရှိပါ။ လေယာဉ်ကွင်းကိုတော့ အတူ ဆင်းကြသည်။ ဂျော့ဂျာကာတာသွားမည့်လေယာဉ်က တစ်နာရီ စော ထွက်သွားသည်။ လေယာဉ်ကွင်းမှာ ဆရာတော်တွေကို အားဆေး တစ်လုံးစီ ကြိုကပ်လိုက်သည်။ ကျွန်မ၊ သမီး၊ အဝမ်းနှင့် ဦးဝင်းဖေတို့ ကတော့ အင်ဒိုနီးရှားနိုင်ငံ၏ ဒုတိယမြို့တော် စူရာဗားရားသို့ ထွက်ခွာမည့်လေယာဉ်ဖြင့် လိုက်ပါရမည်ဖြစ်သည်။ ဆရာတော်တွေ စီးသည့် ဂျော့ဂျာကာတာသွားမည့်လေယာဉ်ထက် တစ်နာရီ နောက်ကျမှထွက်သည်။ လေယာဉ်ကွင်းသို့ သံအမတ်ကြီး ဇနီးမောင်နှံနှင့် သံရုံးဝန်ထမ်း များလိုက်ပို့ကြသည်။ ကျွန်မတို့နှင့်အတူ နှစ်နိုင်ငံ သံယာတော်များတွေ့ဆုံပွဲတွင် ဓမ္မလက်ဆောင်ပေးရန် ပင့်လာသည့် ဉာဏ်တော် တစ်ပေ ကျောက်ဆင်းတုငယ်လေးများ ပါသဖြင့် လေယာဉ်တွင် ပေါင်ပိုပေးရမည်အဖြစ်နှင့် ကြုံကြရ၏။

ဦးချစ်ဝင်းက လိုက်လံပြောပေးသဖြင့် ပေါင်ပိုပေးရ သက်သာသွားသည်။ ကျွန်မတို့လေယာဉ်ထွက်ပြီးမှ သံအမတ်ကြီးတို့ ပြန်ကြသည်။ ဆူရာဗားရားသို့ နံနက် ၁၁ နာရီထိုးမှ လေယာဉ်ထွက်ခွာခဲ့သည်။

ဆူရာဗားရားလေဆိပ်တွင် အသင့်စောင့်ကြိုနေသော ဂေါပကအဖွဲ့ဝင်များနှင့် တွေ့သည်။ ယခင်ကလိုပါပဲ ကားသုံးစီးဖြင့် မာလန်သို့ပို့ပေး၏။ မာလန်တွင် လွန်ခဲ့သော ၁၅ ရက်ခန့်ကတည်းက မိုးအဆက်မပြတ် ရွာနေကြောင်း ပြောသည်။ ပြောသည့်အတိုင်း တစ်လမ်းလုံး မိုးရွာနေသည်။ မာလန်ရိပ်သာရောက်တော့ ဆရာတော်ကြီးကို မတွေ့ရပါ။ ဆူရာဗားရားသို့ ဆင်းသွားပြီး ဘုရားပွဲအတွက် ဖိတ်ကြားသင့်သော အာဏာပိုင်အဖွဲ့အစည်းများကို ကိုယ်တိုင် သွားဖိတ်နေကြောင်းသိရသည်။ ကျွန်မတို့လည်း ရိပ်သာနှင့် မြေကွက်လပ်တစ်ခုသာခြားသော တည်းခိုခန်းတွင် တည်းကြသည်။ ကျွန်မကတော့ ထုံးစံအတိုင်း အထုပ်ကလေးချပြီး ဈေးသွား၊ ငှက်ပျောသီး အုန်းသီး၊ သစ်သီးကိုးမျိုး၊ ပန်းကိုးမျိုး၊ ယိုကိုးမျိုးကို ပြည့်စုံအောင်ဝယ်သည်။ ထို့နောက် ကန်တော့ပွဲတွေပြင် ဘုရားအမျှုရှိသော သိကြားမင်း၊ ရှင်သီဝလိ၊ ရှင်ဥပဂုတ္တ၊ ဘုရားပရိဝုဏ်မှ အစောင့်အရှောက် နတ်များအားလုံးကို ကန်တော့သည်။ ညောင်ပင်ကြီးဆီသို့သွားပြီး ကျွန်မရောက်ကြောင်းနှင့် ဘုရားရေစက်ချပွဲတွင် အစစ အဆင်ပြေရန် စောင့်ရှောက်ပေးပါဟု ဟတ်သလို မှတ်သလို လျှောက်ထားပြီး ကန်တော့သည်။ ထိုအချိန်မှစပြီး ကျွန်မလည်း အခမ်းအနားအတွက် ပြင်ဆင်ရသည်မှာ မနားရတော့ပါ။ အဝမ်းနှင့် သမီးလေးကလည်း ကူကြသည်။

ရွှေတိဂုံ(ပုံတူ)စေတီတော်ကြီးမှာ အားလုံးပြီးသွားပါပြီ။ မည်မျှ ကြည်ညိုဖွယ်ကောင်းသည်ကိုတော့ ကျွန်မစာမဖွဲ့နိုင်။ မြန်မာပြည်မှ ရွှေတိဂုံ(ပုံတူ)စေတီအချို့ကို ဖူးဖူးပါသည်။ သို့သော် ဤစေတီကတော့ ဘယ်နေရာ၌ ပိုသာနေသည်မသိ၊ ထူးကဲနေသည်

မှာအမှန်။ ရွှေဆေးသက်န်းကပ်ထားသည်မှာလည်း လက်ရာ အလွန် သေသပ်သည်။ မြေညီထပ် တရားထိုင်သည့်အခန်းများကို လည်း ပြည့်စုံစွာပြင်ဆင်ပြီးသားဖြစ်သည်။ ဒုတိယထပ်တွင်လည်း တံကဲပလ္လင်တွေအားလုံးဆင်ပြီး အခန်းရှစ်ခန်းတွင် ဘုရားရှစ်ဆူ သတင်းသုံးပြီးသားဖြစ်သည်။ ကနက္ကဒဏ် ထီးဖြူတော်တွေကလည်း ဝဲယာခြံရံလျှက်။ လျှပ်စစ်ဖယောင်းတိုင် အဝါကြီးတွေကလည်း တစ်ခန်းလျှင် ၂ တိုင်ကျစီထွန်းညှိပူဇော်ထားသည်။ မြေညီထပ်ထဲ ဆင်းကြည့်တော့ ဘုရား၏အလယ်ပန္နက်မှ ထွက်နေသည့် မေတ္တာ ရေစင်ကို ဘုရားပွဲနေ့တွင် ပရိသတ်ကိုပေးရန်အတွက် ဦးပဥ္စင်း တစ်ပါးက ပုလင်းထဲမှာထည့်နေသည်။ ဓမ္မာရုံထဲမှာလည်း ထည့်ပြီး သားပုလင်းတွေ ထောင်ချီရှိနေသည်။ ပုလင်းများတွင် ဘုရားပုံပါ သည့် တံဆိပ်ကလေးတွေကပ်ထား၏။ မိုးတွေက သွန်ချသလို ရွာနေသည်။

နောက်တစ်နေ့ နံနက်စောစော ဦးဝင်းဖေက ဆူးရာဗားရား သို့ ပြန်ဆင်းသွားသည်။ ဂျော့ဂျာကာတာမှ ဗောဓိဗုဒ္ဓ ဘုရားဖူး ပြန်လာမည့် ဆရာတော်တွေကို ကြိုရန်ဖြစ်သည်။ လေဆိပ်မှ တစ်ဆင့် ဆူရာဗားရားရှိ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ကျောင်းများကို လှည့်၍ အပူဇော်ခံကြသည်။ နေ့ဆွမ်းကိုလည်း ထိုနေရာ၌ စီစဉ်ထားသည်။

မနက်မိုးလင်းကတည်းက ကျွန်မတစ်ယောက်တည်း အခမ်းအနားအတွက် ပြင်ဆင်ရသည်။ အဝမ်းနှင့် သမီးကတော့ ဘုရားပေါ်မှာ တံမြက်စည်းတစ်ချောင်းစီနှင့် အလုပ်ရှုပ်နေကြသည်။ သည်တစ်ခေါက် ဆရာတော်ကို ဖူးရစဉ် ကျွန်မ စိတ်မကောင်း ဖြစ်ရသည်။ ဆရာတော်သည် ဘုရားတည်ရာ၌ အတော်အားထည့် ရ သောကြောင့် ဖြစ်ဟန်တူပါသည်။ လွန်စွာ အားပျော့နေပုံရသည်။ ယခင်လောက် မသွက်လက်တော့၊ အသက်ကလည်း ၇၀ ကျော်၊



ရွှေတိဂုံ(ပုံတူ)စေတီတော်နှင့် ဆောင်ဝင်ကြီး

ဝန်နှင့်အားလည်းမမျှအောင် ထမ်းထားရသည် မဟုတ်ပါလား။ လက်တွေလည်း တုန်နေသည်။ ကျွန်မလည်း ပရိသတ်ကို ကမ်းမည့် ယပ်တောင်များထည့်ထားသည့် လန်ဒန်ပုံးခြောက်ပုံးကို ဆရာတော် အား အပ်လိုက်သည်။ လာမည့်ပရိသတ်က လေးငါးထောင်လောက် ရှိမည်။ ကျွန်မယူလာသည့် ယပ်တောင်က တစ်ထောင်တည်း။ ထို့ကြောင့် ပေးသင့်သည့် ဒါယကာ၊ ဒါယိကာမများ ကျန်ခဲ့မည်စိုး၍ ဆရာတော်အား အပ်လိုက်ခြင်းဖြစ်သည်။

မိုးကလည်း အဆက်မပြတ်ရွာနေသည်။ ကျွန်မ ဘယ်လိုပဲ ထီးဆောင်းထား ဆောင်းထား ထွက်လိုက်ကာနှင့် တစ်ကိုယ်လုံး အရွှဲ။ မတတ်နိုင်၊ အဝတ်လဲလည်း ပြန်စိုမှာပဲမို့ ရေစိုနှင့်ပဲ တစ်နေကုန်လုပ်နေသည်။ အင်ဒိုနီးရှား ဗုဒ္ဓဘာသာအဖွဲ့မှ ကလေးများကလည်း ကျွန်မ လုပ်ချင်သမျှ ဝိုင်းကူလုပ်ပေးကြသည်။ အားလုံး တက်ညီလက်ညီ ဖြစ်သည်။ နောက်တော့ ကျွန်မ သတိရ သဖြင့် အဆင်သင့်တည်ဆောက်ပြီးဖြစ်သည့် ရှင်ဥပဂုတ္တရေကန် တော်နှင့် ရှင်သီဝလိ ဗိမာန်ကို ပြန်ဆင်ရန် လုပ်ရပါတော့သည်။ ရှင်သီဝလိ ရဟန္တာ၏ပုံကိုတော့ ရေတံခွန်၏အောက်ဆင့်တွင် ထားပြီးသားဖြစ်၏။ သူတို့ နိုင်ငံလုပ် ထီးအဝါလေး မိုးထားသည်။ ထီးလေးမှာ ဟောင်းနေပြီဖြစ်၍ ကျွန်မ ယခုအခေါက်ယူလာသည့် ထဲမှ ကနုတ္တဒဏ် ထီးအဝါလေးတစ်လက် မိုးပေးလိုက်သည်။ ရှင်ဥပဂုတ္တရဟန္တာအတွက် ကြေးပြာသာဒ်မရှိသဖြင့် ရေတံခွန်၏ အထက်ဆင့် ရေလယ်တွင် စားပွဲတစ်လုံး ချ၍ တင့်တယ်အောင် ပြင်ဆင်ရသည်။

စိတ်တိုင်းကျ ပြင်ဆင်ပြီးသည့်အခါ မြန်မာပြည်က ပင့်လာပြီး ပြတိုက်ရှိ မြန်မာပြခန်းတွင်ထားသော ရှင်ဥပဂုတ္တ ရဟန္တာ ကြေးရုပ်တုလေးကို ပင့်ခိုင်းလိုက်သည်။ ရှင်ဥပဂုတ္တဟုဆိုလျှင် အင်ဒိုနီးရှားကလေးတွေက နားမလည်သဖြင့် ကျွန်မက ခြေဟန်

လက်ဟန်ပြပြီး ခေါင်းလေးစောင်းပြလိုက်တော့ သဘောပေါက်သွားပြီး ပြတိုက်ဆီသို့ ပြေးသွားကြသည်။ ကျွန်မလည်း ရုပ်ပုံတော်ထားမည့်ရှေ့တွင် တစ်ဆင့်နိမ့်ခုံလေးထားပြီး ကန်တော့ပွဲတွေ၊ သစ်သီးကိုးမျိုး၊ ပန်းကိုးမျိုး၊ ဆီမီး အမွှေးတိုင် အကျအနပြင်၊ စိတ်တိုင်းကြတော့မှ ရဟန္တာပုံတော်ကို စားပွဲပေါ်တင်ရန် ပြောပြီးလှည့်ကြည့်လိုက်တော့ ရှင်ဥပဂုတ္တ ရဟန္တာ ပုံမဟုတ်၊ ခေါင်းလေးစောင်းပြီး တင်းပုတ်ကို ပခုံးပေါ်တင် ဆောင့်ကြောင့်ထိုင်နေသည့် ဘီလူးရုပ်ဖြစ်နေသည်။ ကျွန်မက ခေါင်းလေးစောင်းပြလိုက်သည်ကို သိလို့များ ပြေးယူကြတယ်မှတ်နေတာ၊ ခေါင်းစောင်းသည့်ဘီလူးရုပ်ကို ဘယ်နားက ရှာယူ လာသည်မသိ။ သည်လိုနှင့်ပြတိုက်တွင်သွား၍ ကိုယ်တိုင်ပင် သွားပင့်ရသည်။

ဝေယျာဝစ္စကလေးများကလည်း အင်္ဂလိပ်လိုမတတ်၊ ကျွန်မကလည်း အင်ဒိုနီးရှားလို ဘာမှမသိ။ ဒါပေမယ့် အလုပ်တော့ဖြစ်နေကြသည်။ ရှင်ဥပဂုတ္တ ရဟန္တာကို ဆီမီးပူဇော်လျှင် မိုးမရွာတော့ဘူးလို့ ကျွန်မက ပြောတော့ သူတို့ အံ့ဩနေကြသည်။ ခဏကြာတော့ မိုးလုံးဝ တိတ်သွားသည်။ အခမ်းအနားတွေပြီးလို့ ကျွန်မတို့ပြန်လာသည်အထိ မိုးတစ်စက်မျှ မရွာတော့ပါ။ တော်ပါသေး၏၊ လူကြီးတန်မဲ့ ပြောချင်ရာ လျှောက်ပြောခဲ့တာ အရှက်မကွဲခဲ့လို့သာ။

ညနေ ၅ နာရီလောက်မှာ မာလန်ရိပ်သာသို့ ဆရာတော်များ ရောက်လာကြသည်။ နံနက်စောစောကတည်းက ဆူရာဗားရားကိုရောက်နေကြသော်လည်း ဆူရာဗားရားမှ ဘုန်းတော်ကြီးကျောင်းများတွင် ဆရာတော်များအား ပူဇော်ပွဲများလုပ်နေကြသဖြင့် ကြာနေကြောင်း၊ ကျွန်မလှူထားသည့် ကျောက်ဆစ်ရုပ်ပွားတော်များလည်း ဆူရာဗားရားဘုန်းကြီးကျောင်းတွေမှာ တွေ့ခဲ့ကြောင်း ပြောပါသည်။



ဒေါ်ခင်ဝင်းကြည်(အဝမ်း)နှင့် ထက်ထက်ရှိန်တို့ကို ခြေတော်ရာပုံ ဦးစိန်မြင့် (မန္တလေး) ၏လက်ရာ
ရွှေချည်ထိုးကားကြီးနှင့်အတူ တွေ့ရစဉ်

ဆရာတော်တွေအားလုံး ရိပ်သာမှာပဲ ချမ်းသာစွာ သီတင်းသုံးကြသည်။ ကျွန်မက နီနီကိုခေါ်ပြီး ည ၉ နာရီလောက်မှာ တည်ခိုးဆောင်သို့ပြန်ခဲ့သည်။ အဆိုပါ တည်းခိုခန်းကိုလည်း ယခင်တစ်ခါကဲ့သို့ပင် တစ်ခုလုံးယူလိုက်ပြီး ဘုရားကိုလာကြသည့် အင်ဒိုနီးရှားနိုင်ငံအတွင်းမှ ဗုဒ္ဓဘာသာဝင်များ တည်းကြသည်။ ဦးဝင်းဖေတို့မိသားစု၊ အဘဦးစိုင်းအောင်ထွန်း မိသားစု၊ ဦးဝင်းဖေ၏အစ်မ ဒေါ်ခင်လေးမြင့်တို့သားအမိ၊ ချားလက်(စ်) နှင့် ဘန်းဘန်းညီလေးတို့လည်း အတူ တည်းခိုကြသည်။

ရိပ်သာပတ်ပတ်လည်နှင့် ကျွန်မတည်းခိုးသည့် တည်းခိုခန်း ပတ်ပတ်လည်တွင် ရဲအစောင့် အများအပြား ချထားသည်ကို တွေ့ရသည်။ တည်းခိုခန်းနှင့် ရိပ်သာကြားရှိ သုံးဧကခန့်ကျယ်သော မြေကွက်ကို ရိပ်သာမှ ဝယ်ယူပြီးဖြစ်သည်ဟု သိရ၏။ ဗုဒ္ဓတက္ကသိုလ် ကို ထိုမြေကွက်လပ်မှာ အသစ်ဆောက်မည်ဟုလည်း သိရသည်။ ကျွန်မလှူထားသော ၉ ပေကျော် ဆင်းတုကိုလည်း သစ်သားဖြင့် အင်ဒိုနီးရှား ဗိသုကာလက်ရာ အမိုး မိုးထားပြီး ဖြစ်သည်။ ထို ကိုးပေ ရုပ်ပွားတော်၏ရှေ့တွင် ဘယ်တုပ်ညာတုပ်၊ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလန် ရဟန္တာ ၂ ဆူကိုလည်း သပ္ပာယ်စွာ ဖူးရသည်။ ရဟန္တာနှစ်ပါး၏ ကျောက်သားလေးတွေကလည်း ဖယောင်းသားလို ဖြစ်နေသည်။ ရှေးလက်ရာဖြစ်၍ အလွန်လက်ရာမြောက်ပါသည်။

ကျွန်မလည်း ဘုရား ရဟန္တာများရှေ့တွင် သစ်သီးကိုးမျိုး၊ ပန်း ကိုးမျိုး၊ ရေတော်ကိုးခွက်၊ ဆီမီး၊ အမွှေးတိုင်တို့ ပြင်ပါသည်။ ပန်းပြင်တဲ့အဖွဲ့တွေနှင့် တတိယအကြိမ်ပြန်ဆုံကြတော့ တစ်ဦးနှင့် တစ်ဦး နားလည်မှုရှိလာကြသည်။ ကျွန်မက ရှေ့က တစ်စုံပြင်ပြ လိုက်တော့ နောက်ထပ်အစုံပေါင်းများစွာကို သူတို့က ပြင်ပေးကြ သည်။ သစ်သီးထည့်သည့် ကလပ် ကလေးကို အုန်းညွန့် အနုစား အဝါနုရောင်လေးတွေနှင့် လုပ်ထားသည်။ အချွန်အတက်ကလေး တွေနှင့်မို့ လက်ရာ အတော်မြောက်သည်။

ဆရာတော်ကြီးများလည်း ဘုရားကို လှည့်ပတ်ဖူးမြော်ပြီး ခရီးပန်းလာသဖြင့် နားနေကြ၏။ ခရီးစဉ်တစ်လျှောက်လုံး အားလုံး အဆင်ပြေချောမွေ့ကြောင်း နီနီက ပြောသည်။ ဗောဓေါဗုဒ္ဓ ဘုရားဖူးခါနီးတွင် မိုးသဲသဲမဲမဲရွာနေ၍ ဆရာတော်များ မိုးစိုမှာ စိုးရိမ်နေစဉ် မကွေးဆရာတော်ကြီးက လယ်တီဆရာတော် ဘုရားကြီး၏ နှစ်ကျိပ်ရှစ်ဆူဂါထာတော်ကို ရွတ်၍ သစ္စာပြုလိုက်ရာ မိုးတွေ ချက်ချင်းတိတ်သွားသည်ကို ကောင်းစွာဖူးခဲ့ရကြောင်း ပြောသည်။ ကျွန်မကလည်း ညနေက ရှင်ဥပဂုတ္တဗိမာန်မှာ ဖြစ်သည့် ကိစ္စကို ပြန်ပြောသည်။ ဆရာတော်တွေကို ချားလက်(စ်)တို့အဖွဲ့က သဲကျောက်နှင့် ထုထားသော ဗောဓေါဗုဒ္ဓ ဘုရားပုံစံငယ်ကလေးများ ဝယ်၍ လှူလိုက်ကြောင်းလည်းပြောသည်။ ကျွန်မ နည်းနည်း မျက်ခုံး လှုပ်မိသည်။ ကြည့်လိုက်တော့ လန်ဒန်ပုံးကြီးတစ်ပုံး။ မြန်မာပြည် အပြန်ခရီးတွင် ပေါင်ပိုတွေ အများကြီး ဖြစ်မည်ထင်သည်။

ကျွန်မလည်း မြန်မာပြည်ကပါလာသည့် လှူဖွယ်ကို ဓမ္မာရုံထဲတွင် ခင်းကျင်းသည်။ မစိုးရိမ်တိုက်သစ် ဆရာတော်က ဦးဘအုန်း ဖိနပ်လေးရံ ထည့်လှူသည်။ ဘဘ ဦးစန်းလွင်က သာသနာရေးအဖွဲ့ဝန်ကြီးဌာနမှ ထုတ်ဝေသော အင်္ဂလိပ်ဘာသာ ဖြင့် ရိုက်နှိပ်ထားသည့် စာအုပ်များ ထည့်လှူပါသည်။ တံခွန်ကုက္ကား၊ မုလေးပွားအစုံ ၅၀ နှင့် ဆန်ပန်းပေါက်ပေါက်တို့ကိုလည်း အသင့်ပြင်ထားသည်။

ထို့နောက် ဘဘဦးစန်းလွင်၊ ဦးဝင်းဖေနှင့် ကျွန်မတို့သုံးဦး နောက်တစ်နေ့အစီအစဉ်ကို ဆွဲကြသည်။ သုံးယောက်တည်း လုပ်လို့သာ တော်တော့သည်။ ခဏခဏ အချေအတင် ဖြစ်ကြ၏။ သည်အခမ်းအနား အစီအစဉ်ကို ဘဘ ဦးစန်းလွင်က မြန်မာပြည် မှာ ကျွမ်းဝင်ပြီးသားဖြစ်၏။ အခမ်းအနားအစီအစဉ်ကို ကြာနိုင်မည့် အချိန်နှင့်တကွ အသေးစိတ်ဆွဲ၏။ အခမ်းအနား အစမှ အဆုံး၊ ဘယ်နှစ်နာရီ ဘယ်နှစ်မိနစ် စသဖြင့် စနစ်တကျ တွက်ထားသည်။

ဦးဝင်းဖေကလည်း မြန်မာ အင်ဒိုနီးရှားကပြား အခမ်းအနားမျိုး လုပ်နေသည်။ ကျွန်မက "ဦးဝင်းဖေ၊ ကျွန်မတို့ပင့်လာတာ မြန်မာနိုင်ငံရဲ့ အထွတ်အမြတ်ထားတဲ့ သံဃာတော်တွေနော်၊ ထေရဝါဒဗုဒ္ဓဘာသာရဲ့ သာသနာတော်ဆိုင်ရာ အခမ်းအနားနဲ့တော့ တူမှဖြစ်မယ်၊ ကြည့်လဲ လုပ်ပါအုံး"ဟု ပြောရ၏။

၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၇ ရက်တွင် ဦးဝင်းဖေတို့ လုပ်မည့် အခမ်းအနားက ရွှေတိဂုံ(ပုံတူ)စေတီတော်ဖွင့်ပွဲနှင့် ဗုဒ္ဓတက္ကသိုလ်ကြီး အုတ်မြစ်ချမည့် အခမ်းအနားဖြစ်သည်။ ဘဘဦးစန်းလွင်နှင့် ကျွန်မက ရွှေတိဂုံ(ပုံတူ)စေတီတော်ကြီးနှင့် ဗုဒ္ဓရုပ်ပွားတော်များ အနေကဇာတင်ပြီး လှူဒါန်းမှုအစုစုကို ရေစက်သွန်းချ အမျှပေးဝေမည့် အခမ်းအနားဖြစ်၏။ ကွဲလွဲသည်က သည်နှစ်ခုပင် ဖြစ်သည်။ ဦးဝင်းဖေက အခမ်းအနားနှစ်ခုကို တွဲလုပ်မည်ဟု ဆိုသည်။ တွဲလုပ်လို့တော့ တစ်နေ့လုံးပြီးမည် မဟုတ်။ သူတို့၏ဖိတ်စာက အခမ်းအနားကို မနက် ၉ နာရီမှ စဖိတ်ထားသည်။ ထိုအခမ်းအနားတွင် မိန့်ခွန်းပြောကြမည့် ပုဂ္ဂိုလ်တွေကလည်း တစ်သီကြီး ဖြစ်သည်။ အနေကဇာတင်ခြင်း၊ ရေစက်ချခြင်းတို့ လုံးဝမပါ။ သုံးယောက်က ညှိမရဖြစ်၍ တွဲမရသောကြောင့် ခွဲလုပ်ရန် ဆုံးဖြတ်ကြသည်။

အစီအစဉ်အသေးစိတ်က ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် အရဏ်ဆွမ်းကပ်ပြီးသည်နှင့် အနေကဇာ တင်မည်။ အနေကဇာတင်မည့်ပွဲကို မြန်မာနိုင်ငံတွင် ကျင်းပသကဲ့သို့ ပြုလုပ်မည်။

နောက်တစ်နေ့ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့ ကျင်းပမည့်ပွဲတွင်တော့ အင်ဒိုနီးရှားနိုင်ငံက ထုံးစံအတိုင်း ကျင်းပမည်။ ထိုသို့ အင်ဒိုနီးရှားထုံးစံနှင့်အညီ ကျင်းပသောပွဲတွင် ကျွန်မတို့က သူတို့ပြောသည့်အတိုင်း ထိုင်ဆို ထိုင်၊ ထဆို ထမည်ဟုပြောဆိုပြီး ဆွေးနွေးပွဲကို အဆုံးသတ်လိုက်သည်။




သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်
ဦးစန်းလွင်အား ရွှေတိဂုံ(ပုံတူ)စေတီတော်နှင့်အတူတွေ့ရစဉ်

အဓိကအချက်ကတော့ ဘဘ ဦးစန်းလွင်နှင့် ကျွန်မက ၆. ၁၂. ၂၀၀၄ နေ့ နံနက်တွင် ရွှေတိဂုံ ပုံတူ စေတီတော်ကြီးနှင့် ရုပ်ပွားတော်များကို အနေကဇာတင်မည်။ ကိုးပေဆင်းတုတော်ကြီး ကိုလည်း အနေကဇာတင်၊ ရွှေကြာသကၠန်းကပ်၊ ဗောဓိပင်စိုက်ပွဲ ကျင်းပမည်ဖြစ်သည်။

အင်ဒိုနီးရှား ဂေါပကအဖွဲ့နှင့် ဦးဝင်းဖေက ၇. ၁၂. ၂၀၀၄ တွင် ရွှေတိဂုံ (ပုံတူ) စေတီတော်ဖွင့်ပွဲကို အင်ဒိုနီးရှားလို ကျင်းပမည် ဖြစ်သည်။

ဒီလိုမှ ခွဲမလုပ်လျှင်လည်း မဖြစ်တော့သည့်အခြေအနေတွင် ရောက်နေသဖြင့် ခွဲလုပ်ရန် ဆုံးဖြတ်လိုက်ကြခြင်းပင် ဖြစ်သည်။

## အခန်း(၂၂)
## အနေကဇာတင်၊ ရေစက်ချပွဲနှင့် ကမ္ပည်းမထိုးရသော ကျွန်မအလှူ။

၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၆ ရက်။

၁၃၆၅ ခုနှစ် နတ်တော်လဆန်း ၁၃ ရက် စနေနေ့။

သည်နေ့တွင်လည်း ထုံးစံအတိုင်း ကျွန်မတို့တစ်တွေ စောစောထပြီး တည်းခိုခန်းမှ ရိပ်သာသို့သွားကြသည်။ သံဃာတော်များကို အရုဏ်ဆွမ်းကပ်ကြသည်။ ဆူရာဗားရားမှ မြန်မာ အင်ဂျင်နီယာအဖွဲ့လည်း ရောက်နေကြသည်။ ဆရာတော်ကြီးများ အရုဏ် ဆွမ်းဘုဉ်းပေးပြီးသည်နှင့် ဘုရားဆီသို့ ကြွသည်။ ဗုဒ္ဓ

ဝေယျာဝစ္စအဖွဲ့မှ ကနက္ကဒဏ်ထီးဖြူတွေ မိုးပြီးလိုက်လာကြသည်။ ကျွန်မတို့ မြန်မာအမျိုးသမီးများအဖွဲ့မှ တံခွန်ကုက္ကား မုလေးပွားနှင့် ဆန်ပေါက်ပေါက်များကို ဆရာတော်များအား ဆက်ကပ်သည်။

မုခ်တစ်မုခ်၏ အခန်း ၈ ခန်းတွင် သီတင်းသုံးနေသော ရုပ်ပွားတော်များရှေ့တွင် မြန်မာဆရာတော်တစ်ပါးစီက ဦးဆောင်နေရာယူသည်။ နောက်နားဝဲယာ တစ်ဖက်တစ်ချက်စီတွင် အင်ဒိုနီးရှားဆရာတော် ၂ ပါးစီက နေရာယူ၏။ လူပုဂ္ဂိုလ်များက နောက်နားဆီမှ သင့်သလို ထိုင်ကြရသည်။ အခန်းအနားတွင် မကွေးဆရာတော်ကြီးက ဦးဆောင်၍ ရွတ်ဖတ်ရမည့် အစီအစဉ်ကို အားလုံးသော ဆရာတော်များကြားရန် အသံချဲ့စက်မှတစ်ဆင့် လျှောက်ထားသည်။

သို့ဖြစ်၍ ရွှေတိဂုံ(ပုံတူ)စေတီတော်ကြီးနှင့် ရုပ်ပွားတော်များကို ခမ်းနားစွာ အနေကဇာတင်ပါသည်။ အနေကဇာတင်ပွဲပြီးသည့်အခါ မြန်မာပြည်မှ ပင့်ခဲ့သော ကြာသက်န်းကို ဖြန့်လျှက်ကိုင်လာကြပြီး ဆရာတော်များ ဦးဆောင်ကာ ၉ ပေ ရုပ်ပွားတော်ကြီးသို့ ကြွကြသည်။ ၉ ပေ ရုပ်ပွားတော်ကြီးအား ကြာသက်န်းဖြင့် ၃ ပတ်ပတ်၍ ပူဇော်ပြီးနောက် ဆရာတော်ကြီးများက ရုပ်ပွားတော်ကြီးကို သက်န်းရုံပေးကြသည်။ ထို့နောက် အနေကဇာတင်ကြပါသည်။ အနေကဇာတင်ပွဲပြီးသည့်အခါ ရန်ကုန်ဓါတ်တော်တိုက်ဆရာတော် ဦးကိတ္တိဓရ ကိုယ်တိုင် တစ်လမ်းလုံး ဒုက္ခခံပင့်ဆောင်လာသည့် ဗောဓိပင်ကို စိုက်ပျိုးသည်။

အနေကဇာတင်ပွဲ အခမ်းအနားပြီး၍ အထိမ်းအမှတ် ဗောဓိပင်စိုက်ပြီး ရေစက်ချအခမ်းအနားကို ဆက်မလုပ်ဘဲ ရပ်နားလိုက်သည်။ ကျွန်မ တွေးသည်က သည်ဘုရားကို အင်ဒိုနီးရှား-မြန်မာ ဗုဒ္ဓဘာသာတွေ စုပေါင်းတည်ကြသည်မို့ လူအပေါင်းစုံမှ ရေစက်ချသင့်သည်။ ထို့ကြောင့် တကယ့်အခမ်းအနားလုပ်ရန်



ကိုးပေဘုရားအနေကဇာတင်အပြီး တိပိဋကဆရာတော်
နှစ်ပါးနှင့်(ဝဲမှယာ)ဦးတင်မိုးလွင်၊ နီနီ၊ ထက်ထက်ရှိန်၊ ချားလက်(စ်)၊
စာရေးသူ၊ဦးသန်းဝင်း၊ အဝမ်းတို့ကိုကိုးပေဘုရားကြီးရှေ့အမှတ်တရ

သတ်မှတ်ထားသည့် ဒီဇင်ဘာ ၇ ရက်နေ့ လူစုံမှ စုပေါင်း ရေစက်ချကြမည်ဟု ဘဘဦးစန်းလွင်ကို ပြောပြသည်။ ဘဘကလည်း သဘောတူသည်။ ယနေ့ အခမ်းအနား က နံနက် ၁၀ း ၄၅ မှာ ပြီးသည်။ ရေစက်ချပွဲကို နောက်တစ်နေ့သို့ ရွှေ့လိုက်သည်က ကျွန်မ၏ မဟာအမှားဖြစ်မှန်း နောက်မှသိရ၏။

နေ့လယ်ပိုင်းမှာ သံအမတ်ကြီးတို့ ဇနီးမောင်နှံနှင့် ဦးချစ်ဝင်းတို့ ရောက်လာကြသည်။ မာလန်မြို့ထဲမှ ဟိုတယ်တစ်ခုတွင် တည်းကြသည်။ ညစာကို ဟိုတယ်မှာ လာစားရန်ဖိတ်ကြားသဖြင့် လာပါမည်ဟု ကတိပြုလိုက်သည်။

ဆရာတော်များ နေ့ဆွမ်းကပ်ပြီးသည့်အခါ မာလန်မြို့ ပတ်ဝန်းကျင်လေ့လာရန် ရိပ်သာမှ စီစဉ်ပေးသော ကားဖြင့် သွားကြသည်။ ဘဘ ဦးစန်းလွင်၊ ဦးဝင်းဖေနှင့် နီနီ၊ အဝမ်း၊ သမီးတို့ လိုက်သွားကြသည်။ ကျွန်မတစ်ယောက်တည်း ရိပ်သာတွင် ကျန်ခဲ့ပြီး လုပ်စရာများ ဝိုင်းလုပ်ပေးနေသည်။ ညနေပိုင်းပြန်ရောက်သည့်အခါ ဆရာတော်များက ဓမ္မာရုံထဲတွင် နှစ်နိုင်ငံ ဆရာတော်များတွေ့ဆုံပွဲ ကျင်းပကြသည်။ ဘဘ ဦးစန်းလွင်နှင့် ကျွန်မတို့ သားအမိက သံအမတ်ကြီး တည်ခင်းသည့် ညစာစားပွဲသို့ သွားကြသည်။ ဟိုတယ်က လုံးချင်းအိမ်ပုံစံလေး၊ သစ်သားလေးတွေနှင့် လှလှပပ ဆောက်ထားသည်။ ပန်းသီးခြံတွေလည်းရှိသည်။ ဟိုတယ်ကို တည်းခိုသော ဧည့်သည်တစ်ဦးလျှင် တစ်နေ့ကို ပန်းသီး ၂ လုံး ခူးစားခွင့်ကဒ်ကလေးတွေ ပေးထားသည်။ သံအမတ်ကြီးကတော်က သမီးအတွက် အရုပ်ကလေးတွေ ဝယ်လာပေးတော့ သမီးလေး အတော်ပျော်သွားသည်။

ထမင်းစားပြီး ရိပ်သာပြန်လာတော့ နှစ်နိုင်ငံဆရာတော်တွေ တွေ့ဆုံပွဲက မပြီးသေးပါ။ မကွေးဆရာတော်ကြီးက ကျွန်မ မန္တလေးက ယခုအခေါက် ပင့်လာသော ကျောက်ဆင်းတု ရုပ်ပွားတော်များကို အင်ဒိုနီးရှားဆရာတော်များထံ ဓမ္မ လက်ဆောင်အဖြစ်ပေး၏။ အင်ဒိုနီးရှား တစ်နိုင်ငံလုံးမှ ဆရာတော်များ ကြွလာကြသည်။ အင်ဒိုနီးရှား ဆရာတော်တွေကလည်း မေးကြ၊ မြန်မာဆရာတော်ကြီးများကလည်း ပြန်ဖြေကြနှင့် တော်တော်နှင့်မပြီးပါ။ ကျွန်မ သိလိုက်တာတစ်ခုကတော့ ကျွန်မတို့ မြန်မာနိုင်ငံ၌ သံဃာ ၄ သိန်းရှိ၏။ အင်ဒိုနီးရှားတွင် သံဃာ ၄၀ သာရှိသည်။ သည်တစ်ခုပဲ ကောင်းကောင်း မှတ်မိလိုက်သည်။

ကျွန်မတို့ မြန်မာနိုင်ငံမှာ သင်္ကန်း တစ်စုံ ၅၀၀၀ ဆိုလျှင် ကောင်းကောင်းရ၏။ အင်ဒိုနီးရှားမှာ သင်္ကန်းတစ်စုံ ၅၀၀၀၀ ရှိ၏။ ငါးသောင်းက ထိုင်းမှလာသော သင်္ကန်းဖြစ်သည်။ ဝါညိုရောင်ဘက်



ရန်ကုန်ဓါတ်တော်တိုက်ဆရာတော် ဦးကိတ္တိဝရ ဦးဆောင်သော
သံဃာတော်များ ဗောဓိပင်စိုက်နေကြစဉ်

လုထားသည်။

နောက်တစ်နေ့ အခမ်းအနားပြီးလျှင် မာလန်မှာ ကျွန်မ ဆက်နေချင်သေးသည်။ ဆရာတော်များက ဘာလီကျွန်းကို ကြည့်ချင်သည်ဆို၍ စီစဉ်ရသည်။ ကျွန်မတို့ပင့်ခဲ့သော ဆရာတော်များအားလုံး အင်ဒိုနီးရှားကို ပထမဦးဆုံးအကြိမ် ရောက်ဖူးခြင်းဖြစ်သည်။ ထို့ကြောင့် နာမည်ကြီးဘာလီကို ကြွချင်မည်ဖြစ်သည်။ ထို့ကြောင့် ဘာလီသွားမည့် လေယာဉ် လက်မှတ် ဝယ်ရသည်။ ဆရာတော် ၇ ပါး၊ လူ ၅ ယောက်ကို လေယာဉ်ခ အသွားအပြန် ၁၅၈ သိန်း၊ မြန်မာငွေ ၁၇ သိန်းခန့် ကျသည်။ ဟိုတယ် ကြိုတင်စရန်ငွေအဖြစ် သိန်း ၂၀ (မြန်မာငွေ

၂ သိန်းကျော်)ကျသည်။ သို့ဖြစ်၍ စုစုပေါင်း အင်ဒိုနီးရှားငွေ ၁၇၈ သိန်း ပေးလိုက်၏။ အားလုံးစီစဉ်ပြီးကာမှ တစ်ခါက ကျွန်မတို့ အိမ်တွင်ချားလက်(စ)နှင့်အတူလာတည်းသွားသော ဘာလီကျွန်းမှ ဆရာတော် ကြွလာသည်။ ကျွန်မလာသည်ဆို၍ ဆရာတော်က ရှာဖွေပြီး လာတွေ့ခြင်း ဖြစ်သည်။ ကျွန်မတို့အဖွဲ့ ဘာလီကျွန်း သွားမည်ဆို၍ ဆရာတော်က စီစဉ်ပေးသည်။

၇. ၁၂. ၂၀၀၄ နေ့တွင် ရွှေတိဂုံ (ပုံတူ) စေတီတော်ဖွင့်ပွဲ နှင့် ဗုဒ္ဓတက္ကသိုလ် အုတ်မြစ်ချပွဲ ပြုလုပ်ကြသည်။ ကျွန်မတို့ တည်းခိုသည့် တည်းခိုခန်းနှင့် ရိပ်သာကြားရှိ မြေကွက်လပ်ကို ဝယ်၍ ထိုနေရာတွင် ဗုဒ္ဓတက္ကသိုလ်ကြီး ဆောက်လုပ်မည် ဖြစ်ကြောင်း ကြေညာ၏။ အခမ်းအနားတွင် ပရိသတ်များအတွက်၊ အဆိုပါမြေကွက်လပ်ကြီးတွင် မဏ္ဍပ်ထိုးထားသည်။ အနည်းဆုံး လူ ၁၀၀၀ ခန့်ဆံ့သည်။ ကွင်းလယ်တွင် ပန္နက်ချမည့်နေရာ ပြင်ထားသည်။ မြန်မာနိုင်ငံမှ ယူလာသည့် သာသနာ့အလံ များလွှင့်ထူ၍ ဝေဝေဆာဆာ ရှိပါသည်။

အခမ်းအနား မကျင်းပမီ ထုံးစံအတိုင်း ဦးဝင်းဖေက "အစ်မ ရတနာကြုတ်ကလေးများ မပါဘူးလား"ဟု မေးသည်။ အနားကပ်မှ သည်လိုလုပ်တတ်တာမျိုး ကျွန်မသိပြီးသားမို့ မြန်မာပြည် ကတည်းက အသင့် ဆောင်ခဲ့သည်။ယူလာပုံကိုလည်း ကြည့်၊ ကျွန်မ ရန်ကုန်ဆင်းမလာခင် ကျွန်မခင်ပွန်းက ရန်ကုန်ရောက်နေသည်။ ရောက်ရသည့်အကြောင်းက ဗိုလ်ကြီးပြည်အောင်နှင့် မနန္ဒာအေး တို့၏ မင်္ဂလာအခမ်းအနားတက်ရန်ဖြစ်သည်။ အင်ဒိုနီးရှားသွားရန် ရန်ကုန် ကျွန်မလိုက်လာသောအခါ မင်္ဂလာဆောင်က ကမ်းတဲ့ ဇာပဝါအပါးလေးနှင့်ထုပ်ထားသည့် ငွေဘူးလေးကို ကျွန်မအားပြပြီး ခင်ပွန်းက ဘုရားစင်ပေါ်တင်ထားသည်။ ကျွန်မကလည်း ဘုရား အနေကဇာတင်မည့်ကိစ္စတွေ၊ နိုင်ငံကူးလက်မှတ်ကိစ္စတွေ လုပ်နေရ၊

လေယာဉ်လက်မှတ်ဝယ်ရမည့်ကိစ္စတွေနှင့် မအားလပ်သောကြောင့် ဗုဒ္ဓတက္ကသိုလ် အုတ်မြစ်စီမည့်ကိစ္စကို ဘာမှ မလုပ်နိုင်။ သွားခါနီးမှ သတိရတော့ ငွေကြေးလည်း မဝယ်နိုင်ပါ။ ထို့ကြောင့် ကျွန်မ ခင်ပွန်း မင်္ဂလာဆောင်က ရခဲ့သည့်ငွေဘူးလေးကို သူမသိအောင် ယူလာခဲ့ခြင်း ဖြစ်သည်။ နဝရတ်ကိုးပါး လက်စွပ်လည်းထည့်လာခဲ့သည်။ နီနီကလည်း သူ၏ ဆွဲသီးလေးတစ်ခု လာထည့်သည်။ ပြီးတော့ ကျွန်မက ထိုဘူးလေးကို ဦးဝင်းဖေအား ပေးလိုက်သည်။

အခမ်းအနားစလျှင် ရှေ့ဆုံးကုလားထိုင်မှာ ဆရာတော်တွေ ထိုင်ကြသည်။ ချမ်းမြေ့ဆရာတော်ကြီးလည်း ကြွလာသည်။ ကျွန်မတို့ဆီမှာ ဆည်တွေဖွင့်သည့်ပွဲ၊ တံတားတွေဖွင့်သည့်ပွဲ အတိုင်းပါပင်။ ဟောပြောမည့်သူတွေအတွက် စင်မြင့်ကို မဏ္ဍပ်နှင့် မျက်နှာချင်းဆိုင်မှာ ထိုးထားသည်။ ရှေ့ဆုံးတန်းထိုင်ခုံတွင် ဆရာတော်တွေပြီးတော့ ဘဘဦးစန်းလွင်၊ သံအမတ်ကြီးတို့ စုံတွဲ၊ ကျွန်မနှင့် ဂျူးဂျူးတို့ ထိုင်ကြသည်။ နီနီတို့က ဒုတိယတန်းမှာ နေရာယူသည်။

မကြာမီ အင်ဒိုနီးရှားနိုင်ငံ သာသနာရေးဝန်ကြီး မြို့တော်ဝန် အစရှိသဖြင့် တစ်ဦးပြီးတစ်ဦး ရောက်လာကြသည်။ သူတို့ထုံးစံအရ လူကြီးတစ်ဦးလာတိုင်း ကနက္ကဒဏ်ထီးမိုးပြီး မဏ္ဍပ်ထဲထိ လိုက်ပို့ကြသည်။ တစ်ဦးလာလိုက် ကျွန်မလည်း နေရာလေးရွှေ့ပေးလိုက်နှင့် အခမ်းအနားလည်းစရော ကျွန်မလည်း ဘေးဆုံးရောက်သွားပါသည်။ မဏ္ဍပ်ပတ်ပတ်လည်မှာ စိုက်ထားသည့် နှင်းဆီပန်းတွေကတော့ လှလိုက်သည်မှာ မျက်စိမခွာနိုင်အောင်ပါဘဲ။ အဆင်သင့်ပွင့်ပြီးသား အပင်များကို အခမ်းအနားအတွက် လာစိုက်ပေးထားခြင်းဖြစ်၏။

ဆက်လက်၍ အင်ဒိုနီးရှား ဆရာတော်များ၊ ဝန်ကြီးများ တစ်ဦးပြီးတစ်ဦး မိန့်ခွန်းတွေ ချွေကြသည်။ ကျွန်မတို့ဘက်က



ဘုရားဒါယိကာမ ဒေါ်မြမြလေး

သံအမတ်ကြီး ဦးကျော်မြင့်က အင်္ဂလိပ်ဘာသာဖြင့် ပြောသည်။ တစ်ယောက်ဆင်း တစ်ယောက်တက် ပြောရင်းပြောရင်းနှင့် နေ့ ၁၁ း ၃၀ ရှိနေပါပြီ။ သည်တော့မှ အခမ်းအနားခေတ္တရပ်ပြီး ဗုဒ္ဓတက္ကသိုလ် အုတ်မြစ်စီပွဲ လုပ်သည်။ မကွေးဆရာတော်ကြီး ဦးဆောင်ပြီး အုတ်မြစ်ချသည်။ ဆရာတော်များကိုလည်း မည်သူကမျှ ဆွမ်းစား လာမပင့်ထားသေးပါ။ ကျွန်မတို့လည်း အရိပ်အကဲကြည့်နေရသည်။ ဗုဒ္ဓတက္ကသိုလ် အုတ်မြစ်စီပြီးလျှင် အခမ်းအနားပြန်စမည့် သဘောရှိ၏။

သည်နေ့ အခမ်းအနားမှာ အင်ဒိုနီးရှားဂေါပကအဖွဲ့က ဦးစီးသည်။ သူတို့ရုံးရာနှင့် အညီ ကျင်းပနေခြင်းဖြစ်၍ ကျွန်မတို့က

ဘာမှပင် မပြောနိုင်ပါ။ ဤတွင် အင်ဒိုနီးရှားနိုင်ငံတွင် တရားပြရန် ရောက်နေသည့် ချမ်းမြေ့ဆရာတော်ကြီး၏ ကပ္ပိယက ဆရာတော် ဟိုတယ်ပြန်မည်ဖြစ်ကြောင်း၊ ဒီမှာနေရသည်မှာ no ok လို့ ကျွန်မနှင့် ကပ်လျက်ထိုင်နေသည့် ဂျူးဂျူးကိုပြောနေ၍ ဂျူးဂျူးလည်း ထလိုက်သွားရသည်။ ကိုယ့်အနားက လူထသည့်အတွက် ကျွန်မလည်း ရောယောင်၍ ထလိုက်သည်။ ကျွန်မ အရိပ်အခြည်ကိုကြည့်နေသော နီနီတို့အဖွဲ့လည်း ထလိုက်လာကြပါတော့သည်။ ကျွန်မတို့လည်း ကိုယ့်ဆရာတော်များကို ဆွမ်းစားကျောင်းသို့ပင့်ပြီး ဆွမ်းကပ်ရသည်။ လူစုတွေလည်း အားလုံးကွဲကုန်ကြသည်။ ပရိသတ်ကြီးကတော့ ကျွန်မတို့မိသားစု၏ကုသိုလ်မန္တလေးက ယပ်တောင်လေးတွေနှင့် နေအပူအကာပြုကာ သွားလာနေကြသည်။

သည်တွင် လူစုကွဲနေသော လူအုပ်ကြီးကိုကြည့်ပြီး မစိုးရိမ်တိုက်သစ် ဆရာတော်က ကျွန်မဘက်လှည့်ပြီး "ရေစက်ချရန် ကိစ္စဘယ်လိုလုပ်ချင်လဲ"လို့ မေးသည်။ ကျွန်မလည်း အခြေအနေ မဟန်တော့သည်ကို ရိပ်မိသဖြင့် ဆရာတော်တို့နှင့် တပည့်တော်တို့အဖွဲ့ပဲ ရေစက်ချလိုက်တာပေါ့ဘုရား"ဟု လျှောက်ရတော့၏။

မစိုးရိမ် ဆရာတော်ကြီးက "လာကြာတယ်၊ အခုပဲ သွားမယ်"ဆိုကာ ဆွမ်းပွဲမှ ထသည်။

"ဆရာတော်တွေ ဆွမ်းကို ဆက်ဘုဉ်းပေးပါ၊ တပည့်တော်ပဲ ရေစက်ချပေးလိုက်တော့မယ်၊ နင်လဲ ရေတစ်ခွက်ခပ်ပြီး ဘုရားပေါ်လိုက်ခဲ့တော့"ဟု မိန့်ကာ ပြောပြောဆိုဆို ထွက်သွားပါသည်။ ကျွန်မလည်း အနားမှာရှိသောထမင်းစားပွဲမှ ထမင်းပန်းကန်ပြားအလွတ်တစ်ချပ်၊ သောက်ရေဖန်ခွက်တစ်ခွက်ယူပြီး လိုက်သွားရပါတော့သည်။ ကျွန်မနောက်က သံအမတ်ကြီးကတော်က လက်ထဲမှာလည်း အထုပ်တွေ ဗရပွနှင့် လိုက်လာပါသည်။



ရွှေတိဂုံ(ပုံတူ)စေတီတော်ဖြစ်မြောက်ရေးအတွက် လှူဒါန်းမှု အစုစုကို ရေစက်ချနေစဉ်

သံအမတ်ကြီး၊ ဘဘ ဦးစန်းလွင်နှင့် နီနီ၊ အဝမ်း၊ သမီးတို့က ထမင်းကျွေးသည့်နေရာတွင် ဘူဖေးသွားစားနေကြ၏။ ကျွန်မကလည်း ရေစက်မချ၍ မဖြစ်တော့ ညဦးကတည်းက ဘုရားတွေ၊ ရဟန္တာတွေ၊ နတ်တွေ၊ ဘုရား ပရိဝုဏ်အတွင်းမှ အစောင့်အရှောက် ပုဂ္ဂိုလ်တွေကို ရေစက်ချပွဲသို့ ပင့်ထားပြီးဖြစ်သည်။ ပို့မည့်ပို့ကူးတို့အထိ ရောက်အောင် ပို့မှဖြစ်မည်။

ဆရာတော်ထံမှ ကျွန်မနှင့် သံအမတ်ကြီးကတော်က ငါးပါးသီလခံသည်။ ဆရာတော်ကလည်း ငါးပါးသီလပေး၊ ရေစက်ချ၊ အမျှဝေ၏။ ရေစက်ချအခမ်းအနားက ဘုန်းကြီးတစ်ပါး၊ မိန်းမနှစ်ယောက်။ ဦးဝင်းမြင့်သိန်းက ဓါတ်ပုံလာရိုက်ပေးသည်။ ဘုရားကို လှည့်ပတ်ဖူးနေသော အင်ဒိုနီးရှား ဗုဒ္ဓဘာသာဝင်များက ဘာလုပ်နေတာလဲဆိုသည့်အကြည့်နှင့် ကြည့်သွားကြသည်။ ကျွန်မကလည်း ထမင်းပန်းကန်ပြားအလွတ်ထဲသို့ ရေဖန်ခွက်ထဲမှ ရေကို ရေစက်ချရ၏။ သံအမတ်ကတော်ကတော့ သည်အတိုင်း လက်အုပ်ချီရ၏။ ကဲ ပုံပြင်လေးကတော့ ဒါပါပဲ။

သည်အခမ်းအနားကြီးကို မြန်မာနိုင်ငံမှ သံဃ ဥသျှောင်ဆရာတော်ကြီးနှင့်တကွ တိပိဋကဆရာတော်များအပါအဝင် ဆရာတော်ကြီးများကြွလာသည်။ ဆရာတော် ဘဒ္ဒန္တခန္တီဓါရာနှင့် တပည့်တကာများက အခမ်းအနားကြီးကို ကြီးကျယ်စွာ ကျင်းပကြပါ၏။ တကယ်လည်း ခမ်းနားပါသည်။ အခမ်းအနားအပြီး အင်ဒိုနီးရှားရိုးရာ အကများလည်း တစ်ဖွဲ့ပြီးတစ်ဖွဲ့ တက်ကကြသည်။ အင်ဒိုနီးရှားနိုင်ငံ၏မြောက်မြားစွာသော ကျွန်းများမှ ဗုဒ္ဓဘာသာဝင်များကလည်း တူညီဝတ်စုံတွေဝတ်ပြီး အခမ်းအနားတက်ကြသည်။ ပရိတ်သတ်ကလည်း ငါးထောင်ခန့်ရှိမည်ထင်သည်။

သည်အခမ်းအနားက ယခင် ကျင်းပခဲ့သော အင်ဒိုနီးရှား ရိုးရာ သာသနာရေးဆိုင်ရာ အခမ်းအနားများအနေနှင့်တော့

ပဏာရချင် ရပါမည်။ ကျွန်မတို့ရည်မှန်းသောပွဲအနေနှင့်တော့ သိပ်ပြီး အံမဝင်လှပါ။ သို့သော် အပြစ်ပြော၍မရပါ။ အင်ဒိုနီးရှား တွင် သည်လိုဘုရားတည်ခြင်းမျိုးကလည်း သည်တစ်ကြိမ်သာ အခွင့်အရေးရခဲ့သည်။ ထီးတင်တာကိုလည်း သည်ဘုရားမှာသာ မြင်ဖူးကြသည်။ ဘုရားအနေကဇာတင်တာ၊ ရေစက်ချတာတွေ လုပ်တာမျိုး အလေ့အထရှိမရှိလည်းမသိတော့ပါ။ ဒါကို ထေရဝါဒ ဗုဒ္ဓဘာသာ ဓလေ့ထုံးစံအရ ပီပီပြင်ပြင် ဆောင်ရွက်ပေးရန် ဦးစန်းလွင်က ဆောင်ရွက်ပေးမည်ဆိုတော့လည်း အင်ဒိုနီးရှား နိုင်ငံသူကို လက်ထပ်ပြီး အင်ဒိုနီးရှားမှာ အနေကြာသည့် ဦးဝင်းဖေ က လက်မခံ။ အင်ဒိုနီးရှားရိုးရာအတိုင်းသာ လုပ်ချင်သည်။ ဒါပေမယ့် ဆရာတော်တွေရော ကျွန်မတို့ကပါ အားလုံး နားလည် ခွင့်လွှတ်ပါသည်။ သူတို့လည်း အကောင်းဆုံးဖြစ်အောင် စီမံထား သော်ငြား၊ ဓလေ့စရိုက်ချင်းမတူတာ ဘယ်တတ်နိုင်ပါ့မလဲ။ တူတာ ကတော့ ဗုဒ္ဓဘာသာဝင်တွေပီပီ ဘုရားရှင်ကို ကြည်ညိုကြတာ၊ တရားတော်ကို လေးလေးမြတ်မြတ်အားထုတ်ကြခြင်း၊ သံဃာတော် တွေကို ရိုသေကိုင်းရှိုင်းကြခြင်းတွေပဲ ဖြစ်သည်။ ဒါတွေတူမှတော့ အားလုံး အဆင်ပြေပါသည်။

ကံကောင်းသည်က ဘုရားအနေကဇာတင်ခြင်းကို တစ်ရက် စောလိုက်ခြင်း ဖြစ်သည်။ ဒီလိုမှန်းသိပါက မနေ့ကတည်းက ရေစက်ချအခမ်းအနား လုပ်လိုက်ပါသည်။ အများကိုငဲ့ပြီး မလုပ် လိုက်မိသောကြောင့် ကျွန်မ၏မဟာအမှားလို့ ဆိုခြင်းဖြစ်သည်။ သည်ဘုရားနှင့်ပတ်သက်၍ ကိုယ်ရောစိတ်ပါ အပင်ပန်းခံပြီး လုပ်ရ သည့်အပြင် ငွေအား၊ လူအား၊ အားလုံးသော စုပေါင်းအားတွေ ထည့်ပြီး ဆောင်ရွက်ခဲ့ရပေမယ့် ရေစက်ချတော့ ကျွန်မအနားမှာ တစ်ယောက်မျှမရှိ။ သည်အဖြစ်ကို မြင်ရသည့် သံအမတ်ကြီးတို့ ဇနီးမောင်နှံနှင့် ဘဘ ဦးစန်းလွင်တို့က ကျွန်မအတွက် စိတ် မကောင်းဖြစ်ပုံရသည်။



ရေစက်ချအပြီး ဆရာတော် ဦးရာဇဓမ္မနှင့် သံအမတ်ကြီး၏ဇနီး ဒေါ်ဝင်းဝင်းညွန့်နှင့် ဘုရားဒါယိကာမ ဒေါ်မြမြလေး

သို့သော် သည်တိုင်းပြည်မှာ ဘုရားတည်ခွင့်ရလို့ ကျွန်မတို့ ဗုဒ္ဓဘာသာဝင်တွေ ကိုးကွယ်ဆည်းကပ်ခွင့်ရသွားတာ ကိုတော့ ဝမ်းမြောက်ကြည်နူးမဆုံးပါ။ ထို့ကြောင့် ထမင်းရည်ချောင်းစီး လှူနေရပေမယ့် ထန်းပင်မြစ်တစ်ချောင်း လှူရသည်ကိုသာ တမ်းတနေသလို၊ ကျောင်းတွေ ဘယ်လောက်ကြီးကြီး ဆောက် ဆောက်၊ တောထဲက တောကျောင်းလေးကိုပဲ သတိရနေမိသည်။ ပြည်ပသာသနာပြုအဖြစ် ဗုဒ္ဓဂယာနှင့် နီပေါတွင် ဘုရားရုပ်ပွား တော်များ ပူဇော်ခဲ့ရသည်ကို ကြည်နူးဝမ်းမြောက်ရသကဲ့သို့ သည်တိုင်းပြည်မှာ တည်ခဲ့ရသည့် သည်ဘုရားက ကျွန်မရင်ကို လှိုက်ဖို တမ်းတစေပါသည်။ ကျွန်မ သမိုင်းကို ကျွန်မ ရေးနိုင်ခဲ့ပါပြီ။

မြန်မာပြည်ကနေ အင်ဒိုနီးရှားတွင်တည်သည့် ပထမဦးဆုံး စေတီဖြစ်သလို တစ်ဆူတည်းသော စေတီလည်း ဖြစ်နိုင်ပါသည်။ သည်ဘုရားကိုလည်း စောင့်ရှောက်ကြသော အစောင့်အရှောက်များ ကလည်း ဝိုင်းရံနေပါသည်။ ထို့ကြောင့် “ယက္ခငယ် ဂူမ္ဘာန် နတ်များ ဝိုင်းရံ စောင့်ရှောက်ပါတဲ့ မြတ်ရွှေတိဂုံ (ပုံတူ)”ဟု တင်စားခြင်း ဖြစ်သည်။ ယခုလို စေတီတစ်ဆူ အောင်မြင်စွာတည်ထားနိုင်ခြင်းမှာ သာသနာပြုစိတ်ဓါတ် ပြင်းထန်သော ဆရာတော် ကြီးတစ်ပါးလည်း အင်ဒိုနီးရှားမှာ ပေါ်ထွန်းခဲ့၍ ဖြစ်သည်။ အချိန်အခါလည်း ကျလာ၍ဖြစ်သည်။ သို့သော် မာလန် ဆရာတော်ကြီးလည်း ကျွန်မ ပထမ အခေါက်လာသည်နှင့်မတူ၊ ဒုတိယအခေါက်မှာ အားအင်တွေချည့် နဲ့ပြီး ကောင်းကောင်းပင် မလှုပ်ရှားနိုင်တော့ပါ။ ဆရာတော်ရော ကျွန်မပါ ခြေကုန်လက်ပန်းကျသည် ထင်ပါသည်။ ရှိသမျှ ခွန်အား များကို စေတီတော်ကြီးထံ လှူဒါန်းလိုက်ရသကဲ့သို့ပင်ရှိ၏။

အင်ဒိုနီးရှား၌ သာသနာပြုရသည်မှာ ရေခြားမြေခြား တိုင်းတစ်ပါးတွင် သာသနာပြုကြသည့် ဗုဒ္ဓဘာသာဝင်များအားလုံး တစ်သားတည်းရှိကြသဖြင့် ကျွန်မ ပျော်ပါသည်။ ခလေ့မတူတာ လေးတစ်ခုပဲ ရှိသည်။ မြန်မာတို့ဆီမှာ ကိုယ်လှူတဲ့ပစ္စည်းလေး



**ရုပ်ပွားတော်(ကိုးပေ)ဘုရားကြီးအား အနေကဇာတင်၍ ကြာသက်န်းကပ်အပြီး ဖူးတွေ့ရစဉ်**

တွေကို အမှတ်တရ ကမ္ပည်းလေးတွေ ထိုးကြ၏။ ကိုယ့်ရဲ့သားစဉ်မြေးဆက် သိအောင်၊ ကြည်ညိုကုသိုလ်ပွားရအောင်၊ ဆက်လက်ထိန်းသိမ်း လှူဒါန်းနိုင်အောင်အတွက်ဖြစ်သည်။ ထို့ကြောင့် ဘုရားရုပ်ပွားတော်၏ စမ္ဗခန်တွင် အလှူရှင်ကမ္ပည်း လေးတွေနှင့် လှူသည့်နေ့စွဲလေးတွေ ရေးထိုးထားတတ်ကြသည်။ ဒါကို အင်ဒိုနီးရှား ဗုဒ္ဓ ဘာသာဝင်များက သဘောမတူ။ သူတို့လှူလည်း ကမ္ပည်းမထိုး။ ဘုရားကန်တော့လျှင် အလှူရှင်အမည်ကို ရေးထိုးထားပါက ဘုရားကန်တော့သူတိုင်းက အလှူရှင်ကို ကန်တော့သည်နှင့်တူသည်ဟု အကြောင်းပြသည်။

ထို့ကြောင့် ကျွန်မလျှာဒါန်းသော ရုပ်ပွားတော်များမှ ကမ္ဗည်းတွေအားလုံး ဖျက်မည်ဟု ဆိုပါသည်။ ကျွန်မက ဖျက်ချင်လည်း ဖျက်ပါ။ ဒါပေမယ့် ရေစက်ချပြီးအောင်တော့ ထားပါဦးဟု တောင်းပန်ရသည်။ ထို့ကြောင့် အင်ဒိုနီးရှားနိုင်ငံတွင် နောက်လှူသည့် ပစ္စည်းများကို ကျွန်မ ကမ္ဗည်းမထိုးတော့ပါ။ နောက်တော့လည်း သူတို့ဘယ်လိုသဘောပေါက်သည်မသိ၊ ကမ္ဗည်းများ ယနေ့အထိ မဖျက်သေးဟု သိရပါသည်။

အင်ဒိုနီးရှားဗုဒ္ဓဘာသာဝင်များ၏ အလေ့အထအရ ကျောက်ပြားတွင် အလှူရှင်အမည်များ စုရေးပြီး မြေညီထပ်တရားထိုင်သည့် အခန်း၏နံရံတွင် ကပ်ထားသည်ကို တွေ့ရသည်။

❐ ❐ ❐

## အခန်း(၂၃)
## အင်ဒိုနီးရှားသို့ရောက်လျှင် ဝင်ရောက်စေချင်

အခမ်းအနားပြီး၍ ပတ်စာခွာ ဖျာသိမ်းပြီး ဘာလီသို့ သွားရန် ပြင်ဆင်ကြသည်။ ပစ္စည်းများက ယခင်နေ့က သိမ်းဆည်း ထားပြီးဖြစ်၍ တာဝန်တော့ သိပ်မကြီးလှပါ။ ကျွန်မတို့က တည်းခိုခန်း ပြန်၍ ပစ္စည်းသိမ်းသည်။ ဆရာတော် ဦးရာဇဓမ္မအား အခြား ဆရာ တော်များကို ဆော်သြပြီး ကျွန်မတို့အတွက် ပေးထားသော ကားဖြင့် ထွက်ခဲ့ရန် လျှောက်ထားခဲ့ရ၏။ ဆရာတော်တွေ ကားလာတော့ ကျွန်မတို့ ပစ္စည်းတွေတင်ပြီး လိုက်ခဲ့ကြသည်။ မာလန်မှ ထွက်လာ တော့ နေ့ ၁ နာရီ ကျော်ပါပြီ။ လေယာဉ်ကွင်းက ချိန်းသော

အချိန်မှာ ညနေ ၃ နာရီဖြစ်သည်။ ဘာလီကျွန်းသို့ သွားရန် ညနေ ၅ နာရီထွက်မည့် လေယာဉ် ဝယ်ထားသည်။

ညနေ ၃ း ၄၀ တွင် လေယာဉ်ကွင်းသို့ ရောက်သည်။ ကျွန်မတို့ကားပေါ်တွင် ဦးသန်းဝင်း ပါလာသည်။ ကျွန်မတို့အဖွဲ့လည်း အဝတ်အစားအနည်းငယ်စီထည့်ကာ တစ်နိုင်စာပဲ သယ်၍ သွားကြပြီး အထုပ်အပိုးများကို ဆရာဦးဝင်းမြင့်သိန်းတို့ဆီမှာ ထားခဲ့ကြသည်။ အရေးကြီးတော့ သွေးနီးသည်ဟု ပြောရမလား မသိ။ ဆူရာဗားရား လေဆိပ်တည်ဆောက်နေသော မြန်မာအင်ဂျင်နီယာ သုံးဦးစလုံး ကျွန်မတို့အဖွဲ့ကို အတော်အကူအညီပေးရှာသည်။

ကျွန်မလည်း လေဆိပ်ရောက်ပြီးမှ ကော်ဖီနှင့် မုန့်ဝယ်စားရသည်။ မြန်မာငွေ ၆၀၀၀ ကျပ် ကျ၏။ နံနက်က ရေစက်ချနေတော့ ထမင်းမစားရ။ တစ်လမ်းလုံး ဆာလိုက်သည်မှာ မပြောပါနှင့်တော့။ သမီးလေးကို အိဘူးမားမား ပေးလိုက်သော မုန့်အနည်းငယ်ကို ယူစားရ၏။ လေဆိပ်တက်(စ်) အခွန် Airport tex ကို ဦးဝင်းမြင့်သိန်းက လှူလိုက်သည်။ ညနေ ၅ နာရီ လေယာဉ်ဖြင့် ဘာလီသို့ ခရီးထွက်ခဲ့ကြသည်။ လေယာဉ်တစ်စီးလုံး ကျွန်မတို့အဖွဲ့အပြင် ခရီးသည် ၁၀ ယောက်ခန့်သာပါသည်မို့ အချောင်ကြီးဖြစ်သည်။ လေယာဉ်ထွက်လို့မှ မကြာသေး၊ လေးယောက်ထိုင်ခုံကို လက်တင်တန်းလေးတွေ ခေါက်တင်ပြီး မကွေးဆရာတော်က တစ်တန်း၊ ဗန်းမော်ဆရာတော်က တစ်တန်း သင်္ကန်းခေါင်းမြီးခြုံ၍ ကျိန်းလိုက်ခဲ့ကြသည်။ ဆရာတော်ကြီးတွေလည်း အတော်ပန်းနေပုံရသည်။ အမြဲတမ်း လန်းဆန်းတက်ကြွနေသည်က မစိုးရိမ်ဆရာတော်ဖြစ်သည်။

ဘာလီကျွန်းရောက်တော့ ပျံသန်းချိန် ၄၅ မိနစ်ဆိုတော့ ၅ း ၄၅ ဆိုက်ရမှာ ဖြစ်သည်။ ဒါပေမယ့် ဘာလီစံတော်ချိန်က



အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ဆရာတော်များနှင့် အမှတ်တရ

ဝနာရီစေတော့ ဒေသစံတော်ချိန် ၆ း ၄၅ မိနစ်မှာရောက်သွားသည်။ လေယာဉ်ကွင်းတွင် ဘာလီဆရာတော်၏သား နှစ်ယောက်နှင့် ဗုဒ္ဓဘာသာအဖွဲ့ဝင်တွေ လာကြိုကြသည်။ အားလုံး လူငယ်လေးတွေဖြစ်သည်။ ဆောက်လုပ်ရေးပစ္စည်းဆိုင်ပိုင်ရှင် တစ်ယောက်သာ လူကြီးပါသည်။ ဆရာတော် ဘဒ္ဒေ ခန္တီဓါရောနှင့် ဘာလီဆရာတော်၏ အစီအစဉ်ဖြင့် ယင်းတို့ ဒကာ၏ဟိုတယ်တွင်လည်း တည်းရသည်။ ကိုယ့်ပိုက်ဆံနှင့် ကိုယ်တည်းရမည်ဆိုလျှင် တကယ် တည်းရက်စရာမရှိအောင် ကောင်းသည့်ဟိုတယ်မျိုး၊ အတော်ဈေးကြီးမည်။ ပင်လယ်ကမ်းခြေကို ကျောပေးထားသည်။ ဟိုတယ်တစ်ခုလုံးကို အရှေ့တိုင်း အငွေ့အသက်ကလေးတွေနှင့် ဆောက်ထားသည်။ မီးကို ထိန်ထိန်သာအောင် ထွန်းမထား၊ ပန်းရုံလေးတွေထဲတွင် ဟိုတစ်ပွင့် သည်တစ်ပွင့် ထွန်းထားတော့ ဟိုတယ်တစ်ခုလုံး မှုန်ပျပျလေးဖြစ်သည်။ အရှေ့ထဲ ဆရာတော် ဦးကိတ္တိဝရက သွားကိုက်နေသည်။ ကျွန်မက ဆေးတိုက်ထားတော့ ကျိန်းချင်လို့ထင်ပါ၏။ အခန်းတစ်ခုတည်း ဝင်ကျိန်းနေတော့သည်။ ဆရာတော်နှင့်အတူ တွဲတည်းရမည့် တိပိဋကဓရ ဆရာတော် ဦးဂန္ဓမာလာက ဆရာတော် ဦးကိတ္တိဝရပျောက်သည်ပြော၍ လိုက်ရှာကြရသည်။ အော်လည်း မခေါ်ဝံ့၊ မြင်မြင် ထင်ထင်လည်း မရှိတော့ အမှောင်လမ်းမှာ စမ်းတဝါးသွားပြီရှာနေရသည်။

ဘဘ ဦးစန်းလွင် လည်း တစ်ခန်းပြီး တစ်ခန်း အသံတိတ်နှင့် ကြိတ်ရှာရာ ဘယ်က တွေ့လာသည်မသိ၊ သူ့အတွက် သတ်မှတ်ပေးထားသော အခန်းသို့ ပို့ထားခဲ့ရသည်။ သည်တော့မှ ကျွန်မလည်း စိတ်လျှော့လိုက်၍လားမသိ၊ ခြေကုန်လက်ပန်းကျတယ်ပဲ ပြောရမလား၊ အရုပ်ကြိုး ပြတ်ဖြစ်သည်ဆိုရမလား မသိ၊ အိပ်ရာပေါ်မှာ အချပ်လိုက် ကပ်သွားတော့သည်။ လှုပ်လို့လည်း မရပါ။ ကျန်တဲ့သူတွေကတော့ ညစာသွားစားကြသည်။ ကျွန်မ

မလိုက်နိုင်၊ ဘယ်သူပြောတာမှလည်း မကြား၊ စကားလည်း မပြော နိုင်တော့သဖြင့် အိပ်လိုက်ရပါတော့သည်။

နောက်တစ်နေ့ နံနက်လင်းလျှင် ဟိုတယ်မှာပဲ ဆရာတော် များကို ဆွမ်းကပ်သည်။ ဆရာတော်များအတွက် သီးသန့် စီစဉ်ပေး ပါသည်။ ဆရာတော်များကို ဘဘ ဦးစန်းလွင်နှင့် နီနီတို့က စောင့်၍ ဆွမ်းကပ်သည်။ ဆရာတော်များက ကျွန်မ အခြေအနေ သိ၍လား မပြောတတ်၊ မနိုးပါနှင့်ဆို၍ မည်သူမျှ လာမနှိုးကြပါ။ ဆွမ်းကပ်ပြီးမှ ကျွန်မလည်း ရောက်သွားသည်။ ဆရာတော် ဦးရာဇ ကတော့ ပင်လယ်ကမ်းခြေမှာ စင်္ကြံလျှောက်ခဲ့ပြီးပြီဟု ပြောသည်။ ဘာလီမှာ သည်တစ်ရက်ပဲ နေရမှာဖြစ်၍ ဟိုတယ်က စောစော ထွက်ခဲ့ကြသည်။

ဘာလီသို့ ပထမအကြိမ် ကျွန်မရောက်ခဲ့စဉ်က ဘာလီသည် ချောက်ချားစွာ ငြိမ်သက်နေ၏။ လူစ လူနလည်း သိပ်မတွေ့ရ။ ချောက်ချားဖွယ်ဖြစ်ရပ်ကြီးက တစ်လပဲရှိတော့ အားလုံး ခြောက် ကပ်နေသည်။ ဆိုင်တွေလည်း မဖွင့်။ ဖွင့်သည့် ဆိုင်ကလည်း လျှော့ဈေးဖြင့်ရောင်းပြီး ပြန်ပိတ်ကြ၏။

ယခုအခေါက် ဘာလီမှာ ခြောက်သွေ့နေခြင်း မဟုတ်။ အေးချမ်းတည်ငြိမ်လျက်ရှိသည်။ ရောက်လာသည့် ဧည့်သည်များကို လည်း ဘာလီ၏အတွေ့အထိက ရင်ထဲကို အေးမြသွားစေသည်။ ကျွန်မတို့ကို လိုက်ပို့သည့်ကားများက မာစီးဒီးအမျိုးအစား နောက်ဆုံးပေါ် ကားများဖြစ်သည်။ တစ်ကားကို ဘာလီကျွန်းသူလေး ဂျူလီကိုယ်တိုင်မောင်းသည်။ ကားမှာ စုစုပေါင်း ၅ စီး ဖြစ်၏။

ဂျူလီသည် ဘာလီသူဖြစ်ပြီး အသက် ၂၀ ပတ်ဝန်းကျင်သာ ရှိသည့် ပညာတတ်မိန်းကလေးဖြစ်သည်။ ရုပ်ရည် အတော် ချောမောလှပသည်။ ယခုခေတ် နာမည်ကြီးနေသည့် ကိုရီးယား မင်းသမီးတွေထက် ပိုလှ၏။ ဆရာတော့် ဒကာ၏ သမီးလေးမှာ



စာရေးသူတို့သားအမိနှင့် ဘာလီကျွန်းသူ ဂျူလီ

နာနာ ဟုခေါ်သည်။ နာနာက ကျွန်မတို့ကို ဧည့်ခံရမှာမို့ သူ့သူငယ်ချင်း ဂျူလီကို ခေါ်လာခြင်းဖြစ်သည်။ ဂျူလီက အင်္ဂလိပ်စကားကို ရေလည်စွာ ပြောတတ်သည်။ သွက်လက် ချက်ချာသလောက် သဘောအလွန်ကောင်းသည်။ အမြဲ ပြုံးနေ တတ်သည်။ ကျွန်မတို့အဖွဲ့ တစ်ဖွဲ့လုံးက ဂျူလီနှင့် နာနာကို သဘောကျနေကြ၏။

ကျွန်မတို့ရောက်သည့်နေ့မှာ နတ်တော်လပြည့်နေ့ ဖြစ် သည်။ ထို့ကြောင့် ဘာလီကျွန်းသူ ကျွန်းသားများ နတ်တင် နေသည်။ ဘာလီတွင် အစ္စလမ်၊ ခရိယာန်၊ ဗုဒ္ဓနှင့် ဟိန္ဒူ ဘာသာကြီး လေးခုကို ကိုးကွယ်သူများမှာ ဘာသာရေးအကြောင်းပြု၍ လုံးဝ

ခိုက်ရန်မဖြစ်ပွားကြဟု ဂျူလီက ရှင်းပြသည်။ ဘုရားကျောင်းများ၊ ဓမ္မာရုံများကို တစ်နေရာတည်းတွင် တန်းစီဆောက်လုပ်ထားကြသည်။ တစ်ကျောင်းနှင့်တစ်ကျောင်း အနှောင့်အယှက် မပြုလုပ်ကြ။ မိမိတို့ ယုံကြည်ရာကို အေးချမ်းစွာ ကိုးကွယ်ဆည်းကပ်ကြသည်။ အခြားပြည်နယ်များ၌ ဘာသာမတူလျှင် ရန်မက်ဖြစ်ပွားတတ်သော်ငြား ဘာလီမှာကား ဘာသာရေးအကြောင်းပြု၍ လုံးဝရန်မဖြစ်ကြဟုသိရသည်။

ကျွန်မတို့လည်း ဗုဒ္ဓဘာသာဘုရားကျောင်းရှေ့၌ ဓါတ်ပုံရိုက်ကြသည်။ ကျောင်းပေါ်သို့လည်း တက်ကြည့်ပြီး ဗုဒ္ဓ ရုပ်ပွားတော်ကို ဖူးမြော်ခဲ့သည်။

နေ့ဆွမ်းကို ဗိဿနိုး နတ်ရုပ်ကြီးအနီးက ဟိုတယ်မှာဆွမ်းကပ်သည်။ လွန်စွာ ဈေးကြီးပုံရသည်။ စားသောက်ဖွယ်များကလည်း အလွန် အဆင့်မြင့်သည်။ ဆွမ်းကပ်ပြီးသည်နှင့် ဗိဿနိုးနတ်ရုပ်ကြီးရှိသည့် တောင်ကမူလေးပေါ် တက်ကြည့်ကြသည်။ နတ်ရုပ်ကြီး၏နောက်ဘက်ရှိ ကျောက်တောင်မှာ ကျောက်သားဖြင့်ထွင်းထားသော ဂဠုန်ရုပ်ကြီးရှိသည်။ ယင်းနောက် ပင်လယ်ခြောက်ကမ်းပါး အမြင့်ကြီးရှိသည့်နေရာသို့ ခေါ်သွားသည်။ ထိုကမ်းပါးမရောက်မီ တောအုပ်ငယ်ကလေးကို ဖြတ်ရ၏။ ထိုတောအုပ်တွင် မျောက်တွေ အများကြီးရှိ၏။ ကျွန်မတို့တစ်တွေကို ခါးစည်းကြိုးအဝါလေးတွေပေးထားပြီး ခါးတွင် စည်းထားရ၏။ ကျွန်မက ဘာဖြစ်လို့စည်းရတာလဲလို့မေးတော့ ကျွန်မတို့အထဲကတစ်ယောက်က "မျောက် မကိုက်အောင်လို့"ဟု ပြောသည်။ ကျွန်မလည်း အဟုတ်မှတ်၍ ကြောက်ကြောက်နှင့် စည်းထားရသည်။ တကယ်တော့ မျောက်မကိုက်အောင် စည်းထားခြင်း မဟုတ်ပါ။ နတ်ကွန်းရှိသည့်နေရာမှာ အရိုးအသေပေးသည့် သဘောစည်းရခြင်းဖြစ်သည်။ တိပိဋကက ဆရာတော်တစ်ပါးကတော့

ဓါတ်ပုံကို သေချာရိုက်နေသည်။ သဘာဝရှုခင်းကို ရိုက်သည်ဟု ထင်ပါသည်။

ထို့နေ့မှာ ကျွန်မတို့အားလိုက်ပို့သည့် အဖွဲ့ထဲက ဆောက်လုပ်ရေးပစ္စည်းဆိုင်ပိုင်ရှင်၏ ဇနီးမွေးနေ့နှင့် တိုက်ဆိုင်နေ၍ သူ့အိမ်ကို ပရိတ်လိုက်ရွတ်ပေးရန် လျှောက်ထားရာ ဆရာတော်များက ပရိတ်ရွတ်ပေးကြသည်။ ဈေးဘက် ခဏသွားကြည့်ပြီး ဟိုတယ်သို့ ပြန်ကြသည်။ ဟိုတယ်တွင် ကျွန်မက နားနေပြီး တိပိဋကဆရာတော်များနှင့် ဘဘ ဦးစန်းလွင်၊ အဝမ်းနှင့် သမီးတို့က ပင်လယ်ထဲ ဆင်းသွားကြသည်။ နီနီက ဓါတ်ပုံရိုက်ပေး၏။ ဆရာတော် ဦးရာဇမွကတော့ ကမ်းနားမှာ စင်္ကြံလျှောက်နေသည်။ ကျွန်မကို ဆောက်လုပ်ရေးပစ္စည်းဆိုင်ပိုင်ရှင်က နှီးဖြင့်ပြုလုပ်ထားသည့် ဆန်ကာခုံးလေး သုံးခုဆင့်ထားသော စင်ကလေး လက်ဆောင်ပေးသည်။ ဘာလီဆရာတော်၏ သားကလည်း ရိုးရာလုံချည် ၂ ထည်လာပေးသည်။ ညနေ ၆ နာရီတွင် လေယာဉ်ကွင်းသို့ လိုက်ပို့ကြသည်။

ထို့နောက် ညနေ ၇ နာရီလေယာဉ်ဖြင့် ဆူရာဗားရားသို့ ပြန်လည်ထွက်ခွာခဲ့ရာ ညနေ ၆ း ၄၅ မိနစ်တွင် ဆူရာဗားရားသို့ ရောက်သည်။ ဆူရာဗားရား၌ ဦးဝင်းမြင့်သိန်းတို့အဖွဲ့ လာကြိုနေကြပြီး ဆရာတော်များကို ဟိုတယ်သို့ပင့်သွားသည်။ ကျွန်မတို့အဖွဲ့ကိုတော့ ဦးသန်းလွင်နှင့် ဦးတင်မိုးလွင်တို့က ထမင်းလိုက်ကျွေးသည်။ စားလို့ကောင်းသည်မှာ ဘယ်လိုပြောရမှန်း မသိအောင်ပင် ဖြစ်သည်။ ဆူရာဗားရား UTAMI ဟိုတယ်တွင် ညအိပ်သည်။ နောက်တစ်နေ့ လေယာဉ်ကွင်းအသွား မနေ့ညက ဆိုင်တွင်ပင် ဆရာတော်တွေကို ဆွမ်းကပ်ကြသည်။ ကျွန်မတို့အဖွဲ့က လေယာဉ်ကွင်းသွားနှင့်ပြီး ပစ္စည်းတွေအပ်ရ၏။ ထမင်းကို လေယာဉ်ပေါ်တွင်စားမည်ဟု ပြောလိုက်ပါသည်။ သို့သော်

ဆူရာဗားရား ဂေါပကအဖွဲ့က လက်မခံ၊ လေယာဉ်ကွင်းသို့ ဇွတ် လာခေါ်၍ လိုက်စားကြရသည်။ ပစ္စည်းများကို ဦးတင်မိုးလွင်က စောင့်နေခဲ့ရသည်။ ဆူရာဗားရားဗုဒ္ဓဘာသာ အဖွဲ့မှလည်း ဆရာတော်များအတွက် တရားဟောရာတွင် အသုံးပြုသည့် အသံချဲ့စက် ၄ လုံး လှူ၏။ ပေါင်ပိုကိုလည်း သူတို့ပဲ ဆောင်ပေး ပါသည်။ ဘာလီတွင် ကျွန်မလက်ဆောင်ရခဲ့သော ခြင်းလေးကို လေယာဉ်ပေါ် မတင်ရဆို၍ စိတ်မရှည်တာနှင့် ပစ်ထားခဲ့သည်။ လေယာဉ်ပေါ်ရောက်တော့ ဘဘဦးစန်းလွင် တော်တော်နှင့် ရောက်မလာပါ။ တက်လာတော့ ခြင်းလေးကို ယူခွင့်ရအောင် ပြောနေရလို့ဟု ဆိုသည်။ အတော်မောနေပုံရသည်။ စင်ကာပူ လေဆိပ်ရောက်တော့ ခြင်းလေးလည်း သီးသန့်ခွက်ကလေးနှင့် ထွက်လာ၏။

စင်ကာပူလေဆိပ်တွင် ရွှေတိဂုံစင်တာ ဂေါပကအဖွဲ့ဝင်များ နှင့် နီနီတို့ မိသားစုက လာကြိုသည်။ စင်ကာပူစံတော်ချိန် ညနေ ၄ နာရီ၌ ရောက်သည်။ ပစ္စည်းအကြီးများကိုတော့ စက်ပူမြို့ထဲ သယ်မသွားတော့။ လေဆိပ်မှာပဲ အခကြေးငွေပေးပြီး အပ်ခဲ့သည်။ ဆရာတော်များက ရွှေတိဂုံစင်တာမှာ သီးတင်းသုံးပြီး ကျွန်မတို့ သားအမိနှင့် အဝမ်းကတော့ နီနီတို့အိမ်တွင် တည်းကြသည်။ ည ၁၀ နာရီတွင် ဦးဝင်းဖေတို့အဖွဲ့ အခြားလေယာဉ်တစ်စီးဖြင့် စင်ကာပူသို့ ရောက်လာသည်ဟု သိရသည်။ စင်ကာပူစင်တာကို ကျွန်မ တစ်နေ့တစ်ခေါက် ရောက်အောင်သွားသည်။ ရွှေတိဂုံ စင်တာမှာ ဆရာတော်တွေ အလှည့်ကျ တရားဟောကြသည်။ ရှင်ပြုပွဲတွေလည်း ပြုလုပ်ကြ၏။ တစ်မြို့လုံးလည်း ကားဖြင့် လှည့်၍ ပရိတ်ရွတ်ပေးနေကြသည်။ ကျွန်မလည်း စင်ကာပူ ရောက်တော့ အတော်လေး ပျော့နေသည်။ အိပ်ရာမှ မထနိုင်။ ဘဘ ဦးစန်းလွင် တစ်ယောက်တည်း ရွှေတိဂုံစင်တာတွင် ဆရာတော်တွေနှင့် လုံးလည်လိုက်နေပါတော့သည်။ ခရီးစဉ်

တစ်လျှောက်လုံးတွင် မကွေးနှင့် ဗန်းမော် ဆရာတော်ကြီး ၂ ပါးမှာ သက်တော်ကြီးသဖြင့် နားနားနေနေ သီတင်းသုံးကြသော်လည်း ဆရာတော် ဦးရာဇဓမ္မကတော့ သွက်လက်ဖျတ်လတ်စွာဖြင့် ကျွန်မ တို့ကို ကူညီသည်။ တိပိဋကက ဆရာတော် သုံးပါးကိုလည်း အမြဲ နှိုးဆော်ရ၏။ "ကိုယ်တော်တို့ကို တိပိဋက ဆရာတော်ဆိုပြီး လေယာဉ်က စောင့်မှာမဟုတ်ဘူး၊ မြန်မြန် ထက်ထက်လုပ်ကြ"ဟု တစ်မျိုး၊ ကျွန်မတို့ ထမင်းစားနေလျှင်လည်း "ရှင်ဘုရင်ပွဲတော်တည် သလို လုပ်မနေကြနဲ့၊ မြန်မြန်ထက်ထက်စား၊ လေယာဉ်မမီရင် ခက်မယ်"ဟု တစ်ဖုံ၊ ရှေးလူကြီးတွေ ပူပန်ပုံနှင့် အမြဲတမ်း သတိပေး နေရသည်။ ဘာပဲပြောပြော အတူသွားကြသည့် ဆရာတော်တွေ ရော လူပုဂ္ဂိုလ်တွေပါ ကျွန်မကို သက်ညှာကြသည်။ ဆရာတော်များ လည်း စိတ်ချမ်းသာကြမည်ထင်သည်။ ကျွန်မကလည်း ဆရာတော် များကို ပင့်သွားရပေမယ့် ယုယုယယ သိပ်မလုပ်နိုင်။ လွတ်လပ်စွာ သာ သီတင်းသုံးစေသည်။ မြန်မာပြည်တွင် ဆရာတော်ကြီးတွေ ဆိုပြီး အားလုံးက ဂရုတစိုက် လုပ်နေတော့ ဆရာတော်တွေလည်း ကျဉ်းကျပ်သည်။ ထို့ကြောင့် တစ်ခါတစ်ရံ လွတ်လွတ်လပ်လပ် နေပါစေဆိုသည့် သဘောဖြင့် အသာပဲ ကြည့်နေသည်။ တိပိဋက ဆရာတော်သုံးပါးကိုလည်း နိုင်ငံခြားခရီးတွင် လွတ်လွတ်လပ်လပ် နေစေပါ၏။ ကျွန်မနှင့် ခရီးသွားရသည်ကို ဆရာတော်များလည်း ပျော်ကြ၊ ကျေနပ်ကြပါ၏။ ထို့ကြောင့် သံဃမဟာနာယက ဆရာတော်တွေလည်း မန္တလေးကို ကြွလာလျှင် သာသနာရေးက ကြိုသည့် ကားပေါ်တွင် မတက်၊ ကျွန်မမောင်း သည့်ကားကိုပဲ ကျပ်ကျပ်သပ်သပ် ထိုင်ကြသည်။ ရဟန်းသံဃာ ဆရာတော်များနှင့် နေတတ်လျှင် အလွန်စိတ်ချမ်းသာစရာ ကောင်းပါသည်။ ဆရာ တော် ဦးရာဇဓမ္မက ဘယ်အချိန်မှာတွေ့လို့ ကျွန်မကို ဘယ်လိုပဲဆိုဆို ကျွန်မကတော့ အမြဲ နားဝင်ချိုနေပါသည်။

၁၂. ၁၂. ၀၄ စင်ကာပူမှ မြန်မာပြည်ပြန်ကြတော့ အင်ဒိုနီးရှားက လှူလိုက်သော ပစ္စည်းများကို လေဆိပ်တွင် အပ်နှံထားခဲ့ရာမှ ပြန်ရွေးပြီး ပြန်အပ်ရသည်။ အသံချဲ့စက် အလှူခံရရှိသော ဆရာတော်များက ပေါင်ပို အမေရိကန်ဒေါ်လာ ၃၀၀ စီကျ၏။ လေယာဉ်ပေါ်တွင် ဦးသီလက္ခန္ဓက "အခုမှ တိပိဋကတွေလဲ ကိုအံ့ကြီး ဖြစ်တော့တယ်"ဟု အမိန့်ရှိသည်။ ဘာကြောင့်လဲ ဘုရားဟု ကျွန်မကလျှောက်တော့ "အင်းလျားရေ တစ်စည်လောက်တော့ လိုချင်ပါတယ်၊ တန်ဆာခက ၃၀၀ လောက်တော့ ယူမှာကေန်"လို့ ဆိုတယ်လေဟု မိန့်၏။ အလှူခံရတာတော့ ဝမ်းမြောက်ပါရဲ့၊ တန်ဆာခ မသက်သာလှပါ။ အလှူခံရခဲ့ရသည့် ဝတ္ထုငွေလေးတွေ တန်ဆာခနဲ့ပဲ ပြန်ကုန်ခဲ့တာပါပဲ။ သည်အထဲ သမီးထက်ထက်ရှိန်က ဝင်နှောက်ပြန်သည်။ "ထက်ထက်တို့နဲ့ သွားရတာ ပျော်ကြရဲ့လား ဘုရား"လို့ဆိုတော့ ဦးဂန္ဓမာလက"မပျော်ဘူး၊ မပျော်ဘူး၊ တန်ဆာခက များတယ်"ဟု မြွက်သည်။ ဆရာ ဒကာတွေ အတိုင်အဖောက်ညီနေကြပုံများ ကျွန်မက ဆရာတော်ကြီးတွေပါတယ်၊ ငြိမ်ငြိမ်နေလို့ သမီးကို လှမ်းငေါက်ရ၏။

သို့နှင့်ပင် မင်္ဂလာဒုံ လေဆိပ်သို့ လေယာဉ် ဆင်းသက်လိုက်သည်။ ကျွန်မလည်း ရင်ထဲက အလုံးကျသွားပါသည်။ ရွှေတိဂုံ(ပုံတူ)စေတီတော် တည်ထားခြင်းကိစ္စကြီးပြီးပြီဟု ပြော၍ရ၏။ အားလုံးသော ဆရာတော်များနှင့် လူပုဂ္ဂိုလ်များလည်း ရေစိမ်းတစ်ပေါက် မစင်၊ ဘေးမသီ ရန်မခ ချောမောစွာဖြင့် အမိမြေကို ပြန်ရောက်ကြပါပြီ။

အင်ဒိုနီးရှား ဗုဒ္ဓဘာသာဝင် သူတော်စင်တို့လည်း တင့်တယ်သပ္ပာယ်သော စေတီတစ်ဆူကို ကိုးကွယ်ခွင့် ရရှိသွားကြသည်။ ဓါတ်တော်မွေတော်အစစ်များ ဌာပနာခဲ့သည်ဖြစ်၍ တန်ခိုးတော်ကလည်း ပြောဖွယ်ရာ မရှိတော့ပါ။ နှစ်စဉ် ကဆုန်လပြည့်တိုင်းလည်း ဗုဒ္ဓနေ့အဖြစ် အမှတ်တရ ဘုရားပွဲတော် ကျင်းပ

နေကြပြီဖြစ်သည်။ ထိုသို့ ကျောင်းပတိုင်းလည်း အင်ဒိုနီးရှား တစ်နိုင်ငံလုံးမှ ဗုဒ္ဓဘာသာဝင်များ လာရောက်ဖူးမျှော် ကုသိုလ်ယူကြပါမည်။

ကျွန်မတို့ မြန်မာပြည် ပြန်ရောက်သည့်နေ့က ၁၂. ၁၂. ၂၀၀၃ ဖြစ်ပါသည်။ ၄. ၁. ၂၀၀၄ က မြန်မာနိုင်ငံလွတ် လပ်ရေးနေ့တွင် မာလန်မှ ဆရာတော် ဘန္တေခန္တီပါရောကို နိုင်ငံတော်မှ "အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ"ဘွဲ့ တံဆိပ်ချီးမြှင့်၍ သံအမတ်ကြီးဦးကျော်မြင့်ကိုလည်း စီမံထူးချွန် ပထမအဆင့် ချီးမြှင့်ပါသည်။

ဆရာတော်ကြီးသည် ၅. ၃. ၂၀၀၄ နေ့တွင် ကမ္ဘာအေးလိုဏ်ဂူတော်ကြီးတွင် ကျင်းပသော ဘွဲ့တံဆိပ်တော် ပေးအပ်ပွဲ အခမ်းအနားသို့တက်ပြီး ၈. ၃. ၂၀၀၄ နေ့တွင် တပည့်ဒါယကာ ၂၃ ဦး နှင့်အတူ ကျွန်မတို့ဇနီးမောင်နှံ၏ ပင့်လျှောက်ချက်အရ မန္တလေးသို့ ကြွရောက်ပြီး ဘုရားများ ဖူးမျှော်ခဲ့ပါသည်။ မာလန်မှ ဂေါပကများ၊ ဆူရာဗားရားမှ ဂေါပကများ ပါလာသဖြင့် ကျွန်မတို့တစ်တွေ တစ်ကြိမ်ထပ်၍ ပျော်ကြရသည်။ မြန်မာပြည်ကို တစ်ခါမျှ မရောက်ဖူးသေးသူများကိုသာ ဆရာတော်က ခေါ်လာသဖြင့် ဖူးသမျှ စေတီပုထိုးများကို ထူးထူးဆန်းဆန်းဖြစ်ကာ အံ့သြဝမ်းမြောက်စွာ ဖူးသွားကြသည်။ ကျွန်မတို့ကလည်း ဧည့်ဝတ်ကျေပွန်စွာ ဧည့်ခံလိုက်ရ၍ အထူး ကျေနပ် ဝမ်းသာသည်။

ပြောပရစေဦးရှင်၊ သည်စာအုပ်ကို ဖတ်ရှုရသဖြင့် အင်ဒိုနီးရှားနိုင်ငံတွင် မြန်မာပြည်မှ ဓါတ်တော်မွေတော် အစစ်များနှင့် ဌာပနာ၍ မြန်မာပြည်မှ အလှူရှင်များက ဦးဆောင်ပြီး အင်ဒိုနီးရှား ဗုဒ္ဓဘာသာဝင်တို့နှင့်အတူတကွ တည်ထားကိုးကွယ်ခဲ့သော မြန်မာမှု ပညာရှင်များ၏လက်ရာ အလွန်သပ္ပာယ် ကြည်ညိုဖွယ်ကောင်းသည့် ရွှေတိဂုံ(ပုံတူ) စေတီတစ်ဆူရှိပါသည်ဟု သိသွားကြလျှင် စာရေးသူအဖို့ ကြည်နူးဝမ်းမြောက်လှပါ၏။

ဤရွှေတိဂုံ (ပုံတူ) မြတ်စေတီသည် အင်ဒိုနီးရှားသမိုင်းနှင့် မြန်မာ့သမိုင်းတွင် မြန်မာနိုင်ငံမှဦးဆောင်၍ တည်ထားသော

တစ်ဆူတည်းသော စေတီဖြစ်ပါကြောင်းနှင့် အကြောင်းအားလျော်စွာ အင်ဒိုနီးရှားနိုင်ငံသို့ရောက်ခဲ့ပါက ဒုတိယမြို့တော် ဆူရာဗားရားမှ မိုင် ၇၀ ခန့်ဝေးသော မာလန်မြို့တွင် မြန်မာပြည်မှ တည်ထားသော မြန်မာမှုလက်ရာ ရွှေတိဂုံ(ပုံတူ)စေတီတော်တစ်ဆူကို သွားရောက် ဖူးမြော်နိုင်ပါကြောင်း အသိပေးအပ်သည်။

စေတီတော်ဖြစ်မြောက်ရေးအတွက် ဝိုင်းပန်းကြိုးပမ်းခဲ့ကြသော မြင်းခြံဆရာတော်ကြီး၊ မကွေးဆရာတော်ကြီး အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များ၊ ဘန္တေပညာဝရော အမှူးပြုသော အင်ဒိုနီးရှားနိုင်ငံမှ ထေရဝါဒ ဗုဒ္ဓသာသနာပြုဆရာတော်များ၊ မြန်မာနိုင်ငံမှ နိုင်ငံတော်အကြီးအကဲများ၊ သာသနာရေးဝန်ကြီးဌာနမှ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဘဘဦးစန်းလွင်၊ အကြံပေးပညာရှင် ဒေါ်ခင်နွဲ့ဟန်ကြည် အမှူးပြုသော ပုဂ္ဂိုလ်များ၊ ဘဘ ဆရာကြီး ဦးသုခ၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်မြင့်-ဇနီး ဒေါ်ဝင်းဝင်းညွန့်နှင့် မြန်မာသံရုံးမိသားစုအားလုံးနှင့် ဦးဝင်းဖေမိသားစု၊ ရန်ကုန်-မန္တလေးမှ အင်ဒိုနီးရှားရွှေတိဂုံ (ပုံတူ)စေတီတော် တည်ဆောက်ရေးအမှုဆောင်အဖွဲ့ဝင်များ၊ အင်ဒိုနီးရှားနိုင်ငံအစိုးရနှင့် အင်ဒိုနီးရှားနိုင်ငံသူနိုင်ငံသားများ၊ အင်ဒိုနီးရှား ဗုဒ္ဓဘာသာဝင်များနှင့် အခြားကျေးဇူးတင်ထိုက်သော ပုဂ္ဂိုလ်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**အားလုံး ကျေးဇူးတင်ရှိပါသည် ရှင်. . . . .**
**ဘေးရန်ကင်းကြပါစေ၊စိတ်ဆင်းရဲကင်းကြပါစေ၊**
**ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ**
**ကျန်းမာချမ်းသာစွာဖြင့် မိမိ၏ ခန္ဓာ့ဝန်၊ သာသနာ့ဝန်ကို**
**လွယ်ကူစွာ ဆောင်ရွက်နိုင်ကြပါစေ။**

မြမြလေး (မန္တလေး) ၆. ၆. ၂၀၀၄

နောက်ဆက်တွဲ (၁)

# အင်ဒိုနီးရှားသမ္မတနိုင်ငံ မာလန်မြို့ ရွှေတိဂုံ (ပုံတူ) စေတီတော်တွင် တင်လှူမည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်တို့ကို အတွင်းရေးမှူး (၁) (ယခုနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်) ဖူးမြော်သည့်သတင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် (ယခုနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်)သည် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်းတွင် ခေတ္တအပူဇော်ခံလျက်ရှိသည့် အင်ဒိုနီးရှား သမ္မတနိုင်ငံ မာလန်မြို့၌ တည်ထားပူဇော်လျက်ရှိသော ရွှေတိဂုံ (ပုံတူ) စေတီတော်၌ တင်လှူမည့် စိန်ဖူးတော်၊ ငှက်မြတ် နားတော်နှင့် ထီးတော်တို့ကို ယနေ့နံနက်ပိုင်းတွင် ဖူးမြော်ကြည်ညိုသည်။

## ကြိုဆို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်(ယခုနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်)သည် နံနက် ၆ နာရီခွဲတွင် ရွှေတိဂုံစေတီတော်သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေး

နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မြင့်ဆွေ၊ နိုင်ငံခြားရေး ဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၊ ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်း၊ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

## ဖူးမြော်

ရှေးဦးစွာ အတွင်းရေးမှူး (၁)(ယခုနိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်)နှင့် အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်ကို လှည့်လည်ဖူးမြော် ကြည်ညိုကြသည်။

ထို့နောက် အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်(ယခုနိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်)နှင့် အဖွဲ့ဝင်များသည် ရာဟုထောင့် ချမ်းသာကြီး တန်ဆောင်းတွင် ခေတ္တ အပူဇော်ခံလျက်ရှိသည့် အင်ဒိုနီးရှား သမ္မတနိုင်ငံ မာလန်မြို့၌ တည်ထားပူဇော်လျက်ရှိသော ရွှေတိဂုံ (ပုံတူ) စေတီတော်၌ တင်လှူမည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်တို့ကို ဖူးမြော်ကြည်ညိုကြပြီး အတွင်းရေးမှူး (၁)(ယခုနိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်)က လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကာ ရွှေတိဂုံ စေတီတော်မှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

၅. ၅. ၂၀၀၂ ကြေးမုံသတင်းစာ

နောက်ဆက်တွဲ (၂)

# အင်ဒိုနီးရှားနိုင်ငံ ရွှေတိဂုံပုံတူတော် စေတီမြတ် တည်ထားကိုးကွယ်ရာတွင် ရွှေတိဂုံ အနောက်မြောက်ဘက် ချမ်းသာကြီးတန်ဆောင်း၌ ရင်ငွေ့လှူထားရှိခဲ့သော ပစ္စည်းများစာရင်း

| | | | |
|---|---|---|---|
| ၁။ | အထက်ဌာပနာ | - ဗုဒ္ဓရုပ်ပွားတော် | - ၄ ဆူ |
| ၂။ | အလယ်ဌာပနာ | - ရဟန္တာ | - ၄ ဆူ |
| | | - ငွေညောင်ပင် | - ၁ ခု |
| ၃။ | အောက်ဌာပနာ | - ၁ စုံ | |
| ၄။ | ထီးတော်ကြီး (ဘုံ ၇ ဆင့်) | - ၁ ဆူ | |
| ၅။ | အရံထီးတော် | - ၁၂ ဆူ | |
| ၆။ | ငှက်မြတ်နားတော် | - ၁ ခု | |
| ၇။ | ဆပ်သွားဖူး | - ၁ ခု | |
| ၈။ | စိန်ဖူးတော် | - ၁ ခု | |

၉။ ဆွဲလဲနှင့် ထီးတင်ရန် အရံပစ္စည်းများ

၁၀။ ရွှေတိဂုံစေတီတော်ပုံတော် - ၁ ဆူ

၁၁။ ပိဋကတ်သုံးပုံငွေပေလွှာ - ၃ စုံ

၁၂။ ဓါတ်တော်ထည့်ရန်ငွေကြုတ် - ၂ ခု

၁၃။ ဓါတ်တော်ငွေကြုတ် - ၁၆ ခု

၁၄။ မြသပိတ် - ၁ လုံး

၁၅။ ကြေးဆွမ်းအုပ် - ၁ လုံး

## နောက်ဆက်တွဲအလှူရှင်စာရင်း

၁။ ဦးစိုင်းထွန်းအေးနှင့် ဒေါ်ဖြူဖြူခိုင် (ဝေဟင်ရွှေဆိုင်)
၂။ ဗိုလ်မှူးကြီးတင်မောင်ထွန်းနှင့် ဒေါ်ထွေးရီ
၃။ ဦးစိန်မြင့်နှင့် ဒေါ်စန်းကြူ (ဒိုင်းမွန်းစတားကုမ္ပဏီလီမိတက်)
၄။ ဦးသောင်းဉာဏ်နှင့် သီဟသုမ္မေသီဂီ ဒေါ်ခင်လှ
စသည်တို့မှ ငွေကျပ် ၅၀၀၀၀၀/(ငါးသိန်း) စီ လှူဒါန်း၍
၅။ ဦးကျော်မင်းနှင့် သားသမီးမြေးတစ်စုတို့မှ ငွေကျပ် ၁၀ သိန်း
လှူဒါန်းပါသည်။
(အဆိုပါငွေများအားလုံး ဦးဝင်းဖေထံ အပ်ပြီးဖြစ်သည်။)
၆။ ဦးဘုန်းမြင့်နှင့် ဒေါ်ခင်သန်းမေက ဘုရားတစ်ဆူ၊
၇။ ဒေါ်ခင်သန်းမေ၏မိဘများက ဘုရားတစ်ဆူ၊

နောက်ဆက်တွဲ (၃)

# အင်ဒိုနီးရှားသို့ ပင့်ဆောင်မည့် ရွှေတိဂုံပုံတူစေတီထီးတော် ငှက်မြတ်နားတော်၊ စိန်ဖူးတော် အနေကဇာတင်ပွဲ ကျင်းပ

ရန်ကုန် မေ ၉

အင်ဒိုနီးရှားနိုင်ငံ မာလန်မြို့၌ တည်ထားကိုးကွယ်မည့် ရွှေတိဂုံစေတီတော်၏ ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်နှင့် ဌာပနာပစ္စည်းများ အနေကဇာတင် မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၅ နာရီတွင် ကမ္ဘာအေးကုန်းမြေ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ဝင်းအတွင်းရှိ မဟာဘွဲ့နှင်းသိမ် ဓမ္မာရုံကြီး၌ ကျင်းပသည်။

အနေကဇာတင် မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌ ဂုရုဘဒ္ဒန္တ ဘိဝံသ မစိုးရိမ်ဆရာတော် အမှူးပြုသော နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ၊ နိုင်ငံတော် ပရိယတ္တိ သာ့သနာတက္ကသိုလ် (ရန်ကုန်) နာယကချုပ်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တတဝဏ္ဏိတ အမှူးပြုသော သာသနာ့တက္ကသိုလ် သင်ကြားစီမံဆရာတော်များ၊ စာသင်သား ရဟန်းတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန် ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ သာသနာတော်ထွန်းကား ပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဦးစန်းလွင်၊ သာသနာရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာလှဖေ၊ သာသနာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန များမှ တာဝန်ရှိသူများ၊ အင်ဒိုနီးရှားနိုင်ငံ ရွှေတိဂုံပုံတူစေတီတော် တည်ဆောက်ရေး အကြံပေးပုဂ္ဂိုလ် ဦးဝင်းဖေ မိသားစုနှင့် အလှူရှင် များ တက်ရောက်ကြသည်။

အင်ဒိုနီးရှားနိုင်ငံ၌ တည်ထားကိုးကွယ်မည့် ရွှေတိဂုံပုံတူ
စေတီတော် တည်ဆောက်ရေးအတွက် လှူဒါန်းလိုပါက
သာသနာ ရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဦးမောင်မောင်မြင့် ဖုန်း - ၆၆၅၆၂၀၊ ဖုန်း -၆၆၅၃၈၃၊ ဦးဝင်းဖေ ဖုန်း -၅၃၈၀၃၅ တို့သို့
ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သာသနာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

၁၀. ၅. ၂၀၀၂၊ ကြေးမုံသတင်းစာ

နောက်ဆက်တွဲ (၄)

# အင်ဒိုနီးရှားနိုင်ငံ၊ အရှေ့ဂျားဗားပြည်နယ်၊ မာလန်မြို့အနီးတွင် တည်ထားကိုးကွယ်သော ရွှေတိဂုံပုံတော်ပွားစေတီ၏ ထီးတော်တင်မင်္ဂလာ အခမ်းအနားနှင့် အလယ်ဌာပနာပိတ်ပွဲ မင်္ဂလာအခမ်းအနား၌ မြန်မာသံအမတ်ကြီး ဦးကျော်မြင့် လျှောက်ထား ပြောကြားသည့် ကျေးဇူးတင် မိန့်ခွန်း

၁၉. ၁၁. ၂၀၀၂ ရက်နေ့၊ (တန်ဆောင်မုန်းလပြည့်နေ့)

မြန်မာနိုင်ငံမှ ကြွရောက်လာတဲ့ ချမ်းမြေ့ဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသ၊ အင်ဒိုနီးရှား ထေရဝါဒ ဗုဒ္ဓသာသနာ၏ ဆရာတော်များဖြစ်ကြသော မဟာနာယက Sri Pannyavaro Mahathera သံဃ နာယက Dhammasubho Thera နှင့် မာလန်မြို့ ဆရာတော် Khantidharo Thera အမှူးပြုသော သံဃာတော်များ၊ အင်ဒိုနီးရှားနိုင်ငံ သာသနာရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူး Mr. Cornelis Wowor မာလန်သာသနာ့တက္ကသိုလ်မှ ပါမောက္ခချုပ် Mr. Eko အင်ဒိုနီးရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ အလှူရှင်များနှင့် ဗုဒ္ဓဘာသာ သူတော်စင် နွယ်ဝင်အပေါင်းတို့ ခင်ဗျား-

၁။ ယနေ့ ထူးခြားတဲ့ တန်ဆောင်မုန်းလပြည့်နေ့မှာ အင်ဒိုနီးရှားနိုင်ငံ၊ မာလန်မြို့၊ ဘာတူမှာရှိသော Padepokam Dhamadipa Arama ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပသည့် ရွှေတိဂုံစေတီတော် ပုံတော်ပွား စေတီ၏ ဓါတ်ပေါင်းစု ဌာပနာသွင်း အလှူတော် မင်္ဂလာအခမ်းအနားနှင့် ကထိန်သင်္ကန်းကပ်လှူပွဲ အခမ်းအနားကို မြန်မာနိုင်ငံနှင့် သာသနာရေးဝန်ကြီးဌာနကိုယ်စား အခုလို မိမိ တက်ရောက်ခွင့်ရပြီး စေတီတော်နှင့် ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညို ကုသိုလ်ယူခွင့်ရသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ရှေးဦးစွာ လျှောက်ထားပြောကြားလိုပါတယ်။

၂။ အင်ဒိုနီးရှားနိုင်ငံ၊ Central Java ပြည်နယ်တွင် ယနေ့ထိ ထင်ရှားစွာ တည်ရှိနေတဲ့ Borobudur စေတီတော်ကြီးသည် ကမ္ဘာ့အံ့ဖွယ်တစ်ပါးတွင် ပါဝင်ပြီး အင်ဒိုနီးရှားနိုင်ငံတွင် ရှေးနှစ်ပေါင်းများစွာကပင် ဗုဒ္ဓဘာသာ သာသနာကို ဖြစ်ထွန်း ယုံကြည် ကိုးကွယ်ခဲ့သည်ကို ထင်ရှားစေပါတယ်။

၃။ ထိုကဲ့သို့ ရှေးနှစ်ပေါင်းများစွာကပင် ရှိခဲ့သည့် ဗုဒ္ဓဘာသာ သာသနာကို ယနေ့ အချိန်အခါထိ အင်ဒိုနီးရှားနိုင်ငံတွင် လွတ်လပ်စွာ ကိုးကွယ်ခွင့် ရရှိနေပြီး ယနေ့ မိမိတို့ သဒ္ဒါကြည်ညိုဖူးမြော်နိုင်တဲ့ ရွှေတိဂုံစေတီတော်၏ ပုံတော်ပွားစေတီကို တည်ထားကိုးကွယ်ခွင့်ရတဲ့အတွက် အင်ဒိုနီးရှားနိုင်ငံ အစိုးရနဲ့ အင်ဒိုနီးရှားနိုင်ငံ သာသနာရေး ဝန်ကြီးဌာနတို့ကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ ယနေ့ ဒီအခမ်းအနားကို တက်ရောက်လာတဲ့ အင်ဒိုနီးရှားနိုင်ငံ၊ သာသနာရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး Mr. Cornelis Wowor က တဆင့် အသိပေး ပြောကြားလိုပါတယ်။

၄။ ဗုဒ္ဓသာသနာ အရှည်တည်တံ့ရေးအတွက် စေတီတော် တည်ထားကြရာတွင် အကျိုးတော်ဆောင် ဆရာတော် Khantidharo Thera ၏ ကျေးဇူးတော်ဖြင့် ရွှေတိဂုံစေတီတော် ပုံတော်ပွားစေတီ တည်ထားအောင်မြင်ခြင်းအတွက် မြန်မာနိုင်ငံမှ နိုင်ငံတော်အကြီးအကဲနှင့် ပြည်သူလူထုမှာ အထူးပင် ဂုဏ်ယူ ဝမ်းမြောက်ကြပါကြောင်းဖြင့် ဆရာတော်များ၏ ကျေးဇူးတော်ကို ဖော်ညွှန်းလျှောက်ထားအပ်ပါတယ် ဘုရား။

၅။ စေတီတော်တည်ထားဆောင်ရွက်ရာတွင် အဘက်ဘက်က ပါဝင်ကူညီခဲ့သည့် နှစ်နိုင်ငံ အကျိုးဆောင် ဆရာတော်များ၊ နှစ်နိုင်ငံ သာသနာရေး ဝန်ကြီးဌာနနှင့် စေတနာသဒ္ဓါထက်သန်စွာ ပါဝင် လှူဒါန်းကြသည့် အင်ဒိုနီးရှားနိုင်ငံနှင့် မြန်မာနိုင်ငံမှ အလှူရှင်များ၊ အထူးသဖြင့် စေတီတော် တည်ထားဖြစ်မြောက်ရေးအတွက် အစမှ အဆုံးအထိ ဓမ္မဒါနပြုပြီး ကိုယ်တိုင်ကိုယ်ကျ မြန်မာနိုင်ငံမှ တကူး တက လာရောက်ကြသည့် အလှူရှင် ဦးဟန်ရှိန်၊ ဇနီး ဒေါ်မြမြလေး ခေါင်းဆောင်သည့် မြန်မာဘုရားဖူး အလှူရှင်အဖွဲ့ဝင်များ၊ စေတီ တော် တည်ဆောက်ရေးလုပ်ငန်း ကိစ္စအဝဝအား အားကြိုးမာန် တက် ဆောင်ရွက်နေသော အကျိုးဆောင် ဦးဝင်းဖေတို့အား အထူး ပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် ယနေ့ မင်္ဂလာအခမ်းအနားသို့ တက်ရောက်လာသူ အားလုံးတို့အားလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

၆။ ရွှေတိဂုံစေတီတော် ပုံတော်ပွားစေတီ၏ တန်ခိုးတော်၊ ကျေးဇူးတော်ရှင် ဆရာတော် ဘုရားကြီးများ၏ သီလ၊ သမာဓိ၊ ပညာနှင့် ကြီးမားသော မေတ္တာ၊ ဘုန်းတန်ခိုး အာနုဘော်၊ အလှူရှင် များ၏ ဓမ္မဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တို့ကြောင့် ဗုဒ္ဓသာသနာတော် နှစ်များရှည်စွာ တည်တံ့ပါစေသတည်း။

၇။ အလှူရှင်များအားလုံး လိုအင်ဆန္ဒများ ပြည့်ဝလျက် ကောင်းကျိုးချမ်းသာ အဖြာဖြာ တိုးပွားကြပါစေသတည်း။

၈။ နတ်လူပြဟ္မာ၊ သတ္တဝါအားလုံး၊ တိုင်းသူပြည်သား၊ ကမ္ဘာသူ ကမ္ဘာသားအားလုံး ကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှ ကုသိုလ်ရကြ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီးလျှင် ဘေးရန်အပေါင်း ကင်းရှင်းကြပါစေဟု ဆုတောင်းရင်း နိဂုံးချုပ်လိုက်ပါတယ်။

နောက်ဆက်တွဲ (၅)

# SPEECH DELIVERED BY H.E. U KYAW MYINT MYANMAR AMBASSADOR TO INDONESIA ON THE OFFICIAL INAUGURATION CEREMONY OF THE PATIRUPAKA SHWEDAGON PAGODA IN BATU INDONESIA

**( 7 DECEMBER 2003)**

- Venerable Sayadaw Khantidharo Thera, the Chief of Padepokan Dhammadipa Arama of Batu;
- Venerable Sayadaws from Indonesia headed by Venerable Sayadaw Sri Paannavaro Mahathera, Maha Nayaka of Sangha Theravada Indonesia;
- Venerable Sayadaws from Myanmar headed by Venerable Sayadaw Abidaja Maha Ratta Guru, Abidaza Agga Maha Thatdhamma Zawtika, Bhaddhanta Kumara, State Sangha Nayaka of Myanmar;
- Mr. ................., Director-General of Hindu Buddha, Department of Religious Affairs of the Republic of Indonesia.

- U San Lwin, Director-General of the Ministry of Religious Affairs of Myanmar;
- Mr. ......................., Governor of East Java;
- Mr. ......................., Mayor of Batu;
- Myanmar Buddhist Pilgrims headed by Agga Maha Thiri Thudhamma Theingi, Thiri Thudhamma Theingi. Thiha Thudhamma Theingi, Daw Mya Mya Lay;
- Well-wishers and devotees from Indonesia

On this glorious and auspicious occasion of the grand inauguration of the Patirupaka Shwedagon Pagoda in this peaceful town of Batu, East Java, Indonesia. I have the great honour and pleasure to take part in making a meritorious deed by extending our heartfelt congratulations to the Buddhist community here in Indonesia headed by the Venerable Khantidhoro Thera for their dedicated efforts leading to a successful completion of this holy Buddhist Shrine.

*Venerable Sayadaws, Ladies and Gentlemen*

The Shwedagon Pagoda is one of the most magnificent and sacred Buddhist shrines in Myanmar as well as one of the wonders of the world. Legend has it that in the Shwedagon is a treasure trove of eight hairs of the

Buddha together with diamonds, rubies, sapphire gems and many other precious stones are enshrined in the main treasure chamber under the spire. Built over 2590 years ago, the Shwedagon Pagoda is widely known and admired not only for its remarkable architecture of the ancient past, but also for its being a perfect symbol of the people's devotion.

*Venerable Sayadaws, Ladies and Gentlemen*

On behalf of the Government of the Union of Myanmar and the Ministry of Religious Affairs of Myanmar, I have the pleasure to express our profound appreciation and heart-felt thanks to the Government of the Republic of Indonesia and the Department of Religious Affairs of Indonesia for their kind support and permission accorded to the Buddhist devotees in Indonesia to have a replica of the Shwedagon Pagoda successfully constructed in Batu / Malang for paying their respect and homage.

I would also like to put here on record our deepest gratitude to the Venerable Kepala Vihara Khantidharo Thera for his leading role in bringing about success of the completion of this Buddhist Shrine.

*Venerable Sayadaws, Ladies and Gentlemen*

Our sincere thanks and appreciation also go to

the far-sighted leaders of the two countries, Indonesia and Myanmar, as well as to the Venerable Chief Sanghas and the Ministries of Religious Affairs from both countries, who have lent their full support and valuable guidance in various aspect in this meritorious endeavor for the benefits of the Sasana.

Last but not least, I should also like to express my thanks to all those, who have generously contributed or donated in kind or in material for the emergence of this glorious Buddhist Shrine, particularly the group of enthusiastic donors from Myanmar led by U Han Shein and his spouse Daw Mya Mya Lay as well as to the organizer U Win Pe and many others within and outside Indonesia.

By virtue of the blessings of the almighty Patirupaka Shwedagon Pagoda together with the marvelous influential powers of the Venerable Sayadaws and the meritorious deeds committed by the donors and well-wishers, may the Buddha Sasana flourish further to continue to serve for the benefits of all the beings and to bless the world over with a lasting peace.

Thank You.

# ယက္ခယေ် ဂုမ္ဘာန်

(အင်ဒိုနီးရှားမှရွှေတိဂုံ (ပုံတူ) သာသနာပြုခရီး)

## မြမြလေး (မန္တလေး)







